www.burmeseclassic.com

# မင်းဟူ

## ရေတမာ

မင်းနိုင်သိန်းဒွကြည်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၁၃၉၅/၂၀၀၃(၁၀)


မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၆၆/၂၀၀၄(၂)

ထုတ်ဝေသူ
ဦးအောင်မြင့်၊ အမှတ်(၇)၊ သိတာလမ်း၊
ကျောက်မြောင်း၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးဝင်းနိုင်(၀၅၃၅၁)၊ ဂေယ်ပုံနှိပ်တိုက်၊
အမှတ်(၂၅/၂၇)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊
ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်။

ဖြန့်ချိရေး
အောင်မြင်စာပေ၊ အမှတ်(၁)၊
အောင်ဘာလေလမ်း၊
ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။

ဒုတိယအကြိမ် - ၂၀၀၄ ခုနှစ်၊
(ဧပြီလ)
အုပ်ရေ(၅၀၀)၊
တန်ဖိုး(၂၀၀)ကျပ်





(ဤစာအုပ်တွင် ပါဝင်သော စားသောက်ဆိုင်များသည် အမှန်တကယ်ရှိသော ဆိုင်များနှင့် လုံးဝမသက်ဆိုင်ပါ။ စိတ်ကူးဇာတ်လမ်းထဲမှ ဆိုင်များ၊ ဇာတ်ကောင်များသာ ဖြစ်ပါသည်။ ထို့ကြောင့် စားသောက်ဆိုင်တန်း တည်နေရာကိုလည်း အတိအကျ မဖော်ပြဘဲ ယေဘုယျ သဘောသာ ရေးသားထားခြင်း ဖြစ်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com



'အားဂလီး' ဆိုသော အင်္ဂလိပ်စကား၏ တိုက်ရိုက်အဓိပ္ပါယ်မှာ အရုပ်ဆိုးခြင်း၊ အကျည်းတန်ခြင်းဟူ၍ ဖြစ်၏။ ဒီစကားလုံးက အသံထွက်ရတာကိုက သာယာနာပျော်ဖွယ် မရှိ။ မြန်မာစကား အောက်ဂလိအာတို့ အော်ဂလီဆန်တို့လိုပင် ဖြစ်၏။

တကယ်လို့များ ပုံပြင်အဘိဓာန်တစ်ခု ထုတ်မည်ဆိုလျှင် 'အားဂလီး' ဆိုသော စကားလုံးအတွက် တခြားပုံ ရှာနေဖို့မလို။ လူတစ်ယောက်ကို ဓာတ်ပုံရိုက်ပြီး ထည့်လိုက်ရုံသာ ရှိ၏။

သူကတော့ ဒီဇာတ်လမ်း၏ အဓိကဇာတ်ဆောင် နောင်ခိုးပင် ဖြစ်လေ၏။

တချို့လူတွေ အရုပ်ဆိုးသော်လည်း သန့်သန့်ရှင်းရှင်းနေ အဝတ်အစား သပ်သပ်ရပ်ရပ် ဝတ်လိုက်သောအခါ ကြည့်ပျော် ရှုပျော် ဖြစ်သွားတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ ဒီလိုမဟုတ်။ လူက စုတ်တီးစုတ်ဖတ်၊ အဝတ်အစား ဖိုးယိုးဖားလျား။ ပြီးတော့ သွားလာနေထိုင်ရာမှာလည်း ကိုးရိုးကားရား မတော်မတည့် ဖြစ်တတ်၏။

ဒီနေ့မနက် ဖြစ်တဲ့ကိစ္စကို ကြည့်လျှင် သူ့စရိုက်က ထင်းခနဲ ပေါ်လာနိုင်လေ၏။

◈ ◈ ◈

ထုံးစံအတိုင်း အိပ်ရာထ နောက်ကျသည်။ ခေါင်းအုံးအောက်က နာရီကို တတိယအကြိမ်မြောက် ထုတ်ကြည့်လိုက်သောအခါ နေမြင့်နေပြီဖြစ်ကြောင်း သိရလေပြီ။

သူ့အကျင့်က ပထမဆုံးအကြိမ် နိုးလာလျှင် နာရီကြည့်မည်။ ဆယ့်ငါးမိနစ်လောက်တော့ နှပ်လို့ရသေးသည်ဆိုပြီး ပြန်မှေးမည်။ ဒုတိယအကြိမ် နိုးလာသောအခါ ပထမဆုံး အတန်းချိန် မမှီတော့ကြောင်း သိရပြီး ပြန်အိပ်မည်။ တတိယအကြိမ် နိုးတော့မှ ဒုတိယ အတန်းချိန် နီးနေပြီဖြစ်ကြောင်း သိပြီး လူးလဲထမည်။

ဒီလိုနှင့် ပထမပိုင်း အတန်းချိန်များကို လွတ်စမြဲ ဖြစ်၏။ မနက်စောစော တက်ရသော ဘာသာရပ်တွေ မဖြေနိုင်သောကြောင့်ပင် စာမေးပွဲတွေ ကျကျနေခဲ့ရခြင်းလည်း ဖြစ်၏။





ဒီနေ့လည်း ဒုတိယ အတန်းချိန် စဖို့ ငါးမိနစ်သာ လိုတော့ကြောင်း သိရပြီးနောက် အိပ်ရာမှ ကမန်းကတန်း ထသည်။ စားပွဲပေါ်မှ စာအုပ်သုံးလေးအုပ်ကို ယူပြီး အခန်းပြင် ထွက်သည်။ တံခါးကို သော့ခတ်လိုက်ပြီးမှ ပိုက်ဆံမယူရသေးကြောင်း သတိရ၏။ ဘောလ်ပင်လည်း မပါခဲ့သေး။

သော့ပြန်ဖွင့်ဖို့ ပျင်းသဖြင့် ဒီအတိုင်းပင် ထွက်လာခဲ့၏။ လက်ပတ်နာရီ မေ့ခဲ့သည်။ မျက်နှာသစ်ဖို့ မေ့ခဲ့သည်။ အဝတ်အစားလည်း မလဲခဲ့ရသေး။ သူ့အဖို့တော့ ဒါမျိုးက ဖြစ်နေကျ။

ထုံးစံအတိုင်း နောက်ကို သတိထားမှဟု တွေးရင်း လျှောက်လာခဲ့၏။

◈ ◈ ◈

သူနေသည့် အပြင်ဆောင်မှ ကျောင်းသို့ ခပ်ပြင်းပြင်း လျှောက်လျှင်တောင် ငါးမိနစ်တော့ သွားရသည်။ ကျောင်းဝင်းထဲ ရောက်ပြီးတော့လည်း အတန်းရှိရာ သိပ္ပံဆောင်က နည်းနည်း လှမ်းသေးသည်။

တက္ကသိုလ်မှာက အတန်းထဲ အဝင်နောက်ကျလို့ သိပ် ပြဿနာမရှိ။ စည်းကမ်းကြီးသော ဆရာမကြီး တစ်ယောက် တစ်လေရဲ့ အချိန်ကလွဲလို့ တောင်းပန်ခြင်း လုပ်နေစရာမလို။



www.burmeseclassic.com

www.burmeseclassic.com


နောက်ဘက်အပေါက်မှ အသာကလေး ဝင်ပြီးထိုင်လိုက်ရုံသာ ဖြစ်၏။ ဒါက တခြားကျောင်းသားတွေအတွက် မှန်သည်။

နောင်စိုးကျတော့ ဒီလိုမဟုတ်။ သူက မနှစ်က စာမေးပွဲကျထားသော ကျောင်းသားလည်းဖြစ်။ ကျောင်းခဏခဏပြေးသူလည်း ဖြစ်သောကြောင့် ဆရာဆရာမတွေက သတိပြုမိနေသည်။

ထို့ကြောင့် ခပ်သွက်သွက် လျှောက်လာခဲ့၏။ အဓိပတိလမ်းမှ သိပ္ပံဆောင်ဘက်သို့ ချိုးကွေ့လိုက်သည်။ ထိုစဉ်မှာပင် သိပ္ပံဆောင် ဆင်ဝင်ဘက်မှ လက်ခနဲ ဖြစ်သွားတာ တွေ့လိုက်ရသည်။

မိန်းကလေးသုံးယောက် လျှောက်လာကြ၏။ သူတို့ထဲမှာ စိန်နားကပ် ပန်ထားသူ တစ်ယောက်မှ မပါ။ လက်သွားရသည့်အကြောင်းက မိန်းကလေးတစ်ယောက်၏ ရွှေကိုင်းမျက်မှန်ကို နေရောင်ဟပ်သွားသောကြောင့် ဖြစ်၏။

အချစ်ဆိုသည်မှာ လက်ခနဲ ဖြစ်သွားရာမှ စသည်ဟု ဘယ်ပညာရှိကမှ မပြောခဲ့။ အချစ်မှာ မျက်စိမရှိဘူးလို့သာ ပြောခဲ့၏။ မျက်စိ ရှိမရှိတော့ မသိ၊ အချစ်မှာ မျက်မှန်ပါတာတော့ သေချာ၏။

သူသည် နောက်တစ်ကြိမ်တွေ့လျှင် မမှတ်မိမှာ စိုးသဖြင့် မျက်မှန်နှင့် ကောင်မလေးကို သေသေချာချာ စိုက်ကြည့်ရင်း လျှောက်လာသည်။ တဖြည်းဖြည်း နီးလာ၏။

သူတို့ထဲမှ တစ်ယောက်က ရိပ်မိသွားသည်။ အဖော်တွေကို လက်ကုပ်သည်။ မျက်မှန်ကောင်မလေးက နောင်စိုးကို တ်ခနဲ ကြည့်၏။ ပြီးတော့ မျက်နှာမလွှဲသွားဘဲ ရဲရဲတင်းတင်းပင် ပြန်ကြည့်သည်။ သူ့မျက်နှာသည် တဖြည်းဖြည်း ပြုံးယောင်သမ်းလာ၏။

နောင်စိုး အံ့သြသွားသည်။ မျက်မှန်ကလေး ပြုံးကြည့်နေပါလား။ ဒါတော့ ကံထလာပြီထင်တယ်။ ပြန်ပြီးပြုံးပြနှုတ်ဆက်။

အတွေးမဆုံးခင်မှာပင် တစ်စုံတစ်ယောက်နှင့် အင့်ခနဲ ဝင်ဆောင့်မိသည်။ သူ ပြာပြာသလဲ တောင်းပန်လိုက်ရ၏။

"ဆောရီးဗျာ...ဆောရီး...ဟာ"

သူ တိုက်မိတာ လူတစ်ယောက် မဟုတ်။ ရေတမာပင်တစ်ပင်သာ ဖြစ်လေ၏။ သူ ရှက်သွားသည်။ လှည့်တောင်မကြည့်ရဲ။ တခစ်ခစ် ရယ်သွားသံတွေကတော့ ကျောခိုင်းထားသည့်တိုင် ပီပီသသ ကြားလိုက်ရ၏။ သူ့တစ်ကိုယ်လုံး ရှိန်းခနဲ ဖိန်းခနဲ ဖြစ်သွားပြီး ခပ်မြန်မြန် ထွက်လာခဲ့သည်။

အတန်းဆီ ရောက်တော့ ဆရာမကြီးတောင် ရောက်နေပြီ၊ နောင်စိုးက နောက်ဘက်အပေါက်မှ ဝင်လိုက်၏။ ဆရာမကြီးက တစ်ချက်စိုက်ကြည့်သည်။ နောင်စိုးက ပြုံးပြီး ငယ်ငယ်တုန်းကလို လက်ညှိုးတစ်ချောင်းထောင်၍ ခွင့်တိုင်သည့်သဘောမျိုး လုပ်လိုက်သည်။ ဆရာမကြီးက အတန်းသားတွေဘက် လှည့်လိုက်ပြီး...

"မင်းတို့မှာ ထီးပါလာကြရဲ့လား"

ဟု ရုတ်တရက် မေးလိုက်သဖြင့် ကြောင်တောင်တောင် ဖြစ်သွားကြ၏။ တချို့က မိုးများ အုံ့လာလို့လားဆိုပြီး အတန်း



www.burmeseclassic.com

www.burmeseclassic.com

အပြင်ကို လှမ်းကြည့်ကြသေးသည်။ ရာသီဥတုက ကြည်ကြည် လင်လင်ကြီးပဲ။

"သြော်...တခြားကြောင့် မဟုတ်ပါဘူး၊ မောင်နောင်စိုး ကျောင်းလာတက်လို့ မိုးများ ရွာလေမလားလို့ပါ"

ဟု ဆက်ပြောတော့မှ ရယ်သံတွေ ထွက်လာသည်။ တချို့က နောင်စိုးကို လှည့်ကြည့်ကြ၏။ သူသည် နောင်စိုးစစ်စစ် က မြင်ရာဇာတွတ်ပီ ဖြစ်သွားရရှာလေ၏။ ဒီနေ့ ကံမကောင်းဘူး လေ။

◈ ◈ ◈

နေ့လည် အားလပ်ချိန်အထိ အတန်းတွေ ဆက်တိုက် တက်လိုက်သည်။ ဘောလ်ပင် ငှားထားသော ကျောင်းသားက—

"ကိုနောင်စိုးက ငှားထားတာ တန်အောင်ရေးတာပဲဗျာ"

ဟု ခနဲ့သွားသေးသည်။

ဘာကြောင့်မှန်းတော့ မသိ။ ဟိုရွှေမျက်မှန်လေးကို မြင်လိုက်မိပြီးနောက် အတန်းတက်ချင်စိတ်တွေ ထူးထူးခြားခြား ဖြစ်ပေါ်နေသည်။ တစ်စုံတစ်ခု ဆက်စပ်မှု ရှိလေသလား။ ဘာမှတော့ မဆိုင်။ သူ့ထုံးစံအတိုင်း ကြောင်တာပဲ ဖြစ်လိမ့်မည်။

နောက်ဆုံးအချိန်ပြီးလို့ ထွက်လာတော့ အပြင်မှာ စောင့်





နေသော သိန်းထွန်းနှင့် အောင်ငွေတို့ကို တွေ့လိုက်ရ၏။

ဒီနှစ်ကောင်က နောင်စိုးထက် အသက်တစ်နှစ် ငယ် သည်။ အတန်းတစ်ထန်း ငယ်သည်။ တိုက်ဆိုင်မှုကတော့ သူတို့သည်လည်း နောင်စိုးလိုပင် စာမေးပွဲတွေ တဖုတ်ဖုတ် ကျနေသောကြောင့် ခုမှ တတိယနှစ် ရောက်နေခြင်းဖြစ်၏။ ဒါကြောင့်လည်း ပေါင်းမိလေသလား မပြောတတ်။

"ကဲ...ဟောကောင်၊ လက်ဖက်ရည် တိုက်ပေတော့၊ လာ သွားမယ်"

ဟု သိန်းထွန်းက အောင်ငွေကို ပြော၏။

"ဘာလဲကွ၊ ဒီကောင် ဖဲနိုင်လာလို့လား"

နောင်စိုးက မေးသည်။

"မဟုတ်ပါဘူးကွာ၊ သူနဲ့ငါနဲ့ လောင်းကြေးစားကြေး သုပ်ထားလို့ကွ"

"ဘာလဲ..."

"ဒီလိုကွာ၊ မင်း ဒီအချိန် အတန်းတက်နေမယ် ထင်တယ် လို့ ငါက ပြောတော့ ဒီကောင်က မဖြစ်နိုင်ဘူးတဲ့၊ အမ်စီအာထဲ မှာ အိပ်ပျော်နေတာ ဖြစ်ရမယ်တဲ့၊ ဒါနဲ့ ငါတို့ လက်ဖက်ရည် ကြေး လောင်းထားတာ"

အောင်ငွေက ရှုံ့မဲ့လိုက်ပြီး...

"အေးကွာ...နောင်စိုး အတန်းမတက်တဲ့ဘက်က လောင်း ရင် ဘာရာဇီး ဘောလုံးအသင်းဘက်က လောင်းရသလို ကြိမ်းသေ ပဲလို့ တွက်ထားတာ"


www.burmeseclassic.com

www.burmeseclassic.com

"ဟား...တော်ကွာ...ဟေ့ကောင်၊ ဒီနေ့တစ်နေ့လုံး ဆက်တိုက် အနှိပ်ခံနေရတာပဲ"

နောင်စိုးက ညည်းလိုက်၏။

စားသောက်ဆိုင်တန်းဘက် လျှောက်လာကြရင်း မနက်က အဖြစ်အပျက်ကို သတိရမိ၏။ ထို့ကြောင့်...

"ဟေ့ကောင်တွေ...ငါတော့ ရွှေကိုင်းမျက်မှန်လေးကို စိတ်ဝင်စားနေမိပြီကွာ"

ဟု တုံးတိတိကြီး ပြောလိုက်ရာ သိန်းထွန်းက...

"ဟာ...မင်းနဲ့ ရွှေကိုင်းမျက်မှန်နဲ့ တခြားစီပဲ၊ မျောက်မျက်လုံးကို နနွင်းနဲ့ ကွင်းထားသလို ဖြစ်နေမှာပေါ့"

"ဟာကွာ...မင်းကလဲ...အရမ်းလျှောက်ပြောနေတယ်၊ ငါပြောတာက...ဒီနေ့ အတန်းတက်ဖို့အလာမှာ ရွှေကိုင်းမျက်မှန်နဲ့ ကောင်မလေးတစ်ယောက်ကို တွေ့တယ်ကွ၊ အဲဒါ ပြောမလို့"

ရေတမာပင်ကို ဝင်တိုက်မိလို့ အဟားခံရတဲ့အကြောင်းတော့ ပြောလို့မဖြစ်။ ထို့ကြောင့် ထိုအပိုင်းကို ကျော်ပြီး...

"တော်တော်လှတယ်ကွာ"

"ဒါဆို အမေရိကန်ဗီးရှင်းမှာ လုပ်တာဖြစ်မယ်"

"ဘာ...ဘာပြောတယ်"

"ရွှေကိုင်းမျက်မှန်က တော်တော် လှတယ်ဆို"

သိန်းထွန်းက သက်သက် လိုက်ကလိနေခြင်း ဖြစ်ကြောင်း သူသိ၏။ ထို့ကြောင့် နှုတ်ခမ်းတစ်ချက်သာ ကိုက်ပြီး ပေစောင်းကြည့်လိုက်သည်။





အောင်ငွေက...

"ကောင်မလေးတစ်ယောက် လှတယ်ဆိုတာ ဘာဆန်းလို့လဲကွ တက္ကသိုလ်နယ်မြေထဲမှာ ကောင်မလေးတွေ ထောင်နဲ့ချီပြီး ရှိနေတာပဲ၊ ဒီထဲက တော်တော်များများဟာ လှကြတာပဲ၊ မလှရင်တောင် လှအောင် လုပ်ယူလို့ရတဲ့ အထောက်အကူပစ္စည်းတွေ အများကြီး ပေါ်နေပြီပဲ၊ ငါတို့အတန်းထဲက လိုင်းလိုင်းချစ်ဆိုတဲ့ ကုလားမလေးတောင် အသားဖြူဆေး လိမ်းလိုက်တာ အခု ဂျိချိုလန်ဆိုတဲ့ တရုတ်ကပြားလေးနဲ့ တွဲနေပြီ၊ ဒါမျိုးတွေ မဆန်းပါဘူးကွာ"

"ဆန်းတယ်ကွ၊ ငါဟာ...တက္ကသိုလ်မှာ...အဲ...စာမေးပွဲကွ ကျခဲ့တာပါနဲ့ဆိုရင် ခြောက်နှစ်ရှိပြီ၊ အဲဒီအတွင်းမှာ မိန်းတ...ားပေါင်း မြောက်မြားစွာနဲ့ တွေ့ခဲ့ပေမယ့် လုံးဝမတုန်လှုပ်ခဲ့ဘူး"

"အောင်မာ...ပြောပုံကိုက...မင်းကိုပဲ ကောင်မလေးတွေက ...ကြိုက်နေရသလိုမျိုး၊ မင်းကိုယ်မင်း လီယိုနာဒိုများ မှတ်နေသလား"

သိန်းထွန်းက နှိပ်ကွပ်ပြန်သည်။ အောင်ငွေကပါ ဝင်၍...

"ဒီလိုမပြောပါနဲ့ကွ၊ ဒီကောင့်ကို သေသေချာချာ ကြည့်...မင်း...လီယိုနာဒိုနဲ့ ခပ်ဆင်ဆင်ပါကွ"

"ဘာ...ဒီရုပ်ကို"

"ဟုတ်တယ်လေ၊ ငါပြောတာက ဘရာဇီး ဘောလုံးအသင်းက လီယိုနာဒိုကို ပြောတာ"

သူတို့သည် ပြောမနာဆိုမနာ သူငယ်ချင်းတွေမို့သာ



www.burmeseclassic.com

www.burmeseclassic.com

စိတ်မဆိုးကြခြင်း ဖြစ်၏။ နောင်စိုး၏ ရုပ်ရည်မွဲခြင်းမှာ သူ၏ ကြားမှာ အပျင်းပြေ နောက်ပြောင်စရာတစ်ခု ဖြစ်နေတာ အမှန်ပဲ။

နောင်စိုးက ရိုးနေပြီမို့ ဂရုမစိုက်ဘဲ...

"ငါပြောတာ နားထောင်ပါဦး၊ ငါဆိုလိုတာက ကောင် လေးတွေ အများကြီး တွေ့ခဲ့ပေမယ့် စိတ်မဝင်စားမိခဲ့ဘူး သူ့ကျတော့ တမျိုးပဲကွ၊ သူ့ကို မြင်မြင်ချင်း ရင်ထဲမှာ လှုပ် ဖြစ်သွားတယ်၊ နဖူးစာ ရှာလည်ဆိုတာ ဒါမျိုးထင်တယ်"

"နဖူးစာတော့ မသိဘူး၊ ရှာလည်မှာတော့ ကြိမ်း တယ်"

"မင်း စဉ်းစားဦးနော်၊ မျက်မှန်နဲ့ ကောင်မလေးတွေဟာ တချို့ ရုတ်တရက် ကြည့်ရင်တော့ လှသလိုပဲ၊ မျက်မှန်လည် ချွတ်လိုက်ရော၊ မျက်ခွံကြီးက မို့နေတာတို့၊ နှာခေါင်းပေါ်မှာလည် မျက်မှန်ဖိထားလို့ ညိုမည်းပြီး ချိုင့်နေတာတို့နဲ့ အကြည့်ရဆိုးတာ မျိုး ဖြစ်တတ်တယ်"

သိန်းထွန်း၊ အောင်ငွေတို့ တစ်ယောက်တစ်မျိုးစီ ပြော သည်။ နောင်စိုးက လက်ကာပြလိုက်ပြီး...

"မင်းတို့ မတွေ့ဖူးသေးလို့၊ သူ လှပုံက တမျိုးပဲကွ ဘယ်မိန်းကလေးနဲ့မှ မတူဘူး၊ သိပ်ဆွဲဆောင်မှု ရှိတယ်၊ ကြုံရ မင်းတို့ကို ပြဦးမယ်၊ မင်းတို့မြင်ရင် သူ့အလှမှာ ယစ်မူးသွားမှ သေချာတယ်"

"ယစ်မူးသွားမယ် ဟုတ်လား၊ ဒါဆိုရင်တော့ ငါတို့





ငြိနဲ့ မင်းတို့ အဆောင်ပိုင်ရှင် ဦးရဲကြီးကို ပြလိုက်၊ ဒါဆို ညနေစာ အရက်ဖိုး သက်သာသွားမှာပဲ"

နောင်စိုးက ပြောထားဦးပေါ့ကွာ၊ တကယ်တွေ့ရင် မင်းတို့ အံ့သြသွားမယ်ဆိုသော ပုံစံဖြင့် ပြုံးနေလိုက်၏။

◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com



ထိုညက စောစောစီးစီး အိပ်ရာဝင်သည်။ မြန်မြ
အိပ်ပျော်အောင် ကြိုးစားမည်။ ဒါမှ အိပ်မက် မြန်မြန်မက်မှာကို
သူ့အကြောင်း သူသိ၏။ သူက အိပ်မက်မက်လေ့ရှိ၏
နေ့လည်က ဖြစ်ပျက်ခဲ့သမျှတွေက ကောက်နုတ်ချက်များအဖြ
ပြန်မက်တတ်သည်။ တစ်ခါတစ်ခါကျတော့လည်း စိတ်ကူးယဉ်
မျှော်လင့်ခဲ့တာတွေ အိပ်မက်ထဲမှာ အကောင်အထည် ဖော်
သည်။

သူ ခုနစ်တန်းအောင်တော့ အဖေ့ကို လက်ပတ်နာ
တစ်လုံး ဝယ်ပေးဖို့ ပူဆာမိ၏။ အဖေက 'အေးအေး၊ ရန်ကု
ဘက် ဒီတစ်ခါသွားရင် ဝယ်ခဲ့မယ်' ဟု ပြောသည်။

သို့ရာတွင် အဖေသည် ရန်ကုန်ဘက်ကို တော်တော်န
မသွားဖြစ်ခဲ့။ သူ့မှာတော့ ညစဉ်လိုလို နာရီအိပ်မက်ကလေးမေ
မက်နေခဲ့ရ၏။ အိပ်မက်ထဲမှာ အဖေဝယ်လာသည့် နာရီ





တစ်ခါနဲ့တစ်ခါ မတူ။ အဝိုင်းဖြစ်လိုက်၊ ကြီးလိုက်သေးလိုက်။
တစ်ချို့အိပ်မက်တွေမှာကျတော့ အဖေက 'လက်ပတ်နာရီတွေ
တွေ့လို့ တွေ့တာပဲ ဝယ်ခဲ့တယ်ကွ' ဆိုပြီး တိုင်ကပ်နာရီကြီးကို
ကြိုးတပ်ပြီး လည်ပင်းမှာ ဆွဲပေးတာမျိုး။

အခု မျှော်လင့်နေတာကတော့ နာရီတစ်လုံး မဟုတ်။
ရွှေကိုင်းမျက်မှန်လေးတစ်လက် ဖြစ်သည်လို့တော့ ပြောချင်ပြော
နိုင်သည်။ သို့တိုင်အောင် ဆိုင်တွေပေါ်မှာ ပြထားသော သက်မဲ့
မျက်မှန်မျိုး မဟုတ်။ တလက်လက် တဖျတ်ဖျတ် သက်ဝင်လှုပ်
ရှားနေသော မျက်မှန်ကလေးသာ ဖြစ်ရလေ၏။

တကယ်တော့လည်း မျက်လုံးဆိုသည်မှာ မီးခလုတ်
တစ်ခုလို တစ်ခါတည်း မှောင်ကျသွားအောင် ပိတ်လို့ရတာမျိုး
မဟုတ်။ ထို့ကြောင့် အစောကြီး အိပ်ရာဝင်သော်လည်း ချက်ချင်း
အိပ်မပျော်။ ကျောပူတာသာ အဖတ်တင်ပြီး ခါတိုင်းအိပ်နေကျ
အချိန်ကျမှပင် မေးခနဲ့ အိပ်ပျော်သွားလေသည်။

ထိုအခါ သူ မျှော်လင့်သည့်အတိုင်း အိပ်မက်မက်သည်။

သူသည် တောအုပ်ကြီးတစ်ခုထဲ ရောက်နေ၏။ တခြား
အပင်တွေတော့ မရှိ။ အားလုံး ရေတမာပင်တွေချည်း ဖြစ်၏။
သူ အပင်တွေကြား လျှောက်သွားရင်း တစ်နေရာမှာ ရွှေကိုင်း
မျက်မှန်နှင့် ကောင်မလေး ရပ်နေတာ မြင်ရ၏။

ကောင်မလေးက ရယ်ပြီး မျက်မှန်လေးကို ပင့်ကာ
မျက်ခုံးကလေး လှုပ်ရမ်းကာ မျက်မှန်ကြော်ငြာသီချင်းတစ်ပုဒ်ကို
ဆိုနေ၏။



www.burmeseclassic.com

www.burmeseclassic.com


"ကြိုဆိုပါတယ် ထာဝစဉ် မျက်မှန်နဲ့ပတ်သက်ရင် အရာ
ရာ ကြည်လင်စေမယ်၊ မျက်မှန်အတွက် စိတ်ချကွာ..."

သူ ကောင်မလေးဆီ လျှောက်သွားသည်။ အနား
မရောက်ခင်မှာပင် ကောင်မလေးက တခစ်ခစ် ရယ်ပြီး ရေတမာ
ပင်တွေကြား လှစ်ခနဲ ဝင်ရောက် ပျောက်ကွယ်သွားသည်။
နောက်တစ်နေရာမှ ဖျတ်ခနဲ ပြန်ပေါ်လာပြန်သည်။ သူ လိုက်
တော့ ပျောက်သွားပြန်သည်။ သူသည် ကောင်မလေးနောက်
လိုက်ရာတွင် မိကာနီးကျမှ မကြာခဏဆိုသလို ရေတမာပင်တွေ
နှင့် တဒိုင်းဒိုင်း ဝင်တိုက်မိနေ၏။ နောက်ဆုံး မောပြီး ထိုင်ချလိုက်
ရသည်။ ထိုစဉ်မှာ နောက်က ပခုံးကို တို့သဖြင့် လှည့်ကြည့်သည်။
ကောင်မလေးက သူ့ကို ပြုံးကြည့်နေရာမှ မျက်မှန်ကို ချွတ်လိုက်
သည်။ ထိုအခါ ကောင်မလေး၏မျက်လုံးသည် စပရိန်တန်းလန်
နှင့် ဖောင်းခနဲ ကန့်ထွက်လာသည်။ သူ လန့်သွားရ၏။

ထိုအခါမှာ လန့်နိုးလာသည်။ အိပ်မက်ကလည်း ဘယ်
လိုကြီးမှန်း မသိဘူးဟု စိတ်ထဲမှာ ညည်းလိုက်ပြီး ခေါင်းအုံး
အောက်က လက်ပတ်နာရီကို ယူကြည့်၏။

ခါတိုင်း ပထမအကြိမ် နိုးနေကျထက် နောက်ကျသည်။
တမေးပြန်နှပ်ဖို့ မဖြစ်နိုင်သဖြင့် ထူးလဲထလိုက်သည်။

◈ ◈ ◈

"အဲဒီကောင်မလေးဟာ ရထားတစ်စင်း မဟုတ်ဘူး
ဆိုတာလည်း သတိထားဦး၊ ဒီလမ်းအတိုင်း အချိန်မှန်မှန် လာမယ်
လို့ ပြောလို့မရဘူး၊ ရထားတောင် အချိန်မှန်ချင်မှ မှန်တာ"

အုတ်ခုံမှာ ထိုင်ရင်း သိပ္ပံဆောင် ဆင်ဝင်ဆီသို့ ငေး
ကြည့်နေသော နောင်စိုးကို သိန်းထွန်း ပြောလိုက်၏။ နောင်စိုးက
လှည့်မကြည့်ဘဲ...

"မနေ့က ဒီအချိန် ထွက်လာတာပဲကွ"

နောင်စိုး ဒီလို အူကြောင်ကြောင် လုပ်တတ်မှန်း သိသ
ဖြင့် အောင်ငွေကတော့ ဘာမှမပြော။ အချိန်တန်လို့ မလာလျှင်
မင်းအတွက် စောင့်ပေးရတာ ဘာညာပြောပြီး လက်ဖက်ရည်
တိုက်ခိုင်းမည်ဟူ၍သာ စိတ်ကူးနေ၏။ သိန်းထွန်းကတော့ တဖျစ်
တောက်တောက် လုပ်နေတုန်း...

"ဟိုနေ့က ဒီလမ်းအတိုင်း လာတာနဲ့ ဒီနေ့လည်း
လာရမယ် ပြောလို့ ဘယ်ရမလဲ၊ သူက ဆိုင်းယင့်စ်က ဟုတ်ချင်
မှ ဟုတ်မယ်၊ အီကိုကလည်း ဖြစ်နိုင်တာပဲ၊ ကိစ္စရှိလို့ ဒီဘက်လာ
တာဆိုရင် ဘယ်လိုလုပ်မလဲ၊ တခြားတက္ကသိုလ်ကနေ သူငယ်
ချင်းဆီကို လာလည်တာတောင် ဖြစ်နိုင်တယ်"

"ငါကတော့ လာကိုလာရမယ်လို့ စိတ်ထဲက သိနေတယ်
ကွာ"

"ဒါဆိုရင်တော့ အဲဒီကောင်မလေးဟာ ကြွက်နှစ်မှာ
မွေးတာ ဖြစ်ရမယ်"

"ဘာဆိုင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဆိုင်တယ်ကွ၊ ကြွက်တွေဟာ သူတို့သွားနေကျ
ကြောင်းအတိုင်းပဲ အချိန်မှန် သွားလေ့ရှိတယ်တဲ့ကွ၊
ကြောင်တွေက သိလို့ လာလမ်းအတိုင်း စောင့်ဖမ်းတတ်ကြ
တဲ့"

"ဒါဆို ဒီကောင်က ကြောင်ဖားကြီးပေါ့၊ မြီးတန်
တိုနေသလား၊ ကြည့်ရအောင်"

အောင်ငွေ နှုတ်မဆိတ်နိုင်ဘဲ ဝင်ပြောပြီး နောင်စိုး
တင်ပါးကို စမ်းကြည့်သည်။ ထိုအချိန်တွင် နောင်စိုးသည်
တို့ကို ဂရုမစိုက်နိုင်တော့ဘဲ သိပ္ပံဆောင် ဆင်ဝင်ဆီ ငေးကြည့်
ရာမှ သူ့ကိုယ်သည် မတ်ကနဲ ဖြစ်သွား၏။

တကယ်တော့ မျက်မှန်နှင့် ကောင်မလေးသည်
ကျောင်းသူ မဟုတ်။ ဥပဒေ တက်နေသူသာ ဖြစ်၏။ ထို့ကြ
သူ့အတန်းက ဝိဇ္ဇာဆောင်ဘက်မှာသာ တက်ရသည်။ မနေ့
အင်းလျားဆောင်က သူငယ်ချင်းတစ်ယောက်ဆီက အပြ
ဒီဘက်လမ်းအတိုင်း လာခဲ့ခြင်း ဖြစ်၏။

နောင်စိုး ပြောသလို နဖူးစာကြောင့်ပဲလား။ ဒီကော
လေးပဲ ခုတလော ကံနိမ့်နေလို့လားတော့ မသိ။ ဒီနေ့လ
ဒီလမ်းကြောင်းအတိုင်းပင် လာမိ၏။

"ဟိုမှာ...ဟိုမှာ...လာပြီကွ၊ လာပြီ"

နောင်စိုးက ခုပဲ ပြေးဖက်တော့မလို လက်သိုးလှမ်းထို
အော်လိုက်၏။

"ဟေ့ကောင် လက်သိုးမထိုးနဲ့လေ"





ဟု အောင်ငွေက ဟန့်လိုက်ရ၏။ နော
အသံဖြင့်...

"အဲဒါကွ အဲဒါ...မျက်မှန်လေးနဲ့ တွေ့လားလို

"ဩော်...ဒါလား"

အောင်ငွေက ရေရွတ်သဖြင့်...

"မင်း သိလို့လား"

နောင်စိုးက မေးသည်။ အောင်ငွေက ခေါင်းခါပြလိုက်
၏။

"ဒါနဲ့များ...မင်းက သိသလိုလိုနဲ့"

"ငါသိတယ်ကွ"

ဟု သိန်းထွန်းက ဝင်ပြောသည်။ နောင်စိုး အားတက်
သရော လေသံဖြင့်...

"ဟုတ်လား...ဘယ်သူလဲကွဟေ၊ သူ့နာမည် ဘာတဲ့လဲ"

သိန်းထွန်းက မေးစေ့ကို ပွတ်လိုက်ပြီး...

"ဟို...ပါးစပ်ဖျားလေးတင် မေ့နေတယ်ကွာ"

နောင်စိုးက ခက်တာပဲဆိုပြီး ကောင်မလေးတွေဘက်
လှမ်းကြည့်ပြန်သည်။ သူတို့ထိုင်နေရာ ရှေ့နားရောက်လုလုတွင်
နောင်စိုးကို မြင်သွား၏။ အဖော်ပါလာသည့် ကျောင်းသူက
မျက်မှန်လေးကို တစ်စုံတစ်ခု တိုးတိုးပြောသည်။ မျက်မှန်လေးက
နောင်စိုးတို့ဘက် တစ်ချက် ဝေ့ကြည့်၏။ သူ့ကို ပြူးကြောင်
ကြောင်ကြီး ငေးကြည့်နေသော နောင်စိုးကို မြင်သောအခါ
မျက်နှာတစ်ချက်တင်းပြီး ပြန်လှည့်သွား၏။


www.burmeseclassic.com

www.burmeseclassic.com



ချက်နှာထားကတော့ တော်တော် တင်းတယ်ကွ"

ကြောင် ပွယ်ဘူး ဟော့ကောင်၊ သူ့နာမည် ငါးပုတင်းလို့များ

ကြောင် သား မသိဘူး"

"ဟာ...တော်တော် နီးစပ်လာပြီ"

အောင်ငွေ၏ မှတ်ချက်။ သိန်းထွန်းစကား။ နောင်စိုးက—

"ဟော့ကောင် သိရင်လည်း မြန်မြန်ပြောကွာ"

ပြောပြီး ကောင်မလေးတွေဘက် စိတ်မပြတ်သလို လှမ်းကြည့်သေးသည်။ သိန်းထွန်းက...

"ပြောမှာပေါ့ကွ၊ ဒီမှာ အာခေါင်တွေ ခြောက်နေလို့"

စကားခင်းနေပြီဖြစ်ကြောင်း နောင်စိုး သိ၏။ သိန်းထွန်းက အောင်ငွေကို အဓိပ္ပါယ်ပါပါ လှမ်းကြည့်သောအခါ...

"မင်း လက်ဖက်ရည်တစ်ခွက်လောက် သောက်လိုက်ရင်ကောင်းမယ်၊ ဒါဆို ဦးနှောက်ရှင်ပြီး နာမည်ကို သတိရလာမှာပဲ"

ဟု ဝင်ပြောပေးလိုက်၏။

နောင်စိုးက တစ်ခွန်းဆဲပြီး...

"လက်ဖက်ရည် သောက်ပြီးလို့မှ မပြောရင် မင်း နာမယ်နော်"

"အေးပါ...ငါက ပြောချင်လို့ ပါးစပ်တောင် ယားလာပြီ"

"ယားရင်လည်း နောက်မှပဲ ဘာဇာကောဘီ လိမ်းလိုက်တော့၊ လာ သွားမယ်"

သိန်းထွန်းက ဦးဆောင် ထွက်သွား၏။

◈ ◈ ◈





သူတို့သုံးယောက် ကုလားထိုင်တွေ ဆွဲပြီးထိုင်လိုက်သောအချိန်မှာပင်...

"ဘာသောက်မလဲ"

ဟု စားပွဲထိုးလေးက လာမေးသဖြင့် ထူးဆန်းသလိုဖြစ်သွား၏။ ဒီဆိုင်မှာ သူတို့အုပ်စုကို ဘယ်စားပွဲထိုးကမှ ခုလို ဂရုတစိုက် လာမေးလေ့မရှိ။ သူတို့က ထိုင်ရုံသာထိုင်ပြီး ဘာမှမသောက်ဘဲ နေတဲ့အခါတွေ များတာကိုး။ ဒီတော့ သူတို့ဆိုင် ဘာမှမမေးတော့။ သောက်ချင်လျှင် လှမ်းခေါ်လိမ့်မည်။

ခုတော့ အရေးတယူ မေးနေသဖြင့် ကြည့်လိုက်ရာ စားပွဲထိုး အသစ်ကလေးတစ်ယောက် ဖြစ်နေ၏။

"မင်းက စားပွဲထိုးအသစ်လား၊ အရင်က မမြင်ဖူးဘူး"

သိန်းထွန်းက မေးသဖြင့်...

"ဟုတ်ပါတယ် ဆရာ"

"ဟာ...ငါတို့က ဆရာတွေ မဟုတ်ပါဘူး၊ ကျောင်းသားတွေပါပဲ"

"သိပါဘူး၊ ဆရာနဲ့ တူလို့"

ဆိုပြီး နောင်စိုးကို လက်ညှိုး မရဲတရဲ ထိုးသည်။

"ဟော့ကောင်...မင်းရုပ် တော်တော်ရင့်နေပြီ ထင်တယ်"

ဟု သိန်းထွန်းက ပြောသည်။ နောင်စိုးက စိတ်မရှည်ဘဲ

"ဟော့ကောင် နာမည်လေကွာ၊ နာမည်၊ ဘာတဲ့လဲ"

ကောင်မလေးနာမည် ပြောမည်ဆိုသဖြင့် မေးခြင်းဖြစ်၏။ စားပွဲထိုးကလေးကတော့ သူ့နာမည်မေးတာ မှတ်ပြီး...



www.burmeseclassic.com

www.burmeseclassic.com

"သံဂေါ်လီ"

ဟု ဖြေ၏။ အောင်ငွေ ဟက်ခနဲ ရယ်လိုက်သည်။ သိန်းထွန်းကတော့ ထုံးစံအတိုင်း ဆက်ရော့ချလိုက်၏။

"ဟာ...နာမည်ကတော့ တော်တော် မာတာပဲ၊ လူက ကော မာရဲ့လားကွ"

"မာသင့်သလောက်တော့ မာပါတယ်"

"အေး...မာရင် စမ်းကြည့်မယ်ကွာ"

သိန်းထွန်းက လက်လှမ်းလိုက်ရာ စားပွဲထိုးလေးက 'ဟာဗျာ' ဆိုပြီး ရှို့ခနဲ ဖြစ်သွား၏။

"မင်းကလည်း၊ လက်မောင်းကို စမ်းမှာပါကွ"

သိန်းထွန်းက သံဂေါ်လီ၏လက်မောင်းကို နှိပ်ကြည့်၏။ သံဂေါ်လီမှာ ကြောင်တောင်တောင် ဖြစ်ပြီး သိန်းထွန်းကို တလှည့်၊ သူ့လက်မောင်းကို တလှည့် ကြည့်နေမိ၏။

"အေး...မဆိုးဘူးကွ၊ မင်း ငါ့လောက်နီးနီးတော့ ရှိတယ်"

ပြောပြီး အင်္ကျီလက်မောင်းကို ပင့်၍ ဗလထုတ်ပြသည်။ သိန်းထွန်းမှာ ပိန်ပိန်ရှည်တောက်တောက် ဖြစ်သောကြောင့် လက်မောင်းကြွက်သား ထွက်မလာဘဲ အရိုးသာ ပေါ်လာ၏။ သံဂေါ်လီ မရယ်ဘဲ မနေနိုင်တော့။

"အမယ်...မင်းက ရယ်တယ်ပေါ့၊ ဟောကောင် မင်း ငါနဲ့ လက်လှဲမလား၊ လာလေ"

"ဟာ...မလှဲပါဘူးဗျာ"

"လှဲရင်လည်း မင်း ရှုံးမှာပဲ၊ ငါက လက်လှဲချန်ပီယံကွ၊





...ား"

"ဟုတ်တယ်ကွ၊ လက်နှစ်ဖက် ပြတ်နေတဲ့လူတွေနဲ့ ...င် သူချည်းပဲ နိုင်တာပဲ"

အောင်ငွေက ဝင်ပြောသည်။ သံဂေါ်လီမှာ တဟီးဟီး ...ရာမှ သတိရပြီး...

"အဲ...ဘာသောက်ကြမလဲ အစ်ကိုတို့"

"ထုံးစံအတိုင်းပဲပေါ့ကွာ"

အောင်ငွေက ပြောသဖြင့်...

"ဟာ...စားပွဲထိုးအသစ်ပါဆိုမှ ထုံးစံအတိုင်းဆိုတာ ဘယ် ...မလဲ"

နောင်စိုးက ဝင်ပြောပြီး သံဂေါ်လီဘက် လှည့်၍...

"ဒီလိုကွ...သံမီးကျိုရ"

"ဟာ...သံဂေါ်လီပါ အစ်ကိုရ"

"အေးအေး...ဒီလိုကွ၊ ထုံးစံအတိုင်းဆိုတာ ရေနွေးကြမ်း ...း လို့ ပြောတာ"

"ဗျာ"

"ဟောကောင် မညစ်စုတ်နဲ့နော်"

သိန်းထွန်းက ဝင်ပြောသည်။

"မင်း ပြောမယ်ဆိုပြီး ဘာလို့ အချိန်ဆွဲနေလဲ"

အောင်ငွေကပင်...

"ဒီမှာ...ထုံးစံအတိုင်းဆိုတာ လက်ဖက်ရည်ကျစိမ့်ကို ...တာ၊ သုံးခွက်"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့"

သံဂေါလီ လှည့်ထွက်ရင်း 'သုံးတီး ကျစိမ့်' ဟု အဖျော်ခန်းဘက် လှမ်းအော်သည်။

"ဟားဟား...သုံးတီး ဆိုပါလားကွ"

"ကဲ...ဟော့ကောင်၊ ပေါတောတော လုပ်မနေနဲ့၊ လက်ဖက်ရည် မှာပြီးပြီ၊ နာမည်ပြောတော့"

သိန်းထွန်းက "အဲ..." ဆို လုပ်ပြီးမှ...

"သူ့နာမည်က...ဟိုဒင်း...ကေသီအောင်တဲ့"

"ဟာ...ဟုတ်မယ်...ဟုတ်မယ်၊ ဒီလိုလှတဲ့ ကောင်မလေးဟာ ဒီလိုနာမည်မျိုးပဲ ဖြစ်ရမယ်"

နောင်စိုးသည် မျက်နှာကြီး ပြုံးဖြဲပြီး လက်ဝါးနှစ်ဖက်ကို ပွတ်လိုက်သည်။ ပြီးမှ...

"ဒါနဲ့ ဘယ်မေဂျာကလဲ၊ ဘယ်ယီးယားလဲ သိလား"

"အဲ...ဟို...သင်္ချာကကွာ၊ ဒုတိယ...မဟုတ်ဘူး၊ တတိယနှစ်"

"အဆောင်မှာ နေတာလား၊ ဒေးကလား"

"အဲဒီလောက်တော့ မသိဘူးကွ၊ မင်းသိချင်ရင် စုံစမ်းပေးပါ့မယ်"

နောင်စိုးက ခေါင်းကုတ်လိုက်ပြီး မရဲတရဲလေသံဖြင့်...

"အဲ...သူ့မှာ အတွဲကော ရှိလား"

"ရှိတာပေါ့"

နောင်စိုးမျက်နှာ အိုကျသွား၏။





"ဘယ်သူများပါလိမ့်ကွာ" ဟု လေပျော့လေးနှင့် မေးသည်။

"ခုန မင်း တွေ့လိုက်သားပဲ၊ သူနဲ့တွဲသွားတာ"

"ဟာ...အဲဒါက ကောင်မလေးပဲ၊ ငါပြောတာက သူ့မှာ ရည်းစား ရှိမရှိ"

"ဟား ဟား...တော်တော် စိတ်ဓါတ်ကျသွားလား၊ အလကား ပြောတာပါကွာ၊ ငါသိသလောက်တော့ ဘယ်သူနဲ့မှ တွဲဖြစ်သေးပါဘူး၊ အဲ...လိုက်နေတဲ့ကောင်တွေတော့ ရှိချင်ရှိမှာပေါ့ကွာ၊ ဒါပေမယ့် မင်းမြင်တဲ့အတိုင်းပဲ၊ သူက မာနသိပ်ကြီးတာဆိုးကွ၊ တော်ရုံကောင် ဘယ်အကပ်ခံမလဲ"

"အေးကွာ၊ ဒါဆိုရင်တော့ ငါ ကံကောင်းတာပဲ"

အောင်ငွေက ရှုံ့မဲ့သွားသည်။ 'ဟိုကပဲ သူနဲ့ ဖူးစာဆုံရအောင် တမင်စောင့်နေတာ ကျနေတာပဲ၊ ဟင်း...သူ့ပုံကြီးနဲ့များ' ဟု ပြောချင်သော်လည်း လက်ဖက်ရည်မျက်နှာကြောင့် အမူအရာပြင့်သာ မသိမသာ ဆန့်ကျင်လိုက်ရ၏။

သံဂေါလီသည် လက်ဖက်ရည်သုံးခွက် ယူလာသည်။ သူ့ပုံစံမှာ မကျွမ်းကျင်သေးဟန်ဖြင့် ခွက်သုံးခွက်ကို မဖိတ်မစင်၊ ကျေကွဲအောင် အတော်ကြိုးစားလာရပုံ ရှိ၏။ အောင်ငွေနှင့် သိန်းထွန်းက ကူညီပြီး ခွက်များကို စားပွဲပေါ် တင်သည်။ သံဂေါလီက...

"ဟဲဟဲ...ကျွန်တော်က သေသေချာချာ လေ့ကျင့်ထားတာ အဲ...ဒါနဲ့...အစ်ကိုတို့ စီးကရက် ယူဦးမလား"



www.burmeseclassic.com

www.burmeseclassic.com

နောင်စိုးက ခေါင်းခါ၍...

"တော်ပြီကွာ...ပေါ့ပဲ သောက်တော့မယ်"

ဆိုပြီး အိတ်ထဲက နှင်းဆီဆေးပေါ့လိပ်များ ထုတ်၍ ဘးပွဲပေါ် တင်သည်။

"ဟေ့ကောင်၊ လန်ဒန်တစ်ပွဲလောက် မှာကွာ"

သိန်းထွန်းက တောင်းဆိုသော်လည်း...

"မင်းက အချက်အလက် ပြည့်စုံအောင်မှ မတင်ပြနိုင်ဘဲ ဗျ၊ လက်ဖက်ရည်ဆို တော်ပြီပေါ့"

ဟု နောင်စိုးက ဖြတ်ချလိုက်သည်။ သံဂေါ်လီက ရေနွေးကြမ်းအိုးကို စမ်းကြည့်ပြီး...

"ရေနွေးက အေးနေပြီ၊ အပူနဲ့ လဲပေးမယ်"

"အေး...ကျေးဇူးပဲ"

သံဂေါ်လီ ရေနွေးကြမ်းအိုးကို ယူပြီး ထွက်မည်ပြုစဉ် ာင်စိုးက...

"နေပါဦးကွ၊ ငါတို့က ဒီဆိုင်မှာ အမြဲသောက်နေကျ ာ်က်သည်တွေပဲ၊ ငါတို့နာမည်တွေလည်း မှတ်ထားဦး၊ ငါ့ မည်က နောင်စိုး၊ သူက အောင်ငွေ၊ သူက ကေသီ...အဲ... န်းထွန်းတဲ့"

ဟိုကောင်တွေက ဟားကြသည်။ နောင်စိုးက ဟီးခနဲ ာ်ရယ် ရယ်သည်။ သံဂေါ်လီက...

"ဟုတ်ကဲ့...အစ်ကိုတို့နာမည်တွေတော့ တွေ့ဖူးပါတယ်"

"ဟေ...ဘယ်မှာ တွေ့ဖူးတာလဲ"





"ဟိုလေ...အကြွေးစာရင်းစာအုပ်ထဲမှာ"

"ဟိုက်"

အောင်ငွေ နဖူးကို ရိုက်လိုက်၏။ သိန်းထွန်းက နာမည် ဘွဲ့ဆိုတော့ ဒီလိုပေါ့ဟု ပြော၏။ သံဂေါ်လီက ပြုံးပြီး ်သွားသည်။

◈ ◈ ◈

သံဂေါ်လီသည် အဖျော်ခန်းထဲ ဝင်လာသည်။ ဒန်အိုးကြီး ရေနွေးကို ဒန်မတ်ခွက်ကြီးနှင့် ခပ်ပြီး အကြမ်းကရားထဲ ်သည်။ နောက်တစ်ခွက် ခပ်ပြီး ဖြည့်မည်ပြုစဉ် ဟိုဘက်ဆိုင် လှမ်းကြည့်မိ၏။

လက်ကလေးနှစ်ဖက်နှင့် ထမိန်တစ္စန်းတစကို သစ်သား ကြားက မြင်ရ၏။ လက်ကလေးနှစ်ဖက်သည် ပန်းကန်ဆေး ်င်း ဖြစ်၏။

သူက နည်းနည်းငုံ့ပြီး ကြည့်လိုက်သည်။ ကိုယ်လုံးအစွန်း ိုသာ မြင်ရ၏။ မျက်နှာကိုတော့ မေးစေ့အထက် မမြင်ရ။ ်ကို ပြန်မတ်။ ခြေဖျားထောက်ပြီး ကြည့်လိုက်၏။ ဆံပင်၊ မျက်ခုံးထိ မြင်ရသည်။ သစ်သားတန်းက မျက်နှာအောက် ကို ကာထားပြန်၏။ အားမလိုအားမရ ဖြစ်လာပြီး ခြေဖျား


www.burmeseclassic.com

www.burmeseclassic.com

အစွမ်းကုန် ထောက်သည်။ မျက်စိ၊ နှာခေါင်း...၊ ကိုယ်ကို ဆတ်ခနဲ ဆန့်လိုက်စဉ် နှုတ်ခမ်း တစွန်းတစ။

ထိုစဉ်မှာပင် ဟန်ချက်ပျက်ပြီး ကိုင်ထားသော ရေနွေးခွက်က စောင်းသွား၏။ ခြေထောက်ပေါ် ရေနွေးတွေ ဖိတ်ကျသည်။

"အား...ပူလိုက်တာ"

သူ့အသံက ကျယ်ကျယ်လောင်လောင် ထွက်သွား၏။

ပန်းကန်ဆေးနေသော ကောင်မလေး အနည်းငယ်ငုံ့ပြီး လှမ်းကြည့်သည်။ သံဂေါလီကို မြင်၏။ သံဂေါလီက ခြေထောက်ကို ပွတ်နေရာမှ ပြုံးပြလိုက်၏။ ကောင်မလေးက နှုတ်ခမ်းစူပြီး တစ်ဖက် ပြန်လှည့်သွားသည်။

"ဟော့ကောင် ဘာဖြစ်တာလဲ"

အဖျော်ဆရာက လှမ်းမေးသည်။

"ရေနွေးပူ လောင်လို့ အကိုရ"

"မင်းကတော့ ဖြစ်ရမယ်၊ ကဲ သွား သွား၊ ခြေထောက်ကို ရေအေးအေးလောင်းပြီး လက်ဖက်ခြောက်ဖတ်တွေ ခဏအုံထားလိုက်"

အဖျော်ဆရာက ပြောပြီး တစ်ဖက်ဆိုင်ကို လှမ်းကြည့်သည်။ ပန်းကန်ဆေးနေသော ကောင်မလေးကို တပိုင်းတစ မြင်ရ၏။ သံဂေါလီက ကောင်မလေးဖက် တချက်ကြည့်ပြီး ထွက်သွားသည်။

"ဒီကောင်နဲ့တော့ မလွယ်ဘူးထင်တယ်"





ဟု သံဂေါလီ ထွက်သွားရာသို့ တချက်ကြည့်ရင်း အဖျော်ဆရာက ညည်းလိုက်သည်။

◈ ◈ ◈

သိပ္ပံဆောင် ဆင်ဝင်အောက်တွင် ဥစ္စာစောင့် တစ်ယောက် ကိုယ်ထင်ပြလိမ့်မည်ဟု ကောလဟာလတစ်ခု ဖြစ်ပေါ်ခဲ့ခြင်း မရှိပါ။ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူတို့သည်လည်း လှုပ်လှုပ်ရွရွ မဖြစ်ဘဲ ပုံမှန်အတိုင်းသာ သွားလာနေကြပါသည်။

နေ့ခင်းစိုးတစ်ယောက်က လွဲလို့ပေါ့။

သူကတော့ ဒီနေရာမှာ တကယ်ပဲ ထူးဆန်းတာ တစ်ခုခု ဖြစ်လိမ့်မည်ဟု ထင်နေသူတစ်ယောက်လိုပဲ။ လျှပ်တပြက် ပေါ်လာမည့်ကိစ္စကို အမှတ်တမဲ့ နေမိလို့ မမြင်လိုက်ရမှာ စိုးရိမ်နေသလား မသိ။

ဆင်ဝင်ရှိရာသို့ မလှုပ်မရှား မမှိတ်မသုန် ငေးစိုက်ကြည့်နေ၏။

သို့ရာတွင် ရွှေမျက်မှန် မိန်းကလေးသည် သူငယ်ချင်းတွေက ပြောသလို ကြွက်နှစ်မှာ မွေးဖွားသူတစ်ယောက် ဟုတ်ပုံရ၏။ လာနေကျလမ်းအတိုင်း အချိန်မှန် ရောက်မလာခဲ့။ လာရာသည်း မလို။ သူက ဝိဇ္ဇာဆောင်မှာ အတန်းတက်ရခြင်းသာ


www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။

နောင်စိုးသည် အချိန်အတော်ကြာအောင် စောင့် ငေးမောနေပြီးနောက် စိတ်ဓါတ်ကျလာသည်။ အချိန် တော်တော် လင့်သွားပြီ။ အတန်းလည်း နှစ်ချိန်လောက် သွားပြီ။

အတန်းဆိုမှ သတိရ၏။ ကောင်မလေးသည် အလ နေရင်း ကျောင်းသွားနေမှာ မဟုတ်။ သူလည်း အတန်းတ ပေါ့။ ဒီတော့ ခုချိန် ဘယ်လာပါတော့မလဲ။ အားလပ်ချိန် လာစောင့်တော့မည်ဟု စိတ်ကူးပြီး ထရပ်လိုက်သည်။ ထိုအ မှ သူ ဘယ်လောက်တောင် ငြိမ်ပြီး ထိုင်နေမိသလဲ သတိပြုမိတော့၏။

ခါးတွေက ညောင်းနေသည်။ ဇက်က အကြော တင်းပြီး ခိုင်သလိုတောင် ဖြစ်နေ၏။ တစ်နေရာထဲကို စူး စိုက် ငေးကြည့်နေခဲ့တာကိုး။ ခြေထောက်တွေကလည်း ထုံ သည်။ ရုတ်တရက် လမ်းလျှောက်ဖို့တောင် ခက်သည်။ ခြေ ကော့လိုက်ကွေးလိုက် လုပ်ပြီး သွေးလျှောက်အောင် လုပ်ရ ဇက်ကြောတွေ ပြေလျော့သွားအောင် ခေါင်းကို ဟိုလှည့်ဒီ

ဥစ္စာစောင့်တစ်ယောက်သည် မျက်မှန်တပ်ဖို့ လိုသ မလိုဘူးလားတော့ သေချာစွာမသိ။ ကိုယ်ထင်ပြလာတာ အမှန်ပဲ ဖြစ်၏။ တစ်ခုပဲ ရှိသည်။ သူသည် သိပ္ပံဆောင် လာခြင်းမဟုတ်။ ဝိဇ္ဇာဆောင်ဘက်က ထွက်လာခြင်းသာ ဖြ တစ်နည်းအားဖြင့် နောင်စိုး ငေးစိုက်ကြည့်နေရာ၏ ဆန့်က





မှ လာနေခြင်း ဖြစ်၏။

နောင်စိုးသည် ဇက်အညောင်းပြေစေရန် ခေါင်းကို ဟိုဒီလှည့်လိုက်စဉ်မှာ လှမ်းမြင်ရသည့် ကောင်မလေးသည် အဓိပတိလမ်းကို ဖြတ်ကူးလာ၏။ တစ်ယောက်တည်းလည်း ဖြစ်၏။

ဒါ အခွင့်ကောင်းပဲ၊ ကိုယ့်ကို မှတ်မိသွားရုံလောက်တော့ မိတ်ဆက်စကား ပြောသင့်သည်ဟု နောင်စိုး တွေးမိ၏။ ခက်တာက သူသည် အကြာကြီး ထိုင်နေလိုက်သဖြင့် ခြေထောက်ကျင်ပြီး ရုတ်တရက် လမ်းမလျှောက်နိုင်ခြင်းပင် ဖြစ်၏။

ကောင်မလေးသည် သူရှိနေရာ၏ရှေ့မှ ဖြတ်လျှောက်သွားပြီ။ စဉ်းစားနေဖို့ အချိန်မရှိတော့။ တွန့်ဆိုင်းနေလို့ မဖြစ်တော့။ ထို့ကြောင့် ခြေထောက်ကျင်နေလျက်ကပင် ဆာတာဆာတာ လျှောက်လိုက်သွားရ၏။ ထိန်းလျှောက်နေရသဖြင့် ရုတ်တရက် မမီ။ လေးငါးဆယ်လှမ်းစာ ရောက်မှ နောက်နား ကပ်မိသည်။

"ဒီမှာ...ဒီမှာ"

ဟု သူ ခေါ်လိုက်၏။ ကောင်မလေးက လှည့်ကြည့်သည်။ သူ့ကိုမြင်တော့ မျက်မှောင်ကုတ်လိုက်၏။

"ခဏလောက် နေပါဦးလား မကေသီအောင်"

"ရှင်"

နောင်စိုး ကျေနပ်သွား၏။ စကတည်းက ကိုယ့်ချဉ်းကပ်မှုက တစ်ကွက်သာနေသည်။ အငိုက်မိသွားတာကို အခွင့်ကောင်း ယူပြီး...



www.burmeseclassic.com

www.burmeseclassic.com



"အံ့ဩသွားသလားဟင်"

ကောင်မလေးက အိန္ဒြေဆည်လိုက်သည်။

"ဘာဖြစ်လို့ အံ့ဩရမှာလဲ"

ဟု ပြန်မေးသည်။ သိပ်ရှက်ရွံ့နေဟန် မရှိ။ ဒီလ ပွင့်လင်းတာမျိုး ကြိုက်သည်။

"အော်...မကေသီအောင်ရဲ့ နာမည်ကို ကျွန်တော် သိနေလို့လေ"

ဟက်ခနဲ ရယ်သည်။ ပြီးတော့...

"ဟင်း...ဘာမှမဆိုင်ဘူး"

"ဒီနာမည်လေး သိခွင့်ရဖို့ ကျွန်တော် ဘယ်လော ကြိုးစားခဲ့ရတယ်ဆိုတာ သိရင်..."

"ဘာတွေ လာပြောနေတာလဲ"

ကောင်မလေး ခြေလှမ်းသွက်လိုက်၏။ နောင်စိုးလည် ခြေထောက်ကျင်တာ ပြေစပြုသဖြင့် အမီလိုက်နိုင်သွားသည

"ခဏလေး နေပါဦး ကေသီရယ်...ကျွန်တော်"

ကောင်မလေးက ဆတ်ခနဲ ရပ်၍ စူးစိုက်ကြည့်ပြီး

"ရှင် တော်တော် ကြောင်ပါလား၊ ဒါမှမဟုတ် လူမှား တာ ဖြစ်မယ်၊ ကျွန်မနာမည် ကေသီအောင် မဟုတ်ဘူး"

"ဗျာ...ဟုတ်ပါတယ်၊ ဟိုကောင်က ပြောတော့"

နောင်စိုးပါးစပ်က စိတ်ကူးတည့်ရာတွေ ထွက်သွား ကောင်မလေး အကြောင်းရိုက်နေတာလား တွေးနေစဉ်...

"ကျောင်းသားရေးရာဌာနမှာ ရှင့်အသိ မရှိဘူးလာ





"ဗျာ...ဘာဖြစ်လို့လဲ"

"ကျောင်းထဲမှာ မိန်းကလေးတစ်ယောက်အကြောင်း သိချင်ရင် ကျောင်းသားရေးရာဌာနမှာ အသိအကျွမ်းရှာပြီး မေးချင်မေး၊ အဆောင်မှာနေတဲ့ ကျောင်းသူဆိုရင်လည်း အဆောင်စောင့်ကြီးကို လက်ဖက်ရည်ဖိုးပေးပြီး စုံစမ်းခိုင်း၊ ဒါမှမဟုတ် ကျောင်းသူနှံသမျှ စာရင်းပြုစုထားတတ်တဲ့ ကျောင်းသားမျိုးကို ကျွေးမွေးပြုစုပြီး မေးတန်မေးရတယ်ရှင့်"

ကောင်မလေးက တပည့်တစ်ယောက်ကို ရှင်းပြသလိုပုံစံဖြင့် အထစ်အငေါ့မရှိ ဆက်တိုက်ပြောလိုက်၏။ ဒီနားတဝိုက်မှာ မြတ်တွေခြင်တွေ မရှိတာ နောင်စိုး ကံကောင်းသွားသည်။ နို့မို့ဆို ဟောင်းလောင်းကြီး ဖြစ်နေသော သူ့ပါးစပ်ထဲ ဝင်သွားနိုင်၏။

"တက္ကသိုလ်ကျောင်းသား လုပ်နေပြီး ဒီလောက်မှ မကျွမ်းဘူးလား၊ တော်တော် ဒူသေးတာပဲ၊ ကဲ...သွားမယ်"

နောင်စိုးသည် အံ့အားကြီး သင့်နေရာမှ 'ဟုတ်ကဲ့' ဟု ယောင်၍ပြောမိ၏။ ကောင်မလေးက တစ်ချက် လှောင်ပြုံးပြုံးကြည့်ပြီး လှည့်ထွက်သွားသည်။

နောင်စိုးလည်း ရှက်ကိုးရှက်ကန်းဖြစ်ပြီး နောက်ကို အမြန်လှည့်အထွက် ရေတမာပင်နှင့် တိုက်မိမလို ဖြစ်သွားပြန်၏။ သူ ရေတမာပင်ကို လက်သီးနှင့် ရွယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

သိန်းထွန်းက တဟားဟား ရယ်ရင်း...

"ဟိုကောင်တော့ ဘယ်လိုနေသလဲ မသိဘူး"

"မင်းကလည်းကွာ၊ မသိဘဲနဲ့ ဘာကြောင့် ရမ်းသမ်းပြောရတာလဲ၊ ဟိုကောင်က အူတိအူကြောင်ကွ၊ ပေါက်ကရတွေ လျှောက်လုပ် လျှောက်ပြောမှာ၊ ဘာတွေဖြစ်လာမလဲ မသိဘူး"

အောင်ငွေက ပြောသည်။ သိန်းထွန်းက...

"ငါလည်း လက်ဖက်ရည် သောက်ချင်တာနဲ့ ပြောလိုက်တာပဲ၊ သိပ်တော့ လွဲမယ်မထင်ပါဘူး"

"ဘာမလွဲရမှာလဲ"

"ဒီလိုကွ၊ ကောင်မလေး လွှယ်လာတဲ့ လွယ်အိတ်ရဲ့ ပန်းသိုင်း ကြိုးအရင်းနားမှာ ကေတီအေဆိုတဲ့စာလုံး ထိုးထားတာ တွေ့တယ်၊ ဒါကြောင့် ငါက ကေသီအောင် ဖြစ်မှာပဲဆိုပြီး ပြောလိုက်တာ၊ ခင်သက်အောင်တို့ ဘာတို့လဲ ဖြစ်ချင်ဖြစ်မှာပေါ့ကွာ"

"ဟင်း...တော်တော် တော်တဲ့ ဦးနှောက်၊ အဲဒါ လူနာမည် ထိုးထားတာ မဟုတ်ဘူး၊ လွယ်အိတ်နာမည် ထိုးထားတာဟ၊ ကြံတိုင်းအောင် လွယ်အိတ်မို့လို့ ကေတီအေလို့ ထိုးထားတာ၊ အဲဒါ ဝယ်ကတည်းက ပါလာတာ"

"ဟုတ်လား...ဒါကြောင့်ကိုးကွ၊ သူနဲ့တူတူပါလာတဲ့ ကောင်မလေးရဲ့ လွယ်အိတ်မှာကျတော့ အက်စ်အက်စ်ကေလို့ ထိုးထားတာ တွေ့တယ်၊ ငါက သူ့နာမည်ကတော့ စန်းစန်းကြည် ဖြစ်မှာပဲလို့ ထင်လိုက်သေးတယ်"





"အဲဒါ စိန်စကြာ လွယ်အိတ်ဟ"

"အေးဟေးဟေး...မင်းပြောမှ သဘောပေါက်တယ်ကွာ၊ ဟား...ဟား...ဟား"

သိန်းထွန်း ဟားတိုက်ရယ်နေတုန်း နရင်းက ပူခနဲဖြစ်ပြီး ရှေ့ကို ငိုက်ကျသွား၏။ နောင်စိုးက နောက်မှ ဇက်ပိုးကို ရိုက်လိုက်ခြင်းဖြစ်၏။

"မင်း တော်တော် ယုတ်ကန်းတဲ့ကောင်၊ သူ့နာမည် ကေသီအောင် မဟုတ်ဘူးကွ၊ မင်း ငါ့ကို သက်သက်မဲ့ ချောက်တွန်းလိုက်တာပဲ"

"အော်ကွာ၊ ဒီလောက်လှတဲ့ ကောင်မလေးက ဒီလို နာမည်မျိုး ဖြစ်မှာပဲဆိုပြီး ပြောလိုက်တာပါ"

နောင်စိုး ပြောခဲ့သည့်စကားနှင့် ထပ်လုပ်နေသေးသဖြင့် နောင်စိုးက လက်သီးနှင့် ရွယ်ပြီး...

"ဟေ့ကောင်၊ ငါ ဆွဲထိုးမိတော့မယ်"

တကယ်တော့ မထိုး။ နောင်စိုးမှာ ဒေါသကြီးတတ်သူလည်း မဟုတ်။ တကယ်တော့ သိန်းထွန်း ချောက်ချတာ မကြာခဏ ခံရဖူးသဖြင့် ရိုးနေပြီ။ ဒီတခါကတော့ နည်းနည်း စိတ်ဆိုးချင်သွားသည်။ သို့တိုင်အောင် သိန်းထွန်း၏မျက်နှာမှာ ဆွဲထိုးရခက်လောက်အောင် စပ်ဖြဲဖြဲ ဖြစ်နေ၏။ ထို့ကြောင့်...

"မင်းကွာ၊ ငါ့ကို သက်သက်အရှက်ကွဲအောင် လုပ်တာပဲ" ဟုသာ ပြောလိုက်ရသည်။

"ဆောရီးကွာ၊ ငါလည်း ပါးစပ်ထဲတွေ့ရာပြောလိုက်တာ


www.burmeseclassic.com

www.burmeseclassic.com

လက်ဖက်ရည်သောက်ချင်လို့၊ ဒါနဲ့ မင်းက ကေသီအောင်လို့ ခေါ်လိုက်တော့ သူ တော်တော် ကြောင်သွားမှာပဲ"

"မကြောင်တဲ့အပြင် ငါ့ကိုတောင် ပြန်ချွတ်လိုက်သေးတယ်၊ ကျောင်းသားရေးရာဌာနမှာ အသိမရှိဘူးလားတဲ့"

"ဒီနေ့ သူ ဘာလွယ်အိတ် လွယ်လာသလဲကွ"

"လွယ်အိတ်၊ ဘာဖြစ်လို့လဲ"

"သိချင်လို့ပါ"

"ဒီနေ့ကတော့...အဲ...ဂျင်းပခုံးသိုင်း လွယ်အိတ်ပဲကွ"

ဟု နောင်စိုးက ဘုမသိဘမသိ ပြော၏။ သိန်းထွန်းက–

"ဟာ...ဒါဆို သေချာပြီ၊ သူ့နာမည် မလီဗိုင်း ဖြစ်မှာပဲ"

နောင်စိုးက သဘောမပေါက်။ အကြောင်းသိထားသော အောင်ငွေက ဟန်မဆောင်နိုင်ဘဲ ဟားသည်။

"မင်းတို့ကလည်း အလကားနေ ဟားနေတာပဲ"

အောင်ငွေက မျက်နှာပိုး သတ်၍...

"မင်းပြောပုံဆို ကောင်မလေးက ဆတ်ဆတ်ကြဲလေးနဲ့ တူတယ်၊ မလွယ်ဘူး ထင်တယ်ကွ"

နောင်စိုး ခေါင်းကို ပွတ်နေပြီး...

"အေးကွ၊ ဒုက္ခပါပဲကွာ၊ စတွေ့ကတည်းက ငါ တစ်ကွက် ခံသွားရပြီ၊ ငါ့အဖြစ်က အရှုံးနဲ့ စရတာ ဖြစ်သွားပြီ အဲဒါ...မင်းကြောင့်...ငါ...တယ်လေ"

သိန်းထွန်းဘက် လှည့်၍ လက်သီးနှင့်ရွယ်ရင်း ပြောသည်။ အောင်ငွေလည်း အကွက်ရသွားပြီး...





"ဟုတ်တယ် သိန်းထွန်း၊ မင်းက လက်ဖက်ရည်လေး တစ်ခွက် သောက်ရဖို့အတွက် လူတစ်ယောက်ရဲ့ဘဝမှာ သိပ်အရေးကြီးတဲ့ကိစ္စတစ်ခုကို ပေါ့ပေါ့တန်တန် ဖြစ်အောင် လုပ်လိုက်တာပဲ၊ ဒီတော့ မင်း သူ့ကိုကျေနပ်လောက်အောင် တောင်းပန်သင့်တယ်"

"အေးပါကွာ...ငါ တောင်းပန်ပါတယ်"

"ပါးစပ်နဲ့ တောင်းပန်ရုံနဲ့ မရဘူးကွ"

"ဟာ...ထိုင်ရှိခိုးရမှာလား၊ ခြေထောက်ကိုင် တောင်းပန်ရမှာလား၊ ဒီကောင့်ခြေထောက်ကြီးတော့ မကိုင်ပါရစေနဲ့၊ တစ်ပတ် တစ်ခါလောက် ခြေထောက်ဆေးတဲ့ကောင်"

"ဒါကို ပြောတာမဟုတ်ဘူး၊ မင်းက လက်ဖက်ရည် တစ်ခွက် ခုလို ပေါက်ကရ ပြောခဲ့တာဆိုတော့ အပြစ်ကျေသွားအောင် လက်ဖက်ရည် ပြန်တိုက်သင့်တယ်လို့ ပြောတာ"

"အေး...ဟုတ်တယ်ကွ၊ ဟုတ်တယ်ကွ၊ ဟီးဟီး"

နောင်စိုးမှာ ချက်ချင်း စိတ်ပြေသွားပြီး ဟီးဟီးဟဲဟဲ ဖြစ်လာ၏။ သိန်းထွန်းသည် သူ့အပြစ်နှင့်သူ မိနေသဖြင့်...

"အေးပါကွ၊ တိုက်ပါ့မယ်၊ အမယ် ဟော့ကောင် အောင်ငွေ မင်းကကျတော့ သူတိုက်တုန်းကလည်း သောက်၊ ငါတိုက်တော့လည်း သောက်၊ အချောင် ဝင်အုပ်နေတာပဲကွ"

"နောင်စိုးနဲ့ ကောင်မလေးနဲ့ အဆင်ပြေသွားတဲ့အခါကျရင် အောင်ပွဲအထိမ်းအမှတ်နဲ့ ငါ ပြုစုပါ့မယ်"

"အင်း...စားရချည်သေး၊ စားရချည်သေး"



www.burmeseclassic.com

www.burmeseclassic.com

သိန်းထွန်းက ‌ေ‌ငေါ့တော့တော့လေသံဖြင့် ပြောလိုက်၏။ နောင်စိုးက မျက်စောင်းတစ်ချက် ခဲသည်။

◈ ◈ ◈

စားသောက်ဆိုင်တန်း၏ အစွန်နားရှိ စားပွဲတစ်လုံးသည် လက်ပံပင်တစ်ပင်အဖြစ်သို့ ခဏမျှ အသွင်ပြောင်းသွားလေသည်။ ခပ်ကြောင်ကြောင် ကျောင်းသားတစ်ယောက်နှင့် တွေ့ခဲ့ပုံ အကြောင်း ပြန်ပြောပြရာမှ တစ်ယောက်တစ်ပေါက် ထင်မြင် ချက်တွေ ပေးပြီး စီစီညံနေသောကြောင့်ပင် ဖြစ်၏။

"ဟိုတစ်နေ့က မျက်လုံးကြီး ပြူးကြောင်ကြည့်နေတဲ့လူပဲ လား"

"အေး...ဟုတ်တယ်"

"ဘာတဲ့...မကေသီအောင်တဲ့ ဟုတ်လား၊ ဘယ်သူကများ ရွှန်လွှတ်လိုက်ပါလိမ့်"

"အချင်းချင်းထဲကပဲ ဖြစ်မှာပေါ့၊ နင်က လူမှားနေပြီလို့ ပြောတော့ ဘယ်လိုဖြစ်သွားလဲ"

"ပြောမနေနဲ့...ရှက်ကိုးရှက်ကန်းနဲ့ တချိုးထဲ လှည့်ပြေး တာ၊ ဟိုတစ်ခါလိုပဲ ရေတမာပင်နဲ့ ဝင်တိုက်မိမလို ဖြစ်သေးတယ်"

"အေး...ဟုတ်ပြီ၊ သူ့ကို ရေတမာလို့ နာမည်ပေးရမယ်"





"ဟော...ပြောရင်းဆိုရင်း လာပါပြီ ရေတမာကြီး"

လှည့်ကြည့်သည်။ နောင်စိုးနှင့် သူငယ်ချင်းနှစ်ယောက် စားသောက်ဆိုင်တန်းထဲ ဝင်လာ၏။ သူတို့နှင့် မလှမ်းမကမ်းရှိ လက်ဖက်ရည်ဆိုင်မှ စားပွဲဆီ ဦးတည်သွားနေသည်။

တစ်ယောက်က လက်ကုပ်ပြနေသဖြင့် နောင်စိုး လှမ်း ကြည့်သည်။ မျက်နှာက ချက်ချင်း အမူအရာ ပြောင်းသွားသည်။ ဟန်မဆောင်နိုင်ဘဲ ပြူးကြောင်ကြောင် ငေးစိုက်ကြည့်ရင်း လျှောက်သွားသည်။ ထိုအခါ ရှေ့က ကုလားထိုင်တစ်လုံးကို မမြင်ဘဲ ဝင်တိုက်မိပြီး ဟပ်ထိုးဟပ်ထိုး ဖြစ်သွား၏။ ရှက်ကိုးရှက် ကန်း ဖြစ်ပြီး ကုလားထိုင်ကို ခြေထောက်နှင့် ဆောင့်ကန်မလို ရွယ်လိုက်သေးသည်။

"ဟားဟား...မစွတာဘီးန် ကျနေတာပဲ"

"ဒီလောက်တော့ မဆိုးသေးပါဘူးဟယ်၊ ကျောက်စိမ်း လက်ကောက် ဓာတ်လမ်းထဲက အားကွေ့နဲ့ တူတာပါပဲ၊ နင် လည်း မှန်ထဲကြည့်ပြီး ဖူးစာရှင်ရဲ့ရုပ်သွင် ပေါ်လာပါစေလို့ ဆုတောင်းကြည့်ပါလား၊ အဲဒီပုဂ္ဂိုလ်ကြီးပုံ ပေါ်ချင်ပေါ်လာမှာ"

သူငယ်ချင်းတွေက ဝိုင်းစကြသည်။ မျက်မှန်နှင့် ကောင် မလေးက မပြုံးချင်ပြုံးချင် ပြုံးသည်။

နောင်စိုးတို့ စားပွဲမှာ ထိုင်မိပြီးနောက် အောင်ငွေက ကောင့်မလေးတွေဘက် လှမ်းအကဲခတ်ပြီး...

"ဟော့ကောင် မင်းအကြောင်း ပြောပြီး ဟားနေတာနဲ့ တူတယ်ကွ၊ မင်းအစား ငါတောင် မျက်နှာ ထားရခက်လာပြီ၊


www.burmeseclassic.com

www.burmeseclassic.com

အိန္ဒြေရရ နေစမ်းကွာ"

အောင်ဌေးက ဟန့်လိုက်၏။

ထိုစဉ် သံဂေါလီ အနားရောက်လာပြီး...

"အစ်ကိုတို့ ဘာသောက်မလဲ၊ ထုံးစံအတိုင်းပဲလား"

"အေး"

"သုံးတီး ကျစိမ့်" ဟု လှမ်းအော်သည်။ ရေနွေးကြမ်းအိုးကို မကြည့်သည်။ ပွမပွ စမ်းသည်။ ထို့နောက် လက်ဖက်ရည် ယူဖို့ ထွက်သွား၏။

နောင်စိုးသည် ကောင်မလေးတွေဘက် တချက် လှမ်းကြည့်သည်။ ရွှေမျက်မှန်ရှေ့ စားပွဲပေါ်တွင် စာအုပ်ခပ်ရှည်ရှည် တစ်အုပ် ချထားတာ မြင်ရ၏။ သူ စိတ်ကူးတစ်ခု ရသွားသည်။

သံဂေါလီ ရောက်လာပြီး လက်ဖက်ရည်ပန်းကန်များ ချပေးသည်။ လှည့်ထွက်မည်အပြု...

"နေပါဦးကွ"

နောင်စိုးက တားလိုက်ပြီး ကောင်မလေးတွေဝိုင်းဘက် မသိမသာ မေးငေါ့ပြပြီး...

"မင်း ငါ့ကို တစ်ခုလောက် ကူညီစမ်းပါ"

"ဘာလဲ အစ်ကို"

"ဟိုအအေးဆိုင်မှာ ထိုင်နေတဲ့ ကောင်မလေးအုပ်စု တွေ့လား"

သံဂေါလီ တချက်ကြည့်ပြီး ခေါင်းညိတ်သည်။

"အဲဒီထဲက ရွှေကိုင်းမျက်မှန်လေးနဲ့ ကောင်မလေးကို





သိလား"

"ဘယ်သိပါ့မလဲ အစ်ကိုရ"

"ဒီစားသောက်ဆိုင်မှာ ထိုင်နေကျမို့ သိများသိမလားလို့ ငါ သူ့နာမည် သိချင်တယ်ကွာ"

"ဟာ...ကျွန်တော် မမေးရဲဘူး"

"မေးစရာ မလိုပါဘူးကွ၊ သူတို့နားကို သွားပြီး အစ်မတို့ မှာဦးမလဲ ဘာညာမေးရင်း စားပွဲပေါ်မှာ ချထားတဲ့ စာအုပ် က နာမည်ကို မသိမသာကြည့်ပြီး မှတ်ခဲ့...ဒါပဲ",

"ဒီလောက်ကတော့ လွယ်လွယ်လေးပဲ၊ အစ်ကို ခဏ နော့်"

ဆိုပြီး ထွက်သွား၏။ နောင်စိုးက...

"ဒီကောင် မဆိုးဘူးကွ၊ နှုတ်သွက်အာသွက် ရှိတယ်၊ ကိုးရမယ်"

"ဒီတခါတော့ မင်းအိုင်ဒီယာက မဆိုးဘူးကွ၊ တစ်ခုပဲ ယ်၊ အဲဒီစာအုပ်က သူ့စာအုပ် မဟုတ်ဘဲ သူများဆီက လာတာ ဆိုရင်ကော"

အောင်ဌေးက မေးသည်။

"ဒါကတော့ ကံပဲပေါ့ကွ၊ ဒီလောက်တော့လည်း မဖြစ်နိုင် ဘူး"

သံဂေါလီသည် ကောင်မလေးတွေ ဝိုင်းနားမှာ မယောင် ည် သွားရပ်သည်။

"ဘာမှာဦးမလဲ အစ်မ"


www.burmeseclassic.com

www.burmeseclassic.com

ဟု မေးရင်း မသိမသာ ငုံ့ကြည့်လိုက်၏။ ကောင်မလေး တာ စာအုပ်ပေါ်ကို လက်တင်ထားသဖြင့် နာမည်ကို မမြင်ရ

"မမှာတော့ဘူး"

သံဂေါလီ အကြံအိုက်သွား၏။ ပြီးမှ ဖျတ်ခနဲ အကြံ တစ်ခုရပြီး...

"အစ်မ လက်မောင်းမှာ ဘာကောင်လဲ မသိဘူး"

"ဟင် ဘယ်မှာလဲ"

ကောင်မလေးက ဇက်ကနဲ လက်ကိုမပြီး လက်မောင်း ပွတ်လိုက်၏။ သံဂေါလီက စာအုပ်ကို အလျင်အမြန် ကြည့် ပြီးတော့...

"အဲ အဲ မရှိတော့ဘူး၊ ကျသွားပြီထင်တယ်"

ပြောပြီး လှည့်ထွက်လာခဲ့၏။

"ဘယ်လိုလဲ တွေ့ခဲ့လား"

သံဂေါလီ စားပွဲနား ရောက်ရောက်ချင်း နောင်စိုး မေးသည်။

"တွေ့တယ် အစ်ကို"

"ဘာတဲ့လဲ၊ ဘာတဲ့လဲ"

"မသိဘူး"

"ဟာ မင်းကလည်း ဘယ်လိုလဲ၊ တွေ့တယ်လည်း ဆိုသေး"

"အင်္ဂလိပ်လို ရေးထားတာကိုး၊ ကျွန်တော် ဘယ်ဖ တတ်ပါ့မလဲ"





"ဟာ သေလိုက်ပါတော့"

သိန်းထွန်းက ဝင်၍...

"ဒါများ လွယ်လွယ်လေး၊ နောင်စိုးက သံဂေါလီကို အင်္ဂလိပ်စာ သင်ပေးလိုက်ပေါ့၊ တစ်လလောက်ဆို စာလုံးပေါင်း တ်နိုင်လောက်ပါတယ်၊ အဲဒီအခါကျမှ"

"မင်းကလည်းကွာ၊ အရေးထဲမှာ လာရီနေပြန်ပြီ"

သိန်းထွန်းက...

"ဒီလိုလုပ်ကွ သံဂေါလီ၊ မင်း သူတို့နားမှာ မယောင် လည် လုပ်ရင်း နားထောင်နေ၊ သူတို့ချင်း စကားပြောတဲ့အခါ မည်ထည့်ပြောချင် ပြောမှာပဲ"

"အေး ကောင်းတယ်ကွ၊ အနည်းဆုံး နာမည်ထဲက စ်လုံးတစ်လေတော့ သိရမှာပဲ၊ ဒီလောက်ဆို မဆိုးဘူး"

သံဂေါလီက အင်တင်တင် လုပ်ရင်း...

"ကျွန်တော်က အလုပ်ရှိသေးတယ် အစ်ကိုရ၊ အဲဒီနား ပဲ နေရင် ဆိုင်ရှင်က"

"လုပ်ပါကွာ၊ ခဏလေးပဲ၊ မင်းကို မုန့်ဖိုးပေးပါ့မယ်"

သံဂေါလီက ခေါင်းကုတ်ရင်း ထွက်သွား၏။

ရွှေမျက်မှန်တို့ ဝိုင်းနားမှာ မယောင်မလည် လုပ်နေ ည်။ မျက်မှန်နှင့် ကောင်မလေးက မသင်္ကာသလို ဖျတ်ခနဲ ည့်ကြည့်သည်။ သံဂေါလီ လန့်သွား၏။ ပြီးမှ တစ်စုံတစ်ခု ပျောက်သလိုမျိုး မြေကြီးပေါ် လိုက်ရှာဟန် ပြုနေသည်။

ဒီကောင်လေး ဟိုဝိုင်းသွားလိုက် တတွတ်တွတ် ပြော



www.burmeseclassic.com

www.burmeseclassic.com

လိုက် ဒီဘက် ပြန်လာလိုက် လုပ်နေတာ ကောင်မလေးက ရိပ်မိ၏။ ထို့ကြောင့်...

"ဟော့ ဟော့ လာစမ်းပါဦး"

ဟု လှမ်းခေါ်သည်။

"ဗျာ ဟုတ်ကဲ့" ဆိုပြီး သံဂေါ်လီ စားပွဲနား လာရပ်သည်။

"ဘာမှာခိုင်းမလို့လဲ အစ်မ"

"နင် လက်ဖက်ရည်ဆိုင်က မဟုတ်လား"

"ဟုတ် ဟုတ်ပါတယ်"

"ဒါဆို ဒီနားမှာ ဘာလာလုပ်နေတာလဲ"

"ဟို ဟိုလေ...ပန်းကန်လုံးတစ်လုံး ဒီနားမှာ ကျပျောက်သွားလို့"

ဟု ပြောမိပြောရာ ပြောလိုက်သည်။

"လုပ်မနေနဲ့၊ ပန်းကန်လုံးက ကျပျောက်စရာအကြောင်းမရှိဘူး၊ ဒီမှာ...ငါ အကုန်သိတယ်၊ ဟိုဘက်ဝိုင်းက ကောင်တွေက ငါ့နာမည်သိအောင် စုံစမ်းပေးရင် မုန့်ဖိုးပေးမယ်လို့ ပြောတယ် မဟုတ်လား"

"ဟုတ် ဟာ မဟုတ်ပါဘူး"

"အမှန်အတိုင်း ဝန်ခံနော်၊ ညာလို့ရှိရင်တော့ နင့်ဆိုင်ရှင်ကို တိုင်လိုက်မယ်"

"ဟာ ဒါတော့မလုပ်ပါနဲ့ အစ်မရာ"

"ဒါဆို ဝန်ခံမလား"

သံဂေါ်လီ ခေါင်းကုတ်လိုက်၊ လက်မောင်းပွတ်လိုက်





ပ်ရင်း အကျပ်ရိုက်နေ၏။

"ငါက နင့်ကို စိတ်မဆိုးပါဘူးဟ၊ ဒီမှာ နင့်ကိုကြည့်ရတာ ရိုးသားပုံရတယ်၊ ဒါကြောင့် နင့်ကို သနားလို့ ငါ့နာမည်ပြောပြလိုက်မယ်၊ သူတို့ဆီက မုန့်ဖိုး ရအောင်တောင်းနော်"

"ဟုတ် ဟုတ်ကဲ့"

"ကဲ သေသေချာချာ မှတ်သွား၊ ငါ့နာမည်က ဖြူဝင်းမွှတ်တဲ့ ကဲ သွားတော့၊ ပိုက်ဆံ ရအောင်တောင်းနော်"

"ဟုတ် ဟုတ်ကဲ့ ကျေးဇူးပဲ အစ်မ"

သံဂေါ်လီ ခပ်သုတ်သုတ် ထွက်ပြေးသွား၏။

ကောင်မလေးနှင့် သံဂေါ်လီ အချီအချ ပြောနေကြပုံကို အကဲခတ်နေသော နောင်စိုးတို့ကတော့ ပြဿနာတက်လာပြီ ထင်နေ၏။

သံဂေါ်လီက အားရဝမ်းသာ ပြေးလာပြီး...

"သိခဲ့ပြီဗျို့ သိခဲ့ပြီ"

"ဟေ့ကောင် တိုးတိုးပြောပါကွ၊ ဘာတဲ့လဲဟင် ဘာတဲ့လဲ"

"ဒီလို အစ်ကိုရ၊ အဲဒီအစ်မက ကျွန်တော့်ကို သနားလို့တဲ့ အဲဒါ သူကိုယ်တိုင်က ပြောပြလိုက်တာ"

"ဘာ သူကိုယ်တိုင်"

နောင်စိုးက ကောင်မလေးတွေဝိုင်းဘက် လှည့်ကြည့်သည်။ ငွေရှင်းပြီး ထထွက်သွားတာ မြင်လိုက်ရ၏။ သံဂေါ်လီက

"ဟုတ်တယ်...ဘာတဲ့၊ ဖြူဝင်း အဲ ဟိုဒင်း...ဖြူဝင်းမွှတ်


www.burmeseclassic.com

www.burmeseclassic.com



တဲ့"

"ဖြူဝင်းမွှတ်...ဖြူဝင်းမွှတ်...အင်း နာမည်လေးကတော့ လူနဲ့လိုက်အောင် လှပါပေတယ်"

နောင်စိုးက ရေရွတ်သည်။ သိန်းထွန်းက...

"ဟော့ကောင် အဲဒီနာမည် တကယ်ကော ဟုတ်ပါ့ လား၊ မင်းကို ထပ်ပြီး အရူးလုပ်တာလားမှ မသိဘဲ၊ သူကိုယ်တိုင် က ဖွင့်ပြောတာဆိုတော့ စဉ်းစားစရာပဲ"

"ငါကတော့ အဲဒီနာမည် အမှန်ပဲလို့ ထင်တယ်၊ ဒီ နာမည်မျိုးက ရှားတယ်ကွ၊ ရုတ်တရက် စိတ်ကူးလို့ရတာမျိုး မဟုတ်ဘူး"

"ငါကတော့ မွှတ်ဆိုတဲ့ စကားလုံးကို သိပ်ဘဝင်မကျဘူး မွှတ်ဆိုတာ လည်တယ်လို့ အဓိပ္ပါယ်ရတယ် မဟုတ်လား မင်းတော့ အလှည့်စားခံရဦးမယ် ထင်တယ်"

သိန်းထွန်းက မှတ်ချက်ချ၏။ နောင်စိုးက လက်ခါ

"မင်းက စာသိပ်မဖတ်လို့ မသိတာပါကွ၊ သူ့နာမည် နတ်ရှင်နောင်ရဲ့ ပေါ်ဒွေလလျှင် အစချီ ရတုထဲက ယူပြီးမှည့်ထား တာကွ၊ ပြာစင်မွှန်လတ် ဖြူဝင်းမွှတ်လျှင် ကြာညွှတ်ဖယောင်း ဆိုတာ မင်း မကြားဖူးဘူးလား၊ ပြည်လှဖေဆိုတဲ့ နတ်သျှင်နော သီချင်းထဲမှာတောင် ပါသေးတယ်"

ဟိုနှစ်ကောင်က ဘာမှမပြော။ သံဂေါ်လီက နား လည်သလိုလို ခေါင်းဝင်ညိတ်သည်။

"အဲဒီတော့ စဉ်းစားကြည့်စမ်း၊ သူ့နာမည်က နတ်သျှ





နောင် ရတုထဲက၊ ငါ့နာမည်မှာလည်း နောင်ဆိုတဲ့စာလုံး ပါတယ်၊ ဒါဟာ ဓါတ်တူနာမ်တူသဘောပဲကွ"

"ဟုတ်တယ် အစ်ကို ဟုတ်တယ်...အဲ...အဲဒီအစ်မက ပြောလိုက်သေးတယ်၊ ရအောင်တောင်းတဲ့"

သံဂေါ်လီက ပြော၏။

"ဘာ...ဘာရအောင်တောင်း"

"ဟိုဥစ္စာ"

ဆိုပြီး နောင်စိုး၏ ရှပ်အင်္ကျီအိတ်ကို လက်ညှိုးထိုးပြ သည်။

"သြော်...အေး...ဟေး...ငါမေ့နေလို့ပါကွာ၊ မင်းကို မုန့်ဖိုး ပေးဦးမှာပဲ...ရော့"

နှစ်ဆယ်တန်တစ်ရွက် ထုတ်ပေးသည်။ သံဂေါ်လီက ပန်းယူပြီး ထွက်သွား၏။ နောင်စိုးက...

"ကဲ...ငါ့အနေနဲ့ ရှေ့ဆက်တိုးဖို့ပဲ ရှိတော့တာပေါ့"

အောင်ငွေက မသိမသာ ခေါင်းခါသည်။

◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com



သံဂေါလီ ငွေစက္ကူတစ်ရွက်ကို စွပ်ကျယ်ကြားထဲ ထည့်လိုက်တာကို ဆိုင်ရှင်က မြင်သွား၏။ သံဂေါလီကို လှ ခေါ်ပြီး...

"မင်းအင်္ကျီထဲ ထည့်လိုက်တာ ဘာလဲ"

"ပိုက်ဆံ"

"ပိုက်ဆံ..မင်းက ငါ့ကိုမပေးဘဲ ဘာလို့ ယူထားရတာ

"ဟာ ဒါ လက်ဖက်ရည်ဖိုး ပေးတာ မဟုတ်ပါ ကျွန်တော့်ကို သပ်သပ် မုန့်ဖိုးပေးတာ"

"အံမာ...လက်ဖက်ရည်တောင် ခဏခဏ အ သောက်နေတဲ့ကောင်တွေက မင်းကို မုန့်ဖိုးပေးမလားကွ"

"တကယ်ပါ...မယုံရင် သူတို့ကို သွားမေးကြည့် အစ်မကြီးတစ်ယောက်ရဲ့နာမည် မေးပေးလို့ဆိုပြီး ပေးတာ

ဆိုင်ရှင်က သိပ်မကျေနပ်။

"မင်း ကိုယ့်အလုပ်ကိုယ်လုပ်၊ မဆိုင်တာတွေ လျှော လုပ်စရာ မလိုဘူး၊ ကြားလား"

"ဟုတ်ကဲ့"

သံဂေါလီ စိတ်ထဲကတော့ ညနေကျလို့ ဆိုင်သိမ်းပြီး ထက်ထက်မိုးဦးနှင့် ကြော်ငြာသော ခေါင်းလျှော်ရည်တစ် ဝယ်ပြီး ကျကျနန လျှော်ပစ်လိုက်မည်ဟု ဆုံးဖြတ်လိုက်၏။ နောက် ဟိုဘက်က မုန့်ဟင်းခါးဆိုင်ကို လှမ်းကြည့်သ မိနိုင်၏ အရိပ်အယောင်ကို မမြင်ရ။

◈ ◈ ◈





"နင်က နာမည်ကို ဘာဖြစ်လို့ ဖွင့်ပြောလိုက်ရတာလဲ"

နယ်လီက မေးသည်။ ဖြူဝင်းမွှတ်က...

"နောက်လည်း သူ့ဘာသာ စုံစမ်းလို့ သိမယ့်အတူတူ ဘူးဆိုပြီး ပြောလိုက်တာ၊ ဟိုစားပွဲထိုးကောင်လေးလည်း ဖိုးရသွားတာပေါ့၊ နောက်တစ်ခုက နာမည်လေး သိရဖို့များ လောက် ခက်ခက်ခဲခဲ ကြိုးစားနေရတာကို စိတ်မရှည်တော့ဘူး ဒီလောက်တောင်ပဲ အူရသလားလို့"

"ခုလို ပြောပြလိုက်တဲ့အတွက် နင်က သူ့အပေါ် စာပေးတယ်လို့ ယူဆသွားရင်ကော"

"ဘယ်လိုထင်ထင် ငါ ဂရုမစိုက်ပါဘူး"

"သူက ပိုင်ပြီထင်ပြီး နောက်တဆင့် တက်လာရင်ကော"

ဘုတ်ဆုံက စကားဝင်ထောက်သည်။

"အေး...မြန်မြန်လိုက်ပြောပါစေ ဆုတောင်းတယ်၊ ဒါမှ မြန်ခါထုတ်လို့ရမယ်၊ နို့မို့ဆို ဟိုနားက ချောင်းကြည့်လိုက်၊ နားက ထိုင်ကြည့်လိုက်နဲ့ စိတ်အနှောင့်အယှက် ဖြစ်တယ်၊ တော့ သူကြည့်ပုံကလည်း သူများလို မသိမသာ မဟုတ်ဘူး၊ လုံးကြီး ပြူးကြောင်ပြီး စိုက်ကြည့်တတ်တာ၊ လူကြီးတွေ တဲ့ ခေါ်တောတစ်ထောင်အားဆိုတာ ဒါမျိုးဖြစ်မယ်"

"အေးဟ သူ့ပုံကြည့်ရတာ အူကြောင်ကြောင်ကြီး၊ ဒီလိုလူမျိုးက အလိုက်ကန်းဆိုး မသိတတ်ဘူး၊ တခါတလေ တစ်ရွတ်ကြီး လုပ်ချင်လုပ်တာ၊ တော်ကြာ ခွာထုတ်လို့မရဘဲ တင်းကပ်ချင်ကပ်နေမှာ"



www.burmeseclassic.com

www.burmeseclassic.com



“ပူစရာ မလိုပါဘူးဟာ ငါ့အကြောင်းလည်း သိသာ
အတင်းကပ်နေတော့လည်း သက်တော်စောင့်တစ်ယောက် ရ
လို့ သဘောထားလိုက်တာပေါ့၊ ဒါမှ တခြားကောင်တွေရန်
လည်း အေးမှာ”

သူတို့က နောင်စိုးကို အလူခံတစ်ယောက်လို
သဘောထားပြီး ပေါ့ပေါ့တန်တန် ပြောနေကြသော်လည
နောင်စိုးကတော့...။

◈ ◈ ◈





ဂရင်းပိစ် (ခေါ်)ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များသာ
တွေ့သွားလျှင် သစ်ပင်၊ဝါးပင် စသော သဘာဝသယံဇာတများမှ
ထုတ်လုပ်သည့် စက္ကူများကို အလဟဿ ဖြုန်းတီးပစ်ရပါ့မလား
ဆိုပြီး ဆူပူကန့်ကွက်ကောင်း ကန့်ကွက်ကြပေလိမ့်မည်။

နောင်စိုးသည် ဖြူဝင်းမွှတ်ကို ပေးရန် စာတစ်စောင်ကို
ရေးနေ၏။ ကြမ်းပေါ်မှာ ဝမ်းလျားကြီးမှောက်ပြီး ကျကျနန
ရေးနေခြင်း ဖြစ်၏။

ပထမဆုံး စရေးသော စာရွက်မှာပင် စ၍မှားလေသည်။
၏ထိပ်မှာ ‘သို့’ ဆိုသောစာလုံးကို ရေးလိုက်မိ၏။ ရည်းစားစာ
ရေးရာမှာ သို့တွေဘာတွေ ထည့်စရာမလို။ ထို့ကြောင့် စာရွက်ကို
ချေပစ်ပြီး အသစ်တစ်ရွက် ထပ်ရေးသည်။

ဒီမှာလည်း မှားပြန်၏။ သူက ဖြူဝင်းမွှတ်ကို ဖြူ
ခေါ်မည်ဟု စိတ်ကူးထားသည်။ တကယ်ရေးတော့ မဖြူဝင်း



www.burmeseclassic.com

www.burmeseclassic.com



မှတ်ဟု ယောင်ပြီး အပြည့်အစုံ ရေးမိ၏။ လုံးချေပစ်လိုက်ရ
သည်။

နောက်တစ်ရွက်ကျတော့ လေးငါးကြောင်း ရေးအပြီး
ပင် စာလုံးတစ်လုံး မှားသွားသည်။ မှတ်စုလိုက်နေကျပုံစံအတို
အကျင့်ပါပြီး ခြစ်ပစ်လိုက်မိ၏။ ရည်းစားစာတစ်စောင်က ခြစ်
ဖျက်ရာ ပါလို့မဖြစ်။

နောက်တစ်ခါကျတော့ တစ်မျက်နှာနီးပါး ရေးပြီးကာ
သူရေးထားပုံမှာ ဖြူဝင်းမွှတ်ကို မာနတံခွန် ထူနေသည့် မိန်း
လေးတစ်ယောက်လို စွပ်စွဲနေမိကြောင်း သိရ၏။ ပယ်လိုက်ရ
သည်။

ဒီလိုနှင့် ရေးလိုက်၊ မကြိုက်လိုက်၊ လုံးချေပစ်လို
ထပ်ရေးလိုက်၊ မှားလိုက်၊ ပယ်လိုက်၊ ရေးလိုက် လုပ်ရ
နောက်ဆုံးတော့ ရည်းစားစာတစ်စောင် ဖြစ်မလာဘဲ စက္ကူလုံး
သာ ကြမ်းပေါ်မှာ ပြန့်ကျဲနေတော့သည်။ သူလည်း ကြမ်းပေါ်
ပင် ဆန့်ဆန့်ကြီး အိပ်ပျော်သွားတော့သည်။

မျက်စိမှုန်သူတစ်ယောက်သာ ထိုမြင်ကွင်းကို မြင်လျှ
ဇီဇဝါပန်းတွေ ခြံရံထားသော ရုပ်ကလပ်တစ်ခုဟု ထင်မိပေ
မည်။

◈ ◈ ◈





နေ့လည် ကျောင်းအားလပ်ချိန် ဖြစ်သောကြောင့် စား
သောက်ဆိုင်တန်းမှာ လူကျနေ၏။ သံဂေါ်လီအပါအဝင် ဆိုင်
လုံးမှ စားပွဲထိုးတွေလည်း အနားမရလောက်အောင် အလုပ်
နေကြ၏။

ကျောင်းမှာက စားပွဲထိုးများအနေဖြင့် ကိုယ့်ဆိုင်အတွက်
သီးသီးသန့်သန့် လုပ်လို့မရ။ တခြားဆိုင်တွေအတွက်ပါ
လို ဝင်ကူကြရ၏။ စားပွဲတစ်ဝိုင်းထဲက တစ်ယောက်
ပေါက် မှာကြသည်။ ဆီချက်တစ်ပွဲ၊ အသုပ်က နှစ်ပွဲ၊
ကောက်ရည်တစ်ခွက်၊ အအေးသုံးပုလင်း ဆိုတာမျိုး မှာလျှင်
သူက အခြားဆိုင်တွေအတွက်ပါ လှမ်းအော်ပေးရသည်။
အသောက်ကိုလည်း အဆင်သင့်သလို ယူပေးပို့ပေးရသည်။

စားပွဲထိုးတွေထဲမှာ သံဂေါ်လီက အပင်ပန်းဆုံး ဖြစ်၏။
စားပွဲထိုးအသစ် ဖြစ်သောကြောင့် လူဟောင်းတွေ ခိုင်းသမျှ



www.burmeseclassic.com

www.burmeseclassic.com

ခံရသည်။ နည်းနည်းဝေးသည့်စားပွဲက လှမ်းခေါ်လျှင် သံဂေါလီကို သွတ်တတ်သည်။ သူကလည်း ဖင်ပေါ့သဖြင့် မညည်းမညူ လုပ်လိုက်တာပဲ ဖြစ်၏။

လက်ဖက်ရည်ခွက်များနှင့် အအေးပုလင်းကို ချပေးလိုက်စဉ်...

"အိပ်စပို့ကစ်ပွဲ ပေးကွာ"

ဟု မှာသည်။

"ဟုတ့်ကဲ့...ရမယ် အစ်ကို"

ကောင်တာရှိရာဆီ ခပ်သွက်သွက် အသွား...

"ပိုက်ဆံရှင်းမယ်ဟေ့"

ဟု တစ်ဝိုင်းက လှမ်းခေါ်နေပြန်သည်။

"လာမယ် အစ်ကိုရေ၊ ခဏလေး"

သံဂေါလီက ပြန်အော်ပြီး ကောင်တာဆီ ပြေးသည်၊ စီးကရက်တစ်ပွဲယူပြီး မှာထားသည့်ဝိုင်းမှာ သွားချသည်။

"ဟေ့ ပိုက်ဆံရှင်းမယ်လေကွာ"

"လာပြီဗျို့ လာပြီ"

ဆိုပြီး အလျှင်အမြန် လှည့်အထွက်...

တစ်ဖက်မှ လာနေသူတစ်ယောက်နှင့် ဝင်တိုက်မိ၏။ မိနိုင်ပင် ဖြစ်၏။

"ဟာ"

မုန့်ဟင်းခါးပန်းကန်များ မြေပေါ်ကျသွားသည်။ ပန်းကန်တစ်ချပ် ကွဲသွားသည်။ နောက်တစ်ချပ်က မကွဲသော်လည်း





ဟင်းခါးတွေ အကုန်ဖိတ်ကျသွား၏။

"နင်...နင် ဘယ်လိုလုပ်တာလဲ"

မိနိုင်က ပြောသည်။

"မတော်မိလို့ပါဟာ...မတော်လို့ပါ"

"ဘာမတော်မိတာလဲ ဒီမှာ အကုန်ကျကွဲကုန်ပြီ"

"ငါ...ငါ ပြန်လုပ်ပေးပါ့မယ်"

သံဂေါလီ ကယောင်ကတမ်း ဖြစ်ပြီး မြေပေါ်ကျနေသော မုန့်ဟင်းခါးဖတ်များကို အကောင်းကျန်နေသော ပန်းကန်ထဲ ထည့်ပြီး မိနိုင်ကို လှမ်းပေးလိုက်မိ၏။

"အို ဘာလုပ်ရမှာလဲ"

မိနိုင်က အသံစူးစူးဖြင့် အော်ရင်း ပန်းကန်ကို ပုတ်ချတ်၏။ ပန်းကန်သည် ကွဲလက်စ ပန်းကန်ကွဲပေါ် ကျပြီး ကွဲသွားပြန်၏။

"တောက်"

မိနိုင်က တောက်တစ်ချက် ပြင်းပြင်းခေါက်ပြီး သံဂေါလီ ဒေါသဖြင့် စူးစူးရဲရဲ တစ်ချက်ကြည့်သည်။ ထို့နောက် ထွက်သွား၏။ သံဂေါလီမှာ ပန်းကန်ကွဲများကို ယောင်ချာချာ ကောက်သိမ်းနေမိသည်။

မိနိုင်သည် မုန့်ဟင်းခါးဆိုင် ရှိရာသို့ ပြန်လာခဲ့၏။ သောက်၍ အဆင်သင့် ဆီးကြိုနေသော ဆိုင်ရှင်အဒေါ်ကြီးက..

"ကိုင်း ဘယ်လိုဖြစ်တာလဲ၊ ပြောစမ်းပါဦး"

"ဟိုလက်ဖက်ရည်ဆိုင်က သံဂေါလီဆိုတဲ့ အကောင်နဲ့



www.burmeseclassic.com

www.burmeseclassic.com

ဝင်တိုက်မိလို့"

"နင်က အသံလေးဘာလေး ပေးပါလား"

"မဟုတ်ဘူး၊ သူက ရုတ်တရက်လှည့်ပြီး ပြေးလာတာ"

"နင်ကိုက ရုပ်ပျာပျာ နိုင်တာကိုး၊ ဘာပဲဖြစ်ဖြစ် ဒီဆိုင်က စည်းကမ်းအတိုင်း ကွဲသွားတဲ့ ပန်းကန်ဖိုးတွေ နင့်လခထဲက ဖြတ်ရလိမ့်မယ်၊ ဒါပဲ"

မိနိုင် မျက်ရည်ဝဲလာသည်။ ပန်းကန်ဖိုးဆိုတာ ဘယ်လောက် ရှိမလဲ သူမသိ။ ကျိန်းသေတာကတော့ ဒီတစ်ခါ လခထုတ်လျှင် ကတ္တီပါခင်းဖိနပ်တစ်ရန် ဝယ်မည်ဆိုသော စိတ်ကူးယဉ် အိပ်မက်ကလေး ပျက်ပြယ်သွားတဲ့ကိစ္စပါပဲ။ ဒါ...ဒါ ဟိုအကောင်ကြောင့်။

သူသည် ပန်းကန်ကျကွဲခဲ့ရာနေရာသို့ ဆတ်ခနဲ လှည့်ကြည့်လိုက်၏။ သံဂေါလီသည် ပန်းကန်အကွဲအစများကို ကြွပ်ကြွပ်အိတ်ကလေးတစ်လုံးထဲ ကောက်ထည့်နေ၏။ ပြီးတော့ သူရှိရာသို့ မော့ကြည့်သည်။ မိနိုင်က စူးစူးရဲရဲ ကြည့်နေတာမြင်တော့ အနေရခက်သွား၏။ မဲ့သလိုလို ပြုံးသလိုလို လုပ်လိုက်သည်။ အမှန်တော့ အားနာပြုံး၊ တောင်းပန်ပြုံး ပြုံးဖို့ ကြိုးစားခြင်းသာ ဖြစ်၏။ အပြုံးမတတ်သဖြင့် စပ်ဖြဲဖြဲလုပ်ပြီး ပြောင်နေသလို မိနိုင်က ထင်သွားသည်။

မိနိုင် နှုတ်ခမ်းကို ကိုက်ပြီး ချာခနဲ လှည့်သွား၏။

◈ ◈ ◈





တစ်ခါတစ်လေ ခုလို နားအေးပါးအေး နေရတာကို င်းမွတ် သဘောကျသည်။ ဘယ်သူနှင့်မှ စကားမပြောဘဲ ခြင်းသည်လည်း အပန်းဖြေခြင်းတစ်မျိုးဟု ယူဆ၏။

အင်းလျားကန်ဘောင်ပေါ်က ခုံတန်းလေးမှာ သူ ထိုင်နေ ည်၊ ဒီနေရာက အနှောင့်အယှက် ကင်းသည်။ လွတ်လပ် ည်၊ ပြည်လမ်းမကြီးနှင့် သိပ်မဝေးလှသည့်တိုင် ကုန်းမြင့်မို့လား ၊ ကားစက်သံ၊ ဟွန်းသံတွေကို သိပ်ဆူညံစွာ မကြားရ။

ဒီနေ့ ကျောင်းတက်ရတာ တော်တော် ပင်ပန်းသည်။ တန်းချိန်တွေ ညနေထိ ဆက်တိုက်။ ဘာသာရပ်အားလုံးက ည်း အရေးကြီးပြီး ခက်ခဲနက်နဲတာတွေချည်း ဖြစ်၏။ ဦး က်ရော၊ လက်ရော အနားမရဘဲ မှတ်ရရေးရသည်။ ခေါင်း ွ နောက်ပြီး ငြီးစီစီ ဖြစ်လာ၏။

ဒီကြားထဲ သူငယ်ချင်းတွေနှင့် အဆင်မပြေ ဖြစ်ရသေး


www.burmeseclassic.com

www.burmeseclassic.com


သည်။ သူကိုက ညနေပိုင်းအချိန်တွေ မတက်ဘဲ လစ်ချင်သည်၊ 'ဘိုင်အားနားနင်' ဓာတ်ကား သွားကြည့်ရအောင်ဟု အဖော်ဆွယ်သည်။ သူက မလိုက်ချင်၊ အတန်းပဲ တက်ချင်သည်။ သူငယ်ချင်းတွေက စံပြကျောင်းသူကြီး ဘာညာပြောပြီး သော့ကြပေါ့ကြသဖြင့် သူ ဟောက်လွှတ်လိုက်သည်။ တစ်ယောက်ထဲ အတန်းဆက်တက်သည်။ ကျောင်းချိန်ပြီးတော့ စိတ်အပန်းပြေအောင် ဒီမှာ လာထိုင်ခြင်းဖြစ်၏။

အာလူးကြော်ထုပ်ကို ဖောက်စားသည်။ မန်ကျည်းဖျော်ရည်ဘူး ဖွင့်၍သောက်သည်။

အနောက်ဖက်ကောင်းကင်မှာ တိမ်တိုက်တွေ ရှိနေသောကြောင့် နေလည်းမပူ။ အင်းလျားကန်ရေပြင်ပေါ် ဖြတ်ပြီး တိုက်ခတ်လာသည့် လေညှင်းက သာသာအေးအေးကလေး၊ ရေငွေ့ပါလာသောကြောင့်လား မသိ။ သူ တော်တော် လန်းဆန်းသွားသည်။ လတ်ဆတ်သောလေကို အားပါးတရ ရှူရှိုက်လိုက်သည်။ နေ့လည်က စိတ်အခန့်မသင့်မှုများပင် ပြေပျောက်လုလု ဖြစ်သွားခိုက်...

"မဖြူဝင်းမွှတ်"

ဟု ခေါ်သံကြားသဖြင့် လှည့်ကြည့်လိုက်၏။ အနည်းငယ် အံ့သြသွားရ၏။ ဒီလူဟာ စီအိုင်အေကများ ဖြစ်နေမလားလို့တောင် ကြောင်တောင်တောင်အတွေး ဝင်လာမိသေးသည်။

ဒီနေရာထိအောင် ခြေရာခံ လိုက်လာနိုင်တာကိုး။

"ကျွန်တော် ခေါ်တဲ့နာမည် မှန်ပါတယ်နော်"

ဟု မဝံ့မရဲပုံစံဖြင့် ထပ်ပြောသည်။ ဟိုတခါလို နာမည်မှားပြီး အဟားခံရမှာကို စိုးရိမ်နေဟန်။

ဖြူဝင်းမွှတ်က ခပ်တည်တည် မျက်နှာထားဖြင့် ခေါင်းညိတ်လိုက်သည်။

"အဲဒါဆိုရင် ကျွန်တော် စကားတစ်ခွန်းလောက် ပြောပါရစေ"

"ဒီနေ့ ကျွန်မ စိတ်နည်းနည်း တိုနေတယ်နော်"

လေသံဆတ်ဆတ်ကို ကြားသဖြင့် နည်းနည်းတော့ တွန့်သွားသည်။

"ဗျာ"

ဟု ရေရွတ်သည်။

"ဟုတ်တယ်...ဒီနေ့ အဆင်မပြေတာတွေ တွေ့ရလို့ စိတ်ပြေလက်ပျောက် ဒီမှာလာထိုင်ကာမှ ရှင်နဲ့ လာဆုံရသေးတယ်"

"ကျွန်တော့်ကြောင့် ထပ်ပြီး စိတ်အနှောင့်အယှက် ဖြစ်ရမယ်ဆိုရင်တော့ တောင်းပန်ပါတယ်ဗျာ"

တောင်းပန်ဖော်တော့ ရသားပဲဟု စိတ်ထဲက အသိအမှတ် ပြုသော်လည်း နှုတ်ကတော့...

"အစစ်ပဲ၊ စိတ်ရှုပ်လို့ မြစ်ကမ်းပါး သွားထိုင်ကာမှ မိပွတ်အူ မျောလာတာနဲ့ ကြုံရတယ်ဆိုတဲ့အတိုင်းပဲ"

နှောင်စိုးသည် ပြန်လှည့်ထွက်သွားရ ကောင်းမလား၊ ဆက်နေရ ကောင်းမလား တွေဝေနေပြီးမှ...



www.burmeseclassic.com

www.burmeseclassic.com

"ဒါမှတော့ မထူးပါဘူး၊ ကျွန်တော် ပြောတာလေးကို နားထောင်"

"ဘာမှ နားမထောင်ချင်ဘူး၊ ကျွန်မ စိတ်တိုနေရာကနေ စိတ်ဆိုးတဲ့အခြေအနေကို မပြောင်းခင် ရှင် နောက်ဆုတ်လိုက်စေ ချင်တယ်၊ ဒါပဲ"

ဖြူဝင်းမွှတ် ထရပ်လိုက်သည်။ ဒီလူက ယုံရတာမဟုတ်။ ဘေးမှာ ဖွတ်ဝင်ထိုင်ချင် ထိုင်နေမှာ။ ဒီနေရာက ခွာမှဖြစ်မည်။ သူ စပြီးလျှောက်၏။ နောင်စိုးကလည်း ဘေးမှ လိုက်လာသည်။

"မဟုတ်သေးပါဘူးဗျာ၊ မဖြူဝင်းမွှတ်လည်း တစ်ယောက်ထဲ အဖော်ကင်းမဲ့နေတဲ့အချိန်မှာ အပျင်းပြေပဲဖြစ်ဖြစ် စကားပြောဖို့..."

"ရှင် ပြောနေတာ မရဘူးလား"

ဆိုပြီး ဟိုဒီ လှမ်းကြည့်သည်။

ရဲတပ်ကြပ်တစ်ယောက် လျှောက်လာတာ မြင်လိုက်ရ၏။ နောင်စိုး ပြာသွားသည်။

"ကျွန်တော်...ကျွန်တော်"

ပြည်လမ်းဘက် ဆင်းသည့် ကွန်ကရစ်လှေကားကနေ ဆင်းပြေးရ ကောင်းမလား စဉ်းစားနေစဉ် ရဲကြပ်က သူတို့ရှေ့နား ရောက်လာ၏။ အခြေအနေ အကဲခတ်ရုံ တစ်ချက်စောင်းငဲ့ကြည့်ပြီး အနှောင့်အယှက် မပေးလိုဟန် ဆက်လျှောက်သွားမည်ပြုစဉ်..

"ဒီမှာ...ဒီမှာ"

ဖြူဝင်းမွှတ်က လှမ်းခေါ်သဖြင့် ခြေလှမ်းတုံ့သွားသည်။





"ဒီမှာရှင့်...ကျွန်မကို ကူညီပါ၊ သူက ကျွန်မကို လာပြီး နှောင့်ယှက်နေလို့"

"ဟာ...မဟုတ်ပါဘူး"

နောင်စိုးက ငြင်းသည်။

"ဘာမဟုတ်ရမှာလဲ၊ ဟုတ်တယ်၊ သူ ကျွန်မကို မဖွယ်မရာ စကားတွေ လာပြောနေတာ"

ရဲတပ်ကြပ်မှာ ချီတုံချတုံ ဖြစ်နေ၏။ ကျောင်းသား ကျောင်းသူတို့၏ အချစ်ရေးကိစ္စမှာ ဝင်မပတ်သက်လိုသည့်ပုံစံ။

"တာဝန်သိတဲ့ ပြည်သူ့ရဲတပ်ဖွဲ့ဝင်တစ်ယောက်အနေနဲ့ သူ့ကို အရေးယူပေးပါ"

နောင်စိုးမှာ မျက်စိမျက်နှာ ပျက်နေပြီ။

ရဲကြပ်သည်လည်း လျစ်လျူရှုလို့ မရတော့သဖြင့်...

"ကဲ...လာ၊ ခင်ဗျားလိုက်ခဲ့"

ဆိုပြီး နောင်စိုး၏လက်မောင်းကို ကိုင်လိုက်သည်။ နောင်စိုးက တွန့်ခနဲ ဖြစ်ပြီး...

"ဟာ...မလုပ်ပါနဲ့၊ ကျွန်တော် တောင်းပန်ပါတယ်"

"လာစမ်းပါဗျာ"

ရဲကြပ်က ဆွဲခေါ်သွားသည်။ နောင်စိုးသည် တွန့်ဆုတ် ဆုတ် လုပ်ရင်း ပါသွား၏။ နောက်ကို တစ်ချက်လှည့်ကြည့်ပြီး...

"ရက်စက်လှချည်လားဗျာ"

ဖြူဝင်းမွှတ်က မျက်နှာတင်းတင်း ကြည့်လိုက်ပြီးမှ ခုံတန်းလျားဆီ သွားပြီး ပြန်ထိုင်သည်။ ဘာပဲဖြစ်ဖြစ် စိတ်


www.burmeseclassic.com

www.burmeseclassic.com

အနှောင့်အယှက်ကတော့ ဖြစ်သွားရပြီ။ ဒီနေ့ကတော့ အဆ... မပြေတဲ့နေ့ပဲဟု သူ တွေးလိုက်သည်။

◈ ◈ ◈

"ကျွန်တော် တောင်းပန်ပါတယ် ဆရာရယ်၊ သူ့... ဘာမှလည်း ထိခိုက်နစ်နာအောင် လုပ်တာမဟုတ်ပါဘူး၊ နော... ပြီး ဘာစကားမှတောင် မပြောရသေးဘူး"

နှောင်စိုးက တတွတ်တွတ် ပြောနေ၏။ ရဲကြပ်က...

"ဒါတွေ ပြောမနေနဲ့ဗျာ၊ ပြန်မြန်လာ"

ဆိုပြီး ခပ်သွက်သွက် လျှောက်သည်။ ကန်ဘောင်ပေါ... ဆင်းလာပြီးမှ...

"ကဲ...ခင်ဗျား ဘယ်သွားမလဲ"

ဟု ရဲကြပ်က မေးသည်။

"ဗျာ...ဆရာ...ဆရာခေါ်တဲ့ဆီ လိုက်ရမှာပေါ့"

"ကျွန်တော်က လက်ဖက်ရည်ဆိုင် သွားမလို့"

"ဗျာ...ဟိုဒင်း...ရဲစခန်းသွားမှာ မဟုတ်ဘူးလား"

ရဲကြပ်က ရယ်လိုက်ပြီး...

"ရဲစခန်းသွားလို့ ဘယ်ဖြစ်မလဲ၊ ကျွန်တော်က ရဲအစစ်... မဟုတ်တာ"





"ခင်ဗျာ...ဘယ်လို"

"ဒီလိုဗျ၊ ကျွန်တော်က ဟိုအင်းလျားကန်စပ်မှာ ဗီဒီယို ရိုက်နေတဲ့ အဖွဲ့ကပါ၊ ဒီနေ့ ကျွန်တော်က ပြည်သူ့ရဲတပ်ဖွဲ့ဝင် အဖြစ် သရုပ်ဆောင်ရမှာလေ၊ ဒါကြောင့် ခုလိုဝတ်စားထားတာ ကျွန်တော့်အခန်း မရိုက်ရသေးလို့ လက်ဖက်ရည်သောက်ဖို့ ထွက် လာရင်း ခင်ဗျားတို့နဲ့ တွေ့တာပဲ"

"အော်...ဒီလိုလား၊ ဒါဆိုလည်း လာဗျာ၊ ကျွန်တော်ကပဲ လက်ဖက်ရည် တိုက်ပါ့မယ်"

"ဟာ...ရပါတယ် ဟဲဟဲ"

"လာပါ...အားမနာပါနဲ့"

နှောင်စိုးက စားသောက်ဆိုင်တန်းရှိ လက်ဖက်ရည်ဆိုင် သို့ ခေါ်သွားသည်။ လက်ဖက်ရည်နှစ်ခွက် မှာလိုက်သည်။

"ကျွန်တော်လည်း ရုတ်တရက်ဆိုတော့ ကြောင်သွား သေးတယ်၊ နောက်မှ ယုတ္တိရှိအောင် လုပ်မှပဲဆိုပြီး ခင်ဗျားကို ဆွဲခေါ်လာတာ"

ဗီဒီယိုရဲက ပြောသည်။

"တော်သေးတာပေါ့ဗျာ၊ ကျွန်တော်ဖြင့် လန့်သွားတာပဲ"

စားပွဲထိုးက လက်ဖက်ရည် လာချပေးသည်။

"ကဲ...သောက်ဗျာ"

"အားနာစရာကြီးဗျာ၊ ခင်ဗျားက ကျောင်းသားထင်တယ် ကျွန်တော်ကပဲ ပြုစုပါရစေ"

"ဟာ...ကိစ္စမရှိပါဘူး"


www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည် တစ်ငုံစီ သောက်ကြပြီးနောက်...

"အေးဗျာ၊ ကျွန်တော်လည်း အစ်ကိုကြီးကို တွေ့ ချင်း မြင်ဖူးပါတယ်လို့တော့ ထင်မိသား"

နောင်စိုးက ပြောသဖြင့် ဗီဒီယိုရဲသည် ကျေနပ်သွားသ ပြုံးလိုက်ပြီး...

"အင်း...ဒီလိုပဲလေ၊ ကျွန်တော်က ဗီဒီယိုကား တော် များများမှာ သရုပ်ဆောင်ဖူးပါတယ်၊ စရိုက်မျိုးစုံပေါ့၊ မင်းလှိုင်း ပရိသတ် တော်တော်များများက သိကြပါတယ်၊ ပြီးရင် ဗီဒီယို တာ လိုက်ကြည့်ပါလား"

"ဟာ...မဖြစ်ဘူးဗျ၊ တော်ကြာ ကျွန်တော့်ကို မင်းသ တင်ရိုက်လိုက်ရင် ဘယ့်နှယ့် လုပ်မလဲ"

"အင်း...ဟုတ်တယ်ဗျ၊ ဖြစ်နိုင်တယ်"

ပြိုင်တူ တဟားဟား ရယ်နေရာမှ ဗီဒီယိုရဲသည် ပါး ကြီး ဟပြီး ပြူးကြောင်ကြောင် ဖြစ်သွား၏။ နောင်စိုးလ နောက်ကို လှည့်ကြည့်လိုက်သည်။ ဟိုက် ပြဿနာပဲဟု ခပ် တိုး ရေရွတ်လိုက်၏။

ဖြူဝင်းမွှတ်သည် မျက်နှာထားတင်းတင်း စိုက်ကြည့် သူတို့ဆီ လျှောက်လာနေသည်။ အနားရောက်တော့ ခါးထော လိုက်ပြီး ဗီဒီယိုရဲကို...

"အော...ရှင့်ကို အားကိုးတကြီးနဲ့ အကူအညီ တောင် တာ၊ အခုတော့ ရှင်က လက်ဖက်ရည်တောင် အတူတူ ထိ သောက်နေသေးတယ်ပေါ့လေ၊ ရှင် ဘယ်စခန်းကလဲ"





"ဟာ...ဒီလိုမဟုတ်ပါဘူး၊ ဟို..."

"ရှင့်ကို စခန်းမှူးနဲ့ တိုင်မယ်"

"ဟာ...မလုပ်ပါနဲ့၊ ဒီလိုပါ...ကျွန်တော်က ရဲအစစ် ဟုတ်ပါဘူး"

"ဘာ...ဒါဆို ရှင်က အယောင်ဆောင်တာပေါ့ ဟုတ် ား ဒီမှာ...ပြည်သူ့ဝန်ထမ်းယောင်ဆောင်တာ ဘယ်လောက် ဖြစ်ကြီးတယ်ဆိုတာ ဥပဒေကျောင်းသူတစ်ယောက်အနေနဲ့ ောင်းကောင်းသိတယ်ရှင့်"

"ဟာ...မဟုတ်ပါဘူး၊ ဒီလိုပါ...သူက ဗီဒီယိုထဲမှာ ရဲ ဖြစ် သရုပ်ဆောင်တဲ့သူပါ၊ အဲဒါကို ပြောတာ"

နောင်စိုးက ဝင်ရှင်းသည်။ ဖြူဝင်းမွှတ်က...

"သရုပ်ဆောင်ဆိုရင် ရိုက်ကွင်းပေါ်မှာပဲ နေပါ၊ ပြင်ပမှာ ဒီလို ယူနီဖောင်းနဲ့ လျှောက်သွားလာခွင့် မရှိဘူး၊ ဒါပဲ"

"ဟုတ်...ဟုတ်ကဲ့ပါ"

ဗီဒီယိုရဲက ထစ်ထစ်ငေါ့ငေါ့ ပြောသည်။

ဖြူဝင်းမွှတ်က နောင်စိုးဘက် တချက် ခပ်တင်းတင်း ိက်ကြည့်ပြီး လှည့်ထွက်သွားသည်။ ထိုအခါကျမှ ဗီဒီယိုရဲက...

"မလွယ်ပါလားဗျာ၊ တော်တော်စွာတဲ့ အမျိုးသမီးပဲ၊ င်း...လှတော့ တော်တော်လှတယ်ဗျ"

"ဘာပဲဖြစ်ဖြစ် အစ်ကိုကြီးကို ထပ်ပြီး ကျေးဇူးတင်ရဦး ယ်၊ အစ်ကိုကြီးကြောင့် သူဟာ ဥပဒေအဓိက ကျောင်းသူဆိုတဲ့ အချက်ကို ကျွန်တော် သိလိုက်ရပြီ"



www.burmeseclassic.com

နောင်စိုးက ပြောပြီး စားပွဲထိုးကို လှမ်းအော်ပြောလိုက်၏။

"ဟော့…လန်ဒန်တစ်ပွဲ ပေးကွာ"

◈ ◈ ◈

နောက်တစ်နေ့ကျတော့ သူငယ်ချင်းတွေက ဖြူဝင်းမွှတ်ကို တောင်းပန်သည်။ မနေ့က သူတို့လည်း တိုက်တန်းနှစ်ဖာတ်ကားကို မကြည့်လိုက်ကြရ၊ လက်မှတ်မရသောကြောင့်ဖြစ်၏။ အပြင်ဈေးကလည်း ဒီစီလက်မှတ်တစ်စောင် လေးရာဆိုသဖြင့် တပ်လန့်ပြီး ပြန်ခဲ့ရသည်။

"ကောင်းတယ်၊ ကျောင်းပြေးချင်တဲ့ ကောင်မတွေ၊ မနေ့က ညနေပိုင်းကလပ်တွေက တကယ့် အရေးကြီးတာတွေချည်းပဲ၊ နုတ်စ်တွေ ပြန်ကူးဖို့ စာအုပ်ငှားချင်ရင်တော့ နန်းကြီးသုပ် တစ်ပွဲပဲ"

ဖြူဝင်းမွှတ်က ပြောသည်။ ဘုတ်ဆုံက…

"အေးပါ…ဒီလောက်က ရပါတယ်"

နယ်လီက…

"ငါသိချင်တာက မနေ့က နင့် ရေတမာကြီးကို ရဲရဲတိုင်လိုက်ပြီးတော့မှ ဘာဖြစ်လို့ နောက်က ပြန်လိုက်သွားရတာလဲ"

"ရည်းစားစကားပြောဖို့ ကြံရုံလေးနဲ့ ရဲကိုတိုင်တယ်ဆိုတော့ကာ သိပ်သဘောသေးသိမ်ရာ ကျတယ်လေ၊ ငါက အနေ့သင့် ကြုံလို့သာ ရဲကို တိုင်လိုက်ရတာကိုး၊ ပြီးတော့ ဘော်တဆများ ဟိုက မှတ်လောက်သားလောက်ဆိုပြီး တစ်ညလောက် ချုပ်ထားတာမျိုး ဖြစ်လာရင် ဒီသတင်းက ပြန့်သွားမှာပဲ၊ အဲဒါဆို ငါ့ကို ယောကျ်ားလေးတွေ အပုပ်ချကြမှာဟ"

"နင်ကလည်း ကြုံမှကြုံတတ်တယ်ဟာ၊ ဗီဒီယိုထဲက ကြိုမှ သွားတိုင်မိတယ်လို့"

"အေးဟ…ငါ့ကို ဝိုင်းဟားမလွှတ်တာ ကံကောင်း၊ ငါက ခင်တည်တည် ဟောက်လို့ ဖြုံသွားပေလို့သာပေါ့"

"နင်က အဲဒီအတိုင်းပဲ၊ စိတ်မြန်လက်မြန် သိပ်လုပ်ချင်တယ်၊ ရှေ့နေလုပ်မယ့်သူက စိတ်လောကြီးလို့ မရဘူးဟ"

ဘုတ်ဆုံက ဝင်၍…

"ငါ မေးစမ်းပါရစေဦးဟာ၊ နင်က ရေတမာကြီးရဲ့နောက်ကို ပြန်လိုက်ကြည့်တဲ့ကိစ္စမှာ သူအဖမ်းခံရမလားလို့နေတာ သက်မိတဲ့ စိတ်ကလေးကော မပါဘူးလား"

သူ့စကားက နောက်လိုက်တာလား၊ အကဲစမ်းလိုက်တာလား မသေချာ။ ဖြူဝင်းမွှတ်ကတော့…

"နိုး…နိုး…လုံးဝမပါဘူး၊ ငါ့ကြောင့် ကျောင်းသား တစ်ယောက် နစ်နာသွားမှာစိုးတာပဲ ရှိတယ်၊ သူဆိုတဲ့ ပုဂ္ဂလမိဋ္ဌာန်ကြောင့် သဘော မပါဘူး၊ အဓိကအချက်ကတော့ ဘာမဟုတ်တဲ့ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



လေးကို ကိုယ့်ဘာသာကိုယ် ဖြေရှင်းဖို့ သတ္တိမရှိဘဲ သူများကို အကူအညီတောင်းရတယ်လို့ အထင်မခံချင်တဲ့သဘောပဲ"

"နင်က အတော် မာရေကျောရေ နိုင်တာပဲ"

"အေး...ငါကတော့ အဲဒီလိုပဲ အထင်ခံချင်တယ်"

စိတ်ထဲကတော့ ရေတမာဟု အမည်ပြောင် ပေးထားသူသည် ရုပ်ရည်က ခပ်နာနာ၊ လူက အူကြောင်ကြောင်၊ ကိုးရိုးကားယား၊ အလိုက်ကန်းဆိုးလည်း မသိတတ်။ သို့တိုင်အောင် အန္တရာယ်ပေးမည့်သူတစ်ယောက် မဟုတ်မှန်းတော့ အသိအမှတ်ပြုမိ၏။





အဖျော်ဆရာက လက်ဖက်ရည်ပန်းကန်တွေ ဆေးနေသော သံဂေါ်လီကို လှမ်းပြောသည်။

"ဟော့ကောင် မင်းကိုတော့ မိနိုင်က တော်တော် အခဲမကျေ ဖြစ်နေတယ်ကွ"

"ကျွန်တော်နဲ့ တိုက်မိပြီး ပန်းကန်တွေ ကွဲလို့မဟုတ်လား"

"အစစ်ပေါ့၊ မင်းကြောင့် ပန်းကန်ဖိုးတွေ လျော်ဖို့ သခအဖြတ်ခံရမှာကိုး"

"ဟင်း...ဒါနဲ့ သူက ဆိုင်ရှင်ရဲ့တူမဆို၊ ကိုယ့်တူမကို ဒီလိုလျော်ခိုင်းဖို့ မကောင်းပါဘူး။ မတော်တဆ ဖြစ်တာပဲဟာ"

"တူမဆိုပေမယ့် ဦးလေးဘက်က တော်တာကိုကွ၊ ပြီးတော့ အဲဒီမိန်းမကြီး စည်းကမ်းကြီးတာ မင်းလည်း သိသားပဲ၊ ကိုယ့်တူမဆိုပေမယ့် မျက်နှာသာပေးလို့ မဖြစ်ဘူး၊ အပိုးကျိုးအောင် လုပ်ထားရတယ်လို့ ငါတို့ဆိုင်ဘက်မှာ လာပြောနေတာကြား



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်”

“ကျွန်တော်တို့ဆိုင်ရှင်လို နေမှာပေါ့၊ ဘာပဲဖြစ်ဖြ

သူ ခုလိုဖြစ်ရတာ ကျွန်တော် စိတ်မကောင်းဘူး”

“မိနိုင်က လခဆိုပေမယ့် သိပ်များများရတာ မဟုတ်ဘူ

ကွ၊ အဲဒါလေး စုစုပြီး အဝတ်အစားလေး အလှပြင်ပစ္စည်းလေ

ဝယ်နေရတာ၊ အခုတော့ မင်းကြောင့် ခုလိုဖြစ်ရတယ်ဆိုဖြ

မင်းကို ပိုဒေါကန်နေတာတဲ့”

“ဒုက္ခပါပဲဗျာ၊ သူ ကျွန်တော့်ကို မုန်းသွားတော့မှာပဲ

“ဘာကွ...မုန်းသွားမှာစိုးတယ်၊ မင်းစကားက ဘာလဲ

သံဂေါလီ ရှက်ရယ် ရယ်လိုက်ပြီး...

“သူက...သူက လှတယ်ဗျ၊ အဟီး”

“ကြည့်လုပ်နော် ငါ့လူ၊ ဟိုမိန်းမကြီးကလည်း စည်းကမ်း

ကြီးကြီး၊ တို့ဆိုင်ရှင်ကလည်း အပေါက်ဆိုးဆိုး၊ ပြဿနာပေါ်ရ

မလွယ်ဘူး”

အဖျော်ဆရာစကားကို သံဂေါလီ သေသေချာချာ ဆက

နားမထောင်ဖြစ်တော့။ သူ့မျက်လုံးက မိနိုင်တို့ဆိုင်ဘက် ရော

သွားသည်။

မိနိုင်သည် မုန့်ဖတ်များကို ဖိနေသည်။ စိတ်ပါလက်ပါ

လုပ်နေပုံတော့ မဟုတ်။ တစ်စုံတစ်ခု စဉ်းစားရင်း လုပ်မိလုပ်ရာ

လုပ်နေပုံမျိုး။

◈ ◈ ◈





မိနိုင်သည် ကြိမ်ခြင်းတောင်းကြီးကို ဆွဲရင်း လျှောက်

သည်။ ညနေစောင်း၍ ဆိုင်သိမ်းပြီဖြစ်သောကြောင့် ပစ္စည်း

ချို့ အိမ်ပြန်ပို့ရခြင်း ဖြစ်၏။ နောက်တစ်ခေါက် ပြန်သွားပြီး

ယ်ရဦးမည်။ အဒေါ်က ဆိုင်မှာ စောင့်နေခဲ့သည်။

အဒေါ်က ပန်းကန်ဖိုးတွေ လျော်ရမည်။ လခထဲက

တ်မည်ဟုသာ ပြောခဲ့သည်။ ပန်းကန်တွေက ဘယ်လောက်တန်

ဘယ်လောက် ဖြတ်မှာလဲ၊ တစ်လထဲ အပြီးဖြတ်မှာလား၊

စ်လ နည်းနည်းဖြတ်မှာလားဆိုတာ ဘာမှမပြော၊ မေးလည်း

မေးရဲ။

တကယ်တော့ အဒေါ် သူ့ဘာသာသူ ကြိုက်သလို

က်ပြီး ဖြတ်ချင်သလောက်ကို ဖြတ်ချင်သလို ဖြတ်မှာပဲဖြစ်၏။

ခဆိုတာတောင် အစက ပေးချင်တာမှ မဟုတ်ဘဲ။ ထမင်း

း‌ရ တော်ရောပေါ့၊ တခါတလေ အဝတ်အစားလေး ဝယ်ပေး

းတာပဲဟု ဆိုသေးသည်။

ဦးလေးက...

“အဝတ်အစားလေး အလှကုန်လေး သူ့စိတ်ကြိုက်

ယ်ချင်ရှာမှာပေါ့ကွယ်၊ နည်းတယ်များတယ် မဟုတ်ပါဘူး၊

စ်ခုခု သတ်သတ်မှတ်မှတ်ကလေး ပေးတဲ့သဘောဆို ပြီးတာပါ

ဲ”

ဟု ဝင်တိုက်တွန်းပေးသဖြင့် တစ်လသုံးရာ လခရခဲ့ခြင်း

စ်၏။ တစ်ခုရှိပြန်တာက အဒေါ်သည် လခပေးပြီးကတည်းက

မင်းကလွဲလျှင် ဘာကိုမှ တာဝန်မယူတော့။ အဝတ်အစား



www.burmeseclassic.com

www.burmeseclassic.com



အသုံးအဆောင်၊ သွားရည်စာ ကိုယ့်ဘာသာ ဝယ်ရသည်။ ဟိုတစ်လက အဒေါ်သည် ထမိန်တစ်ထည် ဝယ်ပြီးမှ အဆင် မကြိုက်၊ အရောင်မွဲသည်ဆိုပြီး မိနိုင်ကို ပြန်ယူခိုင်းသည် ဒါလည်း လခထဲက ဖြတ်မည်ဟု ဆိုခဲ့၏။

ဒီတော့ ပန်းကန်ဖိုးပါဆိုလျှင် ဒီလ လခလုံးဝမရသည့် အပြင် နောက်လတွေထဲကတောင် ထပ်ပါဖို့ ကျိန်းသေသလောက် ရှိ၏။

ဒါဘယ်သူ့ကြောင့်လဲ။ ဟိုအကောင် သံဂေါ်လီကြောင့် ဒီကောင်ကို ကြည့်မရတာ ကြာပြီ။ လူကိုတွေ့လျှင် ဗြီတီး လုပ်ချင်သည်။ ပြီးတော့ မကြာခဏ ဆိုသလို ဟိုကချောင်း ဒီကချောင်း ကြည့်ကြည့်နေတတ်သည်။ ခု...ဒင်းကြောင့် ကတ္တီပါ ခင်း ဖိနပ်ကလေး ဝယ်ဖို့ စိတ်ကူးယဉ်ထားတာ ပျက်ပြယ်ခဲ့ရပြီ သေနာကောင်ကို ဘယ်တော့မှ မကျေ။

ဒီလိုတွေးပြီး အံတကြိတ်ကြိတ် လုပ်နေတုန်းမှာပင်

"မိနိုင်...မိနိုင်...ခဏနေပါဦး"

သူ့အကြောင်း စဉ်းစားနေတုန်း တိုက်တိုက်ဆိုင်ဆိုင် လာကြုံရသည်။ သံဂေါ်လီသည် ဘယ်ချောင်က ထွက်လာသည် မသိ။ ဘေးကို ဈွေ့ခနဲ ရောက်လာသည်။

"မိနိုင်"

သူက ခေါ်သည်။ မိနိုင်က တစ်ဖက်ကို မျက်နှာလှည့်ပြီး ခပ်သုတ်သုတ် လျှောက်သည်။

"နင့်ခြင်းတောင်းက အလေးကြီး ထင်တယ်၊ ငါ ကူ





ပေးမယ်လေ၊ ပေးပေး"

မိနိုင်က ခြင်းတောင်းကို အကိုင်မခံဘဲ...

"ဘာဆိုင်လို့လဲ...ရာရာစစ"

သံဂေါ်လီ ခေါင်းကုတ်သည်။ ပြီးတော့...

"နင်...နင်...ဟိုတစ်နေ့က ကျကွဲတဲ့ပန်းကန်ဖိုးတွေ ပြန် လျော်ရမယ်ဆို"

မိနိုင်က ဘာမှပြန်မပြော။ ရှက်နေကြောက်နေသော ကြောင့်တော့ မဟုတ်။ ခြင်းတောင်းထဲမှာ ပါလာသည့် အကြော် ထုပ်သည့် ကတ်ကျေးကို ထုတ်ပြီး ထိုးထည့်လိုက်ချင်စိတ်ကို ချုပ်တည်းနေရခြင်းသာ ဖြစ်၏။

သံဂေါ်လီ ဆက်ပြောသည်။

"ငါ့ကြောင့် ဖြစ်ရတာ စိတ်မကောင်းပါဘူး၊ ငါ တောင်း ပန်ပါတယ်၊ အဲဒီပန်းကန်ဖိုးတွေလည်း ငါ ပြန်ပေးပါ့မယ်ဟာ"

"ဘာပြောတယ်"

မိနိုင်က ရပ်လိုက်သည်။ သံဂေါ်လီမှာ အရှိန်လွန်ပြီး တစ်လှမ်းနှစ်လှမ်း ပို၍မှ ရပ်လိုက်ရ၏။ မိနိုင်က ခါးထောက်လိုက် ပြီး...

"စကားပြောတာလည်း ကြည့်ပြောပါဦး၊ သူများဆိုင်မှာ သမင်းစားကျွန်ခံ လုပ်နေတဲ့ကောင်ကများ ကြီးကြီးကျယ်ကျယ်၊ ပန်းကန်ဖိုး လျော်ပေးဦးမလို့တဲ့၊ လူကြားရင် ရှက်စရာ ဖြစ်နေပါ ဦးမယ်"

"ဟို...ငါ...ငါ တတ်နိုင်သလောက်"



www.burmeseclassic.com

www.burmeseclassic.com

"ဟင်း…နင် ဘယ်လောက် တတ်နိုင်လို့လဲ၊ ပန်းကန် တစ်ချပ်ကို နှစ်ကျပ်သုံးကျပ်နဲ့ ရတယ်ထင်လို့လား၊ နင်တို့ တောမှာစားတဲ့ သံပန်းကန်မျိုး မဟုတ်ဘူး၊ ကြွေပန်းကန်ဟဲ့ ကြွေပန်းကန်၊ သိရဲ့လား"

မိနိုင်မှာ ကြိတ်ခဲထားသမျှ စိတ်ရှိလက်ရှိ ပြောချလိုက်သဖြင့် ရင်ထဲက ပေါ့ပါးသွား၏။ မျက်နှာလေး ငယ်သွားသော သံဂေါလီကို ကျေနပ်စွာ တစ်ချက်စိုက်ကြည့်ပြီး ဆက်လျှောက်သွားသည်။

သံဂေါလီကတော့ ကားနောက်က ပြေးပြီး ခိုလိုက်မည် ပြုနေတုန်း ဒရိုင်ဘာက လှမ်းအော်ကြိမ်းမောင်းခြင်း ခံလိုက်ရသော ကလေးတစ်ယောက်လို ကြောင်ငေးငေးလေး ရပ်လျက် ကျန်ခဲ့သည်။

◈ ◈ ◈





ပက်လက်လှန်၍ နဖူးပေါ် လက်တင်၍လည်းကောင်း၊ ခြေလှမ်းများမှောက်ပြီး လက်ပေါ် နဖူးတင်၍လည်းကောင်း ပုံစံအမျိုးမျိုး စဉ်းစားကြည့်သော်လည်း ကျေနပ်လောက်သော အစီအစဉ်ကို ရ၊ နဖူးပေါ် ခြေထောက်တင်ပြီး စဉ်းစားလျှင်တော့ ရကောင်း ရနိုင်သည်။ ဒါမျိုးကလည်း လုပ်လို့လွယ်တာမှ မဟုတ်ဘဲ။

"ဟော့ကောင် မအိပ်သေးဘူးလား"

တစ်ဖက်ခြမ်းမှာ လှဲနေသော အဖျော်ဆရာက လှမ်းမေးသည်။

"မျက်စိကြောင်နေလို့ဗျ"

"ဘာလဲကွ၊ ရွာကို လွမ်းလို့လား"

"ဟာဗျာ…ရွာမှာ လွမ်းလောက်စရာ မရှိပါဘူး"

"မင်း ရွာမှာ ရည်းစားတွေဘာတွေ မကျန်ခဲ့ဘူးလားကွ"

"ရွာက ကောင်မတွေက တစ်ယောက်မှ ကြိုက်လောက်


www.burmeseclassic.com

www.burmeseclassic.com



စရာ မရှိ ါကူးဗျာ၊ တမန်းရောင် ထနေတဲ့ အသားညိုညစ်ညစ် တွေချည်းပဲ"

"မင်းက တော်တော် ကြီးကျယ်တဲ့ကောင်၊ မင်းကအော… ဘယ်လောက်တောင် သားနားနေလို့လဲ"

"ကိုယ်က မသားနားတာနဲ့ပဲ သားနားတဲ့ ကောင်မလေး… ကို မယူရတော့ဘူးလားဗျ၊ အဲဒီလိုကြေးဆိုရင် ရုပ်ဆိုးတဲ့လူအချင်း… ချင်း ယူကြတော့ အရုပ်ဆိုးဆိုးတွေပဲ ထပ်မွေးမှာပေါ့၊ ဘယ်… ကောင်းတော့မလဲ၊ ကိုယ်က ချောတာ ရှာယူမှ ကလေးချော… လှလှလေးတွေ မွေးမှာပေါ့"

"ငါ့ကောင်ကလည်း စိတ်ကူးယဉ်တတ်နေပါရောလား… ဟ"

အဖျော်ဆရာ ပြုံး၍ပြောသည်။ သံဂေါ်လီက ပြော… ပြောတယ်။ ရုပ်ရည်က သိပ်မဆိုးလှ။ စိုလူးဖတ်လူးနေရလို့… မထွက်ခြင်းဖြစ်၏။ အဝတ်အစား သားသားနားနား ဝတ်… သန့်သန့်ပြန့်ပြန့် နေလိုက်လျှင် ကြည့်ကောင်းမည့်ပုံမျိုးဟု … အကဲခတ်မိ၏။

"ဒါနဲ့ ကျွန်တော် မသိတာတစ်ခု ရှိလို့ဗျာ၊ မေးစမ်း… စေဦး"

သံဂေါ်လီက လှဲနေရာမှ ထထိုင်ရင်း မေးသည်။ အဖျော်… ဆရာက ဘာလဲဟု မေးငေါ့ပြသည်။

"ထမင်းစားကျွန်ခံဆိုတာ ဘာကိုပြောတာလဲဗျ"

"လခမရတဲ့အလုပ်ကို သိမ်းကြုံးလုပ်ရတယ်ကွာ၊ ထမင်း…





…စားရတယ်၊ ဒါကိုပြောတာ"

"ဩော်…ကျွန်တော် အခုလုပ်နေတာမျိုးပေါ့"

"ခုခေတ်မှာတော့ ထမင်းစားကျွန်ခံလို့ မသုံးကြတော့ပါ… …ကွာ၊ အလုပ်သင်လို့ပဲ ခေါ်ကြတယ်၊ မင်းလည်း အခု… …ပိုင်းမို့လို့ပါ၊ နောက်ပိုင်းကျတော့ လခရမှာပေါ့၊ ငါတို့လည်း… …ပဲ လုပ်ခဲ့တာပဲ၊ အခုလည်း ဦးလေးကြီးက တစ်ခါတစ်လေ… …ပိုးပေးတာပဲ မဟုတ်လား၊ ကြိုးစားလုပ်ပေါ့ကွာ၊ ကဲကဲ…အိပ်… …ဘ၊ မနက်အစောကြီး ထရမှာ၊ မနိုးလို့ကတော့ ငါက ခြေ… …ထောက်နဲ့ ကန်နှိုးမှာနော်"

သံဂေါ်လီ ခေါင်းညိတ်ပြီး ဖျာပေါ် ပြန်လှဲချလိုက်သည်။ …ပေါ်ကို လက်မတင်တော့။

◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com

ချစ်သူနှင့် ပတ်သက်သော အိပ်မက်ဆိုသည်မှာ တ[illegible]
သိုလ် ကျောင်းသားများသာ မက်ခွင့်ရှိသည်။ စားပွဲထိုးမှာ
မက်ခွင့်မပြုဆိုသော ဥပဒေ မရှိသဖြင့် သံဂေါလီလည်း အိပ်မက်
မက်လေတော့သည်။

အိပ်မက်ထဲမှာ သူသည် သူဌေးဖြစ်၏။ ဘာအလုပ်လုပ်
လို့ ချမ်းသာတာလဲတော့ သူလည်းမသိ။ အလိုလို ချမ်းသာတာ
ထားပါတော့။ သူက ကားနှင့်ဖြစ်၏။ ဘာကားမှန်း မသိ။
သူဌေးသား ကျောင်းသားတွေ စီးတဲ့ကားမျိုးပဲ။

သူသည် ကားကို မောင်းလာသည်။ ရှေ့နားဆီမှာ
ခြင်းတောင်းကို ဆွဲ၍ လျှောက်နေသော မိနိုင်ကို တွေ့ရ၏။
မိနိုင်ကတော့ ဆင်းရဲနေတုန်းပဲ။

သူက ကားကို မိနိုင်ဘေးမှာ ထိုးရပ်ပြီး ကားပေါ်[illegible]
ဆင်းလိုက်သည်။ သူက စပို့ရှပ်နှင့် ဘောင်းဘီရှည်နှင့် ဖြစ်၏။
မိနိုင်က သူ့ကိုကြည့်ပြီး အံ့သြသွားသည်။ မိနိုင်က နှုတ်ခမ်း[illegible]





[illegible]ဖက် လှည့်သွားသည်။

သူက မိနိုင်၏လက်ကိုဆွဲပြီး ကားနောက်ပိုင်းသို့ ခေါ်
[illegible]၏။ ကားနောက်ဖုံးကို ဖွင့်ပြလိုက်သည်။ အထဲမှာ အသစ်
[illegible]စက် ကြွေပန်းကန်တွေ အပြည့် အထပ်လိုက် အထပ်လိုက်။
[illegible] အံ့သြဝမ်းသာသွားပြီး ကြော်ငြာထဲက မင်းသမီးလေးလို
[illegible]ထောက်တစ်ဖက်ကို နောက်ကို ကွေး၍ထောင်ပြီး သူ့ကို
[illegible]ဖက်လိုက်သည်။

ထိုစဉ်မှာ မိုးရွာလာသည်။ မိုးစက်များက သံဂေါလီ၏
[illegible]နှာကို လာစင်သည်။

အမှန်မှာ ဇိမ်နှင့် အိပ်ပျော်ရင်း အိပ်မက်မက်နေသော
[illegible]မျက်နှာကို အဖျော်ဆရာက ရေနှင့်လှမ်းပက်ပြီး နှိုးလိုက်ခြင်း
[illegible]၏။

သူ လူးလဲထသည်။

"ဟေ့ကောင်...ထတော့ကွ၊ ဆိုင်ဖွင့်ဖို့တောင် နောက်ကျ
[illegible] မျက်နှာမြန်မြန်သစ်ပြီး လိုက်ခဲ့"

အဖျော်ဆရာက ပြောပြီး ထွက်သွားသည်။

"အင်း...အလုပ်သင်ပဲဖြစ်ဖြစ်၊ ထမင်းစားကျွန်ခံပဲဖြစ်ဖြစ်
[illegible]ဘာမှ မစားသာပါလားနော်၊ အိပ်မက်မက်တာတောင်
[illegible]င်းကောင်း မမက်ရဘူး"

သံဂေါလီ ညည်း၏။

◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com

နောင်စိုးသည် စကြံအုတ်ခုံပေါ်မှာ တိုင်ကို ကျော[illegible] ထိုင်နေသည်။ လက်ပတ်နာရီကို ကြည့်လိုက်၏။ နာရီ ဒီ[illegible] ပတ်မလာမိ။ ဒီအချိန်လောက်ဆို ဖြူဝင်းမွှတ်တို့ အတန်း[illegible] လောက်ပြီဟု တွက်ပြီး စကြံအုတ်ခုံပေါ်မှ ခုန်ဆင်းလိုက်[illegible]

တစ်ဖက်မှ လာနေသော ကျောင်းသူသည် ရေ[illegible] ဝုန်းခနဲ ခုန်ချလာသော သူ့ကြောင့် လန့်ပြီး ခြေလှမ်းတုန့်သွ[illegible] ၏။ ကြည့်လိုက်တော့ တခြားသူမဟုတ်။ ရေတမာ။

"ဟာ...မဖြူဝင်းမွှတ်၊ တိုက်တိုက်ဆိုင်ဆိုင်ဗျာ၊ ကျွန်[illegible] လည်း..."

"အဲလို အိမ်ခြေပျက်အောင် အလန့်တကြား လုပ်တာ[illegible] ကျွန်မ မကြိုက်ဘူး"

"ဟာ...မဟုတ်ပါဘူး၊ မဖြူဝင်းမွှတ် လာနေတာ မြ[illegible] မဟုတ်ပါဘူး၊ အဲ...အဲဒီကို လာမယ်ဆိုပြီး ခုန်အဆင်းမှာ[illegible]





ဖြူဝင်းမွှတ်က မျက်စောင်းတစ်ချက်ခဲပြီး ဆက်လျှောက် [illegible]ည်။ နောင်စိုးက လိုက်လာ၏။

"မဖြူဝင်းမွှတ် အတန်းပြီးသွားပြီလား"

ဖြူဝင်းမွှတ်သည် ရေတမာကို ပေါက်လွှတ်လိုက်မည် [illegible] ဟန်ပြင်လိုက်သေးသည်။ ပြီးမှ ဟိုးရှေ့မှာ ရပ်စောင့်နေသော [illegible]တစ်ယောက်ကို လှမ်းမြင်သဖြင့် စိတ်ကူးပြောင်းသွားသည်။

ရေတမာကို ခါထုတ်လိုက်လျှင် ဟိုကောင်က လှစားဝင် [illegible] ဆက်လိုက်လာလိမ့်မည်။ နှစ်ယောက် နှောင့်ယှက်ခံရတာ [illegible]က်စာလျှင် နှောင့်ယှက်လက်စလူနဲ့ ဆက်သွားတာက သက်သာ [illegible]ည်ဟု တွေးလိုက်၏။ ပြီးတော့ ဟိုကောင်က ပိုက်ဆံရှိသားသမီး [illegible]ပြီး ဆောင့်ကြွားကြွားနိုင်သည်။ ရေတမာကတော့ အူကြောင် [illegible]ကြာင်မို့ စလို့နောက်လို့တောင် ကောင်းသေး။

ထို့ကြောင့်...

"ရှင်နဲ့တွေ့တာနဲ့ အတော်ပဲ၊ မေးစရာတစ်ခုရှိလို့"

"ဟာ...ရပါတယ်"

အဖက်လုပ်ပြီး စကားပြောသဖြင့် နောင်စိုး ဝမ်းသာ [illegible]ားရ ဖြေသည်။ ဖြူဝင်းမွှတ်က ခဏနေဦးဆိုသော သဘော [illegible]က်ကာပြလိုက်ပြီး လွယ်အိတ်ထဲက ပိုက်ဆံအိတ်ကို ထုတ် သည်။ နှစ်ဆယ်တန်တစ်ရွက် ထုတ်ယူပြီး နောင်စိုးကို လှမ်းပေး သည်။ နောင်စိုး ကြောင်တောင်တောင် ဖြစ်သွား၏။

"ဒါ...ဒါ...ဘာလဲ"

"သြော်...ရှင့်နာမည် သိချင်လို့လေ၊ နာမည်စုံစမ်းချင်ရင်


www.burmeseclassic.com

www.burmeseclassic.com

မုန့်ဖိုးပေးရတယ်ဆိုလားလို့"

ဟိုတစ်ရက်က သံဂေါလီကို မုန့်ဖိုးပေးပြီး နာမည်စုံ... ခိုင်းတဲ့ကိစ္စကို ပြန်ချိတ်လိုက်ခြင်း ဖြစ်၏။ နောင်စိုးက ရယ်ကျဲကျဲ လုပ်ပြီး...

"ရပါတယ်ဗျာ...ပိုက်ဆံပေးစရာ မလိုပါဘူး။ ကျွန်တော် ကိုယ်တိုင်က ပြောပြချင်နေတာပါ၊ ကျွန်တော့်နာမည် နောင်စိုး... ရုက္ခဗေဒ နောက်ဆုံးနှစ်ကပါ"

စကားလက်ခံ အပြန်အလှန် ပြောခွင့်ရသဖြင့် နောင်စိုး... လေသံက မြူးနေသည်။ စင်္ကြံထောင့်ချိုးမှာ ဖြူဝင်းမွှတ်... ချဉ်းကပ်ဖို့ စောင့်နေသော ကျောင်းသားသည် အတော် မခံချိ... သာ ဖြစ်နေသော မျက်နှာထားဖြင့် စိုက်ကြည့်ရင်း ကျန်ခဲ့၏... နောင်စိုးက တမင်တကာ ရင်ကော့ပြီး အင်္ကျီကော်လာ... နေသားကျအောင် လုပ်ပြလိုက်သေးသည်။

ဖြူဝင်းမွှတ်က...

"အတန်းကိုပါ အဆစ်ပြောပြတယ်ပေါ့ ဟုတ်လား... ပြောလက်စနဲ့ အသက် ဘယ်လောက်ရှိပြီလဲ ဆိုတာလေး... ပြောပြပါဦးရှင်"

"နှစ်ဆယ့်ခြောက်နှစ်"

"ဟင်...ဒီအရွယ်ထိ ဘွဲ့မရသေးဘူးဆိုတော့ စာမေးပွဲ... ဘယ်လောက်တောင် ကျခဲ့လို့လဲ"

နောင်စိုးက ဟီးခနဲ တစ်ချက်ရယ်ပြီး...

"ဟုတ်ပါတယ်...ဆယ်တန်းကို သုံးနှစ်ဖြေခဲ့ရတာ၊ တက္က...





...လ်မှာလည်း ကျသေးတယ်"

"ဟုတ်လား"

ဖြူဝင်းမွှတ်သည် ပြုံး၍ နားထောင်နေရာမှ ရုတ်တရက် ...နှာကို တည်လိုက်ပြီး...

"ကျွန်မက စာမကြိုးစားတဲ့လူဆိုရင် ကြည့်လို့ကိုမရဘူး၊ ...ရဲ့လား"

ပြောရင်းက ခြေလှမ်းကို သွက်လိုက်၏။ နောင်စိုး ...ခနဲဖြစ်ပြီး ကျန်ခဲ့၏။ နောက် လိုက်မည်ပြုပြီးမှ ပြန်ရပ်နေ ...က်သည်။ ဖြူဝင်းမွှတ် ကျောပြင်ကို ကြည့်ရင်း တကိုယ်တည်း ...တိုးရေရွတ်မိ၏။

"ဒီနှစ် ကျွန်တော် အောင်အောင် ကြိုးစားမှာပါဗျာ"

◈ ◈ ◈

အောင်ငွေနှင့် သိန်းထွန်းတို့ တလှည့်စီ ပြောနေကြသော ...းကို ဘာမှပြန်မပြောဘဲ ဆေးလိပ်သာ ဖွာရင်း နားထောင်နေ ...က်၏။

"ဒီအတိုင်းဆိုရင် ဆက်ပြီးကြိုးစားဖို့တောင် ခပ်ခက်ခက်ပဲ ..."

"ခုဟာက မင်းကိုတွေ့ရင် သူက ရှက်နေတာ ရွံ့နေတာ


www.burmeseclassic.com

www.burmeseclassic.com



မျိုး မဖြစ်ဘူးဆိုတော့ တမျိုးကြီးပဲကွ၊ မိန်းကလေးတစ်ယောက်ဟာ သူ့ကို စိတ်ဝင်စားနေတဲ့ ယောကျ်ားလေးတစ်ယောက်ရှေ့မှာ အနည်းနဲ့အများတော့ နေရထိုင်ရ ခက်နေတတ်ကြတာပဲ၊ ခုဏ တော့ အဲဒီလို မဖြစ်တဲ့အပြင် မင်းကိုတောင် ပြန်ပြန်ချွတ်လွှတ် လိုက်သေးတယ်"

"အဲဒါကို ထောက်ရှုခြင်းအားဖြင့် သူဟာ မင်းအပေါ်မှာ လုံးဝစိတ်ဝင်စားမှု မရှိသလို ဘယ်လိုမှ မတုန်လှုပ်တာပဲဆိုတာ သိသာတယ်၊ ဒီတော့ မင်း လက်လျှော့လိုက်ရင် ကောင်းမယ် ထင်တယ်"

နောင်စိုးသည် နားထောင်နေရာမှ ဆေးလိပ်တိုကို လက် နှင့် တောက်၍ လွှင့်ပစ်လိုက်ပြီး...

"အတန်းချိန် နီးပြီကွ၊ ဒီနေ့ ပရက်တီကယ် ရှိတယ် လွတ်လို့မဖြစ်ဘူး၊ ငါသွားဦးမယ်"

အောင်ငွေက အံ့ဩစွာ...

"အမယ်၊ ခုမှ ဘယ်လိုဖြစ်တာလဲ၊ ခါတိုင်းတုန်းက ငါတို့က အတန်းတက်ဖို့ ပြောရင်တောင် ကျောင်းတက်တာ မဆန်းပါဘူးကွာ၊ နောက်နှစ်တွေ ဆက်တက်လို့ ရပါသေးတယ် ဆိုပြီး အမြဲလစ်နေတဲ့ကောင်က"

"သူက ကျောင်းပြေးတာ မကြိုက်ဘူးကွ"

"တော်ပါသေးရဲ့ကွာ၊ ဒီလိုစိတ်ဓါတ်မျိုးတော့ ချီးကျူးပါ တယ်၊ မင်း သူနဲ့တွေ့တာ နောက်ကျသွားတယ်၊ ဆယ်တန်းတုန်း ကသာ တွေ့ခဲ့ရင် နှစ်ချင်းပေါက် အောင်မှာ ကြိမ်းသေတယ်"





သိန်းထွန်းက ငေါ်လိုက်၏။ အောင်ငွေက နောင်စိုးပခုံးကို ပုတ်လိုက်ပြီး...

"ဘာပဲဖြစ်ဖြစ် မင်း ခုလို သိမ္မာလာတာကိုတော့ ဝမ်းသာ ပါတယ်၊ သူ့အချစ်ကို ရမရတော့ မသိဘူး၊ ဒီနှစ် မင်း စာမေးပွဲအောင်ဖို့တော့ အလားအလာ ကောင်းသွားပြီပေါ့"

သိန်းထွန်းက ထပ်ဆင့်၍...

"မင်းအဖေကတော့ ဖြူဝင်းမွှတ်ကို ကျေးဇူးတင်မှာပဲ၊ မင်းအတွက် နောက်နှစ်တွေမှာ ကုန်ကျမယ့် ပညာရေးစရိတ်တွေ သက်သာသွားလို့လေ"

"ရိမနေကြနဲ့ကွာ၊ အချိန်မရှိဘူး၊ ငါသွားမယ်"

နောင်စိုး ထွက်သွား၏။

အောင်ငွေက လှမ်းကြည့်၍ ခေါင်းတညိတ်ညိတ် လုပ်နေ ပြီးမှ သိန်းထွန်းဘက် လှည့်၍...

"ဒီကောင် ဖြူဝင်းမွှတ်ကို တော်တော် စွဲလမ်းနေတာ အမှန်ပဲကွ၊ ငါ အရင်က ဒီလောက်ကြီး ဖြစ်မယ်မထင်ဘူး၊ ထုံးစံအတိုင်း အူကြောင်ကြောင် လုပ်တာလို့ မှတ်နေတာ၊ နည်းနည်းပါးပါး စကြည့်၊ မရရင် နောက်ဆုတ်သွားမှာပဲလို့ ပေါ့ပေါ့ဆဆ တွက်ထားတာ၊ အစက ဒီလိုမှန်းသိရင် အားမပေး ပါဘူးကွာ"

"ဟ...ဘာကြောင့် အားမပေးရမှာလဲ"

"ဟိုက ဒီကောင့်ပုံမျိုးကို ပြန်ကြိုက်ပါ့မလားကွ၊ သို့ နောက်လို့ ကောင်းတာနဲ့ အရောတဝင် နေတာကို ဒီကောင်က



www.burmeseclassic.com

www.burmeseclassic.com

အဟုတ်ကြီး မှတ်နေရင် ခက်မယ်၊ ငါတို့ ဒီကိစ္စကို ရှေ့မဆက်ရ အောင် တားသင့်တယ်ထင်တယ်"

"ဟာ...မင်းဟာကလည်း၊ ငါတို့က သူ့ကို ဘယ်လိုပြော ပြီး တားရမှာလဲ၊ မင်းရုပ်ကြီးကို ဟိုက ပြန်ကြိုက်မှာ မဟုတ်ပါ ဘူးလို့ ပြောရမှာလား၊ အခိပ္ပါယ် မရှိတာပဲ၊ နောက်ပြီး ဒါမျိုးဟာ အထင်သေးလို့ မရဘူး၊ ဟိုက သူ့အပေါ် ကရုဏာသက်ပြီး အဆင်ပြေချင်ပြေသွားမှာ"

အောင်ငွေက ခေါင်းသာခါသည်။ သိန်းထွန်းက...

"ဟေ့ကောင်...နောက်မှ သူ့ဟာသူ ဖြစ်ချင်တာဖြစ် မတတ်နိုင်ဘူး၊ လောလောဆယ် ကျောင်းတက်မှန်နေတာ အမြတ် ပဲလို့ သဘောထားလိုက်၊ ပြီးတော့ ခုချိန်မှာ သူ့စိတ်ကူးလေးနဲ့သူ ပျော်နေတာ သွားမနှောင့်ယှက်ချင်ပါနဲ့ကွာ"

အောင်ငွေ သက်ပြင်းချသည်။ ပြီးတော့ ခေါင်းညိတ်၏။

◈ ◈ ◈





အဖျော်ဆရာသည် လက်ဖက်ခြောက် နှပ်နေ၏။

ထိုစဉ် 'ကိုချစ်' ဆိုသော ခေါ်သံကြားသဖြင့် လှည့်ကြည့် ည်၊ သံဂေါ်လီသည့် ခါတိုင်းလို စွပ်ကျယ်စုတ်နှင့် မဟုတ်ဘဲ အင်္ကျီ ဝတ်ထားသည်။ ပုဆိုးကလည်း ခပ်လတ်လတ်။

"ဘယ်လို ဖြစ်လာတာတုန်းကွ"

"ကျွန်တော် ဒီနေ့ နားရက်ရတယ်၊ ဦးလေးကြီးက ငါးဆယ်ပေးပြီး လျှောက်လည်ချင်လည်လို့ ပြောလိုက်တယ်"

"အေး...ကောင်းတယ်"

"ကိုချစ် ကျွန်တော် မြို့ထဲ သွားလည်ချင်တယ်ဗျာ၊ သေချာချာ မရောက်ဖူးသေးဘူး"

"အေး...ကောင်းတယ် သွား"

အဖျော်ဆရာက အကျရည် အခြေအနေ ကြည့်နေ သည်။


www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မသွားတတ်ဘူးဗျ၊ ဘယ်လိုသွားရမှာလဲ"

"လှည်းတန်းကနေ ကားစီးသွား"

"ဘယ်မှာ ဆင်းရမှာလဲ"

"ဆူးလေဘုရားမှာ ဆင်းကွာ အဲဒါ မြို့ထဲပဲ"

"ဆူးလေဘုရားက ဘယ်မှာလဲ"

"ဟာ...တော်တော် ရှုပ်တဲ့ကောင်၊ ဆူးလေဘုရားကြီးကို မြင်ရင် ဆင်းလိုက်"

"ဟုတ်..."

သံဂေါလီ လှစ်ခနဲ ပြေးထွက်သွား၏။ အဖျော်ဆရာ သည် အလုပ်ရှုပ်နေသဖြင့် စိတ်မရှည်ဘဲ သေသေချာချာ ရှင်းမပြ လိုက်မိ။ တော်ကြာ ဒီကောင် မသွားတတ် မလာတတ် ဖြစ်နေ တော့မှာပဲဟု ပွေးမိပြီး...

"ဟေ့ကောင်..."

လှည့်ခေါ်လိုက်သောအချိန်တွင် သံဂေါလီကို အရိပ် အယောင်တောင် မမြင်ရတော့။

◈ ◈ ◈





သံဂေါလီသည် လှည်းတန်းမှတ်တိုင်မှ ဟိုင်းလပ်အမြန် ကားတစ်စင်းကို စီးသွားသည်။ ကားက အလွန်မြန်သည်။ သူသည် ကားအတွင်းပိုင်းမှာ နေရာရ၏။ ဆူးလေဘုရားကို တွေ့ရင် ဆင်းဟု အဖျော်ဆရာက မှာလိုက်သည်။ မတွေ့လိုက်ဘဲ လွန်သွားမှာ စိုးရသည်။ ထို့ကြောင့် မကြာခဏ ကားဘေးမှ ခေါင်းထွက်ပြီး အပြင်ကို ကြည့်သည်။

"ဟေ့ဟေ့...ဘာဖြစ်လို့ ခဏခဏ ထွက်ကြည့်နေရတာ လဲ ကားချင်းပွတ်ရောင်ရင် ခေါင်းပြုတ်သွားမယ်၊ ဘာမှတ်သလဲ"

စပယ်ယာက လှမ်းဟောက်သည်။ သံဂေါလီ စပ်ဖြဲဖြဲ ငုပ်နေလိုက်၏။ ခဏသာ ငြိမ်သည်။ ကားရှေ့မှန်ဘက်ကို လှန်းပြီးကြည့်ပြန်သည်။ သူ ဂဏှာမငြိမ်သဖြင့် ဘေးမှ မိန်းမကြီး က မသက်သာတော့ဘဲ လက်ပွေ့အိတ်ကို ကျစ်ကျစ်ပါအောင် ဆိုက်ထားတော့သည်။ သံဂေါလီကတော့ ဂရုမစိုက်။ ဒီဘက်မှာ ထိုင်နေသည့် လူကြီးကို...

"ဆူးလေဘုရားရောက်ရင် ပြောပါနော်"

ဟု အကူအညီ တောင်းသည်။ လူကြီးက ခေါင်းညိတ် သည်။ သို့ရာတွင် ခဏအကြာ မျက်စိမှိတ်ပြီး အိပ်ငိုက်နေတော့ သည်။

ကားက ရန်ကုန်မြို့လယ်ပိုင်းသို့ ဝင်လာသည်။ မဟာ ဗန္ဓုလလမ်းပေါ် ချိုးကွေ့လိုက်သည်။ သံဂေါလီ လှုပ်လှုပ်ရွရွ ဖြစ်လာ၏။ ရှေ့ကိုကုန်းပြီး ကားရှေ့မှန်ကနေတဆင့် ကြည့်လိုက် သည်။ ဟိုရှေ့မှာ ဆူးလေဘုရား...။



www.burmeseclassic.com

www.burmeseclassic.com

"ဟာ...ဟိုမှာ...ဟိုမှာ"

ကားပေါ်က လူအားလုံး အလန့်တကြား ဖြစ်သွား၏။ ဘေးကလူကြီးတောင် အိပ်ငိုက်ရာက လန့်နိုးလာပြီး—

"ဘာလဲ...ဘာလဲ"

"ဆူးလေဘုရားကြီး ဟုတ်တယ် မဟုတ်လား"

"ဟာ...ဒါ ဆန်းသလားကွ"

"ဆန်းတယ်...ဆင်းမယ်...ဆင်းမယ်ဗျို့၊ ဟိုးထား...ဟိုး—ဟိုး"

သံဂေါလီသည် လူတွေကြားက အတင်းတိုးထွက် အော်နေသည်။ စပယ်ယာက...

"ဟာ...ဘယ်လိုဖြစ်တာလဲ၊ မှတ်တိုင် မရောက်သေးဘူး"

သံဂေါလီသည် ကားထဲမှာ ကုန်းကွကုန်းကွ ရပ်ရင်း ဆူးလေဘုရား ဆူးလေဘုရားဟု ရေရွတ်နေ၏။ ခရီးသည်များက သူ့ကိုကြည့်ပြီး ပြုံးစိစိ လုပ်နေကြသည်။ အမြင်မတော်သူ တစ်ယောက်ကတော့...

"ရပ်မှ ဆင်းနော်"

ဟု သတိပေးသည်။ မှတ်တိုင်မှာ ကားရပ်သောအခါ သူ အတင်းတိုးဆင်းသွားသည်။ စပယ်ယာက တစ်စုံတစ်ခု ရေရွတ်လိုက်သံကို ကြားရ၏။

သူသည် ဆူးလေဘုရားရှိရာကို ဦးတည်ပြီး လျှောက်သည်။ ဘုရားနားရောက်တော့ ဘယ်လိုတက်ရမှန်း မသိဘဲ ဖြစ်နေပြန်၏။ ဘုရားဘေးပတ်လည်မှာ ကားလမ်းရှိသည်။





တွေက အဆက်မပြတ် သွားနေသည်။ တစ်ခါတစ်ခါ ရှင်းသလို ရှိသော်လည်း ဖြတ်မကူးရဲ။ နောက်ဆုံးတော့ ဘေးမှာ ဂျာနယ်တွေ ရောင်းနေသော လူတစ်ယောက်ကို ရဲ မေးကြည့်သည်။

"မင်း ဒီက ဖြတ်ကူးလို့မရဘူး၊ မီးပွိုင့်နီအောင် စောင့်ပြီး ဘက်လမ်းကို ကူး၊ ပြီးရင် ဟိုဘက်နည်းနည်းဆက်သွား၊ ပေါ် တက်တဲ့ ခုံးကျော်တံတားလေး တွေ့လိမ့်မယ်၊ အဲဒီ ါက သွား"

သူပြောတဲ့အတိုင်း သွားတော့လည်း လွယ်လွယ်လေးပါ ၊ ဘုရားဖူးပြီး ကုန်းတော်ပေါ် လျှောက်ကြည့်သည်။ ဒီ ်မှာမှ အခက်တွေ့တော့သည်။

တွေ့ရာ မုခ်ပေါက်တစ်ခုမှ ပြန်ဆင်းလိုက်သောအခါ ကလာသည့်ဘက် မဟုတ်ကြောင်း တွေ့ရသည်။ သူ ားသည်။ ဘုရားပေါ် ပြန်တက်သည်။ ပန်းသည်တွေကို း‌မှ နဂိုလမ်းအတိုင်း ပြန်ဆင်းလာနိုင်သည်။

သူသည် မဟာဗန္ဓုလလမ်းအတိုင်း အထက်ကို ပြန် က်သည်။ တခြားလမ်းတွေဘက် မဝင်ရဲ။ ပြန်မလာတတ် ကြောက်သည်။ အားရအောင် လျှောက်ပြီးမှ လာလမ်းအတိုင်း ပြန်စီးမည်ဟု စိတ်ကူးသည်။

မြို့ထဲမှာ လူတွေ၊ ကားတွေ၊ ဈေးဆိုင်တွေ များလှသည်။ တော့ သူ့အတွက် သိပ်မဆန်း။ လှည်းတန်းဈေးဘက်မှာ သည်း ဒီအတိုင်းပဲလေ။


www.burmeseclassic.com

www.burmeseclassic.com



ာ်းလျှောက်ရင်း ဗိုက်ဆာလာသည်။ လမ်းဘေးမှ တော့ အသုပ်ဆိုင်တို့ မုန့်ဟင်းခါးဆိုင်တို့ တွေ့သည်။ သို့ရာတွ မြို့ထဲမှာ ဈေးကြီးသည်ဟု ကြားဖူးသည်။ ပြီးတော့ တစ်စုံတစ် ကို သတိရသောကြောင့် ဘာမှမစားဘဲနေရန် ဆုံးဖြတ်လိုက်၏ တစ်နေရာမှာ ပန်းကန်တွေ ရောင်းသော ဆိုင်တစ်ဆိုင် တွေ့ရ၏။ သူ ဝင်ကြည့်သည်။ မိနိုင် ကျကွဲသော ပန်းကန်မျိုး တွေ့သဖြင့် ဈေးမေးကြည့်သည်။ ရှစ်ဆယ်ဟု ပြောသဖြ သူတွန့်သွား၏။ 'ဒါ ကြွေပန်းကန်တဲ့' ဟု ပြောခဲ့သော မိနိုင် စကားကို သတိရလိုက်၏။

◈ ◈ ◈

"မောလိုက်တာဗျာ"

ဟု ပြောပြီး နောင်စိုးတို့ ထိုင်နေသည့် အုတ်ခုံရှေ့ မြေကြီးပေါ် ဖင်ထိုင်ချလိုက်၏။

"ဟေ့ကောင်…ဘယ်လိုဖြစ်လာတာလဲ"

နောင်စိုးက မေးသည်။ သံဂေါ်လီက…

"ကျွန်တော် ဒီနေ့ နားရက်မို့ မြို့ထဲသွားလည်တာ ကောင်းကောင်း မသွားတတ်တော့ မျက်စိလည်နေတာပေါ့"

"သွားတတ်တဲ့လူ တစ်ယောက်ယောက် ခေါ်သွားရော ကွာ"

"ဆိုင်က တခြားအလုပ်သမားတွေက အားကြတာမှ ဟုတ်ဘဲ"

ပြောပြီး ပုဆိုးဖြင့် ချွေးများကို သုတ်နေသည်။

"နေစမ်းပါဦး၊ အခု ဘာကြောင့် မောလာရတာလဲ"

သိန်းထွန်းက ထပ်မေးသဖြင့်…

"ကျွန်တော် မြို့ထဲ လျှောက်ကြည့်ပြီး အပြန်ကျတော့ လာတုန်းက ဆင်းခဲ့တဲ့ ကားမှတ်တိုင်နား ပြန်သွားတယ်"

"မင်းက နေရာ မှတ်မိလို့လား"

"ဆူးလေဘုရားကြီးကို မှတ်ထားတာ၊ အဲဒီတည့်တည့် လမ်းပဲလေ"

"မဆိုးဘူးကွ၊ မင်းက လျှင်သားပဲ"

အောင်ငွေက ဝင်ပြောသည်။

"အစ်ကိုက လျှင်တယ်လုပ်နေ၊ ကျွန်တော်က ဒုက္ခဖြစ် တာတာ၊ အလာတုန်းက ဆင်းခဲ့တဲ့ မှတ်တိုင်ရဲ့ မျက်နှာချင်းဆိုင် နေ ကားစောင့်နေတာ၊ ကားတွေကလည်း တစ်ဖက်ထဲကပဲ တယ်၊ အပြန်ဘက်က တစ်စင်းမှ မလာဘူး"

"ဟာ…အဲဒီလမ်းက တစ်လမ်းမောင်းပဲကွ၊ တစ်ဖက်ထဲ ပဲ လာမှာပေါ့၊ ဒီဘက် ပြန်စီးချင်ရင် အောက်လမ်းက ပြန်စီးရမှာ"

"ကျွန်တော်က ဘယ်သိမလဲ၊ ကားတွေ ဂိတ်သိမ်းကုန်ပြီ လာတာဘဲ မှတ်ပြီး လမ်းပြန်လျှောက်လာတာ"







www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ရလေကွာ၊ ဒီအထိ ပြန်လျှောက်လာရတာလား

"ဘယ်ဟုတ်မလဲ၊ လျှောက်လာရင်းက မီးပွိုင့်တစ်ခု
လေးဆယ့်ရှစ် ကားတစ်စင်း ရပ်ထားတာ တွေ့လို့ ပြေးတက်
လုပ်တော့ စပယ်ယာက ယာဉ်ထိန်းရဲ ရှိတယ်ဆိုပြီး တွန်းထု
တယ်၊ ဒါနဲ့ ဆက်လျှောက်ရသေးတယ်၊ နောက်မှ မှတ်တိုင်
လို့ စောင့်ပြီးစီးလာခဲ့တာ၊ နေရာမရလို့ တွယ်စီးခဲ့ရသေးတ

နောင်စိုးက ရယ်လိုက်သည်။

"မင်းကတော့ ဖြစ်ရမယ်၊ ဒါပေမယ့် ခုလို သွားရဲလာ
တဲ့ သတ္တိကိုတော့ ချီးကျူးတယ်ကွာ"

"ကျွန်တော်က သိပ်သွားချင်တာကိုး၊ နောက်တ
နားရက်ရရင်တော့ ရွှေတိဂုံဘုရားနဲ့ တိရစ္ဆာန်ရုံကို သွား
သမ္မတရုံမှာလည်း ရုပ်ရှင်ကြည့်ချင်သေးတယ်၊ ဘယ်လိုသွာ
တယ် ဆိုတာတော့ အစ်ကိုတို့ကိုပဲ မေးရမှာပဲ"

"အေးပါကွာ...ရပါတယ်၊ ဒါဆို မင်းက ရန်ကုန်ရော
တာ မကြာသေးဘူးပေါ့"

"နှစ်လသုံးလလောက်ပဲ ရှိသေးတယ်"

"ရွာမှာ အဆင်မပြေလို့လား"

"ကျွန်တော့်စိတ်ကူးက ရွာမှာဆိုရင် လူတလုံးသူတလုံး
ဖြစ်မှာမဟုတ်ဘူးဆိုပြီး ရန်ကုန်ကို စွန့်စွန့်စားစား လာခဲ့တာ
အစကတော့ ယောင်လည်လည်ပေါ့၊ နောက်မှ ဒီဆိုင်က အဖော်
ဆရာ ကိုချစ်နဲ့ တွေ့ပြီး ဒီမှာ အလုပ်လုပ်ဖြစ်သွားတာပဲ"

"လခ ဘယ်လောက်ရလဲကွ"





"လခ မရသေးဘူး၊ ထမင်းစားကျွန်ခံ...အဲ...အလုပ်သင်
ပါတော့၊ ကျွမ်းကျင်သွားရင် လခပေးမယ် ပြောတာပဲ"

"ဒါဆိုရင် မင်း သုံးဖို့စွဲဖို့ကျတော့ကော"

"တစ်ခါတစ်လေ မုန့်ဖိုးဆိုပြီး ပေးတတ်ပါတယ်"

"သြော်...ဒါကြောင့် ဒီနေ့ မြို့ထဲ ထွက်လည်တာကိုး၊
တွေ စားခဲ့သေးလဲ"

"ဘာမှမစားဘူး"

"ဘာဖြစ်လို့လဲ၊ ဈေးကြီးလို့လား"

"မဟုတ်ပါဘူး အစ်ကိုရ၊ ကျွန်တော် ပိုက်ဆံစုမလို့"

"ဘာလုပ်မလို့လဲ၊ အဝတ်အစား ဝယ်ဖို့လား"

"မဟုတ်ပါဘူး၊ ဒီလို အစ်ကိုရ၊ ဟို...မုန့်ဟင်းခါးဆိုင်က
ကို သိလား"

"မသိဘူး၊ အဲ...မြင်ရင်တော့ သိမှာပေါ့ကွာ၊ ဘာဖြစ်လို့

"ဟိုတစ်ရက်က ကျွန်တော်နဲ့ ဝင်တိုက်မိပြီး သူ့လက်ထဲ
မုန့်ဟင်းခါးပန်းကန်တွေ ကျကွဲကုန်တယ်လေ၊ သူက ကျွန်
ကို တအား စိတ်ဆိုးနေတာ အစ်ကိုရ၊ အဲဒါ ကွဲသွားတဲ့
ကန်ဖိုးတွေ ပြန်လျော်ပေးမလို့ ပိုက်ဆံစုနေတာ"

"မတော်တဆ ဖြစ်တာပဲ မဟုတ်လား"

"မတော်တဆ ဆိုပေမယ့် ပန်းကန်ဖိုးတွေ သူ့လခထဲက
မယ်လို့ အဒေါ်ကြီးက ပြောတယ်၊ ဒါကြောင့်..."

နောင်စိုး၊ သိန်းထွန်းနှင့် အောင်ငွေတို့ တစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက် ကြည့်ပြီး ပြုံးလိုက်ကြ၏။ သိန်းထွန်းက...

"ငါ သဘောပေါက်ပြီ၊ ပန်းကန်ဖိုးတွေ ပြန်လျော်ေ လိုက်တော့ သူက ကျေးဇူးတင်ရော၊ ပြီးတော့မှ ဓာတ်လမ်းဆ မယ်ပေါ့ ဟုတ်လား"

"အစ်ကိုကလဲ"

သံဂေါ်လီ ရှက်ရယ် ရယ်ပြီး မြက်ပင်များကိုပင် ယော ဆွဲနှုတ်နေသည်။

"မင်းကောင်မလေးကို ငါတို့လည်း ပြပါဦးကွ"

"ဟာ...ပြမယ် စိတ်ချ၊ အစ်ကိုတို့ နက်ဖြန် ဆိုင် လက်ဖက်ရည် လာသောက်မယ် မဟုတ်လား၊ အဲဒီအခါကျ ပြမယ်၊ ကဲ...သွားဦးမယ်ဗျာ၊ ဆိုင်ကူသိမ်းပေးရဦးမယ်"

သံဂေါ်လီ ထွက်သွား၏။ နောင်စိုးက "ဒီကောင့်ပုံ ခင်ဖို့ကောင်းတယ်ကွ၊ ငါသဘောကျတယ်" ဟု ပြောလိုက်

◈ ◈ ◈





ကျောင်းပျက်ရက်တွေတုန်းက သင်ထားသည့် မှတ်စုတွေ ...င်းမှတ်က ငှားသဖြင့် သူငယ်ချင်းတွေက အကြော်ဝယ်ကျွေး ...သည်။ အကြော်စားရင်းလည်း သူတို့ နားမလည်တာတွေ ...င်းပြရသေးသည်။

"ဒီလိုလေဟာ၊ တချို့အမှုတွေမှာ သတ်မှတ်ထားတဲ့ ...လကျော်သွားရင် တရားစွဲလို့မရတော့ဘူး၊ တချို့အမှုကျတော့ ...လသတ်မှတ်မှု မရှိဘူး၊ ဘယ်လောက်ကြာကြာ ပြန်ပြီး ...က်ဝင်လာနိုင်တယ်၊ ဥပမာ–လူသတ်မှုလိုဟာမျိုး"

"အေးပါ...ရှင်းပါပြီ၊ ကဲ...အကြော်လေး စားလိုက်ပါဦး ...ရာမကြီး"

"နင်တို့ကို ရှင်းပြရတာ တော်တော် အာညောင်းတယ်၊ ...ချို့အပိုင်းတွေက ကိုယ်တိုင် အတန်းတက်မှ ပိုပြီးသဘောပေါက် ..."


www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း ကြက်သွန်ကြော်တစ်ခု ယူစားသည်။ ဘုတ်က အချဉ်ရည်ထဲမှ ကြက်သွန်ဖြူတစ်ဖတ်ကို နှိုက်ယူ၍ စားရင်း

"ဟော့...ရေတမာကြီးတစ်ယောက် မတွေ့တာ တစ်လောက်တောင် ရှိပြီထင်တယ်"

"အခြေအနေ မဟန်မှန်းသိလို့ နောက်ဆုတ်သွား ဖြစ်မှာပေါ့"

နယ်လီက ဝင်ပြောသည်။ ဖြူဝင်းမွတ်က ကြက်ကြော်မှ အနည်းငယ် ကျွမ်းသွားသောအပိုင်းကို ဖဲ့၍ လွှင့်ပစ်ပြီး...

"ဒီတော့လည်း မျက်စိနောက် သက်သာသွားတာ ဟာ"

ဘုတ်ဆုံက...

"ပြောလို့တော့မရဘူး၊ တစ်မျိုး ကြိတ်ကြံနေလို့ ယောင် ဖျောက်နေတာလည်း ဖြစ်နိုင်တာပဲ"

"အေး...ဖြစ်နိုင်တယ်"

"ဒါ သူ့ရဲ့ တက်ကနစ်တစ်ခုလား မသိဘူး၊ တွေ့မြင် ကျကနေ ရုတ်တရက် ပျောက်သွားရင် ဘာကြောင့်များပါ ဆိုပြီး သူ့အပေါ် စိတ်ဝင်စားမှု ဖြစ်လာအောင် လုပ်တာ မသိဘူး"

"သူ့ပုံကြည့်ရတာ ဒီလောက်ထိ ကျွမ်းမယ့်ပုံ မပေါ် ဘူး၊ နင်ကော ဘယ်လိုထင်လဲ"

ဘုတ်ဆုံက ဖြူဝင်းမွတ်ကို မေးသည်။





"ဒါမျိုးက ဖြစ်တတ်ပါတယ်၊ ဟိုအရင် ငါတို့ အကြော် လာစားတဲ့အခါ ပိုက်ဆံ လာလာတောင်းတတ်တဲ့ ကုလားအဘိုးကြီးကိုတောင် မတွေ့တာကြာရင် ဘာများဖြစ်လို့ပါလိမ့်၊ နေမကောင်းရဲ့လားလို့ သတိတရ ရှိတတ်သေးတာပဲ"

"ဟယ်...နင်ကလည်း နှိုင်းစရာရှားလို့၊ ဒီလောက်ကြီးတော့ ချိုးချိုးနှိမ်နှိမ် မပြောပါနဲ့၊ သနားပါတယ်"

"နေပါဦး...နင်ကကော ဘယ်လိုဖြစ်နေသလဲ၊ ယောက်ျားလေးတွေ အများကြီး ရှိတဲ့အထဲက သူ့ကိုမှ ဘာလို့ ရွေးပြီး စိတ်ဝင်စားနေကြရတာလဲ"

"အေးဟ...ဟုတ်တယ်၊ ထူးတော့ထူးဆန်းတယ်၊ ဖြစ်နိုင်တာက နင့်ကို လိုက်နေတဲ့လူတွေဟာ ရုပ်ရည် ကြည့်ပျော်ရှုပျော် ရှိတာများတယ်၊ အဲဒီကြားထဲမှာ ရေတမာကြီးက ထူးခြားနေတော့ ပိုပြီးဂရုစိုက်မိတာ ဖြစ်လိမ့်မယ်"

နယ်လီက ပြောရာ ဘုတ်ဆုံက ထောက်ခံသည်။

"ဖြစ်နိုင်တယ်၊ နောက်တစ်ခုကတော့ ရေတမာကြီးဟာ အုတ်အုကြောင် နိုင်ပေမယ့် ရိုးသားပုံတော့ ရတယ်၊ သူ့ပုံက အမြင်ကတ်စရာ မကောင်းဘဲ ရယ်စရာကောင်းနေတယ်၊ ဒါကြောင့် လူရွှင်တော်တစ်ယောက်ကို သဘောကျသလို ဖြစ်နေတာလား မသိဘူး"

"ဟိုဘဝက ရေစက်များ ပါလို့လား မသိဘူး၊ သူက ခင်စရာ ကောင်းပါတယ်ဟ၊ နင်တို့ ဘယ်လို သဘောရသလဲ"

ဖြူဝင်းမွတ်ကို မေးသည်။ "တော်စမ်းပါဟာ" ဟု



www.burmeseclassic.com

www.burmeseclassic.com

စကားပိတ်ပစ်လိုက်ရ၏။

◈ ◈ ◈

နောင်စိုးတို့အုပ်စု လက်ဖက်ရည်ဆိုင်က စားပွဲမှာ ဝင်ထိုင်
ထိုင်ချင်းပင် သံဂေါလီ အပြေးအလွှား ရောက်ရှိလာ၏။

"အစ်ကိုတို့ ကြည့်ချင်ရင် လိုက်ခဲ့လေ"

ဟု အရင်းအဖျားမရှိ ပြောသည်။ သိန်းထွန်းက...

"ငါတို့ အတွဲချောင်းတာ ဝါသနာမပါဘူးကွာ"

"ဟာ...အဲဒါပြောတာ မဟုတ်ဘူး၊ ဟိုဟာကြည့်ဖို့
ဟိုဟာ"

"ဘာလဲကွ"

"အစ်ကိုတို့ပဲ မိနိုင်ကို မြင်ဖူးချင်တယ်ဆို"

"သြော်...ဒါလား၊ အေး...ပြလေကွာ၊ ဘယ်မှာလဲ"

"ဒါဆို လိုက်ခဲ့"

"ဟာ...တမင်သွားကြည့်ရတာ မကောင်းဘူးကွ၊ အိ
ပျက်တယ်၊ ဒီကနေ လှမ်းကြည့်လို့ မမြင်ရဘူးလား"

သံဂေါလီက မုန့်ဟင်းခါးဆိုင်ဖက် လှည့်ကြည့်ပြီး

"ဒီကဆို...ရိုးတိုးရိပ်တိပ်...အဲ...အဲ...ဟိုမှာ ဟိုမှာ"

သံဂေါလီက လက်ညှိုးထိုးပြသည်။ မိနိုင်သည် မုန့်ဟ





ါး ပန်းကန်ကို ကိုင်ပြီး ထွက်လာ၏။

"အဲဒါ အဲဒါပဲ"

"ဟော့ကောင်...လက်ညှိုးထိုးမနေနဲ့၊ ငါတို့ မြင်တယ်"

မိနိုင်က ခပ်လှမ်းလှမ်းမှ စားပွဲတစ်ခုမှာ မုန့်ဟင်းခါး
း်ကန်ကို ချပေးပြီး ပြန်ထွက်သွားသည်။

နောင်စိုးက...

"အေးကွ...သံဂေါလီ စိတ်ဝင်စားမယ်ဆိုလည်း စိတ်ဝင်
းလောက်စရာပဲ၊ ကောင်မလေးက တော်တော်လှသား"

သံဂေါလီ ကျေနပ်ပြီး ပြုံးပြုံးကြီး ကြည့်နေ၏။

"အဲဒါ...အစ်ကိုရာ...ဟို...ဟို"

ရှက်သလိုလို လက်မောင်းကုတ်လိုက် ခေါင်းပွတ်လိုက်
်နေပြီးမှ...

"အဲဒါလေ...သူနဲ့ ကျွန်တော်နဲ့ ဖြစ်ပါ့မလားလို့ အဟဲ"

"ဘာလို့ မဖြစ်ရမှာလဲ"

"သူက သိပ်လှနေလို့"

"လှတော့ ပိုကောင်းတာပေါ့ကွ"

"မဟုတ်ဘူးလေ၊ လှတဲ့ ကောင်မလေးတွေက မာနကြီး
တ်တယ်ဆိုလို့"

အောင်ငွေက ဝင်၍...

"အေး...ဒါတော့ ဖြစ်နိုင်တယ်၊ ဟုတ်တယ် မဟုတ်လား
င်စိုး၊ မင်းကိုယ်တွေ့ပဲလေ"

"အရေးထဲ မင်းကလည်း၊ ဒီမှာကွ သံဂေါလီရဲ့"



www.burmeseclassic.com

www.burmeseclassic.com

နောင်စိုး စကားမဆက်နိုင်ခင် သိန်းထွန်းက ဖြတ်၍ပြောလိုက်၏။

"ဟော့ကောင်တွေ ပြီးမှ ဆက်ပြော၊ သံဂေါလီ လက်ဖက်ရည် သုံးခွက် အရင်သွားဆွဲကွာ"

သံဂေါလီက...

"ဟုတ်သားပဲ...မေ့နေတယ်"

ဆိုပြီး လက်ဖက်ရည် သွားယူလာသည်။ သူပြန်လာတာ မြန်လွန်းသဖြင့်...

"ဟုတ်မဟုတ်ရဲ့လားဟ၊ သူများလက်ဖက်ရည်အကျန်တွေများ ရောပေါင်းပြီး ထည့်လာတာလား"

အောင်ငွေက နောက်သည်။

"ဟာ...အစ်ကိုကလဲ၊ ကဲ...ခုနပြောတာ ဆက်ပြောပါဦး"

သံဂေါလီ လောဆော်သဖြင့် နောင်စိုး ဆက်၏။

"မင်း မြဲမြဲမှတ်ထားကွ သံဂေါလီ၊ မိန်းကလေးတွေဟာ မာနကြီးလေ လိုက်ရလွယ်လေပဲ"

"ဟုတ်ပါ့မလား အစ်ကိုရာ"

"သိပ်ဟုတ်တာပေါ့၊ မာနကြီးတယ်ဆိုတာ ဘာလဲ၊ သူတို့ရဲ့တန်ဖိုးကို မြင့်တက်လာအောင် ဟန်ဆောင်ခြင်းတစ်မျိုးပဲ၊ ဟန်ဆောင်တယ်ဆိုကတည်းက ခိုင်မာတည်မြဲခြင်းသဘောကို ဘယ်ဆောင်တော့မလဲ၊ နားလည်တယ် မဟုတ်လား"

သံဂေါလီက ခေါင်းခါပြ၏။

"မင်းကလည်း၊ ဒီလိုလေကွာ၊ မာနကြီးတဲ့ မိန်းကလေး





...မှာ ပျော့ကွက်တစ်ခုတော့ ရှိတတ်တယ်၊ အဲဒီပျော့ကွက်ကို ...တတ်ရင် လွယ်လွယ်လေးပါ"

သံဂေါလီ ယောင်တောင်တောင် ခေါင်းညိတ်သည်။

...

"ဒါနဲ့ အစ်ကိုပြောတဲ့ အဲဒီပျော့ကွက်ဆိုတာက ဘယ်နား ...ရှိတာလဲ"

သိန်းထွန်းက ရေနွေးသောက်နေစဉ် ဖြစ်သောကြောင့် ...နဲ့ ဖြစ်သွားအောင် ရယ်လိုက်၏။ နောင်စိုး၏ လက်ဖျံပေါ် ...သွားသဖြင့် လက်သုတ်ပုဝါ ယူ၍သုတ်ရင်း...

"ဟာ...တကယ်ရှိတာကို ပြောတာမဟုတ်ဘူး၊ သဘော ...ပြောတာ၊ သူ့ရဲ့ဟာကွက်...အဲ...အားနည်းချက်"

အောင်ငွေက ဖြတ်၍...

"မင်းစကားလုံးတွေက သိပ်ထွားနေတယ်ကွာ၊ အခု ...ဂေါလီကိုစွက နက်နက်နဲနဲ ပြောစရာ မလိုပါဘူးကွာ၊ ရိုးရိုးပဲ ...နားလည်အောင် ပြောစမ်းပါ"

သိန်းထွန်းက...

"အေး မှန်တယ်ကွ သံဂေါလီရဲ့၊ လှပတဲ့ မိန်းကလေး ...ဟာ မာနကြီးတတ်ကြတာ မမှားတာပဲ၊ သူတို့က အများနဲ့မတူ ...ခြားစွာ လှနေတာကိုး၊ အရေးကြီးတာက အဲဒီမာနကို ခေါက်ချ ...အောင် လုပ်နိုင်ဖို့ပဲ"

သံဂေါလီက ခေါင်းကုတ်သည်။ အောင်ငွေက ပြုံးသနား ... သူရှင်းမှဖြစ်တော့မည့် ပုံစံဖြင့် ချောင်းဟန့်လိုက်ပြီး...


www.burmeseclassic.com

www.burmeseclassic.com

"သိန်းထွန်း မင်းပြောတာလည်း နှောင်စိုးလိုပဲ၊ ဘာ
မထူးဘူး ငါပြောမယ်၊ မာနဆိုတာ တကယ်တော့ ဒီရေ
တူတယ်၊ ဒီရေဆိုတာ တက်ပြီဆိုရင် အမြင့်ဆုံးရောက်အောင်
တက်တာပဲ၊ ဒါပေမယ့် တက်ပြီးရင် ပြန်ကျရစမြဲ မဟုတ်လား"

နှောင်စိုးနှင့် သိန်းထွန်းတို့ တစ်ယောက်ကိုတစ်ယောက်
ကြည့်ပြီး မျက်စပစ်လိုက်ကြ၏။ အောင်ငွေကတော့ ဆက်၍—

"တကယ်တော့ မာနဆိုတာ ပါဠိဘာသာစကားဖြင့်
မာန်ဆိုတာကနေ ဆင်းသက်လာတာ၊ မာန သုံးမျိုး ရှိတယ်လို့
ဆိုတယ်၊ အဲဒါတွေက သေယျမာန်၊ သဒိသမာန်၊ ဟီနမာန်ရယ်
လို့..."

သံဂေါ်လီက စိတ်ရှုပ်ဟန်ဖြင့် ဆံပင်များကို ဖွ၍ ရှုံ့မဲ့
လိုက်ပြီး...

"ကျွန်တော်တော့ ရူးချင်လာပြီဗျာ"

"တော်တော့ အောင်ငွေ၊ မင်းပြောတာ အရှုပ်ဆုံးပဲကွာ"

နှောင်စိုးက ဝင်ပြောသည်။ သူတို့ စကားပြောနေကြပုံကို
လက်ဖက်ရည်ဆိုင်ရှင်က မြင်သွားသည်။ စားသောက်စရာတစ်ခုခု
မှာခိုင်းတာလားဆိုပြီး စောင့်ကြည့်သေးသည်။ လေကြောရှည်နေ
မှန်း သိသွားမှ...

"ဟေ့ကောင် သံဂေါ်လီ၊ အလုပ်လုပ်မှာလား၊ စကား
ပြောမှာလားဟေ့"

လှမ်းအော်သည်။

"နောက်မှ ပြောတော့မယ်၊ ဟိုမှာ အော်နေပြီ"





သံဂေါ်လီ ရေနွေးကြမ်းအိုးကို ယူပြီး ထွက်သွား၏။

သိန်းထွန်းက နှောင်စိုးကို ပြော၏။

"မင်းက မာနကြီးတဲ့လူကို လိုက်ရတာ ပိုလွယ်တယ်
ဘာညာနဲ့ လျှောက်ပြောနေတယ်၊ အခု မင်းအခြေအနေကကော
ယ်လို့လား၊ အခုထိ ဘာတိုးတက်မှု ရှိလို့လဲ၊ တွေ့လိုက်တိုင်း
င်းချည်း ခံလိုက်ရတာပဲ"

"ဒါက အကဲစမ်းနေတဲ့သဘောပါကွာ၊ တဖြည်းဖြည်း
တော့ အဆင်ပြေလာမှာပေါ့၊ ဒီမှာ...ကျောက်တိုင်တစ်တိုင်တောင်
နှံ့ပါများရင် ယိုင်နဲ့လာတတ်တာပဲ"

"တစ်ခါတစ်လေကျတော့ နှံ့လိုက်ကာမှ မြေကြီးထဲကို
ငြိုးနစ်ဝင်သွားတာမျိုးလည်း ဖြစ်တတ်တယ်နော့်"

အောင်ငွေက ဝင်ပြောသဖြင့်...

"လူကို တယ်အထင်သေးတာကိုး၊ စောင့်ကြည့်လိုက်ပါဦး"

နှောင်စိုးက ပြန်ပြောရင်း နာရီကြည့်သည်။

"ဟာ...ကလပ်တွေတောင် ပြန်စနေပြီ၊ လစ်မှပဲ"

လွယ်အိတ်ကို ဆွဲယူပြီး ခပ်သုတ်သုတ် ထွက်သွား၏။
င်လှမ်းလှမ်း ရောက်မှ...

"ငါ့အတွက် လက်ဖက်ရည်ဖိုးပါ ထည့်ရှင်းလိုက်ကြ"
ဟု အော်သွား၏။ သိန်းထွန်းက လှမ်းဆဲသည်။

◈ ◈ ◈


www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့ ကျောင်းကို ဖြူဝင်းမွှတ်၏ ဧည့်သည်တစ်ယောက် ရောက်လာခဲ့သည်။ ဌာနကို ကိစ္စရှိ၍ လာရင်း ဖြူဝင်းမွှတ်ကို တစ်ခုခု ကျွေးချင်လို့ လိုက်ရှာခဲ့တာဟု ပြော၏။

ကိုတင်မောင်ထွန်း ဖြစ်၏။ သူက ဘွဲ့ရပြီးလို့ တရားရေး ဝန်ထမ်းတောင် ဖြစ်နေပြီ။ သူ့အဖေက အငြိမ်းစား တရားသူကြီး။ ဖြူဝင်းမွှတ်တို့အဖေနှင့် တစ်မြို့တည်းသား။ လူကြီးချင်း အလွန်ခင်ကြသည်။ ထို့ကြောင့် လူငယ်ချင်းပါ ရင်းနှီးကျွမ်းဝင်စေချင်သော ဆန္ဒရှိကြောင်း သိရ၏။

ကိုတင်မောင်ထွန်းသည် ဖြူဝင်းမွှတ်ထက် ငါးနှစ်လောက် ကြီးသည်။ ရိုးသားတည်ကြည်သည်။ ပြီးတော့ ရုပ်ရည်က သန့်ပြန့်ချောမောသည်။ အဝတ်အစားကို သပ်သပ်ရပ်ရပ် ဝတ်တတ်သည်။ အပြစ်ဆိုစရာမရှိသော လူတစ်ယောက် ဖြစ်၏။ သူ့ကိုမြင်လိုက်တာနဲ့ အထက်တန်းကျသော လူတစ်ယောက်





ကြောင်း ထင်းခနဲ သိသာစေသည်။

သူက အပြင်က စားသောက်ဆိုင်ကောင်းကောင်းတစ်ခု သွားစားရအောင်ဟု ပြောသည်။ ဖြူဝင်းမွှတ်က ကျောင်းထဲက တွေ စားကောင်းပါတယ်ဟု ဆို၏။ ကိုတင်မောင်ထွန်းက ျှာပေးသည်။

တကယ်တော့ စားရေးသောက်ရေးက အဓိကမဟုတ်။ င်မောင်ထွန်းက ပြောစရာ ရှိနေသောကြောင့်သာ ဖြစ်၏။

"လူကြီးတွေက အရေးပေးတာကို အခွင့်ကောင်းယူပြီး ား‌ပြောတာလို့ မထင်စေချင်ဘူး၊ လူကြီးတွေရဲ့ဆန္ဒနဲ့ လိုက် ာညီထွေ ဖြစ်အောင် ပြောတာလို့လည်း မထင်စေချင်ဘူး၊ ကိုယ်တိုင်ရဲ့ဆန္ဒအရ တကယ် လေးလေးနက်နက် ပြောတာ"

ဆိုပြီး ဖြူဝင်းမွှတ် ကျောင်းပြီးလျှင် လက်ထပ်ပါရစေဟု လာသည်။ ဖြူဝင်းမွှတ်က...

"ဒါဆိုလည်း ဒီကိစ္စကို ကျောင်းပြီးမှပဲ စဉ်းစားကြတာ "

ဟု ပြန်ပြောခဲ့သည်။ ထိုစကားသည် ကိုတင်မောင်ထွန်း ပညာပြခြင်းမဟုတ်။ သူ့စိတ်ရင်းအမှန်အတိုင်း ပြောလိုက်ခြင်း ဖြစ်၏။

ခုချိန်မှာ အိမ်ထောင်ရေးတို့ အချစ်ရေးတို့ သူ မစဉ်းစား သေး။ ပညာရေးကို အနှောင့်အယှက် ဖြစ်မှာစိုးလို့ဆိုသော ယူအဆလည်း မဟုတ်။ စိတ်ကို မဝင်စားသေးသောကြောင့်


www.burmeseclassic.com

www.burmeseclassic.com

သာ ဖြင်၏။ ရည်းစားစကား အပြောခံရပေါင်း များပြီဖြစ်သော်လည်း တစ်ခါမှ ရင်မခုန်ဖြစ်ခဲ့။ ကိုတင်မောင်ထွန်း အပါအဝင်ပေါ့။

ကိုတင်မောင်ထွန်းကတော့ ပစ်ပစ်ခါခါကြီး ငြင်းတာမဟုတ်သဖြင့် သူ့အခြေအနေ ကောင်းသည်ဟု ယူဆပြီး ကျေကျေနပ်နပ် ပျော်ပျော်ရွှင်ရွှင် နှုတ်ဆက်ပြီး ပြန်သွားသည်။

"ကိုယ် ဘယ်လောက်ထိ စောင့်ရစောင့်ရ၊ ဘယ်လောက်ပဲ ကြာကြာ မျှော်လင့်နေမှာပါ"

ဟု ပြောသွားသည်။

◈ ◈ ◈





နှောင်စိုးသည် အတန်းပြီးပြီးချင်း စားသောက်ဆိုင်ဘက်ပြန်ထွက်ခဲ့၏။ သူ စုံစမ်းကူးယူထားသော အချိန်စာရင်းအရဒီနေ့ ဖြူဝင်းမွှတ်တို့အတန်းက သူ့အတန်းထက် တစ်ချိန်စောပြီးသည်။ အတန်းအချိန်လွတ်ပြီး သွားဖို့ စိတ်ကူးသေးသည်။ ဘော်ကြာ သိသွားလျှင် စိတ်ခုသွားမှာ စိုးရသည်။ ခုချိန်မှာ ဖြူဝင်းမွှတ် ငြီးငြင်တာကို နည်းနည်းမှ ခံလို့မဖြစ်။

စားသောက်ဆိုင်တန်းမှာ ဖြူဝင်းမွှတ်ကို မတွေ့။ ဒီနေ့အဖို့တော့ လက်လျှော့ရုံသာ ရှိသည်ဟု စိတ်ပျက်လက်ပျက်လျှောက်လာတုန်း သီရိဆောင်နောက်ဘက် စင်္ကြံနားမှာ တွေ့လိုက်ရသည်။ ဖြူဝင်းမွှတ်က စင်္ကြံကိုအဖြတ်၊ နှောင်စိုးကဒီမှာဆောင်က အဆင်း ဆုံခြင်းဖြစ်၏။

ဘယ်လိုမှ မျှော်လင့်မထားဘဲ ရုတ်တရက် တွေ့လိုက်ရသဖြင့် နှောင်စိုး အံ့သြဝမ်းသာသွားသည်။ ခြေလှမ်းမှားပြီး


www.burmeseclassic.com

www.burmeseclassic.com



လှေကားထစ်ကို ကျော်ဆင်းမိ၏။ ဟန်ချက်ပျက်ပြီး ဟပ်ထိုး ဖြစ်လျက် ဖြူဝင်းမွှတ်ကိုတောင် ဝင်တိုက်မိမလို ဖြစ်သွား... ၏။

"ဟာ...ဆောရီး ဆောရီး"

ဖြူဝင်းမွှတ်သည် ရုတ်တရက် လန့်သွားသော်လည်း နောင်စိုးမှန်း သိသောအခါ ပြုံးရယ်ပြီး...

"ဘာလဲ တို့ကို ရေတမာပင် မှတ်ပြီး ဝင်တိုက်မလို့လား"

စတွေ့တုန်းက ကိစ္စကို အမှတ်တရ ရှိသားပဲဆို... နောင်စိုး အားတက်သွားသည်။

"မဖြူဝင်းမွှတ်သာ တကယ်ပဲ ရေတမာပင်ဖြစ်ရင် သိ... ကောင်းမှာပဲနော်"

"ဘယ့်နှယ့်ကြောင့် လူစင်စစ်က ရေတမာပင် ဖြစ်ရ... လဲ"

"ရေတမာပင်မှာ ခြေထောက် မပါဘူးလေ၊ ဒီထေ... ရှောင်ပြေးလို့ ဘယ်ရတော့မလဲ"

"အခုတော့ ခြေထောက်ပါတဲ့အတွက် ရှောင်ပြေး... ရပြီပေါ့နော်"

ဆိုပြီး ဖြူဝင်းမွှတ် ဆက်လျှောက်သွားသည်။ သူ့ဟန်... မှာ စိတ်ဆိုးနေပုံ မရှိ။ ကြည်ကြည်သာသာ ဖြစ်နေသ... နောင်စိုး ရွံ့မနေတော့ဘဲ ဘေးက လိုက်လျှောက်သည်။ ဖြူ... မွှတ်က...

"တမာဆိုတာ ခါးတယ်နော်၊ သတိထား"





ဟု လှည့်ပြောသည်။

"အညာတမာသာ ခါးတာပါ၊ ရေတမာက ခါးမယ် မထင်ပါဘူး၊ အင်းလေ...ခါးရင်လည်း ကိစ္စမရှိပါဘူး၊ အခါးဖက်က ဆေးဖက်ဝင်တယ် မဟုတ်လား"

နောင်စိုးသည် ဒီနေ့ ဉာဏ်ရွှင်ပြီး စကားတွေ ထိထိမိမိ ပြောနိုင်သဖြင့် သူ့ကိုယ်သူ အတော် အထင်ကြီးသွားမိ၏။ ဖြူဝင်းမွှတ်ကလည်း ခါတိုင်းလို ရှုတည်တည် မဟုတ်ဘဲ အလိုက် အထိုက် ပြန်ပြောသဖြင့် နောင်စိုး ကျေနပ်နေသည်။

"အလို ဩဠာရိက ဆရာနောင်စိုးနဲ့ လာတွေ့နေပါလား၊ ဆိုပါဦး၊ တမာသည် ခါး၏၊ လေသလိပ်ကို နိုင်၏၊ သွားကို ခိုင်စေတတ်၏တဲ့ ဟုတ်ရဲ့လား"

"သွားတွေ ခိုင်တော့လည်း ကောင်းတာပေါ့ဗျာ၊ သွား ကျိုးတော့ မဖြူဝင်းမွှတ်ကို ကျွန်တော် ရှိခိုးစရာ မှလိုတော့ဘူး ပေါ့"

ရုတ်တရက် စိတ်ထဲက ပေါ်လာတာ ပြောလိုက်ပြီးမှ စိတ်များဆိုးသွားမလား အကဲခတ်ရသေးသည်။ ဖြူဝင်းမွှတ်က ရယ်လိုက်သည်။

"အမယ် အလာကြီးပါလား၊ ဝက်ဝုတ္တိနဲ့ ရည်းစားစကား ပြောလိုက်တာပေါ့လေ"

"အဲဒီစကားကို ဩဇာဂုဏ် မြောက်အောင် ထပ်ခါ ထပ်ခါ ပြောချင်နေတာပါဗျာ"

"အချို့စကားတွေက ထပ်ခါထပ်ခါပြောမှ နားဝင်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုပေမယ့် တချို့စကားတွေက ပြောဖန်များရင် နားငြီးလာတတ်တယ်"

"မဖြူဝင်းမွှတ် နားငြီးမှာစိုးလို့ ထပ်မပြောတော့ပါဘူး ဒါပေမယ့် ပြောပြီးသားစကားကိုတော့ ပြန်မရုပ်သိမ်းပါရစေနဲ့"

"အော...ပြောတောင် ပြောပြီးနေမှကိုး"

"ကျွန်တော့်ရင်ထဲကတော့ အစဉ်အမြဲ ပြောနေခဲ့တာပါပဲ"

ဒီလောက်ဆို ကျေနပ်သင့်ပြီ။ ဖြူဝင်းမွှတ်က ခုလိုလက်ခံ စကားပြောတာကိုတောင် အထူးကျေးဇူးတင်သင့်သည်။ ဒီနေ့အဖို့ ဒီလောက်နှင့် တော်သင့်ပြီ။ သို့ရာတွင် နောင်စိုးဆိုသည်မှာ သိပ်အလိုက်ကန်းဆိုး သိတတ်သူမျိုးမဟုတ်။ ထို့ကြောင့်...

"မဖြူဝင်းမွှတ်ကို ပြောစရာတစ်ခု ရှိသေးတယ်"

"ရင်ထဲက ပြောလိုက်၊ ပါးစပ်က ပြောလိုက်နဲ့ ရှုပ်နေတာပါပဲလား"

"ဒီလိုပါ၊ မဖြူဝင်းမွှတ်က စာမကြိုးစားတဲ့လူကို ကြည့်လို့ မရဘူးလို့ ပြောပြီးကတည်းက ကျွန်တော် ကျောင်းမပြေးတော့ဘူး"

"သိမှာလာပြီပေါ့"

"ကျွန်တော် အခု စာကို အရမ်းကြိုးစားနေပါတယ် ဒီနှစ်စာမေးပွဲကို နှစ်ချင်းပေါက် အောင်ပြီး ဘွဲ့ရအောင် လုပ်မယ် ဒါဆိုရင်တော့ မဖြူဝင်းမွှတ် ကြည့်လို့ရသွားပြီလို့ မျှော်လင့်နိုင်တာပေါ့နော်"

"ကြည့်တာလောက်တော့ အပန်းမကြီးဘူး ထင်ပါရဲ့"





"ဒီလောက် လိုက်လျောတာကိုပဲ ဝမ်းသာလှပါပြီ"

"ကဲ...သွားသင့်ပြီထင်တယ်၊ သူများတွေ မြင်သွားရင် ...မျိုးထင်သွားဦးမယ်"

"ဟုတ်သားပဲ၊ အတွဲလို့ ထင်သွားရင် မဖြူဝင်းမွှတ် ...ကို ထိခိုက်နေဦးမယ်၊ ကျွန်တော့်အဖို့တော့ ဒီအခြေအနေ ...က်ကိုပဲ အကြီးအကျယ် ဂုဏ်ရှိသွားပြီလို့ မှတ်ယူပါတယ်ဗျာ၊ ...တော့်ကို ခွင့်ပြုပါဦး"

နောင်စိုးက နောက်ကြောင်းပြန်လှည့်သွား၏။

ဖြူဝင်းမွှတ် ပြုံးလိုက်မိ၏။ ခုနေခါများ ဗေဒင်သွားမေး ...င် သူ့အဖို့ အလွန်စန်းပွင့်နေသည့်ကာလဟု တပ်အပ်ဟောမှာ ...ချာသည်။ ဒီနေ့တစ်နေ့ထဲမှာ မိနစ်ပိုင်းလောက် ခြားပြီး ...နှစ်ယောက်၏ ချစ်ရေးဆိုခြင်းကို ဆက်တိုက်ကြုံခဲ့ရသည်။ ...သူနှစ်ယောက်ကလည်း လုံးဝဆန့်ကျင်ဘက်။ တစ်ယောက်က ...ရည်ချောမောခန့်ညားသူ။ နောက်တစ်ယောက်ကတော့...။

◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com

နောင်စိုးသည် သူ့အခြေအနေ တိုးတက်မှုကို ပြောပြရန် သူ့သူငယ်ချင်းတွေကို လိုက်ရှာသည်။ ဘယ်မှာမှ မတွေ့၊ ပြန်ကုန်ကြပြီ။ ငှားနေသောအဆောင်ကို ပြန်ရောက်တော့မှ ဟိုနှစ်ကောင်သည် သူ့ကုတင်ပေါ်မှာ ပူးကပ်ပြီး အိပ်ပျော်နေသည်ကို တွေ့လိုက်ရ၏။ သူတို့ကို အခန်းသော့ အပိုတစ်ချောင်း ပေးထားတာကိုး။

နောင်စိုးက သူတို့ကို လှုပ်နှိုးသည်။

"ဟေ့ကောင်တွေ ထထ"

သိန်းထွန်းနှင့် အောင်ငွေတို့က ကျောချင်းကပ် အိပ်နေရာမှ မျက်နှာချင်းဆိုင်ပုံစံ ပြောင်းပြီး တစ်ယောက်လည်ပင်းတောင် တစ်ယောက် ဖက်လိုက်သေးသည်။ နိုးတော့မနိုး။ နောင်စိုး စိတ်မရှည်ဘဲ ဟိုနှစ်ကောင်၏ဆံပင်များကို ဆွဲပြီး နဖူးချင်း တိုက်ပေးလိုက်သည်။ ထိုအခါကျမှ လူးလဲထလာကြ၏။

"ဟာကွာ...တော်တော်ဆိုးတဲ့ကောင်၊ ငါက အိပ်မက်ထဲမှာ ပုဇွန်ထုပ်ကြီး မီးကင်ပြီး စားတော့မလို့ကွ"

သိန်းထွန်းက ငြီးသည်။ နောင်စိုးက...

"ငါက ကျောင်းထဲမှာ လိုက်ရှာနေတာ၊ မင်းတို့က ဒီမှာလာပြီး ဇိမ်ကျနေတာကိုး"

အောင်ငွေက ဆေးလိပ်ခွက်ထဲမှ ဆေးပေါ့လိပ်တိုကို လှမ်းယူရင်း...

"မင်းက အတန်းတွေ ဆက်တိုက် တက်နေတာကိုး၊ ပြီးရင် ဖြူဝင်းမွှတ်ကို လိုက်ရှာဦးမှာ မဟုတ်လား၊ ဒါကြောင့်





စောင့်နိုင်လို့"

"အေး...ငါ အဲဒီအကြောင်းပဲ ပြောချင်လို့"

အောင်ငွေ ဆေးလိပ်မီးညှိသည်။ မီးညှိသွားလို့ ဖွာမယ် ...ပ်မှ သိန်းထွန်းက ဆေးလိပ်ကို ဆတ်ခနဲ ဆွဲလုသွား၏။ ...းသောက်ချင်ရင် ကိုယ့်ဘာသာ ညှိပါလားဆိုပြီး လိုက်လုသည်။ ...ာင်စိုးက အိတ်ထဲက ဆေးပေါ့လိပ်အသစ်တစ်လိပ်ကို အောင် ...အား ထုတ်ပေးလိုက်ရ၏။ ပြီးမှ...

"ဟေ့ကောင်တွေ...ငါနဲ့ခဲပြီကွ သိလား"

ဟိုတစ်ရက်က ကျောက်တိုင်တောင် နှဲ့ပါများရင် နဲ့သေး ...ာပဲဆိုသော စကားကို ညွှန်းခြင်းဖြစ်၏။ သို့ရာတွင် အောင်ငွေ ...

"မင်းက ထမင်းအိုးတောင် ငှဲ့ပြီးပြီကိုး၊ ငါတို့အတွက် ...ာ ပိုမချက်ထားဘူးလား"

သိန်းထွန်းက သိသိကြီးနှင့်...

"ငှဲ့ချက်တာ မကောင်းဘူးကွ၊ ရေခန်းချက်မှ ဗီတာမင် ...တ်တွေ မလျော့မှာ"

"ဘာတွေ လျှောက်ပြောနေတာလဲ၊ ငှဲ့တာ မဟုတ်ဘူး၊ ...တာ နှဲ့တာ၊ အခုဆိုရင် သူ နဲ့လာပြီကွ"

"နဲ့လာရင်တော့ သွားဆေးခန်းကို ပြသင့်တယ်၊ လှည်း ...န်းမှာ သွားဆရာဝန်တစ်ယောက် ရှိတယ်၊ ဒေါက်တာ ဒေါ် ...င်မြင့်တဲ့၊ သဘော အရမ်းကောင်းတယ်၊ ကုသခလည်း ...ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ကောင်တွေဟာ အကောင်းပြောလို့ကို မရဘူး"

"အလကား နောက်တာပါကွ၊ ကဲ ပြောပါဦး"

နောင်စိုးက စိတ်ဆိုးသွားဟန်ဖြင့် မပြောသေးဘဲ ဆေးလိပ်တစ်တို ယူ၍ မီးညှိဖွာသည်။ သိန်းထွန်းက ဒါကို သိသဖြင့် ထထွက်မည့်ဟန်ပြင်သည်။ ထိုအခါကျမှ...

"ဟေ့ကောင် နေဦး၊ ငါပြောမယ်၊ ဒီနေ့ ငါ သူနဲ့တွေ့တယ်၊ ရုတ်တရက်ဆိုတော့ လှေကားမှာ ခြေချော်ပြီး သူ့ကို တိုက်မိမလိုတောင် ဖြစ်သေးတယ်"

"ဒါတော့ ယုံပါတယ်၊ မင်း ... အမြဲ ခလုတ်တိုက်နေကျပဲ၊ ခြေမျက်စိမှာတောင် မျက်မှန်တပ်ထားဖို့ ကောင်းတယ်"

"ဟာ...ဒါဆို သူ့ကို စော်ကားသလို ဖြစ်နေမှာပေါ့၊ ဖြူဝင်းမွှတ်က မျက်မှန်တပ်ရတာပဲ"

"အရေးထဲမှကွာ၊ ဥပမာပေးတာတောင် လိုက်ပြီး ကာကွယ်နေတယ်"

"ကဲပါ...ဆက်ပြောမယ်၊ သူက ဘာပြောသလဲဆိုတော့ တို့ကို ရေတမာပင်မှတ်ပြီး ဝင်တိုက်ဦးမလို့လားတဲ့၊ သူ့ထို စတွေ့ဖူးတဲ့နေ့က အငေးလွန်လို့ ရေတမာပင် ဝင်တိုက်မိတာကို သူ သတိတရ ရှိတုန်းပဲလေ၊ ငါနဲ့ ပတ်သက်လို့ အမှတ်တမဲ့ သဘောမထားဘူး၊ ငါ့ကို အသိအမှတ် ပြုတယ်ဆိုတာ သိသာတာပေါ့ကွ"

အစချီပြီး ဖြူဝင်းမွှတ်နှင့် ပြောခဲ့ဆိုခဲ့သမျှ စကားအလုံးတိုင်း တစ်ခုမကျန် ပြောပြသည်။ ဟိုနှစ်ကောင်သည် အကြိတ်တစ်ခု





ရှိနေသဖြင့် အောင့်အီးသည်းခံ နားထောင်နေသည်။

"အဲဒါပဲကွ...ငါ သူနဲ့ တော်တော်လေး စကားပြောအဆင်ပြေခဲ့တယ် ဆိုပါတော့"

ဟု အဆုံးသတ်တော့မှ အောင်ငွေက...

"မင်း တော်တော် ဝမ်းသာလာတာပေါ့"

"ဒါပေါ့ကွ"

နောင်စိုး ရင်ကော့ပြီး ဖြေသည်။ သိန်းထွန်းက...

"သူငယ်ချင်းတွေကို ကျွေးချင်မွေးချင်စိတ် ပေါက်လာအောင်ကို ဝမ်းသာတယ် မဟုတ်လား"

နောင်စိုးမှာ ရင်ကော့လက်စ ဖြစ်နေသဖြင့် မငြင်းသာတော့ဘဲ...

"ထားပါတော့ကွာ၊ ထားပါတော့"

ဟု ပြောလိုက်ရ၏။

"အိုကေ...မျက်နှာ သွားသစ်လိုက်ဦးမယ်"

သိန်းထွန်း ထရပ်သည်။ အောင်ငွေက ထိုင်နေဆဲဖြစ်သဖြင့်...

"ဟေ့ကောင်...လာလေကွာ"

"တော်ပြီကွာ၊ ခဏလေး အိပ်တာပဲ၊ မျက်နှာသစ်စရာမလိုတော့ဘူး"

"တော်တော် ညစ်ပတ်တဲ့ကောင်၊ ပလုတ်ကလေး ဘာလေးတော့ ကျင်းလိုက်ဦး၊ တော်ကြာ သွားတွေ နံ့ကုန်လိမ့်မယ်၊ အလိုလိုကမှ နောင်စိုးဆိုတဲ့ကောင်က နှံ့ချင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



အောင်ငွေက ထရပ်သည်။ နှောင်စိုးရှေ့မှာ သွားဖြင့် လိုက်၏။

နှောင်စိုးက...

"ဒီလိုနွားမျိုးတော့ အလကားရတောင် မယူဘူး"

ဟု ပြောလိုက်၏။

◈ ◈ ◈





"ကျွန်တော် မိနိုင်ကို စာပေးချင်တယ်ဗျာ၊ ကျွန်တော့်ကို စာတစ်စောင်လောက် ရေးပေးပါလား"

ဟု သံဂေါလီက ပြောသည်။ သံဂေါလီက ခုနောက်ပိုင်း အားလပ်သည့်အခါ နှောင်စိုးတို့ဆီ လာလေ့ရှိ၏။ အဆောင်သို့ လာတတ်၏။ နှောင်စိုးတို့ကလည်း သူ့ကို သနားသဖြင့် လက်ခံ စကားပြောလေ့ ရှိသည်။

ဒီနေ့လည်း နှောင်စိုး၏အဆောင်ကို ရောက်လာသည်။ တနင်္ဂနွေနေ့ ဖြစ်သောကြောင့် နှောင်စိုး ကျောင်းမတက်ရ။ သံဂေါလီကလည်း ဆိုင်မှာ လူပါးသဖြင့် နားရက်ရသည်။ နှောင်စိုးကို မိနိုင်နှင့် ပတ်သက်သည့်အကြောင်း၊ သူ့ရွာက အကြောင်းတွေ ပြောပြနေသည်။

လှည်းတန်းက စာအုပ်ဆိုင်တွေ လျှောက်မွှေကြဖို့ ချိန်းထားသဖြင့် အောင်ငွေနှင့် သိန်းထွန်းတို့လည်း ရောက်လာကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒီမှာပဲ သံဂေါလီက အကူအညီ တောင်းလာခြင်း ဖြစ်၏။

"အေးကွ...ငါရေးပေးမယ်"

ဟု နောင်စိုးက လက်ခံလိုက်ရာ အောင်ငွေက...

"ဟုတ်မှလည်း လုပ်ပါကွာ၊ ကိုယ့်အတွက်တောင် မအေး တတ်လို့ လုံးချေပြီး ပစ်လိုက်ရတဲ့ စက္ကူတွေ သီးသန့်အမှိုက်ပုံး တစ်စင်း ခေါ်ရမလောက် ရှိခဲ့တဲ့ကောင်ကများ"

"ဒီလိုရှိတယ်ကွ၊ ချက်ချင်းကြီး စာပေးတာထက်စာရင် ရင်းနှီးမှုရှိအောင် အရင်လုပ်ပြီးမှ တဆင့်တက်တာက ပိုပြီး ထိရောက်မှု ရှိမယ်"

သိမ်းထွန်းစကားကို နောင်စိုးက "အေး...အဲဒါ ကောင်း တယ်" ဟု ထောက်ခံလိုက်၏။ ရည်းစားစာ ရေးပေးမယ်ပြောပြီး တော်တော်နဲ့ မပြီးလျှင် ဒီကောင် တကျီကျီလုပ်မှာစိုးသောကြောင့် စိတ်ကူးပြောင်းလိုက်ခြင်း ဖြစ်၏။ နောင်စိုးက ဆက်၍...

"နေဦး...မင်းနဲ့ အဲဒီကောင်မလေးနဲ့ ပြဿနာတက်ရတာ ပန်းကန်ကျကွဲတဲ့ကိစ္စနော်"

သံဂေါလီ ခေါင်းညိတ်၏။

"အဲဒီပန်းကန်ဖိုးတွေ ပြန်လျော်ပေးဖို့ မင်း ငွေစုနေတယ် ဆို"

"စုတော့စုတာပဲ၊ ဒါပေမယ့် ကျွန်တော့်အတွက် ဆပ်ပြာ တို့ သွားတိုက်ဆေးတို့ကလည်း ဝယ်ရသေးတာကိုး၊ ဖိနပ်ပြတ် သွားလို့ သဲကြိုး ဝယ်တပ်လိုက်ရသေးတယ်၊ အခု လက်ထဲမှာ





လေးဆယ်ကျော်လောက်ပဲ ရှိတယ်"

"ကျန်တာ ငါ စုစုပြီး စိုက်ပေးမယ်ကွာ၊ မင်းက ပန်း ကန်ဖိုးတွေ လျော်ပေးလိုက်ရင် သူက ကျေနပ်သွားမှာပဲ၊ ဒီနည်းနဲ့ ရင်းနှီးမှု ရအောင်လုပ်"

အောင်ငွေက ပြောသည်။ နောင်စိုးက လက်ကာပြပြီး...

"ငါ အကြံတစ်ခု ရတယ်ကွ၊ အခုလောလောဆယ် ရှိတဲ့ ငွေလေးဆယ်ကို အရင်ပေးထားလိုက်၊ နောက်ထပ် ရသမျှ စုပြီးပေးပါ့မယ်လို့ ပြော၊ နောက်တော့ တစ်ဆယ်ပေးလိုက်၊ နှစ်ဆယ့်ငါးကျပ်ပေးလိုက် လုပ်၊ အဲဒါဆို သူနဲ့လည်း ခဏခဏ တွေ့ရမယ်၊ ပြီးတော့ မင်းက သူ့ကို ချစ်လွန်းလို့ ရသမျှ စားမသောက်ဘဲ အငတ်ခံစုပြီး ပေးတယ်ဆိုတဲ့သဘောလည်း ဖြစ်မယ်"

သံဂေါလီက ခဏစဉ်းစားနေပြီးမှ...

"အစ်ကိုပြောတာ ကောင်းတော့ ကောင်းပါတယ်၊ ဒါပေ မယ့် ကျွန်တော်က မစားမသောက်ဘဲ အငတ်ခံ စုတယ်ဆိုတာ တော့ သူက ယုံမှာမဟုတ်ဘူး၊ ကျွန်တော်က ဆိုင်မှာပဲ ထမင်း စား၊ လက်ဖက်ရည် မုန့်လည်း ဆိုင်မှာပဲ စားတာသောက်တာ သူ အမြဲမြင်နေတာကိုး၊ သူကတောင် ကျွန်တော့်ကို တော်တော် အစားပုပ်တဲ့ကောင်၊ ခွေးလို စားတတ်တယ်လို့ အဖျော်ဆရာကို ပြောသေးတယ်တဲ့"

"ဟာကွာ...ငါဆိုလိုတာက ဒီလောက် အသေးစိတ် မကျေပါဘူး၊ မင်းက မသုံးရက်မစွဲရက် စုထားတဲ့ငွေဆိုတဲ့သဘော



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရင်ရပါပြီ"

"အေး...ကောင်းတယ်ကွ၊ မိန်းကလေးတစ်ယောက်ဆီ
ကရတဲ့အသက်မှုကို ရလိုက်ပြီဆိုရင် သူ့အချစ်ကိုရဖို့ တစ်ဝ
လောက် သေချာသွားပြီ၊ ဟုတ်တယ်မဟုတ်လား နောင်စိုး"

အောင်ငွေက အနှောင့်အသွား မလွှတ်သော်လည်း နော
စိုးက ပြီးပြီးရောသဘောဖြင့် ခေါင်းဆတ်ပြသည်။ သိန်းထွန်း
လည်း...

"ဒီတော့ နေဦးကွ၊ ဒီနေ့ မိနိုင်တို့ကော ဆိုင်ဖွင့်လား"

"ဖွင့်တာပေါ့၊ စောစောတော့ သိမ်းလိမ့်မယ်"

"အေး...ဒီအချိန်လောက်ဆို ဆိုင်သိမ်းကာ နီးလောက်ပြီ
ဒီအစီအစဉ်ကို ဒီနေ့ပဲ စပေတော့၊ မင်း အခုသွားပြီး စောင့်နေ

သံဂေါ်လီ တွေနေ၏။

"ဘာဖြစ်လို့လဲကွ" မေးတော့မှ...

"ပိုက်ဆံက အခု ပါမလာဘူး၊ အခန်းမှာ သိမ်းထားတာ"

"ကဲ...နောင်စိုး၊ ဒီအကြံကို မင်းက စပေးတာဆိုတော့
လောလောဆယ် ပိုက်ဆံ မင်းပဲ စိုက်ပေးလိုက်"

နောင်စိုး ပခုံးတွန့်လိုက်ပြီး ကုလားထိုင်နောက်မှီမှ
ချိတ်ထားသော ရှပ်အင်္ကျီကို ယူ၍ အိတ်ထဲက နှစ်ဆယ်တ
နှစ်ရွက် ထုတ်ပေးသည်။

"မထူးပါဘူးကွာ၊ အခြေအနေ သိရအောင် ငါတို့ပါ
လိုက်သွားမယ်၊ တစ်နေရာက စောင့်နေတာပေါ့၊ ပြီးမှ လှည်း
တန်း သွားရအောင်"





သိန်းထွန်းက အကြံပေးသည်။

◈ ◈ ◈

ရွှေဘိုဆောင်နားက သစ်ငုတ်တိုမှာ သရဲရှိသည်ဟု
ချက်ဆိုင်မှ မိသေးက ပြောသည်။ ညနေ လူပြတ်တဲ့အချိန်ဆို
င် သစ်ငုတ်တိုပေါ်မှာ ထိုင်ပြီး မျက်လုံးကြီးပြူး၊ လျှာကြီးထုတ်
ခြောက်တတ်သည်ဟု ဆို၏။ နင်မြင်ဖူးလို့လားဆိုတော့
ဆောင်က ကျောင်းသားတွေကိုယ်တိုင် တွေ့တာတဲ့။

သူကတော့ ဒီနားက ဖြတ်ဖြတ်သွားနေတာ ကြာပြီ။
ခါမှ မတွေ့ဖူးသေး။ သို့တိုင်အောင် မိသေး ပြောပြီးကတည်း
ဒီနားရောက်လျှင် ခပ်သုတ်သုတ် လျှောက်လေ့ရှိ၏။ ဒါမျိုးဆို
ပြောလို့မရ၊ ကံဇာတာမြင့်နေချိန်မှာ မမြင်ရပေမယ့် ကံ
နေလျှင်။

"ဖျတ် ဖျတ် ဖျတ် ဖျတ်"

သူ့နောက်မှ ပြေးလိုက်လာသော ခြေသံများကြောင့်
က်သီး ဖျင်းခနဲ ထသွားသည်။ ခြေသံက နီးလာပြီ။ သူ့ဘေး
ရိပ်ကနဲဖြတ်၊ သူ့ရှေ့မှာ ဆွေ့ခနဲ ရပ်လိုက်တော့...

"အမလေး သောက်မလုတ်တုတ်...သရဲ...သရဲ"

လန့်ပြီးအော်သည်။ တကယ်တော့ သရဲမဟုတ်။ သရဲ



www.burmeseclassic.com

www.burmeseclassic.com



ထက်တောင် ဆိုးတဲ့ သံဂေါလီ။

"နင် ဘာလုပ်တာလဲ"

ရင်တုန်ပန်းတုန်ဖြစ်ဆဲ အသံဖြင့် ပြောသည်။ သံဂေါ
က စပ်ဖြဲဖြဲ လုပ်ရင်း...

"ငါ အစီအစဉ်တစ်ခု လုပ်ထားတယ်၊ သိလား မိနှ

"ဘာ...ဘာပြောတယ်"

"ဒီလိုလေဟာ၊ ကျကွဲသွားတဲ့ ပန်းကန်ဖိုးတွေကို
ဖြည်းဖြည်းချင်း ဖဲ့ပြီးဆပ်သွားမယ်လေဟာ၊ အဲဒါ ခုလော
ဆယ် ငွေလေးဆယ်ယူထား...ရော့" ဆိုပြီး လှမ်းပေးသည်

မိနှိုင်က မယူ။

"မယူပါဘူး၊ ဘာလို့ ယူရမှာလဲ"

"ယူပါဟာ...အားမနာပါနဲ့"

"ဘာ...နင့်ကို ငါက ဘာကိစ္စ အားနာရမှာလဲ"

"အားမနာရင်လည်း ယူလိုက်ပါဟာ၊ ငါက ဒီပိုက်ဆံ
မစားရက်မသောက်ရက်...အဲ...မသုံးရက်မစွဲရက်ဘဲ စုထားခဲ့
ပါ"

"နင့်ဘာသာနင် ဘယ်လိုပဲစုစု၊ မယူဘူး၊ နင့်လိုကော
ပေးတဲ့ပိုက်ဆံကို ဘယ်တော့မှ မယူဘူး"

"ဒါ ပိုက်ဆံအစစ်ပါဟ၊ အတုမဟုတ်ပါဘူး၊ မယုံ
ကိုနောင်စိုးကို မေးကြည့်"

"တုတာတွေ စစ်တာတွေ ငါမသိဘူး၊ နင့်လ
ကိုင်ထားတဲ့ ပိုက်ဆံမို့လို့ သနလို့ မလိုချင်ဟာ၊ သိရဲ့လ





ဟု ပြောပြီး သံဂေါလီကို ကိုယ်တစောင်း ဝင်တိုက်ပြီး
ထွက်သွားသည်။ သံဂေါလီ ရပ်၍ကျန်ခဲ့ရင်း...

"ငါပေးတဲ့ပိုက်ဆံကလည်း သုံးလို့ရတာပါပဲဟာ"
ဟု ရေရွတ်သည်။

◈ ◈ ◈

"မလွယ်ပါဘူး အစ်ကိုရာ၊ နင့်လက်နဲ့ ကိုင်ထားတဲ့
ဆံမို့လို့ မယူဘူးလို့ ပြောလိုက်တယ်၊ ကျွန်တော်ကလည်း
ါလစ်သွားတယ်ဗျာ၊ လက်ကို သေသေချာချာ ဆေးမသွားမိ
မနက်တုန်းက မီးသွေးတွေ ကိုင်ထားတာကိုး"

ပြောပြီး သူ့လက်ကိုသူ ဖြန့်ကြည့်နေ၏။ သံဂေါလီကို
ားသောကြောင့်သာ ဝိုင်းမဟားမိကြခြင်း ဖြစ်၏။

နောင်စိုးက ခပ်သဲ့သဲ့ ရယ်ပြီး...

"ဟကောင်ရ...မင်းလက်တွေ ညစ်ပတ်နေလို့ သနတယ်
ပြောတာမဟုတ်ဘူးကွ"

"ဒါဆို ပိုက်ဆံက နည်းနည်းနွမ်းနေလို့ မယူတာဖြစ်မယ်၊
ော်ဆရာ သိမ်းထားတဲ့ ပိုက်ဆံအသစ်ကလေးတွေနဲ့ လဲသွားရ
ာင်းသား"

ဆိုပြီး လက်ထဲက ငွေစက္ကူများကို ဖြန့်ကြည့်နေပြန်၏။



www.burmeseclassic.com

www.burmeseclassic.com


နောင်စိုး ကရုဏာ သက်သွားမိသည်။

"မင်းကလည်း လုပ်တော့မယ်၊ သူဆိုလိုတာက ဒီလိုကွ မင်းနဲ့သူနဲ့...အဲ...မင်းကို အထင်မကြီးဘူးဆိုတဲ့ သဘောပေါ့ကွာ"

သံဂေါ်လီက တွေနေပြီးမှ ခေါင်းညိတ်လိုက်ပြီး...

"အင်း...ဟုတ်မယ်၊ သူက ဆိုင်ရှင်ရဲ့တူမဆိုပြီး မာနကြီး နေတာ ဖြစ်မယ်"

"ကောင်မလေးက ခပ်စွာစွာလေး ထင်တယ်၊ ... ကောင် နောင်စိုး၊ မင်းနဲ့ဒီကောင်နဲ့ ဘဝတူတွေပဲကွ၊ ခပ်စွာစွာ... နဲ့ချည်းပဲ တွေ့နေတယ်"

သိန်းထွန်းက သံဂေါ်လီကို ပြောရင်း နောင်စိုးဘက်... လှည့်လိုက်၏။

"အရေးထဲ ငါ့ကို ဆွဲထည့်နေပြန်ပြီ"

သံဂေါ်လီက ငွေစက္ကူများကို နောင်စိုးလက်ထဲ ပြန်ထည့် ပေးလိုက်ပြီး...

"ကျွန်တော်တော့ စိတ်မရှည်တော့ဘူးဗျာ၊ ရင်းနှီးအောင် လုပ်တာတွေဘာတွေ ကြာတယ်၊ တစ်ခါထဲ စာပဲ ပေးလိုက်ချင် တာပဲ"

"ဒါမျိုးဆိုတာ စိတ်ရှည်ရှည် ထားရတယ်ကွ"

အောင်ငွေက ဝင်ပြောသည်။

"အစ်ကိုတို့လို ပညာတတ်တဲ့လူတွေက စိတ်ရှည်ချင် ရှည်နိုင်မှာပေါ့၊ ကျွန်တော်ကတော့ မြန်မြန်ထက်ထက်ပဲ ကြိုက် တယ်"

"အလောတကြီးလုပ်တာ မကောင်းဘူးကွ၊ ခုလို သူ့ အပေါ် တင်းမာနေတုန်း စာပေးရင်လည်း ဘာမှထူးမှာမဟုတ် ... ပိုတောင် ဆိုးသွားဦးမယ်၊ သူ့ရဲ့သဘောထား ပျော့ပျောင်း ...အောင် ထပ်ကြိုးစားလိုက်ပါဦးကွာ"

နောင်စိုးက ဖျောင်းဖျသည်။

"ကျွန်တော်က ဘယ်လို ကြိုးစားရမှာလဲ"

"သူမြင်သာတဲ့နေရာမျိုးကျရင် အလုပ်ကို ကြိုးစားပြီး ...ပြ၊ မျက်နှာချင်းဆိုင်မိရင် ပြုံးပြ၊ အခွင့်သာတဲ့အခါ သူ့အလုပ် ... ဝင်ကူလုပ်ပေးပြီးတော့ နင် ငါ့ကို စိတ်ဆိုးနေတုန်းပဲလား ...ညာ မေးပေါ့ကွာ"

"သူက ကျွန်တော့်ကို တောက တက်လာတဲ့ကောင်ဆိုပြီး ...သလို မတန်သလို လုပ်နေတာက ခက်တယ်"

"ဒီတစ်ခါ သူက အဲဒီလို လာလုပ်ရင် မြန်မာပြည်မှာ ...နှုန်းစား ခွဲခြားတာမျိုးတွေ ခေတ်မရှိတော့ပါဘူးလို့ ပြောလိုက် ..."

သံဂေါ်လီ နှုတ်ခမ်းကိုက်၍ ခေါင်းညိတ်သည်။

◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com

အောင်ငွေက လက်ကုပ်ပြီး ပြသည်။ နောင်စိုး လှမ်းကြည့်သည်။ စာကြည့်တိုက်အသစ်ကြီးရှေ့က လှေကားထစ်မှာ ဖြူဝင်းမွှတ် စာထိုင်ဖတ်နေတာ တွေ့ရသည်။

"မင်း ငါနဲ့ မလိုက်တော့ဘူး မဟုတ်လား"

ဟု အောင်ငွေက အဓိပ္ပါယ်ပါပါ ကြည့်ရင်း မေးသည်။ နောင်စိုးက သွားဖြဲပြပြီး...

"အေး...အေးကွာ၊ မင်း သွားရင်သွားနှင့်တော့၊ ငါ ခဏနေခဲ့ဦးမယ်"

"ကောင်းပြီ၊ နာရီဝက်အတွင်း လိုက်မလာရင်တော့ မင်းချက်ထားတဲ့ ထမင်းဟင်းတွေ ပြောင်ပြီသာမှတ်"

"ရပါတယ်ကွာ၊ ထမင်းကြမ်းတော့ နည်းနည်းရှိသေးတယ်၊ ဟင်းကတော့ လမ်းထိပ်ကဆိုင်မှာ ဝယ်လိုက်ပေါ့"

အောင်ငွေ မျက်စောင်းခဲပြီး တစ်စုံတစ်ရာ မကြား





ကြား ရေရွတ်၍ ထွက်သွားသည်။

နောင်စိုးသည် ဖြူဝင်းမွှတ် ရှိရာသို့ လျှောက်သွား၏။ ဖြူဝင်းမွှတ်က စာငုံ့ဖတ်နေသဖြင့် သူ့ကို မမြင်။

"မဖြူဝင်းမွှတ်"

ခေါ်လိုက်မှ မော့ကြည့်ပြီး...

"သြော်...ကိုနောင်စိုး၊ ကလပ်စ် ပြီးပြီလား"

"ပြီးသွားပါပြီ၊ အဆောင်ကို ပြန်မလို့ လျှောက်လာရင်း ဖြူဝင်းမွှတ်ကို တွေ့လို့"

"ကိုနောင်စိုးက နယ်ကနေ ကျောင်းလာတက်တာကိုး၊ ဘယ်အဆောင်မှာလဲ"

"အပြင်ဆောင်မှာ အခန်းငှားနေတာပါ"

"သြော်...သြော်"

သူတို့နှစ်ယောက်စလုံးသည် မြန်မာစစ်စစ်သာ ဖြစ်၏။ သို့ရာတွင် ရှေးခေတ်အကြောင်း ရိုက်ကူးထားသည့် တရုတ်ကားတွေထဲကလို အိမ်ရှင်က ထိုင်ခွင့်မပေးဘဲ ဝင်မထိုင်ရသည့်ပုံစံမျိုး ဖြစ်နေ၏။ နောင်စိုးကလည်း မိုးတိုးမတ်တတ်။ ဖြူဝင်းမွှတ်ကလည်း ထိုင်ပါမပြော။

နောင်စိုးသည် ယောင်တိယောင်ချာ လုပ်နေပြီးမှ...

"မဖြူဝင်းမွှတ်...ကျွန်တော် ထိုင်လို့ရမလားဟင်"

ဖြူဝင်းမွှတ်သည် ခဏမျှ တွေသွားသည်။ ပြီးတော့...

"တစ်တောင်လောက် ခွာပြီးထိုင်မယ်ဆိုရင်တော့ ပြဿနာ မရှိဘူး ထင်ပါရဲ့"



www.burmeseclassic.com

www.burmeseclassic.com


နောင်စိုးမှာ ဆိုဖာပေါ် တက်ထိုင်ခွင့် ရသွားသ အိမ်ဖော်မလေးလို မြူးသွား၏။ ဖြူဝင်းမွှတ် ဘေးမှာ ခပ်ခွာ ဝင်ထိုင်သည်။ ဖြူဝင်းမွှတ်က နှစ်ယောက် ကြားရှိ ကွက်လပ် စောင်းငဲ့ကြည့်၏။ နောင်စိုးက ဟိုဖက်နည်းနည်း ထပ်တိုးရွှေ့ ၏။

"ဘာစာအုပ် ဖတ်နေတာလဲ"

"ဖေမြင့်ရဲ့ နှလုံးသားအာဟာရဆိုတဲ့ စာအုပ်လေ၊ တော် စိတ်ဝင်စားဖို့ကောင်းတယ်"

"ကျွန်တော် ရောက်လာလို့ စာဖတ်ပျက်သွားရ ဆိုရင်တော့ တောင်းပန်ပါတယ်"

"ဟုတ်တယ်၊ စာဖတ်ပျက်သွားတယ်လို့ ပြောရင် ကိုနောင်စိုးက ပြန်ထွက်သွားမှာမို့လို့လား"

"သွားဆိုရင်လည်း သွားရမှာပေါ့ဗျာ"

"ခု ထိုင်ခိုင်းလိုက်၊ ခု ထခိုင်းလိုက်နဲ့ဆို ဒဏ်ပေး ဖြစ်နေပါဦးမယ်"

"ပြည်သူ့တရားရှင် ဇာတ်ကားထဲကလို ဒဏ် အတင်းအကျပ် ဝန်ခံခိုင်းစရာ မလိုပါဘူး၊ မျက်စောင်းနဲ့ တစ် ထိုးကြည့်ရုံနဲ့ ကျွန်တော် ဝန်ခံမှာပါ"

"ဒါဆိုရင်တော့ ကျွန်မ ဟိုဘက်ပဲ လှည့်နေလိုက်ပါ့

ပြိုင်တူ ရယ်မိကြ၏။ ခုလို သူတို့နှစ်ယောက် ရယ် မောမော စကားပြောနေကြပုံကို စာကြည့်တိုက်သို့ ဝင်ထွက် များက ကွက်ကြည့်ကွက်ကြည့် လုပ်သွားကြသည်။ လုံးဝလှ

ဖက်ခြင်း မရှိသော လူနှစ်ယောက်ကို တချို့က ပြုံးစေ့စေ့ လုပ်သွားကြ၏။ သူတို့ကို လွန်သွားမှ အချင်းချင်း မှတ်ချက်ပေး သွားကြတာမျိုးလည်း ရှိ၏။ ဖြူဝင်းမွှတ်ကတော့ ဂရုမစိုက်မိတာ လည်း ဖြစ်ချင်ဖြစ်မည်။ ကိုယ့်တာ ကိုယ်လုံသောကြောင့် အရေး မထားတာလည်း ဖြစ်နိုင်၏။

နောင်စိုးကတော့ ခုလို လူကြည့်ခံရတာကို ကျေနပ်နေ သည်။ ပြီးတော့ သူသည် မိန်းမလှလေးတစ်ယောက်နှင့် အတူ ယှဉ်တွဲထိုင်ပြီး ရယ်ကာမောကာ စကားပြောခွင့် ရနေတာပါလား ဟု တွေးမိပြီး စိတ်လှုပ်ရှားသွား၏။ သူသည် အလိုက်ကန်းဆိုး မသိတတ်သူဟု နာမည်ရထားသည့်အတိုင်း အိတ်ထဲက ဆေးပေါ့ လိပ် တစ်လိပ်ကို ထုတ်ပြီး မီးညှိလေတော့သည်။ ပြီးမှ...

"မဖြူဝင်းမွှတ် ဟိုဘက်ကို လှည့်နေရင်တောင်မှ ကျွန် တော့် ဝန်ခံချက်ကို နှလုံးခုန်သံတွေအဖြစ် ကြားနေရမှာပါ"

ဖြူဝင်းမွှတ်က သဲ့သဲ့ရယ်ပြီး...

"ကိုနောင်စိုးက တော်တော် စိတ်ကူးယဉ်တတ်တာပဲ"

"မျှော်လင့်ချက် ရှိတဲ့လူတိုင်း စိတ်ကူးယဉ်တတ်ပါတယ် ဗျာ"

"မမျှော်လင့်တာဘဲ ကောင်းပါတယ်"

"ဒါဆို ကျွန်တော့်အနေနဲ့ မဖြူဝင်းမွှတ်အပေါ် မျှော်လင့် ချက် ထားလို့မရနိုင်ဘူးလို့ ဆိုလိုတာလားဟင်"

"အဲဒီသဘောပါပဲ"

"ဘာဖြစ်လို့လဲဟင်၊ ကျွန်တော့်မှာ မဖြူဝင်းမွှတ် လက်



www.burmeseclassic.com

www.burmeseclassic.com

မခံနိုင်တဲ့ ချို့ယွင်းချက်တွေများ ရှိနေလို့လား"

"ဆိုပါတော့"

"ဘာတွေလဲဆိုတာ ကျွန်တော် မသိရဘူးလား"

"ဪ...ကိုနောင်စိုးရယ်၊ ကိုယ့်ရဲ့ချို့ယွင်းချက်ကို သူများ ပြောပြမှ သိရတာထက် ကိုယ့်ဘာသာကိုယ် သိအောင် ကြိုးစား တာက ပိုမကောင်းဘူးလား"

နောင်စိုး တွေနေသည်။ ပြီးမှ ခေါင်းညိတ်လိုက်၏။ ဆေးလိပ်ကို သုံးလေးဖွာ ဖွာသည်။ မီးခိုးငွေ့များက ဖြူဝင်းမွတ် မျက်နှာနားသို့ ဝေ့ဝဲသွား၏။ ဖြူဝင်းမွတ်က နှာခေါင်းတစ်ချက် ရှုံ့ပြီး စာအုပ်နဲ့ ခါထုတ်လိုက်သည်။

"ဟာ...ဆောရီးနော်...ဆောရီး"

နောင်စိုးက ပျာပျာသလဲ တောင်းပန်ပြီး ဆေးလိပ်ကို လေကားပေါ် ထိုးချေလိုက်၏။

◈ ◈ ◈





သံဂေါလီသည် နောင်စိုး သင်ပေးလိုက်သည့်အတိုင်း ...သွေမတိမ်း လုပ်သည်။ အလုပ်ကို အရမ်းကြိုးစားသည်။ ...ထူးသဖြင့် မိနိုင်တို့ဆိုင်ဘက်မှ လှမ်းမြင်နိုင်သည့် စားပွဲတွေက ...လျှင် တခြားစားပွဲတွေထက် ဦးအောင် ပြေးသွားတတ်သည်။ ...ထားသော လက်ဖက်ရည် မုန့်များ ချပေးခြင်း၊ စီးကရက် ...ယူခြင်း၊ ရေနွေးအိုး လဲပေးခြင်းတို့ ပြုလုပ်ရာမှာလည်း ...ခနဲ လှစ်ခနဲ နေအောင် မြန်သည်။ ဒါမှ မိနိုင်က အလုပ် ...ကြိုးစားတယ်ဆိုပြီး အထင်ကြီးမှာ မဟုတ်လား။

သို့ရာတွင် လှစ်ခနဲ လှစ်ခနဲ လုပ်လွန်းလို့ လက်ဖက် ...ညီခွက် မှောက်ပြီး အပူလောင်သွားသည်။ ပြီးတော့ မိနိုင်နဲ့ ...ကတ်တစ်ခါ ထပ်တိုက်မိမလို့ သီသီလေး လိုသွားသည်။ ...ရှောင်တာ မြန်လို့။

မိနိုင်က ဖျတ်ခနဲ မော့ကြည့်သည်။ သံဂေါ်လီက


www.burmeseclassic.com

www.burmeseclassic.com


နောင်ဂိုး မှာထားသည့်အတိုင်း ပြုံးပြလိုက်၏။ မိနိုင်က မျက်စောင်းထိုး နှုတ်ခမ်းစူပြီး လှည့်ထွက်သွား၏။

ဒါလောက်နဲ့လည်း မပြီးသေး။ တစ်ခါတော့ မိနိုင် ပန်းကန်ဆေးနေတုန်း သံဂေါလီ အလစ်ချောင်းနေသည်။ ဘေးဘီမှာ လူလစ်ပြီဆိုမှ မယောင်မလည် ကပ်သွားပြီး...

"မိနိုင်...ငါ ကူဆေးပေးရမလားဟင်"

ဟု သွားဖားသည်။ မိနိုင်က မော့ကြည့်ပြီး သံဂေါလီမှန်းသိတော့ မျက်နှာ ချက်ချင်း တင်းမာသွား၏။

"ငါ ကူဆေးပေးမယ်လေ"

"မလိုဘူး၊ နင့်လက်နဲ့ထိမှ ပန်းကန်တွေ ပိုညစ်ပတ်ကုန်လိမ့်မယ်"

သံဂေါလီက လေသံကို ပို၍ပျော့လိုက်ပြီး...

"နင်ကလည်းဟာ၊ ငါ့ကိုဆို ဘယ်တော့မှ အကောင်းမပြောဘူး"

"နင့်မှာ အကောင်းပြောစရာကော တစ်ကွက်တစ်လေရှိလို့လား"

သံဂေါလီ ဟိုဒီကြည့်ပြီးမှ...

"နင်က သိပ်မာနကြီးတာပဲ"

"ကြီးတယ်၊ ဘာဖြစ်သလဲ၊ ကဲ...အပိုတွေ လာပြောမနေနဲ့၊ နင်သွားတော့"

"နင် ငါ့ကို အဲသလိုကြီး မတူသလို မတန်သလို မလုပ်ပါနဲ့ဟာ၊ လူလူချင်းတွေပဲ"

"အေး...လူချင်းတူပေမယ့် အဆင့်အတန်းချင်း မတူဘူးတဲ့ ...ားရဲ့"

"အဲဒီလောက် ရင့်ရင့်သီးသီး မပြောသင့်ပါဘူးဟာ"

"ပြောတယ်၊ ဘာ လုပ်ချင်သလဲ"

မိနိုင်၏အသံက ကျယ်သွားသည်။ သံဂေါလီ လန့်ပြီး ...ဘီကြည့်သည်။ မိနိုင်၏အဒေါ် မရှိ၊ တော်သေးသည်။

"ဒီမှာ နင့်ကို သွားလို့ ပြောနေတာ မရဘူးလား"

မိနိုင်က ဆေးလက်စပန်းကန်ကို မြှောက်၍ ပေါက်ရန် ...လိုက်သည်။ သံဂေါလီ လက်ကာပြီး...

"ဟာ...ဟာ...ပန်းကန်နဲ့တော့ မပေါက်ပါနဲ့၊ ငါ့ကိုထိတာ ...မကြီးဘူး၊ တော်ကြာ ကျကွဲသွားလို့ နင် ထပ်လျော်နေရပါဦး ..."

မိနိုင် ပန်းကန်ကို ကြည့်ပြီး ဇလုံထဲ ပြန်ချသည်။

"နင်သွားတော့"

သံဂေါလီသည် ရင်ကို ကော့လိုက်၏။ ဗီဒီယိုထဲက ...သားတွေဟန်ဖြင့် မျက်လုံးကို မှေးလိုက်ပြီး...

"ဒီမှာ မိနိုင်၊ လောကကြီးမှာ...လောကကြီးမှာ..."

စကားစပြီးမှ ဆက်ပြောဖို့ မေ့နေ၏။ ခေါင်းကုတ်စဉ်းစား...ည်။ ရုတ်တရက် ပေါ်မလာ။ ပါးစပ်ထဲ ကြုံရာကိုသာ...

"လောကကြီးမှာ လူသားစားတယ်ဆိုတာ ခေတ်မမီတော့...ူးဟာ"

ဟု ပြောပြီး ဟန်ပါပါ ပြုံးပြီးကြည့်ရင်း လှည့်ထွက်...



www.burmeseclassic.com

www.burmeseclassic.com


သည်။

မိနိုင်က...

"ဟင်း...ဒီကကော အစားခံမယ် မှတ်နေသလား"

ဟု မဲ့ရွဲ့ပြောလိုက်၏။

◈ ◈ ◈

"သေလိုက်ပါတော့ သံဂေါလီရယ်၊ ငါပြောတာ လူတန်းစား ခွဲခြားတယ်ဆိုတာ ခေတ်မမီတော့ဘူးလို့ ပြောတာ လူတန်းစား လူတန်းစား၊ လူသားစားတာကို ပြောတာမဟုတ်ဘူး"

နောင်စိုးက ရေရွတ်သည်။ အောင်ငွေတို့ သိန်းထွန်းတို့က ကျိတ်ရယ်နေကြ၏။ သံဂေါလီက ရယ်ကျဲကျဲ လုပ်ရင်း

"ကျွန်တော် သိပါတယ် အစ်ကိုရ၊ ဗီဒီယိုထဲမှာ ဒီလို ခဏခဏ ပြောနေကြတာပဲ၊ ကျွန်တော်က ဘဝကို လျှော့မတွက်နဲ့ ဆိုတာတောင် ထည့်ပြောဖို့ စဉ်းစားထားသေးတာ၊ တကယ် ပြောကာနီးကျမှ မေ့သွားလို့ ပါးစပ်ထဲတွေ့ရာ ပြောလိုက်တာ"

အောင်ငွေက နောင်စိုးဘက် လှည့်၍...

"မင်းကလည်း မင်းပဲ၊ လူတန်းစားတွေဘာတွေ လျှော့ ပြောခိုင်းတာကိုး၊ ဒါနဲ့ အခု အဆင်မပြေဘူးပေါ့ ဟုတ်လား သံဂေါလီ"

"ဘယ်ပြေမလဲ၊ အစ်ကိုတို့ ပြောသလို အလုပ်ကြိုးစားပြီး သူ့အလုပ်ကို ကူညီဖို့ ဝင်လုံးတာလည်း မရဘူး၊ အခေါက် ရေတာပဲ အဖတ်တင်တယ်၊ တော်သေးတယ်၊ ပန်းကန်နဲ့ မပေါက် ခြင်လို့၊ နို့မို့ဆို ထပ်တွဲရင် ကျွန်တော့်မှာ ပိုက်ဆံစုလို့ ဆုံးမှာမဟုတ် ဘော့ဘူး"

"ဒါက ဒီလိုရှိတယ်ကွ၊ တစ်ဦးမေတ္တာတစ်ဦးမှာဆိုတဲ့ စကားလိုပဲ၊ မေတ္တာဆိုတာ ရောင်ပြန်ဟပ်တတ်တယ်၊ ကိုယ့်ကို ဘယ်လောက် မုန်းနေတဲ့လူပဲဖြစ်ဖြစ်၊ ကိုယ်က မေတ္တာရှေ့ထားပြီး ဆက်ဆံသွားရင် တစ်နေ့ကျတော့ သူ့အမုန်းကို ကိုယ့်မေတ္တာက လွှမ်းခြုံသွားမှာပဲ၊ ဒါ...ငါ့ကိုယ်တွေ့ကွ"

နောင်စိုးက ခပ်ကြွားကြွားလေသံဖြင့် ပြောသည်။ သိန်းထွန်းက အဟွတ်ဆိုပြီး သီးသွားဟန် လုပ်လိုက်သည်။ သံဂေါလီ ကတော့ စိတ်ရှုပ်သလိုပုံစံဖြင့်...

"ခုချိန်ထိတော့ ပါးရိုက်မခံရသေးတာပဲ ကံကောင်းတယ်လို့ ဆိုရမလားပဲ"

"မပူပါနဲ့ကွာ၊ မင်းဆရာ ပါးအရိုက်မခံရသေးသမျှ ခင်းလည်း အရိုက်ခံရမှာ မဟုတ်ပါဘူး"

သိန်းထွန်းက ဝင်ပြောသဖြင့် နောင်စိုး တစ်ခွန်းဆဲပြီး...

"မင်းပါးစပ်ပုတ်ကြီးနဲ့ မဦးမချွတ်"

အောင်ငွေက ဟားသည်။

ထိုစဉ် လက်ဖက်ရည်ဆိုင်ပိုင်ရှင် ဦးလေးကြီးက သူတို့ကို လှမ်းမြင်ပြီး...


www.burmeseclassic.com

www.burmeseclassic.com

"ဟော့ကောင် သံဂေါလီ"

ဟု လှမ်းအော်သည်။

သံဂေါလီ ဆတ်ခနဲ ဖြစ်သွားပြီး...

"လာပြီ...လာပြီ" ဆိုပြီး ပြေးသွား၏။

ဦးလေးကြီးရှေ့မှာ သံဂေါလီ သွားရပ်သည်။

"မင်း အဲဒီဝိုင်းမှာ ဘာသွားလုပ်နေတာလဲ"

"ဟို...သူတို့က ခေါ်ပြီးမေးလို့"

"ဘာမေးတာလဲ"

သံဂေါလီမှာ လှည့်ပတ်ပြောဖို့ အချိန်မီ စဉ်းစားလို့မရ၊ ထို့ကြောင့်...

"ဟိုဟာပါ...အဲ...လူတန်းစားအကြောင်း"

"အမယ်၊ မင်းကများ ကြီးကြီးကျယ်ကျယ်၊ လူတန်းစားအကြောင်း ပြောရတယ်လို့၊ ဒီမှာ မင်းကို ငါ အလုပ်ချိန်အတွင်း စကားပြောတာ မကြိုက်ဘူးလို့ မှာထားတယ် မဟုတ်လား"

"ဟုတ်ကဲ့"

"ပြီးတော့ တက္ကသိုလ်ကျောင်းသားတွေနဲ့ ဝိုင်းဖွဲ့စကားပြောနေရအောင် မင်းကိုယ်မင်း ဘာကောင် မှတ်နေသလဲ"

သံဂေါလီ တစ်ခုခု ပြန်ပြောချင်သည်။ မပြောရဲသဖြင့် မျက်လုံးဖြင့်သာ တစ်ချက်လှန်ကြည့်ပြီး လှည့်ထွက်သည်။

"နေဦး...မင်းကို ငါ ပြောစရာ ရှိသေးတယ်"

သံဂေါလီ ခပ်စောင်းစောင်း ရပ်နေသည်။

"မင်း ဟိုမုန့်ဟင်းခါးဆိုင်က ကောင်မလေးကို သွားသွား





...ယ်ဆို"

"စတာမဟုတ်ပါဘူး၊ ကျွန်တော်က သူ့အလုပ်တွေကို ...နာနဲ့ ကူလုပ်ပေးမလို့"

လွတ်ခနဲ ပြောမိ၏။ မိနိုင်နှင့် ပတ်သက်လျှင် သူ ...ကားမှားတတ်သလား မသိ။ ဦးလေးကြီးက...

"ဘာကွ...ကိုယ့်ဆိုင်က အလုပ်နဲ့တောင် မအားတဲ့ကြားထဲ သူများကို သွားကူညီချင်သေးတယ် ဟုတ်လား၊ ဒီမှာ ...ကောင်၊ ရှုပ်ရှုပ်ယှက်ယှက် လုပ်မယ်တော့ စိတ်မကူးနဲ့နော်၊ ...နှိုးနှာချင်းတွေ မျက်နှာပျက်မခံနိုင်ဘူး၊ ကြားလား"

"ဟုတ်ကဲ့"

"သွား...လုပ်စရာရှိတာ သွားလုပ်"

သံဂေါလီ ထွက်လာရင်း မိနိုင်တို့ဆိုင်ဘက် လှမ်းကြည့်...ည်။ မိနိုင်က သူ အဆူခံနေရတာကို လှမ်းကြည့်ပြီး ကျေနပ်နေ...ရှ၏။ ကောင်းတယ်ဆိုသောပုံစံဖြင့် ပြုံးနေသည်။ သံဂေါလီ ...ချိမခံသာ ဖြစ်သွားပြီး အံကြိတ်လိုက်သည်။

"ဟိုကောင်တော့ အဆူခံနေရပြီကွ"

ဟု သိန်းထွန်းက သံဂေါလီတို့ဘက် လှမ်းကြည့်ရင်း ...သည်။ အောင်ငွေက နှောင်စိုးကို အပြစ်တင်သည်။

"မင်းကလည်း သိပ်ပြီးမြှောက်ပေးမနေနဲ့ဦး၊ သံဂေါလီ ...တဲ့ကောင်က သိပ်စဉ်းစားဆင်ခြင်တတ်တာ မဟုတ်ဘူး၊ တော် ...ာ ပြဿနာတွေ တက်နေဦးမယ်"

"ဒီကောင်က ငါ မမြှောက်ပေးလည်း သူ့ဟာသူ လှုပ်ရှင်


www.burmeseclassic.com

www.burmeseclassic.com

လုပ်မယ့်ကောင်မျိုးပါကွာ၊ အဲဒါ အသာထားဦး၊ မင်းတို့ကို ငါ ပြောစရာတစ်ခု ရှိတယ်ကွ"

"ဘာလဲ...ဟိုကိစ္စပဲ မဟုတ်လား"

"မင်းတို့ ငါ့ကို သေသေချာချာ ကြည့်စမ်း"

"ဘာလဲ...ငါတို့ကို စိတ်ညို့ပြီး လက်ဖက်ရည်ဖိုး ရှင်းခိုင်းမလို့လား"

"မဟုတ်ဘူးဟ၊ မင်းတို့ ငါ့ကို သေသေချာချာ လေ့လာပြီး ငါ့မှာ ဘာတွေ ချို့ယွင်းချက် ရှိတယ်ဆိုတာ ရှာခိုင်းမလို့"

သိန်းထွန်းက နောင်စိုး ထပေါက်ပြန်ပြီဆိုပြီး နှာခေါင်းရှုံ့သည်။ အောင်ငွေကတော့...

"ငါမြင်သမျှတော့ မင်းရဲ့ချို့ယွင်းချက်က နေရာတကာတိုင်းလိုလိုပဲ၊ ကောင်းကွက်ကလေးတစ်ခုလောက် ရှာစမ်းပါဆိုရင်သာ အတော် ကြိုးကြိုးစားစား နှိုက်နှိုက်ချွတ်ချွတ် ရှာရမှာ"

"မင်းကို အကူအညီတောင်းမှ ပိုဆိုးနေပြီ"

"နေစမ်းပါဦး၊ မင်းက ဘာတွေကြောင့်ပြီး ချို့ယွင်းချက် ရှာခိုင်းနေရတာလဲ"

"ဖြူဝင်းမွှတ်က ရှာခိုင်းလို့ကွ"

"ဘာ"

"ဟုတ်တယ်၊ သူက ပြောတယ်၊ သူများပြောမှ သိတာထက် ကိုယ့်ချို့ယွင်းချက်ကို ကိုယ့်ဘာသာ သိတာက ပိုကောင်းတယ်တဲ့ကွ"

"ထွတ်...အလုပ်ပိုတွေ၊ ဒါ သက်သက် မင်းကို ပညာပြ





...တာ၊ မင်းကလည်း သူပြောတိုင်း လိုက်လုပ်ရသလားဟ"

"ဒါတော့ ချစ်တာကိုးကွ"

သိန်းထွန်းက အမြင်ကတ်ဟန်ဖြင့်...

"ကဲ...ဟော့ကောင်၊ ချစ်တာက မင်းဘာသာ ချစ်တာ၊ ငါတို့နဲ့ မဆိုင်ဘူး၊ ဒီတော့ မင်းဘာသာပဲ အဖြေရအောင် ရှာပေတော့၊ ငါတို့တော့ အဆောင် ပြန်အိပ်တော့မယ်၊ ညက ဟိုဘက်ခန်းကကောင်တွေနဲ့ တစ်ဆယ်ကြေး ချက်စ်ထိုးတာ ညဉ့်နက်မှ အိပ်ရတယ်"

ပြောပြီး ထရပ်သည်။ အောင်ငွေကလည်း လိုက်ရပ်သည်။

"သူငယ်ချင်းကောင်း မပီသတဲ့ကောင်တွေ၊ သွားကြ...သွားကြ၊ ငါက လက်ဖက်ရည် တိုက်မလို့"

"မင်းတိုက်တာလည်း မသောက်ချင်ဘူး၊ တော်ကြာ အိပ်ချင်ပြေသွားမယ်"

အောင်ငွေကတော့ ပြန်ထိုင်ချင်သလိုလို ရှိ၏။ သို့ရာတွင် သိန်းထွန်းက လာဆိုပြီး ဆွဲခေါ်သဖြင့် ပါသွားရ၏။ နောင်စိုးက မျက်စောင်းခဲကြည့်ရင်း သက်ပြင်းမှုတ်ထုတ်သည်။

ဆေးပေါ့လိပ်တိုကို ကောက်ယူပြီး မီးညှိသည်။ အားပါးတရ ဖွာပြီး မီးခိုးငွေ့တွေ မှုတ်ထုတ်သည်။ ထိုစဉ်မှာ တစ်စုံတစ်ခုကို ဖျတ်ခနဲ သတိရလိုက်၏။

ဟိုတစ်ရက်က သူ့ဆေးလိပ်က မီးခိုးငွေ့တွေ ဖြူဝင်းမွှတ် မျက်နှာနား ဝေ့ဝဲသွားတုန်းက မနှစ်မြို့ဟန်ဖြင့် ...အုပ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ယပ်ထုတ်ပစ်ခဲ့တာလေ။ ဒါဆို...။

"ဟာ...ဟုတ်ပြီ"

ဟု ယောင်ပြီး ထအော်လိုက်သည်။ ဟိုဘက်ဝိုင်း
မိန်းကလေးတွေ လှည့်ကြည့်သည်။ နောင်စိုး ရှက်ကိုးရှက်ကန်း
ဖြစ်သွားပြီး ဆေးလိပ်တိုကို လွှင့်ပစ်၍ ထထွက်သွားသည်ကို
ကျောင်းသူများ ဝိုင်းရယ်သံ ကြားရသည်။

◈ ◈ ◈

ဝိဇ္ဇာဆောင် ဆင်ဝင်မှ လှေကားပေါ် တက်မည်အပြု
"မဖြူဝင်းမွှတ်"

ဟု ခေါ်သံကြားသဖြင့် လှည့်ကြည့်သည်။ နောင်စိုးသည်
နောက်မှခေါ်ရင်း သုတ်သီးသုတ်ပျာ လိုက်လာသည်။

ဖြူဝင်းမွှတ် ရပ်စောင့်နေလိုက်၏။

"ခဏနေပါဦး"

"ဘာဖြစ်လို့လဲ ကိုနောင်စိုး၊ ရေးကြီးသုတ်ပျာနဲ့"

"ကျွန်တော် ပြောစရာတစ်ခု ရှိလို့ပါ"

"ဘာပါလိမ့်"

"ကျွန်တော် ဆေးလိပ်ဖြတ်တော့မယ်"

"ဒါများ ကိုနောင်စိုးရယ်၊ နောက် ကြုံမှပြောလည်း





ရတာပဲဟာ၊ ခုတော့ မောကြီးပန်းကြီးနဲ့၊ တစ်ယောက်ယောက်က
ကျွန်မအသက်ကို လုပ်ကြံလိမ့်မယ်ဆိုတဲ့သတင်းရလို့ လာပြော
တာ ကျနေတာပဲ"

"မဟုတ်ဘူးလေ...ဒါက အရေးကြီးတယ်"

"အရေးကြီးတယ်"

"ဟုတ်တယ်လေ...မဖြူဝင်းမွှတ် သဘောမကျတဲ့ ကျွန်
တော့်ရဲ့ ချို့ယွင်းချက်ဆိုတာမှာ ဆေးလိပ်သောက်တဲ့ကိစ္စ မပါဘူး
လား"

ဖြူဝင်းမွှတ်က ပြုံး၍ ခေါင်းခါသည်။

"ယောကျ်ားလေး တော်တော်များများဟာ ဆေးလိပ်
သောက်ကြတာပါပဲ၊ ဒါ အဆန်းမဟုတ်ပါဘူး၊ ရုပ်ရှင်မင်းသား
တွေတောင် ဒုံးပျံလွှတ်နေသလား အောက်မေ့ရလောက်အောင်
သောက်နေကြသေးတာပဲလေ"

မျှော်လင့်ထားသလို ဖြစ်မလာသဖြင့် နောင်စိုး စိတ်အား
လျော့သွားသည်။ ဖြူဝင်းမွှတ်က ဆက်၍...

"ဘာပဲဖြစ်ဖြစ်လေ၊ ဆေးလိပ်ဖြတ်မယ်ဆိုရင်တော့ ချီး
ကျူးအားပေးပါတယ်၊ ကျန်းမာရေးအတွက် ကောင်းသွားတာပေါ့၊
မယုံရင် ကြည့်နေ၊ ကိုနောင်စိုး စားလို့သောက်လို့ ကောင်းပြီး
လာလိမ့်မယ်"

နောင်စိုး စိတ်မပါတပါဖြင့်...

"ကျေးဇူးပါပဲ"

"သွားဦးမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com


ဖြူဝင်းမွှတ် နှုတ်ဆက်ထွက်သွား၏။ နောင်စိုးသည် လှေကားထစ်ပေါ် ထိုင်ကျသွားသည်။ တကယ် ဆေးလိပ်ဖြတ် တာ မဖြစ်တာထက် ဖြူဝင်းမွှတ်ရှေ့မှာ ဆေးလိပ်သောက် မဖြစ်တော့တာကတော့ သေချာသွားပြီ။

◈ ◈ ◈





BURMESE CLASSIC

စိတ်ရှည်ရမည်။ ရင်းနှီးမှုရအောင် အရင်လုပ်ရမည်။ ဖြည်းဖြည်း အဆင်ပြေအောင် ကြိုးစားရမည်။ ဒါ ကိုနောင်စိုး ပြောတဲ့စကား။ သူတို့ပြောသလို လုပ်တာပဲ။ ဒါပေမယ့် ဘာမှ မထူးခြားသေး။ မိနိုင်ကလည်း နည်းနည်းလေးမှ မျက်နှာထား မပြောင်းခဲ့။ သူ စိတ်မရှည်နိုင်အောင် လာပြီ။ ထို့ကြောင့်...

သံဂေါလီသည် ရည်းစားစာတစ်စောင်ကို ရေးလေ သည်။ ကိုနောင်စိုးကတော့ သူရေးမယ် ပြောတာပဲ။ ဒါပေမယ့် ကို စောင့်နေလျှင် ကြာမည်။ ကိုယ့်ဟာကိုယ် ရေးတာပဲ ကောင်းသည်။

တကယ်တမ်း ရေးမယ်ကြတော့ ဘာရေးရမှန်းမသိ။ နင့်ကို ငါချစ်တယ် ဆိုတာလောက်သာ စိတ်ကူးလို့ရ၏။

သံဂေါလီသည် ကြမ်းပေါ်မှာ ဝမ်းလျားမှောက်ရင်း


www.burmeseclassic.com

www.burmeseclassic.com

စဉ်းစားသည်။ တစ်ခါတစ်ခါတော့ အတွေးထဲမှာ ခံစားမှုလေးတွေ ပေါ်လာသည်။ တကယ်ချရေးမယ်လုပ်တော့ စကားလုံးတွေက ဘယ်ပျောက်ကုန်တယ် မသိ။

အရေးထဲ ဟိုဘက်မှာ အိပ်ပျော်နေသော အဖျော်ဆရာ၏ ဟောက်သံကြီးက စိတ်ကူးကို အနှောင့်အယှက် ပေးနေသည်။ သူ စိတ်တိုပြီး လှည့်အကြည့် အဖျော်ဆရာ ခေါင်းအုံးဘေးမှာ မဂ္ဂဇင်းစာအုပ်တစ်အုပ် တွေ့သည်။

မဂ္ဂဇင်းကိုယူပြီး လျှောက်လှန်ကြည့်သည်။ ကြုံရာကျရာ စာမျက်နှာတွေကို ဖတ်ကြည့်သည်။ ပြီးတော့...

◈ ◈ ◈

"ကျွန်တော် ရေးထားတဲ့စာကို မြန်မြန်လေး ဖတ်ကြည့် ပေးစမ်းပါ အစ်ကိုရာ"

ဆိုပြီး စာရွက်ကို နှောင်စိုးလက်ထဲ ထိုးထည့်ပေးလိုက် သည်။

"ဟ...ဖြည်းဖြည်းပေါ့ကွ သံဂေါ်လီရ"

"အချိန်မရဘူး အစ်ကိုရ၊ ကျွန်တော်က ဦးလေးကြီးကို အိမ်သာ သွားဦးမယ်ပြောပြီး ထွက်လာခဲ့ရတာ"

"ငါတို့ ဒီမှာရှိမယ်လို့ မင်းက ဘယ်လိုလုပ် သိလဲ"





"ဟိုတစ်ခါ အစ်ကိုတို့နဲ့ ဆိုင်မှာဆုံတဲ့ အစ်ကိုတစ် ယောက် ရှိပါရောလား၊ သူနဲ့ သူ့ရည်းစားနဲ့ ဆိုင်မှာ လာထိုင်လို့ အစ်ကိုတို့ကို တွေ့လား မေးတော့ အာစီရှေ့မှာ တွေ့ခဲ့တယ် ပြောတာနဲ့ ပြေးလာခဲ့တာ"

"ငါတို့ ဆိုင်ကို လာဦးမှာပဲဟာကွာ၊ အဲဒီကျမှ ပြလည်း ရတာပဲ"

"ဆိုင်မှာက မလွတ်လပ်ဘူး၊ ဦးလေးကြီးက အမြဲချက်နေ တာ ပြီးတော့ ကျွန်တော်ကလည်း ကောင်းမကောင်း သိချင်လှ ကဲပါ...ဖတ်ကြည့်ပါ အစ်ကိုရာ"

နှောင်စိုးက စာကို ဖြန့်လိုက်သည်။ သိန်းထွန်းက...

"ငါတို့ပါ ကြားရအောင် ကျယ်ကျယ်ဖတ်ကွ"

ဟု ဆိုသည်။

နှောင်စိုးက အသံထွက် ဖတ်ပြသည်။

"သို့...ချစ်လှစွာသော မိနိုင်သို့
တစ်နေ့သဉ္ဇ ကျွန်ုပ်သည် စာရေးလိုက်ပါသည်"

အောင်ငွေ မျက်ခုံးပင့်လိုက်၏။ နှောင်စိုးက ဆက်ဖတ် သည်။

"မဲနယ်ဆိုးထားတဲ့ညမှာ
လမင်းဟာ သမုဒ္ဒရာကြမ်းပြင်မှာ
မီးလှုံနေလေရဲ့"

သိန်းထွန်း ပါးစပ်အဟောင်းသား ဖြစ်သွား၏။

"နင်ဟာ သိပ်မာနကြီးလွန်းတယ်


www.burmeseclassic.com

www.burmeseclassic.com

မာနကို ပြာချပစ်လိုက်ဟု

မှတ်ဆိတ်ဖြူ အဘိုးအိုက ပြောလိုက်လေ၏”

အောင်ငွေနှင့် သိန်းထွန်း တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး မျက်စပစ်သည်။

“နင့်ကို ငါချစ်တယ် မိနိုင်၊ တကယ်တော့ အချစ်ဆိုတာ ကိုနောင်စိုး ပြောတဲ့အတိုင်းပဲ”

နောင်စိုး စာဖတ်နေရာမှ မျက်လုံးပြူးသွားသည်။

“ငါ့နာမည်လည်း ပါတယ်ဟ” ဟု ပြောရင်း မော့ကြည့်သည်။ သံဂေါလီက ခပ်မိန့်မိန့် ပြုံးပြလိုက်၏။ ဆက်ဖတ်ပါ ဆိုသည့်သဘော ခေါင်းညိတ်ပြသည်။ နောင်စိုး ဆက်ဖတ်သည်။

“လူတန်းစား မခွဲခြားဘူးဆိုရင်တော့ ငါ့ကိုပြန်ချစ်ပါလို့ လေးစားစွာ တင်ပြလိုက်ရပေသည်။

အရာခပ်သိမ်းထက် သာလွန်သော ချောမွေ့မှုဖြင့် သံဂေါလီ”

နောင်စိုး၊ သိန်းထွန်းနှင့် အောင်ငွေတို့သည် တစ်ယောက်ကို တစ်ယောက် အဓိပ္ပါယ်ပါပါ ကြည့်လိုက်ကြ၏။ သူတို့မှာ သံဂေါလီ ရက်သွားမည်စိုး၍ ရယ်ချင်စိတ်ကို မနည်း ကျိတ်မှိတ်ထားရ၏။

သံဂေါလီက သိချင်ဇောဖြင့်...

“ဘယ်လိုလဲ အစ်ကို”

“အင်း...စာကတော့ တကယ့်မော်ဒန်ပါပဲ”

ဟု သိန်းထွန်း ရေရွတ်သည်။ အောင်ငွေက...





“နေစမ်းပါဦး၊ မင်းက ဒီစာကို ဘယ်ပုံဘယ်နည်းနဲ့ ရေးဂင် ဂ်တာလဲကွ”

“ဘယ်လိုရေးရမှန်း မသိလို့ မဂ္ဂဇင်းစာအုပ်ထဲက ကျွန်တော့ သဘောကျတဲ့စာတွေ ကူးထည့်ထားတာ”

“အင်း...ဖြစ်ရမယ်”

“မကောင်းလို့လား အစ်ကိုရ”

နောင်စိုး ပြောရခက်နေသည်။ သံဂေါလီ ကြိုးကြိုးစားစား အားထုတ်ထားတာလေးကို ပယ်ချဖို့ မသင့်တော်။ ထို့ကြောင့်

“ကောင်းတော့ ကောင်းပါတယ်ကွာ၊ ဒါပေမယ့် မင်းစာက သိပ်အဆင့်မြင့်နေတယ်၊ မိနိုင် နားလည်မှာ မဟုတ်ဘူး”

“ဟာ...ဟုတ်သားပဲ၊ ဒီတော့ သူနားလည်အောင် အစ်ကိုပဲ ပြင်ရေးပေးပါလားနော်”

“ဟိုက်...ငါက ပြင်ရေး...အေး အေး ကောင်းပါပြီကွာ ကောင်းပါပြီ”

“မင်း သူ့ကို ကူညီမယ်လို့ ပြောထားတာပဲကွ”

သိန်းထွန်းက ဝင်ပင့်သဖြင့်...

“မင်းတို့ပါ ဝိုင်းကူစဉ်းစားပေးပေါ့ကွ၊ ဒါမှ ပိုကောင်းမှာပေါ့”

“ဟုတ်တယ် ဟုတ်တယ်၊ အစ်ကိုတို့သုံးယောက် ပေါင်းပြီးတော့သာ ရေးပေးရင် အဲဒီစာကို မိနိုင်ဖတ်ပြီး ကျိန်းသေ ခိုက်သွားမှာပဲ၊ အစ်ကိုတို့မှာကျတော့ မဂ္ဂဇင်းတွေ၊ ဝတ္ထုစာအုပ်တွေလည်း အများကြီး ရှိတယ်မဟုတ်လား”


www.burmeseclassic.com

www.burmeseclassic.com

သံဂေါလီက အားတက်သရော ပြော၏။ နောင်စိုး... သုံးယောက်မှာ မသိမသာ ပခုံးတွန့်သူတွန့်၊ မျက်ခုံးပင့်သူ... ဖြစ်ကုန်ကြသည်။ သံဂေါလီကတော့ ထပ်ပြောသေးသည်။

"ဒီတစ်ခါ ရှည်းစားစာ ရေးရင် ဘောစ်ဘောပင် ဝယ်... ရမယ်၊ ခွေးတောင်မှ ဘောစ်နဲ့ရေးလို့ ခိုင်သင်းကြည်ရဲ့အချစ်... ရသွားတာ မဟုတ်လား၊ ကဲ...သွားမယ် အစ်ကို၊ နည်းနည်း... တောင် ကြာသွားပြီ"

ဟု ပြောပြီး လှစ်ခနဲ ပြေးထွက်သွား၏။ ထိုအခါကျ... သာ နောင်စိုးတို့ ရယ်နိုင်ကြတော့၏။

◈ ◈ ◈

မိနိုင် ဆိုင်သိမ်းပြီး ပစ္စည်းတွေ ခြင်းတောင်းထဲ ထည့်နေ... တုန်း အခေါ်က...

"မိနိုင်ရေ...မပြန်နဲ့ဦး၊ သီရိဆောင်က ကျောင်းသူတွေက မုန့်ဟင်းခါးသုပ် စားချင်လို့ ညနေ မုန့်ဖတ်ပိုရင် ပေးပါလို့ မှာထားတယ်၊ အဲဒါ သွားပို့လိုက်ဦး၊ ပိုက်ဆံတော့ ပေးသလောက် သာ ယူခဲ့၊ ပြီးမှပဲ အဲဒီကနေ လှည့်ပြန်တော့"

ဟု ဆိုသဖြင့် အဆောင်သို့ သွားရသည်။ ဟိုရောက် တော့ မှာထားတဲ့ ကျောင်းသူတွေ ရေချိုးနေသဖြင့် စောင့်နေရ





သေးသည်။

အဆောင်က ပြန်ထွက်လာတော့ ညနေတောင် အတော် စောင်းနေပြီ။ လူလည်း မရှိသလောက် ပါးသွားပြီ။ ထို့ကြောင့် ခပ်သုတ်သုတ် လျှောက်လာခဲ့၏။ ရွှေဘိုဆောင်နား ရောက်လျှင် သစ်ငုတ်တိုကို လှည့်မကြည့်မိဖို့ သတိထားရမည်ဟု တွေးလာ သည်။ ဂျပ်ဆင်စကြိုကို ဖြတ်အထွက်မှာပင် သူ အံ့ဩသွားရ၏။

သံဂေါလီ။ သို့ရာတွင် သူလာနေတာကို မသိ။ ဘယ်သိ ပါ့မလဲ။ သံဂေါလီက အုတ်တိုင်တစ်ခုကို မှီပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတာကိုး။

သေနာကောင် ပျင်း။ အလုပ်မလုပ်ချင်လို့ အပါးခိုပြီး ဒီမှာ လာအိပ်နေတာပဲဟု တွေးပြီး မဲ့ရွဲ့ကြည့်ရင်း ထွက်သွား သည်။

◈ ◈ ◈

"တော်တော်တော့ ရယ်စရာကောင်းတယ်ကွ၊ သံဂေါလီ ရေးတဲ့စာကို မိနိုင် နားမလည်မှာစိုးလို့ ငါတို့က ပြင်ရေးပေးရ တယ်ဆိုတော့ ဒီကောင့်စာကတောင် ငါတို့ထက် ပိုအဆင့်မြင့် သလို ဖြစ်နေပြီ"

သိန်းထွန်းက ရယ်ရင်း ပြောသည်။

"အေး...ခုလည်း ဘာဖြစ်လာဦးမလဲ မသိဘူး၊ ဒီကောင်


www.burmeseclassic.com

www.burmeseclassic.com

က အကြောင်းကြောင်းနဲ့၊ စာပဲ ပေးဖြစ်မလား၊ ပြဿနာ တက်လာမလား မသိဘူး"

နောင်စိုးက ဝင်ပြောရာ အောင်ငွေက...

"သူများ သွားပြောမနေနဲ့ဦး၊ မင်းကော ဘာထူးလို့ ဖြူဝင်းမွှတ်က ကိုယ့်ချို့ယွင်းချက်ကို ကိုယ့်ဘာသာရှာလို့ ထားတာ၊ ခုထိ မရသေးဘူး မဟုတ်လား"

"ငါလည်း အဲဒီကိစ္စ တော်တော် ဦးနှောက်ခြောက် တယ်ကွ၊ လူဆိုတာ ကိုယ့်ကိုယ်ကိုတော့ အကောင်းပဲ ထင်တာ ကြတာပဲ မဟုတ်လား"

"ဖြစ်နိုင်တာကတော့ သူပြောတဲ့ ချို့ယွင်းချက်ဆိုတာ မင်းကိုယ်မင်း သဘောမကျတဲ့အချက်ကို ဆိုလိုတာ မဟုတ်ဘူး သူ့ဘက်က မင်းအပေါ် မြင်တဲ့ ချို့ယွင်းချက်ကို ပြောတာနေမှာ ဒီတော့ မိန်းကလေးတွေ သဘောမကျတတ်တာ ဘာရှိသလဲ အဲဒါ စဉ်းစားကြည့်ပေါ့"

"အေးကွ...ဟုတ်တယ်၊ မိန်းကလေးတွေ သဘောမကျနိုင် တာ ဘာရှိသလဲ"

သိန်းထွန်းက အမြင်ကတ်လာသဖြင့်...

"မင်း မျက်နှာပြောင်တာ၊ အလိုက်ကန်းဆိုး မသိတာ ညစ်ပတ်တာ၊ အအိပ်ကြီးတာ၊ အပျင်းထူတာ၊ စာမေးပွဲ ခဏခဏ ကျတာ"

စသည်ဖြင့် နောင်စိုးအပြစ်တွေကို တန်းစီပြီး ပြောလိုက် ၏။ နောင်စိုးက စိတ်မဆိုးဘဲ...





"အေး...ဒါတွေလည်း ပြုပြင်ရမယ်"

ဟု ပြန်ပြောသည်။

"အလကားကွာ၊ ဟိုက နားပူသက်သာအောင်လို့ ပြီးပြီး ရော ပြောလိုက်တာ နေမှာပါ၊ ဒါကို မင်းက အဟုတ်မှတ်ပြီး အပင်ပန်းခံ လျှောက်စဉ်းစားနေတယ်"

နောင်စိုး တစ်ခုခု ပြန်ပြောမည်အပြု အောင်ငွေက...

"ဟေ့ကောင်တွေ၊ အဲဒါတွေက အရေးမကြီးဘူး၊ သံဂေါ လီ တစ်ယောက် ကြာလှချည်လားကွ၊ ပြဿနာ တက်နေပြီလား သိဘူး၊ ငါတို့ လိုက်ကြည့်ရင် ကောင်းမယ်"

"သူ ဘယ်နားမှာ စောင့်တတ်တယ်ဆိုတာ ငါသိတယ်"

"ဒါဆို လိုက်သွားကြည့်ရအောင်"

သူတို့ သံဂေါလီနောက်ကို လိုက်ကြသည်။ နောင်စိုးက..

"ဟောဒီနားတဝိုက်ပဲကွ၊ သူစောင့်တတ်တာ"

ဟု ပြောရင်း သံဂေါလီကို မြင်သဖြင့် ဟိုက်ခနဲ ဖြစ်သွားကြသည်။ သံဂေါလီက အုတ်တိုင်ကို မှီလျက် ခွေခွေ လေး လဲနေသည်။

"ဟာ...မိနိုင်က ဆော်သွားလို့ ဒီကောင် မေ့လဲနေပြီ"

"ဟုတ်မယ်...ကောင်မလေးက အတော် စိတ်ထက်တာ"

သူတို့သည် သံဂေါလီကို ပွေ့ထူကြပြီး...

"သံဂေါလီ...သံဂေါလီ"

အင်း...အဲ...ညည်းပြီး မျက်စိပွင့်လာ၏။

"ဟော...သတိရလာပြီ"



www.burmeseclassic.com

www.burmeseclassic.com


သံဂေါလီက သူတို့ကို မြင်တော့ လန့်သွားသည်[...] လူးလဲထရပ်ပြီး...

"မိနိုင်ကော...မိနိုင် ဘယ်ရောက်သွားလဲ"

"ဘယ်သိမလဲ၊ မီင်းကော ဘာဖြစ်နေတာလဲ"

သံဂေါလီ သူ့နဖူး သူရိုက်ပြီး...

"သေလိုက်ပါတော့ဗျာ၊ ညက စာကို လက်ရေးလှအော[...] ကူးနေရလို့ ညဥ့်နက်မှ အိပ်ရတယ်၊ ဒီနေ့မှ သူကလည်[း] တော်တော်နဲ့ မလာတာနဲ့ စောင့်ရင်း အိပ်ငိုက်လာပြီး မေ့[...] ပျော်သွားတာဗျ"

"မင်းကတော့ ဖြစ်ရမယ်၊ ရည်းစားစာပေးဖို့ စောင့်[...] တာများ အိပ်ပျော်သွားရတယ်လို့ကွာ"

"သိပ်ပင်ပန်းတော့လည်း မဟုနိနိုင်ဘဲ ဖြစ်သွားတာ[...] အစ်ကိုရာ၊ သွားပါပြီဗျာ၊ ကျွန်တော် အိပ်ပျော်နေတာ သူမြင်သွာ[း] ပြီ ထင်တယ်၊ ရှက်ဖို့ကောင်းလိုက်တာဗျာ၊ ကျွန်တော်က အိပ်[...] သွားရင် သွားရည်တွေ ကျတတ်တယ်ဗျ"

သံဂေါလီက ညည်းတွားလိုက်သည်။ သိန်းထွန်းက[...]

"အင်း...မင်းတို့ ဆရာတပည့်နှစ်ယောက်က ဖြစ်လိုက်[...] ကိုးရိုးကားရားကြီးပဲ"

ဟု အနောင့်အသွား မလွတ်သောစကားကို ဆိုသည်[...] နောင်စိုးက သိန်းထွန်းကို အသံတိတ် ဆဲလိုက်၏။

◈ ◈ ◈



နောင်စိုးကို တွေ့သောအခါ ဘုတ်ဆုံက "ကဲ...အဖော်[ရ]ပြီ မဟုတ်လား၊ ငါတို့ သွားတော့မယ်" ဆိုပြီး နယ်လီကို ခေါ်၍ ထွက်သွားသည်။ ဖြူဝင်းမွှတ်က "နင်တို့ သိမယ်" ဟု [လှ]မ်းကြိမ်းသည်။

နောင်စိုးက ထွက်သွားသော နယ်လီကို လှမ်းကြည့်ရင်း..

"ကျေးဇူးရှင်တွေပဲ"

"ဘာရယ်...ကိုနောင်စိုး"

"သူတို့ထွက်သွားတော့ ကျွန်တော် အနေရအထိုင်ရ ခက်တော့ဘူးပေါ့၊ ဒါကို ပြောတာပါ"

"သူတို့က လိုက်ချင်တာ မဟုတ်ဘူး၊ ကျွန်မက တစ်ယောက်ထဲ သွားရမှာ ပျင်းတယ်ဆိုပြီး အတင်းခေါ်လို့ လိုက်လာကြတာ၊ ခုတော့ ကောင်မတွေ လစ်ပြီလေ"

"မဖြူဝင်းမွှတ်က ဘယ်သွားမလို့လဲ"

"သိပ္ပံဆောင် အယ်လ်စီနှားက မြေကွက်လပ်မှာ


www.burmeseclassic.com

www.burmeseclassic.com

သဘော်ခမညိုးပင်တွေ ရှိတယ်ဆိုလို့ မျိုးယူချင်လို့”

“ဘာလုပ်ဖို့လဲ”

“အဲဒီအပင်က ဆီးချိုပျောက်တယ်ပြောလို့ အိမ်မှာ ထားချင်လို့၊ မေမေက ဆီးချိုရှိတယ်လေ၊ သြော်...ကိုနောင်စိုး ဘော်တနီကဆိုတော့ အဲဒီအပင်အကြောင်း သိမှာပေါ့”

“သိပါတယ်၊ ဆေးဖက်ဝင်မဝင်တော့ မသိဘူး၊ သ မညိုးပင်ကို ရုက္ခဗေဒ အခေါ်အားဖြင့် ဗင်ကာရိစီယာ ခေါ်တယ်၊ သူ့အပွင့်က ကြွေသွားပြီးရင် အသီးရှည်ရှည် ကျန်ခဲ့တယ်၊ အဲဒီအသီးထဲမှာ အစေ့လေးတွေ အများကြီးပါ မဖြူဝင်းမွှတ် အပင်ပေါက် မရှိလို့ ယူသွားရခက်ရင် ရင့်မှည့် အသီးတွေ ယူသွားပြီး အစေ့ကို ပျိုးလို့ရတယ်”

“ကိုနောင်စိုးက မဆိုးဘူး၊ ကျောင်းစာတွေ တော် မှတ်မိသားပဲ”

ဖြူဝင်းမွှတ်က ချီးကျူးသဖြင့် နောင်စိုး ပျော်သွားသည် အမှန်မှာ တိုက်တိုက်ဆိုင်ဆိုင် ကံကောင်းသွားခြင်း ဖြစ် မနေ့က ကျောင်းသူတချို့ အတန်းထဲကို သဘော်မညိုးပွင့်က တွေ ယူလာသည်။ ဆရာမကြီးက တွေ့သွားသဖြင့် ထိုအ အကြောင်း ကြုံတုန်း ရှင်းပြသွားတာ မှတ်မိနေခဲ့ခြင်း ဖြစ်လေ၏။

အဓိပတိလမ်းကို ဖြတ်ကူးပြီး သိပ္ပံဆောင်ဘက် သွား လမ်းအတိုင်း လျှောက်ခဲ့ကြသည်။ နောင်စိုးက လမ်းဘေး ရေတမာပင်ကို ညွှန်ပြပြီး...





“ဒီရေတမာပင်ကို မှတ်မိလားဟင်”

“မှတ်မိတာပေါ့၊ ကိုနောင်စိုးရဲ့ မိတ်ဆွေကြီးလေ၊ စဉ်းစား ခုထိတောင် ရယ်ချင်သေးတယ်၊ ရေတမာပင်ကို မမြင်ဘဲ ိုက်မိလောက်အောင် ငေးတတ်တာတော့ မကောင်းပါဘူး”

ဖြူဝင်းမွှတ်က ရယ်ရင်း ပြောသည်။ နောင်စိုးက...

“ရေတမာပင်မှ မဟုတ်ဘူး၊ အဲဒီအချိန်တုန်းက ရှေ့မှာ တိုက်နာကားကြီး လာနေရင်လည်း မမြင်ဘဲ ဝင်တိုက်မိမှာပဲ၊ ချိန်းကလေးက အဲဒီလောက်တောင် ဆွဲဆောင်မှု ရှိပါတယ်”

“အမြှောက်ကြိုက်တတ်တဲ့သူဆိုရင် ပီတိဖြစ်စရာပဲ”

ဖြတ်ကျော်လာသော ရေတမာပင်ကို စောင်းငဲ့ကြည့်ရင်း ာင်စိုးက...

“ကျွန်တော်လေ မဖြူဝင်းမွှတ်ရဲ့ တုံ့ပြန်မှုကို စောင့်စားရ ရင်မောလွန်းလို့ တစ်ခါတစ်ခါ အဲဒီရေတမာပင်ကို ခေါင်းနဲ့ ဆောင့်လိုက်ချင်စိတ်တောင် ပေါက်လာမိတယ်”

မချင့်မရဲ လေသံဖြင့် ပြောသည်။ ဖြူဝင်းမွှတ်က ပြီး...

“အဲဒီအခါကျတော့လည်း အရက်မသောက်ရဘဲနဲ့ မူး းတာပေါ့”

နောင်စိုး မျက်မှောင်ကုတ်လိုက်သည်။ တစ်စုံတစ်ရာ တွေးပေါက်သွားဟန်ဖြင့် ဆတ်ခနဲ လှည့်ကြည့်ပြီး...

“ဟာ...ကျွန်တော် တစ်ခု စဉ်းစားမိပြီ”

နောင်စိုးသည် ခုလို ရုတ်တရက် ထကြောင်တတ်


www.burmeseclassic.com

www.burmeseclassic.com


ကြောင်း သိထားပြီးဖြစ်၍ ဖြူဝင်းမွှတ်အဖို့ မထူးခြားတော့ ဘာပါလိမ့်ဟူ၍သာ စကားထောက်ပေးလိုက်သည်။

"ကျွန်တော် တစ်ခါတစ်လေ အရက်နည်းနည်းပါးပါး သောက်တတ်ပါတယ်၊ သူငယ်ချင်းတွေနဲ့ ဆုံတဲ့အခါမျိုးပေါ့ တစ်ခွက်တစ်လေပါ"

"ဟုတ်လား...ကျွန်မက ကိုနောင်စိုး မသောက်တတ်ဘူးလို့ အောင်းမေ့နေတာ"

ထင်ကြေး မကိုက်သဖြင့် နောင်စိုး အောင့်သက်သက် ဖြစ်သွားရ၏။ ဖြူဝင်းမွှတ် ပြောခဲ့တဲ့ သူ့ရဲ့ချို့ယွင်းချက်ဆိုတာ ဒါများ ဖြစ်မလားဟု တွေးမိပြီး မေးကြည့်လိုက်ခြင်း ဖြစ်၏။ မဟုတ်ပြန်ဘူးတဲ့။

"ဘာပဲဖြစ်ဖြစ်လေ၊ ကျွန်တော် နောက်ကို အရက် မသောက်တော့ဘူးလို့ ကတိပေးပါတယ်"

မတောင်းသောကတိကို သူ့ဘာသာ အတင်းပေးပစ်လိုက်၏။ ဖြူဝင်းမွှတ်က ခေါင်းညိတ်ပြီး...

"ကောင်းပါတယ်၊ အရက်ဟာလည်း ကျန်းမာရေးနဲ့ ရန်သူပဲ မဟုတ်လား၊ အင်း...ကျွန်မဖေဖေကတော့ ခုထိ ညနေတိုင်း ဘရန်ဒီ သုံးလေးပက်လောက် သောက်တတ်တုန်းပဲ"

ရှေ့ကို ငေးကြည့်ရင်း ပြောသည်။ နောင်စိုးက မသိမသာ သက်ပြင်းချလိုက်၏။

◈ ◈ ◈



သံဂေါလီက ဆွဲဆုတ်ဖြဲထားသော စာရွက်အပိုင်းအစ လေးများကို နောင်စိုး၏လက်ထဲသို့ ထည့်ပေးလိုက်၏။

"ဘယ်လိုဖြစ်တာလဲကွ"

နောင်စိုးက မေးတော့...

"ကျွန်တော်လည်း စာကို အတင်းပေးတာပဲ အစ်ကိုရ၊ တ လုံးဝမယူဘူး၊ တစ်ချိန်လုံး အော်ထုတ်နေတာပဲ၊ ဒီနေ့ တ ခြင်းတောင်းတစ်ဖက် ပီနန်အိတ်တစ်ဖက် ဆွဲလာတာကိုး၊ တ်မအားလို့ ယူလို့မရဘူးလေ၊ ဒါနဲ့ စာကို ခြင်းတောင်းထဲ တင်းထည့်ပေးလိုက်တော့ ခြင်းတောင်းကို ချ၊ စာကို အစိတ် အမွှာမွှာ ဆုတ်ဖြဲပြီး လွှင့်ပစ်၊ ပြီးတော့ ဆောင့်ဆောင့် ောင့်အောင့်နဲ့ ထွက်သွားတော့တာပဲ၊ ကျွန်တော်လည်း စာရွက် တွေ ကောက်ပြီး ပြန်လာခဲ့တာ၊ ကျွန်တော် သတိလစ်သွား ယ်ဗျာ၊ စာတစ်စောင် အပိုထပ်ကူးပြီး ယူသွားရ ကောင်းသား"


www.burmeseclassic.com

www.burmeseclassic.com


နှောင်စိုးက ခေါင်းတညိတ်ညိတ် လုပ်ရင်း နားထောင်နေသည်။ စကားဆုံးတော့ လက်ထဲက စာရွက်အပိုင်းအစများကို လွှင့်ပစ်မည်ပြုသည်။ ပြီးမှ သံဂေါလီကို တစ်ချက်ကြည့်ပြီး လွယ်အိတ်ထဲ ထည့်ထားလိုက်၏။ သံဂေါလီကတော့ စိတ်ဓါတ်ကျနေဟန် ရှိသည်။ မျက်နှာသုန်သုန်မှုန်မှုန် ဖြစ်နေ၏။

နှောင်စိုးက သံဂေါလီကို အကဲခတ်ကြည့်လိုက်ပြီး—

"ဒီအတိုင်းဆိုရင် မဖြစ်ဘူး၊ ပုံစံတစ်မျိုး ပြောင်းရမယ်"

"မင်း ဘာထွင်ဦးမလို့လဲ"

ဟု အောင်ငွေက ငေါ့တော့တော့လေသံဖြင့် မေးသည်။

"ဒီလိုကွ...မိနိုင်က ဒီကောင့်ကို တောသားဆိုပြီး အထင်သေးနေတာကိုး၊ ဘာပဲဖြစ်ဖြစ် လူဆိုတာ အဟိတ်အဟန့်လေး ရှိရင် လေးစားလာတတ်ကြတယ် မဟုတ်လား၊ ဒီတော့ ဒီကောင့်ကို ငါတို့ဆီမှာရှိတဲ့ အဝတ်အစားကောင်းကောင်းလေးတွေကို ဆင်ပေးရမယ်၊ ဟေ့ကောင်...အောင်ငွေ၊ မင်းဆီမှာ ပါတိတ်ရှပ် ရှိတယ်မဟုတ်လား"

"ဟာ...ဒီတစ်ထည်ထဲ ရှိတာပါကွာ၊ မလုပ်ပါနဲ့"

"တစ်ရက်ထဲ ငှားဖို့ပြောတာပါကွ၊ မိနိုင်ကို စာလိုက်ပေးတဲ့ အချိန်လေးလောက်ပါပဲ၊ ငါ့မှာ ပိုးတွဲလုံချည်တစ်ထည် ရှိတယ်၊ အဲ...ဘောင်းဘီရရင် ကောင်းမယ်ကွာ၊ သိန်းထွန်းဆီမှာတော့ ရှိနိုင်တယ်"

"ဟာ...ဘောင်းဘီတော့ ကျွန်တော် မဝတ်ချင်ဘူး၊ အိုက်တယ်ဗျ၊ ပြီးတော့ လမ်းလျှောက်လို့လည်း မလွယ်ဘူး"



သံဂေါလီက ပြောသည်။ ထိုစဉ် နောက်ကျနေသော သိန်းထွန်း ရောက်လာသည်။

"ချက်စ် ထိုးနေလို့ကွ၊ နောက်ဆုံးပွဲက အကြိတ်အနယ်ဆိုတော့ နည်းနည်းကြာသွားတယ်၊ ဘယ်လိုလဲဟေ့ အခြေအနေ"

နှောင်စိုးက စာဆုတ်ဖြဲခံရသည့်အကြောင်းနှင့် ရှေ့အစီအစဉ်ကို ပြောပြသည်။

"ကောင်းတယ်ကွ၊ အဲ...တစ်ခုတော့ ရှိတယ်၊ သံဂေါလီက ပါတိတ်ရှပ်နဲ့ သိပ်မလိုက်ဘူးကွ၊ ငါ့ဆီမှာ စပို့ရှပ်တစ်ထည် ရှိတယ်၊ ဒီကောင်နဲ့ဆို လိုက်မယ်ကွ"

"ဟုတ်မှလည်း လုပ်ကြပါကွာ"

ဟု အောင်ငွေက ဝင်ပြောသည်။ နှောင်စိုးက...

"ဒီမှာကွ အောင်ငွေရ၊ မိန်းကလေးဆိုတာ အဝတ်အစား ကြိုက်တတ်ကြတာပဲ၊ ကိုယ်တိုင် မဝတ်နိုင်ရင်တောင် ဝတ်နိုင်တဲ့ သူကို အထင်ကြီးတတ်ကြတယ် မဟုတ်လား၊ ပြီးတော့ ဒီကောင် သံဂေါလီကို သေသေချာချာ ကြည့်စမ်း၊ စုတ်တီးစုတ်ဖတ်ဆိုတော့ သူ့ရုပ်က မထွက်ဘဲ ဖြစ်နေတာ၊ သားသားနားနား ဝတ်စားလိုက်ရင် အထက်ရက်ရှင်ရှိတဲ့ ရုပ်မျိုးကွ"

သံဂေါလီက သူ့ကိုယ်သူ ကြည့်သည်။ ပြန်မော့ပြီး ပြုံးဖြီး လုပ်ပြလိုက်၏။

◈ ◈ ◈


www.burmeseclassic.com

www.burmeseclassic.com



နောင်စိုးသည် ဖြူဝင်းမွှတ်နှင့် ခပ်ခွာခွာ ထိုင်နေသည် တိုင် စိတ်မလုံမလဲ ဖြစ်နေ၏။ ဟိုဘက်ကို နည်းနည်း ဘ လိုက်ပြန်သည်။ ဒါနဲ့တောင် စိတ်ချလက်ချ မဖြစ်သေး သူ့အင်္ကျီချိုင်းကြားကို မသိမသာဆွဲပြီး နမ်းကြည့်မိသေးသည် ဖြူဝင်းမွှတ်က လှည့်ကြည့်သောအခါ လက်ကို အမြန်ချလိုက် ရှက်ကိုးရှက်ကန်း ဖြစ်သွား၏။ ဟီးခနဲ ရယ်လိုက်ပြီး...

"ကျွန်တော့်ကိုယ်က ချွေးစော်များ နံနေသလားလို့"

ဖြူဝင်းမွှတ်က ဘုမသိဘမသိ အနံ့ခံသလို လုပ်ပြီး

"ဘာဖြစ်လို့လဲ"

"ဟဲဟဲ...လျှော်ထားတဲ့အင်္ကျီတွေက မခြောက်သေး ဝတ်ပြီးသားကို ပြန်ဝတ်လာတာ၊ အဲဒါ မဖြူဝင်းမွှတ် အနှော အယှက်များ ဖြစ်နေမလားလို့"

ဖြူဝင်းမွှတ်က ရယ်လိုက်သည်။





"ကိုနောင်စိုးကလည်း ကြဲကြဲဖန်ဖန် စိုးရိမ်တတ်တာကိုး"

"တချို့က ချိုင်းချွေးနံ့ နံ့တာတို့ဘာတို့ မခံနိုင်ဘူးလေ၊ င်းမွှတ်လည်း..."

"ဒီမှာ ကိုနောင်စိုးရဲ့၊ ဆယ့်ကိုးရာစုနှစ်တုန်းက အမေရိ တောင်ပိုင်းက မိန်းကလေးတွေဟာ ယောကျ်ားလေးဆိုရင် ချွေးနံ့၊ သားရေနံ့၊ ဆေးပြင်းလိပ်နံ့ ထွက်နေမှ သဘောကျကြ င်တဲ့၊ ယောကျ်ားပီသလို့ဆိုပဲ"

နောင်စိုး ခေါင်းညိတ်သည်။ သူ့မှာ မြင်းလည်း မရှိ၊ ပြင်းလိပ်လည်း မသောက်တတ်၊ သားရေလက်အိတ်တို့ တို့လည်း မရှိသဖြင့် အားငယ်မိသလိုတောင် ဖြစ်သွားရ၏။ င်းမွှတ်က ဆက်၍...

"မေမေကလည်း ပြောဖူးတယ်၊ မိန်းမတွေရယ်၊ သွား ဝန်တွေရယ်ဟာ အနံ့အသက်နဲ့ ပတ်သက်ရင် သည်းခံ ရမယ်တဲ့၊ ညဘက်ဆိုရင် ဖေဖေ့ပါးစပ်က အရက်နံ့ ထွက် တတ်တာကိုး"

အရက်မသောက်တော့ပါဘူးလို့ ကတိပေးခဲ့မိတာတောင် လား မသိဘူးဟု တွေးရင်း...

"ကျွန်တော် ဒီနေ့ ရေတော့ ချိုးလာခဲ့ပါတယ်"

"အမလေး...ဒီလောက်ချမ်းတဲ့အချိန်ကြီးမှာ မနက်စော ရေချိုးရဲတဲ့သတ္တိကို ချီးကျူးပါတယ်၊ ကျွန်မတော့ မချိုးရဲဘူး"

နောင်စိုး ယောင်ပြီး နှာခေါင်းရှုံ့မိမလိုတောင် ဖြစ်သွား သို့ရာတွင် ဖြူဝင်းမွှတ်သည် ကျောင်းကို မြင်းစီးလာခြင်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ ကိုယ်ပိုင်ကားနှင့် လာခြင်းသာ ဖြစ်၏။ ပြီးတော့ သူ့ဆီက ပျံ့လွင့်လာသော ကိုယ်သင်းနံ့ကလည်း ကမ္ဘာကျော် တန်ဖိုးကြီးရေမွှေးတွေရဲ့အနံ့နဲ့ တထပ်တည်းပဲ။

◈ ◈ ◈





စပို့ရှပ်က ဖေဒါရောင် ဖြစ်၏။ ကော်လံအနက် လက်များ အနားပတ်လည်တလျောက် ရွှေချည်ထိုး လိုင်းစင်းကလေးပါသည်။ ပုဆိုးက ပိုးတွဲနက်ပြာပေါ်မှာ မိုးပြာနှင့်အဝါကို ဖောက်ပြီး အကွက်ဖော်ထားသည်။

သံဂေါ်လီသည် အဝတ်အစားအသစ်များ ဝတ်ရသောကြောင့် လည်းကောင်း၊ နောင်စိုးတို့က ဝိုင်းကြည့်နေသောကြောင့် လည်းကောင်း မနေတတ်မထိုင်တတ် ဖြစ်နေ၏။

"တွေ့တယ်မဟုတ်လား၊ ငါပြောတာ မမှန်ဘူးလား"

ဟု နောင်စိုးက ပြောလိုက်သည်။ သိန်းထွန်းက...

"အေးကွ...ဟုတ်တယ်၊ ကြည့်စမ်း၊ ဒီကောင်က ပိုပြီး တော့တောင် လာဘ်မြင်သေးတယ်၊ ငါတို့က မေ့ပြီး မပြောမိပေမယ့် ဆံပင်ပါ ညှပ်လာခဲ့တယ်၊ ပိုပြီး သားနားသွားတာပေါ့၊ ဒီပုံစံအတိုင်းဆိုရင် သူဌေးသား တက္ကသိုလ်ကျောင်းသားလို့



www.burmeseclassic.com

www.burmeseclassic.com

ပြောရင်တောင် ယုံလောက်တယ်"

"ဟာဗျာ...ဒီလောက်တော့ မဟုတ်ပါဘူး"

ဟု သံဂေါလီ ရှက်ပြုံးဖြင့် ပြော၏။ တကယ်တော့ သိန်းထွန်းပြောတာ မှန်သည်။ သံဂေါလီမှာ အသားလတ်လတ် မျက်လုံးမျက်ဖန်ကောင်းသူ ဖြစ်သောကြောင့် သပ်သပ်ရပ်ရပ် ဝတ်စားထားလိုက်သောအခါ အတော်ကြည့်ကောင်းအောင် ရု ထွက်လာလေသည်။ ပုဆိုးဝတ်ပုံ အချိုးသိပ်မကျသေးတာတစ်ခု ပြောစရာရှိ၏။

နောင်စိုးတို့သုံးယောက်သည် ဖက်ရှင်ဒီဇိုင်းဆရာတွေ မော်ဒယ်လ်တစ်ယောက်ကို ဝိုင်းကြည့်သလို ရှုထောင့်အမျိုးမျိုး ကြည့်ကြ၏။ သံဂေါလီက ရှိုးတိုးရှန့်တန့် ဖြစ်နေ၏။ အောင်ငွေ သည် ရေ့တည့်တည့်မှာ ရပ်ပြီး သံဂေါလီကို ခြေဆုံးခေါင်းဆုံး ကြည့်နေရာမှ...

"ဟာ...ဖိနပ် ဖိနပ်၊ ကြည့်ပါဦးကွ"

ဟု အော်သည်။ သူတို့ သတိလစ်သွားသော အချက် တစ်ချက်ကို တွေ့ရ၏။ သံဂေါလီသည် ရာဘာဖိနပ်မြီးတိုကို စီးထားသည်။ နောင်စိုးက "အေး...ဟုတ်သားပဲ၊ မေ့သွားတယ်" ဆိုပြီး သူ့ဖိနပ်ကို ငုံ့ကြည့်သည်။ ပြီးတော့ သိန်းထွန်းခြေထောက် ကို ကြည့်၏။ နောက်တော့ အောင်ငွေ။

"အောင်ငွေ...မင်းဖိနပ်ချွတ်"

"ဟာ...ဘာလဲကွ"

"သံဂေါလီနဲ့မင်းနဲ့ ခြေထောက်အရွယ်ချင်း တူတ





လောက်ပဲ၊ ပြီးတော့ အားလုံးထဲမှာ မင်းဖိနပ်က အကောင်းဆုံးပဲ၊ ကော ငုံ့ကို ခဏငှားလိုက်"

"ဟာ...ဝယ်ထားတာ တစ်ပတ်လောက်ပဲ ရှိသေးတယ်"

"အဲဒါကြောင့် ဒါကောင်းတယ်လို့ ပြောတာပေါ့ကွ၊ ...ချွတ်ပေးလိုက်၊ သူ့ဖိနပ်ကို မင်း ခဏစီးထား"

အောင်ငွေက ရှုံ့ရှုံ့မဲ့မဲ့နှင့် ချွတ်ပေးလိုက်သည်။

သံဂေါလီနှင့် ဖိနပ်ချင်း လဲစီးလိုက်၏။

"ကဲ...အားလုံး အိုကေပဲ၊ သွားပေတော့၊ အောင်မြင်ပါ စေ"

နောင်စိုးက သံဂေါလီ၏ပခုံးကို ပုတ်ရင်း ပြောလိုက် သည်။

"ကျွန်တော် သွားမယ် အစ်ကို"

သံဂေါလီက နှုတ်ဆက်ပြီး ထွက်သွားသည်။

◈ ◈ ◈

သံဂေါလီသည် ပုဆိုးတိုတို ဝတ်လေ့ရှိသူ ဖြစ်၏။ နောင်စိုးက ဒီလိုပုဆိုးမျိုးက ရှည်ရှည်ဝတ်မှ စတိုင်ကျတယ်ကွဟု ဆိုသဖြင့် ခြေမျက်စိဖုံးအောင် ဝတ်ခဲ့ရသည်။ ပြီးတော့ သူဝတ်နေ ကျက ချည်ကြမ်းလုံချည်။ ဒါကြီးကကျတော့ ပိုးတွဲဖြစ်သဖြင့်


www.burmeseclassic.com

www.burmeseclassic.com



ချော်ချွတ်ချွတ်နိုင်သည်။

ထို့ကြောင့် လမ်းလျှောက်ရတာ အဆင်မပြေ။ သူ

လမ်းမြန်မြန်လျှောက်တတ်သူ ဖြစ်သောကြောင့် ပုဆိုးက ခြေ

ခဏ လျှောလျှောကျသည်။ ပြင်ပြင်ဝတ်နေရ၏။

ထိန်းပြီး လျှောက်နေရသောကြောင့် ခါတိုင်းလိုတော

ကြိုပြီးမစောင့်နိုင်။ သူလည်း ဂျပ်စင်နားအရောက် မိနိုင်

စကြိုတလျှောက် ပေသုံးဆယ်လောက် ရှေ့က ကျောမိနေပြီ

သူ ခပ်သွက်သွက် လျှောက်ရသည်။ မိလုမီခင်မှာ

"မိနိုင်"

ဟု ခေါ်သည်။ မိနိုင်က လှည့်ကြည့်သည်။ အံ့သြသွာ

ရ၏။ အစကတော့ ကျောင်းသားတစ်ယောက်ယောက် ထင်

တာ။ သံဂေါ်လီမှန်း သိတော့ မျက်နှာတင်းသွားသည်။ သံဂေါ်

က မိနိုင်နှင့် ဘေးချင်းယှဉ်မိရန် ခြေလှမ်းကို မြန်လိုက်

ပုဆိုးစကို တက်နင်းမိပြီး လျှောခနဲ ကျွတ်ကျ၏။ အမြန်ဖမ်း

ထားလိုက်ရသည်။ မိနိုင်က တစ်ဖက်ကို ချာကနဲ လှည့်သွား

သံဂေါ်လီက ပုဆိုးကို ပြင်ဝတ်ရင်း...

"မိနိုင်...ဟဲဟဲ"

ဟု ရယ်သည်။ ပြီးတော့ သူ့အင်္ကျီကော်လာကို နေသာ

မကျဘူး ထင်သဖြင့် ပြင်သည်။ ခါးနေရာကို ဆွဲဆန့်သည်

"ဟဲဟဲ မိနိုင်"

"ဒါက ဘာဖြစ်နေတာလဲ"

ပုဆိုးက လျှောကျလာပြန်သည်။ ဒီတစ်ခါတော့ ပုဆိုး





ခပ်တိုတိုပဲ ဝတ်လိုက်တော့သည်။ မတတ်နိုင်တော့။

"ခဏနေပါဦးဟာ"

သံဂေါ်လီက ပြောသည်။ မိနိုင်က...

"သူများဟာတွေ ငှားဝတ်လာတာ မရှက်ဘူးလား"

သံဂေါ်လီ တွန့်ခနဲ ဖြစ်သွားသည်။ ပြီးမှ...

"မဟုတ်ပါဘူးဟာ၊ နင်များ ဟိုဒင်း ဖြစ်မလားလို့"

"ဘယ်ဒင်းမှ မဖြစ်ဘူး၊ မျက်ခွက် ပိုပြောင်လာတာပဲ ရှိတယ်"

"နင်ကလည်းဟာ"

"လိုက်မနှောင့်ယှက်နဲ့၊ သွားမယ်"

"နေပါဦး"

သံဂေါ်လီက ရှေ့က ပိတ်ရပ်ပြီး ကာထားလိုက်သည်။

"ဖယ်ပေးနော် နင်"

"ဖယ်ပါ့မယ်၊ ဒီ...ဒီစာလေးတော့ ယူသွားပါနော်"

စာကို အင်္ကျီအိတ်ထဲက ထုတ်ပြီးပေးသည်။ မိနိုင်က မယူသည့်အပြင်...

"ဟိုနေ့က ဆွဲဆုတ်ပစ်တာ မမှတ်သေးဘူးလား၊ ဒီတစ်ခါဆို မီးရှို့ပစ်မှာနော်"

"ယူသွားပါဟာ၊ လက်ရေးလည်း လှအောင် ရေးထားပါတယ်၊ နင် ဖတ်ပြီးရင် သဘောကျမှာပါ"

"ဘာ...ရာရာစစ၊ ဘာလို့ သဘောကျရမှာလဲ၊ ကဲ...ဖယ် မလား မဖယ်ဘူးလား"

www.burmeseclassic.com



သံဂေါလီ ပေပြီးရပ်နေသည်။ မိနိုင်က တွန်းဖယ်ပြီး ထွက်သည်။ သံဂေါလီ မိနိုင်လက်ကို ဖမ်းဆွဲထားလိုက်ပြီး—

"နေပါဦးဟာ"

မိနိုင် လက်ကိုရုန်းရင်း...

"နင် ငါ့လက်ကို လွှတ်နော်"

"စာကိုယူမှ လွှတ်မယ်"

"ပြောနေတာ မရဘူးလား"

"စာကို မယူဘူးဆိုရင် မလွှတ်နိုင်ဘူး"

"ဒါဆိုလည်း ပြီးရော"

ဆိုပြီး လက်ထဲက ခြင်းတောင်းကို မြေပေါ်ချသည်။ သံဂေါလီက ပြုံးပြီး စာကို လှမ်းအပေး မိနိုင်က စာကို လက်နှင့် ပုတ်ချပြီးနောက် သံဂေါလီ၏ပါးကို အားကုန်ရိုက်ချလိုက်၏။ သံဂေါလီ လည်ထွက်သွားသည်။ ပါးကို ပွတ်ရင်း—

"နင်...နင် ရက်စက်လှချည်လားဟင်"

မိနိုင်က ခြေတစ်လှမ်း တိုးပြီး...

"အဲဒီတော့ နင်က ဘာလုပ်ချင်လို့လဲ"

"နင့်ကို ငါ ဒီနေရာမှာ တစ်စစီ ဆွဲဖြဲပြီး အသေသတ်ပစ်လို့ ရတယ်၊ ဒါပေမယ့် ငါ နင့်ကို လေနဲ့တောင် မမှတ်ရက်ပါဘူးဟာ"

သံဂေါလီ မျက်ရည်ဝဲချင်လာသည်။ ဒါကိုတော့ မိနိုင် မမြင်စေချင်။ ထို့ကြောင့် တစ်ချက်စိုက်ကြည့်ပြီး ချာကနဲ လှည့်ထွက်သွား၏။



မိနိုင်သည် တွေ၍ရပ်ရင်း ကျန်ခဲ့သည်။ မြေပေါ်ကျနေသော စာအိတ်ကလေးကို ငုံ့ကြည့်သည်။ ပြီးတော့ ခြင်းတောင်းကို ကောက်ကိုင်ပြီး ထွက်သွား၏။

◈ ◈ ◈

ခေါင်းငိုက်စိုက်ချပြီး လျှောက်လာသော သံဂေါလီကို မြင်ကတည်းက အခြေအနေ မကောင်းမှန်း သိလိုက်ကြပြီ။ သံဂေါလီ အနားကိုရောက်လာတော့ နောင်စိုးက ဆီး၍မေးသည်။

"ဘယ်လိုလဲကွ"

သံဂေါလီက ဘာမှပြန်မပြော။ ခပ်တွေတွေ ရပ်နေပြီးမှ စပို့ရှပ်အင်္ကျီကို ချွတ်သည်။ အုတ်ခုံပေါ် တင်ထားသော သူ့အင်္ကျီအဟောင်းနှင့် လဲသည်။ ထို့နောက် ပုဆိုးလဲသည်။ ပြီးတော့ ဖိနပ်ကို ချွတ်ပြီး အောင်ငွေရှေ့မှာ ချပေးသည်။ အောင်ငွေ ချွတ်ပေးသော သူ့ဖိနပ်ကို ပြန်စီးသည်။ မူလပထမ သံဂေါလီ ပြန်ဖြစ်သွား၏။ သူသည် ချွတ်ထားသော စပို့ရှပ်နှင့် ပိုးတွဲလုံချည်တို့ကို တိတ်တိတ်ဆိတ်ဆိတ် သပ်ရပ်စွာ ခေါက်သည်။ ပြီးတော့ နောင်စိုး၏လက်ထဲကို ထည့်သည်။

"အဝတ်အစား အကောင်းစားတွေ ဝတ်ထားပေမယ့် သံဂေါလီဟာ သံဂေါလီပါပဲ အစ်ကိုရာ"



www.burmeseclassic.com

www.burmeseclassic.com

သူသည် နောင်စိုးတို့ကို ရိုဝေသောမျက်လုံးများဖြင့် ကြည့်သည်။ ထို့နောက် လေးကန်သော ခြေလှမ်းများဖြင့် ထွက်ခွာသွားလေသည်။

နောင်စိုး၊ အောင်ငွေနှင့် သိန်းထွန်းတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်မိကြ၏။ ဘာစကားမှ မပြောမိကြ။ တစ်စုံတစ်ရာ မှတ်ချက်ချခြင်းလည်း မပြုကြ။

◈ ◈ ◈





သံဂေါ်လီ ပြဿနာသည် ဒီမှာတင် အဆုံးသတ်သွားဖို့ကောင်းသည်။

သို့ရာတွင် သံဂေါ်လီက မိနိုင်၏လက်ကို ဆွဲသဖြင့် မိနိုင်က ပါးရိုက်လိုက်တာကို ဆိုင်နီးနားချင်းတစ်ယောက်က တစ်နေရာမှ လှမ်းမြင်သွားသည်။ မိနိုင်၏အဒေါ်ကို သွားတိုင်သည်။ ဒီတာစပြီး ဇာတ်လမ်းဆက်သွားခြင်း ဖြစ်၏။

မိနိုင်၏အဒေါ်က သံဂေါ်လီတို့ လက်ဖက်ရည်ဆိုင်ရှင်ကို သွား၍တိုင်သည်။ အစတော့ ဆိုင်ရှင်က ပြေပြေလည်လည် ပြန်ပြောသည်။ နောက် မိနိုင်အဒေါ်က ဆိုင်ရှင်ကိုပါ ထိပါးပုတ်ခတ်လာသည်။ လူကြီးက မဆုံးမလို့ အလုပ်သမားက ရောင့်တက်တာပေါ့ ဆိုတာမျိုး၊ ပေါက်လွှတ်ပဲစားတွေ ခေါ်ထားလို့ ဒီလိုဖြစ်တာပေါ့ ဆိုတာမျိုး ပြောရာက အချေအတင် ဖြစ်လာသည်။ အပြန်အလှန် ချိုးချိုးနှိမ်နှိမ် ပြောရာမှ အော်ကြီးဟစ်ကျယ်တွေ


www.burmeseclassic.com

www.burmeseclassic.com

ဖြစ်လာသည်။ ဘောအိမ်တွေက ဝိုင်းဆွဲပြီး ဖျန်ဖြေရသည့်အဆင့် ရောက်သွားသည်။

ဒါတွေဟာ သံဂေါလီ စတဲ့ပြဿနာ။ ခုလို အကျယ် အကျယ် ဖြစ်ရတာ၊ အရှက်တကွဲ အကျိုးနည်းရတာ မိနိုင်ကြောင့် စသည်ဖြင့် အသီးသီး အပြစ်ပုံချကြလေတော့သည်။

◈ ◈ ◈

မိနိုင် ထမင်းအိုး တည်နေသည်။ သူ့စိတ်ထဲမှာ တနုံ့နုံ့ ဖြစ်နေ၏။ သူ့ဘဝမှာ ယောကျ်ားလေးတစ်ယောက်၏ ပိုင်စိုးပိုင် နင်း လက်ဆွဲခြင်းကို တစ်ခါမှ မခံရဖူးခဲ့။ သံဂေါလီဆိုတဲ့ကောင် ဟာ တော်တော် လက်ရဲဇက်ရဲ နိုင်သည်။ ခုတော့ မိနိုင် အကြောင်း သိသွားပြီ။ ဒါမှ နောက်တစ်ခါ မစရဲမှာ။ အမယ်... အရိုက်ခံလိုက်ရတော့လည်း သနားစရာကောင်းအောင် မျက်နှာ လေး ငယ်သွားသေးသည်။ ဒါပေမယ့် ဒီလိုကောင်မျိုးက ပစား ပေးလို့ မဖြစ်။ ကမ်းတက်မှာ စိုးရသည်။ ခုလို မှတ်လောက်သား လောက်အောင် လုပ်လိုက်တာပဲ ကောင်းပါတယ်။ ငါ မမှားပါ ဘူးဟု တွေးနေတုန်း...

"မိနိုင်"

အဒေါ်က ခေါင်း အနားမှာ လာရပ်သည်။ 'ရှင်'





သူ ထူးသည်။ အဒေါ့်မျက်နှာ ကြည့်ရတာ သိပ်မဟန်။ ခုခု ဆူတော့မယ့်ပုံပဲ။ တစ်ခုမဟုတ်တစ်ခု ရှာကြံနေကျမို့ အတွက် ဆူမှာလဲ ဝေခွဲမရ။

"နင် လက်ဖက်ရည်ဆိုင်က သံဂေါလီဆိုတဲ့ကောင်နဲ့ ဖြစ်လာသလဲ"

မိနိုင် အံ့သြသွား၏။ ဒီကိစ္စ အဒေါ် ဘယ်လိုလုပ် သွားသလဲ။ ငြင်းမည်ပြုပြီးမှ တပ်အပ်သိလို့နေမှာပဲဆိုပြီး...

"အဒေါ့်ကို ဘယ်သူပြောလဲ"

ဟု ပြန်မေးလိုက်သည်။

"တွေ့တဲ့လူက လာပြောတာပေါ့၊ ညည်းက ပါးချခဲ့ ယ်ဆို"

နည်းနည်းတော့ စိတ်အေးသွားသည်။ သူက အလိုမတူ ပါးတောင် ရိုက်ခဲ့တာဆိုတော့ အဒေါ် ကျေနပ်ချင် ကျေနပ် ည်။

"သူက ကျွန်မလက်ကို ဆွဲလို့"

"အော...ဟိုက ညည်းလက်ကိုတောင် ဆွဲဝံ့တယ်ဆိုတော့ ညည်းကိုက အနေအထိုင် မတက်လို့ပေါ့"

ထင်တဲ့အတိုင်း ဖြစ်မလာ။ သူပါ ရောပြီး အပြစ်ဖြစ်ရပြီ။

"ကျွန်မ ဘယ်လိုနေလို့လဲ၊ ဒီအတိုင်းပဲ နေတာပဲ၊ အဒေါ်လည်း အမြင်ပဲဟာ"

"ညည်းက ရေလာမြောင်းပေး လုပ်လို့ ဟိုကောင်က ကမ်းတက်တာ နေမှာပေါ့"


www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ပါဘူး၊ ကျွန်မ သူ့ကို စကားတောင် လက်ခံ ပြောတာ မဟုတ်ဘူး"

"စကားမပြောပေမယ့် ဟန်အမူအရာနဲ့ ပြိတီတီ လုပ်ထို နေမှာပါ၊ ဟင်း…ခုတလော ငါကြည့်ကြည့်နေတယ်၊ အကျ အသစ် ချုပ်ချင်ရတာနဲ့၊ ကတ္တီပါဖိနပ် စီးချင်ရတာနဲ့၊ ရှန်ပူထုပ်နဲ့ ခေါင်းလျှော်ချင်ရတာနဲ့၊ သနပ်ခါးခဲ လိမ်းချင်ရတာနဲ့၊ စနိုးဝယ် ချင်ရတာနဲ့၊ ဟိုတစ်ရက်ကလည်း မိသေးကို နင်မေးနေတာ ငါကြားတယ်၊ ဘာတဲ့…ကြိုးဆွဲနှုတ်ခမ်းနီ ဘယ်လောက် ပေးရ သလဲတဲ့ ဟုတ်လား"

"ဒါနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တယ်ဟေ့၊ လှချင်ပချင်တယ်ဆိုကတည်းက ညည်း စိတ်က မှုမမှန်လို့ပေါ့၊ မဖြစ်ပါဘူး၊ မဖြစ်ပါဘူး၊ ညည်းကို ဒီအတိုင်းထားလို့ မဖြစ်ပါဘူး"

ထို့နောက် အဒေါ်က ဦးလေးကို သွားပြောသည်။ မိနိုင် မီးဖိုထဲမှာ ရှိနေပေမယ့် အဒေါ်အသံ ကျယ်လောင်လောင်မို့ အားလုံး ကြားနေရသည်။

"ရှင့်တူမကို ဒီအိမ်မှာ ဆက်ထားရင် ရှေ့လျှောက် ပြဿနာတက်ကုန်လိမ့်မယ်၊ သူ့ကိုက ခပ်ကဲကဲ၊ တော်ကြာ…ဖြစ် လာရင် မခက်ဘူးလား"

ဦးလေးက တစ်စုံတစ်ခု ပြန်ပြောသည်။ ခပ်တိုးတိုး ဖြစ်သောကြောင့် သဲသဲကွဲကွဲ မကြားရ။ အဒေါ်အသံကသာ ထိုးဖောက်ထွက်လာ၏။





"အို…ဒီလောက် စောင့်ရှောက်ခဲ့တာ တော်ရောပေါ့၊ ကျွန်မတို့က ကျွေးမွေးစောင့်ရှောက်ခဲ့ပေမယ့် ကျေးဇူးသိတတ်လို့ လား၊ ဗိုင်းကောင်းကျောက်ဖိ နေလို့လား၊ ခုပဲ ပြဿနာ ဖြစ် ပြီ လက်ဖက်ရည်ဆိုင်ကလူက ကျွန်မကို ပြောလိုက်တာ ကျွန်မ အထိန်းအသိမ်း မတတ်လို့ဘဲ ဒီကောင်မ ဒီလိုဖြစ်ရသလို ပြီ"

ဦးလေးက…

"ငါ ကြည့်ပြောပါ့မယ်ကွာ၊ သူလည်း ဒီလောက်တော့ ခိုက်တန်ရာပါဘူး"

ဟု ပြန်ပြောသံ ကြားရ၏။

"ရှင်ကတော့ ပြောလိုက်ရင် လေပြေလေးနဲ့၊ ရှင်က အိမ်ထဲမှာ အငြိမ်းစား နေရတာကိုး၊ ဘာမှုစရာ လိုမလဲ၊ ဖြစ် သမျှ ပြဿနာ ကျွန်မက ဒိုင်ခံရင်ဆိုင်ရတာ၊ မဖြစ်ပါဘူး၊ ဆက်ထားလို့ မဖြစ်ပါဘူး"

မိနိုင် မျက်လုံးပြူးသွား၏။ ဆက်ထားလို့ မဖြစ်ဘူး ဆိုတော့…

"ဆရာမတစ်ယောက်က အိမ်ဖော်တစ်ယောက်လောက် လိုချင်တယ်လို့ ပြောထားတာ ရှိတယ်၊ အဲဒီကို ပို့လိုက်တာပဲ အေးတယ်"

အိမ်ဖော်။ မိနိုင် ချောက်ချားသွားရ၏။ သူသည် ဒီအိမ်မှာ သည်း အိမ်ဖော်တစ်ယောက်လို အောက်ခြေသိမ်း လုပ်ရတာပဲ ပါပေမယ့် ဦးလေးရဲ့အိမ်ဆိုတော့ ဘာပဲလုပ်ရလုပ်ရ ဂုဏ်တော့


www.burmeseclassic.com

www.burmeseclassic.com

မငယ်။ သူများအိမ်မှာ အိမ်ဖော်လုပ်ရမှာကိုတော့ သူ လုံး
လား။

ဦးလေးကတော့ ကန့်ကွက်ချင် ကန့်ကွက်မှာပဲ
နားစွင့်လိုက်သည်။ အသံတွေက တိုးသွား၏။ ကြိတ်ပြီး အ
အခုံ ဖြစ်နေပုံရသည်။

သိပ်တော့ မျှော်လင့်စရာမရှိ။ ဦးလေးက ကျန်းမာ
မကောင်းသဖြင့် ဘယ်ကိုမှ မထွက်နိုင်။ အလုပ်လည်း မလု
မှီခိုသူသက်သက်။ လူပိုသက်သက်။ အိမ်မှာလည်း ဘာပြ
အာဏာမှ မရှိ။

မိနိုင်သည် ရင်တထိတ်ထိတ် ခုန်ရင်း မီးဖိုနှင့် အ
အတွင်းခန်း ကူးသည့် တံခါးပေါက်နားထိ သွား၍ နားစွင့်
သည်။

"ကျွန်မကတော့ ဆုံးဖြတ်ပြီးပြီ၊ ဒါပဲ"

ဆိုသော အဒေါ်အသံကို ကြားလိုက်ရသည်။ ဦးလေး
တုံ့ပြန်မှုကို လုံးဝမကြားရ။ သက်ပြင်းချလိုက်တာပဲ ဖြစ်ဖို့
သည်။ မိနိုင်သည် မျက်ရည်တွေတွေ စီးကျလာ၏။

◈ ◈ ◈





သံဂေါလီသည် တွေတွေကြီးလုပ်ရင်း ပါးကို ပွတ်သပ်နေသည်။ မိနိုင် ဒီလောက် ရက်ရက်စက်စက် လုပ်လိမ့်မယ် ထင်ခဲ့။

"မင်းကလည်း မင်းပဲ၊ ဆတ်ဆတ်ကြဲမလေးကိုမှ သွားခမ်းတာကိုးကွ၊ ပြီးတော့ သူ့အဒေါ်ကြီးကလည်း သိပ်အပေါက်ဆိုးတာ၊ မပတ်သက်တာ ကောင်းတယ်"

အဖျော်ဆရာက တစ်ဖက်မှာ လုပ်နေရင်းက လှမ်းပြောသည်။ သံဂေါလီက ဘာမှပြန်မပြော။ ပါးကိုသာ ပွတ်မြဲပွတ်နေသည်။ သူ့စိတ်ထဲမှာ မတင်မကျ ဖြစ်နေ၏။ ခုလိုဖြစ်တာဟာ မိနိုင်နဲ့ ကိစ္စပြတ်သွားတာလား။ လမ်းဆုံးသွားပြီလား။ ဘာဆက်လုပ်လို့ ရသေးသလဲ။ နောက်နေ့မှ ကိုနောင်စိုးတို့ကို မေးကြည့်ရမည်။ အဖျော်ဆရာက အကဲခတ်သလို ကြည့်လိုက်ပြီး...

"အဲဒါတွေ ဘာမှ ထပ်ပြီးစိတ်မကူးနဲ့တော့၊ ကိုယ့်အလုပ်ကိုယ် အေးအေးဆေးဆေး လုပ်စမ်းပါကွာ၊ ခုချိန်မှာ ရန်ကုန်မှာ စားဖို့နေဖို့ တစ်နေရာ ရာရတာ လွယ်တာမဟုတ်ဘူး၊ တော်ကြာ"

အဖျော်ဆရာ၏ စကားမဆုံးခင်...

"ဟေ့ကောင် သံဂေါလီ...သံဂေါလီ"

ဟု အော်ရင်း ဆိုင်ရှင်ဦးလေးကြီး အခန်းထဲ ဝင်လာသည်။ သူ့ဟန်ပန် သူ့မျက်နှာထားကို ကြည့်ကတည်းက ကောင်းသောလာခြင်း မဟုတ်ကြောင်း အဖျော်ဆရာ ရိပ်မိပြီး ပျာပျာသလဲ ထရပ်လိုက်သည်။ သံဂေါလီကတော့ ငုတ်တုတ်ထိုင်ရင်းက မော့ကြည့်သည်။


www.burmeseclassic.com

www.burmeseclassic.com

ဦးလေးကြီးက သံဂေါ်လီဆီ ဦးတည်သွားသည်။ သူ့ လှမ်းက ပြင်းသဖြင့် ခနော်ခနဲ့ ကြမ်းပြင်မှာ သိမ့်ခနဲ။

"ဟော့ကောင်...မင်း မိန်းကို လက်သွားဆွဲလို့ ပါးရိုက် တယ်ဆို"

သံဂေါ်လီက ခေါင်းညိတ်သည်။ ဦးလေးကြီးက တော တစ်ချက် ခေါက်ပြီး...

"ကောင်းရောပေါ့ကွာ၊ ဟိုမိန်းမကြီးက ငါ့ကို လာ တွေ့လိုက်တာ ရစရာကို မရှိဘူး၊ မင်းကို ငါ သေသေချာချာ ပြောထားတယ်၊ ရှုပ်ရှုပ်ယှက်ယှက်တွေ မလုပ်ပါနဲ့လို့၊ ခုတော့ ဆိုင်နီးနားချင်းလည်း ပြဿနာ ဖြစ်ရတယ်၊ ငါလည်း အ ကားခံရတယ်၊ တောက်...ဘယ်တုန်းကမှ ဘယ်သူ အတင်စီးတာ ကိုမှ မခံခဲ့တဲ့ကောင်ကွာ၊ အခု မင်းကြောင့် ငါ အရှက်ကွဲရတယ် မင်းဟာ ငါ့ကို ဒုက္ခပေးမယ့်ကောင်ပဲကွ"

သံဂေါ်လီက ဘာမှပြန်မပြော။ ဦးလေးကြီးကိုလည်း မကြည့်ဘဲ နံရံကိုသာ ငေးကြည့်နေ၏။ သူလုပ်နေပုံက ပ မခန့် ဟန်မျိုး ပေါက်နေသည်။ ဦးလေးကြီး၏ဒေါသကို ပို၍ ထကြွစေသည်။

အဖျော်ဆရာက တစ်စုံတစ်ခု ဝင်ပြောမည်အပြု ဦးလေး ကြီးက အရင်...

"ဒီတော့ မင်းကို ငါ့ဆိုင်မှာ ဆက်ထားလို့ မဖြစ်တော့ ဘူး၊ မင်း အိပ်ရာလိပ် မြင်တော့၊ အို...ပြင်စရာ အိပ်ရာလိပ် တောင် ရှိတဲ့ကောင် မဟုတ်ဘူး၊ ဒီမှာ မင်း နက်ဖြန် အလုပ်





င်းနဲ့တော့"

"ဟာ...ဒီလိုတော့ မလုပ်ပါနဲ့၊ နောက်ကို ဒီလိုမဖြစ်စေရ ဘူး၊ ကျွန်တော် တာဝန်ယူပါတယ်"

အဖျော်ဆရာက ဝင်တောင်းပန်သည်။ သံဂေါ်လီက တော့ ဘာမှ မတုံ့ပြန်သေး။ ခုထိ ပေပြီးထိုင်နေတုန်း။ ဦးလေးကြီး က သံဂေါ်လီကို လက်ညှိုးထိုးရင်း...

"မလိုချင်ဘူး၊ ဒီမှာ သံဂေါ်လီ၊ မင်း ဒီအခန်းမှာလည်း နေစရာ မလိုတော့ဘူး၊ နက်ဖြန်ကစပြီး မင်းမျက်နှာကိုလည်း မြင်ချင်ဘူး၊ ဒါပဲ၊ ဘယ့်နှယ့်ကွာ...အလုပ်ဖြင့် လုပ်မယ်မကြံသေး ဘူး၊ မိန်းမယူဖို့ စဉ်းစားနေတယ် မင်းကိုယ်မင်းလည်း ပြန်ကြည့် စားပွဲထိုးတာတောင် ဖြောင့်အောင် မလုပ်နိုင်သေးဘဲနဲ့များ အချိုးမျိုးနဲ့ဆို ဘယ်တော့မှ လူမွေးလူတောင် ပြောင်မှာမဟုတ် ဘူး၊ တောမှာပဲ ရွှံ့ထဲဗွက်ထဲ လူးနေဖို့ ကောင်းတဲ့ကောင်"

သံဂေါ်လီ ဝုန်းခနဲ ထရပ်လိုက်၏။ ဦးလေးကြီးနှင့် မျက်နှာချင်းဆိုင်လိုက်ပြီး...

"ခင်ဗျား ဒီလောက် ပြောစရာ မလိုပါဘူး"

"အောင်မာ...မင်းကများ ငါ့ကို ခံပြောတယ် ဟုတ်လား"

"ဒီမှာ...ခင်ဗျား ကျုပ်ကို အလုပ်ဖြုတ်လိုက်ပြီ မဟုတ် လား၊ ပြီးရောပေါ့၊ ဘာမှ အပိုတွေ ပြောနေစရာမလိုဘူး၊ ကျုပ်ဟာကျုပ် ရွှံ့ထဲဗွက်ထဲပဲလူးလူး၊ မိုးပေါ်ပဲပျံပျံ၊ ခင်ဗျားနဲ့ ဘာမှမဆိုင်ဘူး"

"မင်းကများ...ငါ့ကို၊ ဟော့ကောင် မင်းက ဘာကောင်လဲ"


www.burmeseclassic.com

www.burmeseclassic.com


ဆိုင်ရှင်က ရှေ့တစ်လှမ်း တိုးသည်။ သံဂေါ်လီက နောက်မဆုတ်ဘဲ ရင်ဆိုင်လိုက်သည်။

"သံဂေါ်လီ မင်း တော်တော့ကွာ၊ ဦးလေးကိုလည်း ကျွန်တော် တောင်းပန်ပါတယ်ဗျာ"

အဖျော်ဆရာက ဝင်ပြောသည်။ သံဂေါ်လီကိုလည်း မသိမသာ ဆွဲလိုက်သည်။ သံဂေါ်လီက အဆွဲမခံဘဲ ရုန်းဖယ်လိုက်၏။

"မတော်နိုင်ဘူးဗျာ၊ ကျွန်တော့်ကို ဒီလို ချိုးချိုးဖဲ့ဖဲ့ ပြောစရာ မလိုဘူး"

ထို့နောက် သံဂေါ်လီသည် ရင်ကိုကော့လိုက်ပြီး ဆိုင်ရှင်ကို စေ့စေ့ကြည့်လျက်...

"ဒီမှာ...ခုချိန်မှာ လူတန်းစား ခွဲခြားတယ်ဆိုတာ ခေတ်မမီတော့ဘူးဗျ၊ သိရဲ့လား"

ဦးလေးကြီးမှာ ဆတ်ခနဲ ဖြစ်သွား၏။

"ဘာ...တော်တော် လူပါးဝတဲ့ကောင်...မင်း"

ဦးလေးကြီး၏လက်သီးက သံဂေါ်လီ၏ပါးရိုးပေါ်သို့ ခွပ်ခနဲ ဝင်သွားသည်။ သံဂေါ်လီ ထရံဆီသို့ ဝုန်းခနဲ မှိလဲကျသွား၏။ အဖျော်ဆရာက ဝင်ထိန်းလိုက်ရင်း...

"တော်ပါတော့ဗျာ၊ တော်ပါတော့"

သံဂေါ်လီက ဦးလေးကြီးဆီ ပြေးဝင်ဖို့ ကြံသည်။ အဖျော်ဆရာက အတင်းဆွဲထားရ၏။ ဦးလေးကြီးကလည်း ရှေ့ကို ထပ်တိုးပြီး ထိုးဖို့ပြင်ပြန်သည်။ အဖျော်ဆရာက ကြားက ...ားရင်း...

"တော်ပါတော့ဗျာ၊ ဦးလေးလည်း ပြန်ပါတော့၊ ဘေးလူ ...ွ ကြားကုန်ရင် မကောင်းပါဘူး"

ဦးလေးကြီးသည် တောက်တစ်ချက် ခပ်ပြင်းပြင်းခေါက် ...ီး လှည့်ထွက်သွားသည်။

သံဂေါ်လီမှာ ပါးရိုးတဝိုက် ညိုမည်းရောင်ကိုင်းလာ ...ည်။ အဖျော်ဆရာက သူ့ပခုံးကို ဖက်ထားရင်း...

"မင်းကလည်းကွာ၊ ဘာတွေ လျှောက်ပြောနေတာလဲ၊ ...က မင်း အလုပ်မပြုတ်အောင် တောင်းပန်ပေးနေတာ၊ မင်း ...ည်း တောင်းပန်လိုက် ပြီးတာပဲ၊ ဦးလေးကြီးက ဆူဆူပူပူသာ ...ပ်တတ်တာပါ၊ ဒီလောက် မဆိုးပါဘူး၊ ခုတော့"

သံဂေါ်လီက သူ့ပါးမှာ သွေးထွက်သွားသလား စမ်း ကြည့်ပြီးမှ...

"တော်ပါပြီဗျာ၊ ဒီအလုပ်လည်း မလုပ်ချင်တော့ပါဘူး၊ ...မှာလည်း မနေချင်တော့ဘူး၊ ဒီလို ချိုးချိုးနှိမ်နှိမ် ပြောတာကို ...ည်း မခံနိုင်တော့ဘူး၊ ရွာကိုပဲ ပြန်တော့မယ်၊ ရွာမှာ ကျွန်တော့် ...ို ဘယ်သူကမှ ခုလို ပြောရဲမှာ မဟုတ်ဘူး"

အဖျော်ဆရာ ကိုချစ်သည် သက်ပြင်းသာ ချနိုင်၏။ သံဂေါ်လီသည် စိတ်ဆတ်ခြင်း၊ တစ်ခါတစ်ခါ ထင်ရာမြင်ရာ ...တ်လုပ်တတ်ခြင်းကလွဲလျှင် စိတ်ရင်းကောင်းသည်။ အလုပ်မှာ ...ခိုကပ်တတ်၊ ဖင်ပေါ့သည်။ ထို့ကြောင့် သံဂေါ်လီကို သူ...စ် သည်။



www.burmeseclassic.com

www.burmeseclassic.com

သူ့စိတ်ကူးက သံဂေါလီကို သူ့တပည့်ရင်းအဖြစ် လက်ဖက်ရည် ဖျော်သည့်ပညာ၊ လက်ဖက်ခြောက် နှပ်သည့်ပညာတွေ သင်ပေးမည်။ တစ်ချိန်ချိန်မှာ သူ့နေရာကို ဝင်လျှင်ဝင် သို့မဟုတ် တခြားဆိုင်တစ်ဆိုင်မှာ အဖျော်ဆရာအဖြစ် အပ်ပေးမည်။ ထို့ကြောင့် သံဂေါလီကို အလုပ်က ထွက်မသွားစေချင်။ သို့ရာတွင် အခုတော့..

သံဂေါလီသည် သူ့အိပ်ရာလေးဘေးမှာ ထိုင်ချလိုက်၏။ ခေါင်းရင်းဘက်မှာ ချထားသော ပိန်စဖြင့် ချုပ်ထားသည့် လက်ဆွဲအိတ်ကို လှမ်းယူလိုက်သည်။ သူပိုင်ပစ္စည်းကလေးများ ထည့်ထားသောအိတ် ဖြစ်၏။ အိတ်ကိုဖွင့်ပြီး အထဲမှ ကျွတ်ကျွတ်အိတ်ကလေးတစ်ခုကို ထုတ်သည်။ အိတ်ကလေးထဲကို လက်နှိုက်ပြီး တစ်စုံတစ်ရာကို ထုတ်ယူသည်။

ကြွေပန်းကန်ကွဲ အပိုင်းအစကလေးများ။ ဒီပန်းကန်ကွဲတွေကို အကောင်းအတိုင်း ပြန်ဖြစ်အောင် လုပ်လို့မရနိုင်တော့သလို မိနိုင်နှင့် သူ့ဘဝသည်လည်း...

သူသည် ပန်းကန်ကွဲစများကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်၏။ လက်ဖဝါးမှာ စူးခနဲ ဖြစ်သွားသည်။ ပို၍ပင် ထပ်ဆုပ်လိုက်သည်။ ထို့နောက် လက်ကို ဖြည်းညင်းစွာ ဖြန့်လိုက်၏။ ပန်းကန်ကွဲစများတွင် သွေးစက်များ စွန်းပေနေ၏။

◈ ◈ ◈





အလွန်စောနေသေးသဖြင့် ကျောင်းဝင်းထဲမှာ လူရှင်းနေသည်။ သံဂေါလီသည် ထို့ထက်ပင် စော၍ သူနေထိုင်ရာ အခန်းကလေးမှ ထွက်လာခဲ့သည်။ အဖျော်ဆရာတောင် မနိုးသေး။ တမင်ကို သူ မနိုးခင် ထွက်လာခဲ့ခြင်း ဖြစ်၏။ အဖျော်ဆရာ နိုးလာလျှင် သူ့ကို တားချင်တားမည်။ ဦးလေးကြီးဆီ သွားပြီး တောင်းပန်ခိုင်းချင် ခိုင်းမည်။ ဒါမျိုး မခံနိုင်။ ဒီနယ်ကို စွန့်ခွာဖို့ သူ ဆုံးဖြတ်ပြီးပြီ။

တကယ်တော့ သူ့အတွက် အတော်စွန့်စားရမည့်ကိစ္စ ဖြစ်၏။ ညတုန်းက ရွာပြန်မည်ဟု အဖျော်ဆရာကို ပြောခဲ့သည်။ တကယ်တမ်းကျတော့ ရွာကိုလည်း သူ မပြန်ချင်။ ရွာက ထွက်လာတုန်းက 'သံဂေါလီကွ၊ လူတစ်လုံး သူတစ်လုံး မဖြစ်ဘဲ ရွာကို ဘယ်တော့မှ ပြန်မလာဘူး' ဟု ကြုံးဝါးခဲ့သည်။ ခုတော့ လူတစ်လုံး ဖြစ်ဖို့မပြောနဲ့၊ တစ်ခြမ်းတောင် ကျန်သေးရဲ့လား မသိ။

ကိုနောင်စိုးတို့ဆီ ခဏဝင်ခိုရင်း အလုပ်ရှာရ ကောင်းမလား တွေးမိသေးသည်။ သို့ရာတွင် ကိုနောင်စိုးအခန်းကို သူ ရောက်ဖူးသည်။ အခန်းက ကျဉ်းကျဉ်းကလေး။ ခုတင်တစ်လုံးနှင့် စားပွဲတစ်လုံးစာ သာသာလောက်သာ နေရာရှိသည်။ ပြီးတော့ ခြေပြင်ဆောင်တွေမှာ လူပိုထားခွင့်လည်း မရှိ။ ခိုကပ်နေလို့ ဘယ်ပဲထား။ ထမင်းကျတော့ ဘယ်လိုစားမလဲ။ ကိုနောင်စိုးကလည်း တစ်ရက်နှစ်ရက်ထက် ပိုကျွေးနိုင်မှာမဟုတ်။ သူ့မှာသာ တောင် တစ်ခါတစ်ခါ ငွေပြတ်လို့ လက်ဖက်ရည်အကြွေး


www.burmeseclassic.com

www.burmeseclassic.com

သောက်ရတာ သူသိနေ၏။ ကိုနောင်စိုးကိုလည်း ဒုက္ခမပေးချင်တော့။

သူသည် အခန်းမှ မနက်အစောကြီး ထထွက်လာပြီးနောက် ခြေဦးတည့်ရာ ဆက်လျှောက်လာခဲ့သည်။ ခြေဦးဆိုသည်မှာလည်း သွားနေကျနေရာမျိုးကိုသာ တည့်တတ်ခြင်း ဖြစ်၏။

ထို့ကြောင့် သူ ကျောင်းဝင်းထဲကို ရောက်လာခြင်းဖြစ်၏။ တစ်ကယ်တော့လည်း တက္ကသိုလ်နယ်မြေဆိုသည်မှာ ကျောင်းသားကျောင်းသူတွေချည်းသာ စွဲလမ်းမြတ်နိုးတတ်တာမဟုတ်။ ဆရာဆရာမများ၊ ကျောင်းက အလုပ်သမားများနှင့် ဈေးသည်များကပါ သံယောဇဉ် တွယ်တာတတ်သော နေရာ။ မိနိုင်ရှိသည့်နေရာ မဟုတ်လား။ သို့ရာတွင် ခုတစ်ခါတော့ နောက်ဆုံးအနေဖြင့် နှုတ်ဆက်ဖို့ လာခဲ့ခြင်းသာ ဖြစ်၏။

သူသည် နွေးကွေးလေးလံသော ခြေလှမ်းများဖြင့် လျှောက်လာခဲ့ရာ မိနိုင်က သူ့ကို ပါးရိုက်လိုက်သည့် နေရာလေးကို ရောက်လာသည်။ ထိုနေရာကို အတိအကျ မှတ်သားဖေးထားသည့် သဘောဆောင်သည့် အရာတစ်ခုကလည်း ရှိနေ၏။ မနေ့က မိနိုင် ပုတ်ချလိုက်သဖြင့် ကျကျန်ခဲ့သော စာအိတ်ကလေးက မြေပေါ်မှာ လဲလျောင်းနေဆဲ။ တစ်ယောက်ယောက် တက်နင်းမိသွားဟန်ဖြင့် စာအိတ်၏ တစ်ပိုင်းတစ်စပေါ်မှာ ဖိနပ်ရာထင်နေ၏။

စာအိတ်ကလေးလည်း သူ့လိုပဲ အနင်းခံ အနှိမ်ခံဖြစ်ရပါလားဟု တွေးရင်း အသာကောက်ယူသည်။ အိတ်ထဲကို





…ယူတယ ထည့်လိုက်၏။ ထို့နောက် ပီနံသား လက်ဆွဲအိတ်ထဲ… ကျွတ်ကျွတ်အိတ်ကလေးကို ထုတ်သည်။ ကြွေပန်းကန်ကွဲစ…လေးများကို သွန်ချလိုက်သည်။

ပြီးတော့ မြေပြင်ပေါ်မှာ 'မိနိုင်' ဆိုသော နာမည်စာလုံး…လေးကို ကြွေပန်းကန်ကွဲစကလေးများဖြင့် စီ၍ ပုံဖော်နေမိလေသည်။

◈ ◈ ◈


www.burmeseclassic.com

www.burmeseclassic.com

နောင်စိုးတို့တသိုက် လက်ဖက်ရည်ဆိုင်မှာ ဝင်ထိုင်သည်။ ဟိုဟိုဒီဒီ ကြည့်သော်လည်း သံဂေါလီကို မတွေ့။ ခါတိုင်း သူတို့ထိုင်လိုက်တာနဲ့ အပြေးအလွှား ရောက်လာတတ်တာ။

"ဟိုကောင်လည်း မတွေ့ပါလား"

"ဒီကောင် မနေ့ကကိစ္စကြောင့် စိတ်ဓါတ်ကျပြီး ဆွေးနေပြီ ထင်တယ်"

"နေမကောင်းဘူးလို့ အကြောင်းပြပြီး သူ့အခန်းထဲ လှိမ့်အိပ်နေတာ ဖြစ်မယ်ကွ"

သူတို့ အသီးသီး မှတ်ချက်ပြုနေကြတုန်း စားပွဲထိုးလေး တစ်ယောက် အနားလာရပ်ပြီး...

"ဘာသောက်ကြမလဲ"

နောင်စိုးက...

"သံဂေါလီကောကွ"





"မရှိတော့ဘူး အစ်ကိုရ၊ ဦးလေးကြီးက နှင်ထုတ်လိုက်ပြီ"

"ဟေ...ဘာဖြစ်လို့"

"ဒီကောင်က စားပွဲထိုးလုပ်ပြီး အနေအထိုင်မှ မတတ်ဘဲ အစ်ကိုရ"

ထိုစဉ် အဖျော်ဆရာ အနားရောက်ပြီး စားပွဲထိုးလေးကို..

"မင်း သွားတော့၊ လက်ဖက်ရည်မှာရင် မင်းပဲ ဖျော်ပေးတ်၊ ပြီးမှ ငါလာခဲ့မယ်"

ဟု ပြောလိုက်၏။ စားပွဲထိုးလေး ထွက်သွားပြီးနောက်...

"ဘယ်လိုဖြစ်တာလဲဗျ ကိုချစ်"

ဟု အောင်ငွေက မေးသည်။

"ကျွန်တော်လည်း တတ်နိုင်သလောက် ထိန်းပါသေးယ်၊ သူကိုက ကြမ္မာငင်တာပါဗျာ"

ဆိုပြီး ညက ဖြစ်ပျက်ခဲ့သည့်ကိစ္စကို ပြောပြသည်။

"အဲဒါ ကျွန်တော်လည်း ညကတော့ သွေးပူတုန်းပြောလို့ရမှာ မဟုတ်ဘူးဆိုပြီး လွှတ်ပေးထားလိုက်တယ်၊ မနက်ကျမှ ချော့မော့ပြီး ဦးလေးကြီးကို တောင်းပန်ခိုင်း၊ အလုပ်လည်းထွက်ရအောင် ဝိုင်းပြောပေးမယ်ပေါ့၊ ဦးလေးကြီးက ပြန်လက်ခံရင်လည်း တခြားဆိုင်တစ်ဆိုင် အပ်သင့် အပ်ပေးမယ် စဉ်းစားထားတာ၊ မနက်လည်း မိုးလင်းရော သူ့ကို မတွေ့တော့ဘူး၊ ကျွန်တော် မနိုးခင် အစောကြီး ထထွက်သွားတာကိုး"

"စိတ်မကောင်းစရာပါပဲဗျာ၊ ဒါဆို..."

နောင်စိုးက ပြောရင်း မိနိုင်တို့ဆိုင်ဘက် လှမ်းကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com

အဖျော်ဆရာက...

"အဲဒါတင် မကဘူး၊ မိနိုင်ကိုလည်း သူ့အခေါ
ဒီမှာ မထားတော့ဘူး၊ အိမ်တစ်အိမ်မှာ အိမ်ဖော် သွားလုပ်
လိုက်ပြီတဲ့"

"ဟာ...ဖြစ်မှဖြစ်ရလေ၊ ဒီလောက်တောင် အခြေအ
ဆိုးရွားရသလားဗျာ"

"ကျွန်တော်လည်း ဆရာတို့က အမြဲဆုံးမနေတာ
ဆိုပြီး စိတ်ချလက်ချ နေခဲ့တာ၊ အင်းလေ...သူကိုက မိုက်လို့
ပေါ့၊ ကဲ...ကျွန်တော်လည်း အလုပ်လုပ်လိုက်ဦးမယ်"

ဆိုပြီး အဖျော်ဆရာ ထွက်သွားသည်။ နောင်စိုး
ငိုင်ပြီး ကျန်ရစ်ခဲ့၏။ ခဏကြာမှ အောင်ငွေက...

"အဖျော်ဆရာ ပြောသွားတဲ့စကားက ရိုးရိုးပဲ ပြောသွား
တာလား၊ ဒါမှမဟုတ် ခင်ဗျားတို့ မြှောက်ပေးလို့ သံဂေါ
ခုလိုဖြစ်ရတာဆိုပြီး ငါတို့ကို သွယ်ဝိုက်တဲ့နည်းနဲ့ အပြစ်တင်သွား
တာလား၊ စဉ်းစားစရာပဲ"

"ငါ တကယ် စိတ်မကောင်းပါဘူးကွာ၊ တကယ်တော
သူတို့နှစ်ယောက်ဟာ အဆင့်အတန်းချင်းလည်း မကွာလှ
ဖြစ်သွားနိုင်တယ်လို့ ထင်ပြီး ကူညီမိတာပါ"

နောင်စိုးက ပြောသည်။ သိန်းထွန်းက ဆေးလိပ်ဖွာ
နားထောင်နေရာမှ...

"ငါတို့ဟာ တကယ်တော့ သံဂေါလီအပေါ်မှာ စေတ
ရှိလို့လား၊ ဒါမှမဟုတ် ကွန်ပျူတာဂိမ်းတစ်ခုလို အပျင်းဖြေ





သဘောထားပြီး ကစားခဲ့ကြတာလား"

"မဟုတ်ပါဘူးကွာ၊ ငါ သံဂေါလီအပေါ်မှာ တကယ့်ကို ခင်မင်မိတာပါ၊ ခုလိုဖြစ်ကုန်တာကတော့ တော်တော် ကံဆိုးလို့ပဲ လို့ ဆိုရမှာပဲ"

အောင်ငွေက ခေါင်းတညိတ်ညိတ် လုပ်နေပြီးနောက်...

"တစ်ခုတော့ ရှိတယ် နောင်စိုးရာ၊ ငါတို့လို တက္ကသိုလ်ကျောင်းသားတွေအတွက် အချစ်ဆိုတာ ဘဝရဲ့ အစိတ်အပိုင်းတစ်ခုလို ဖြစ်ချင်ဖြစ်မယ်၊ သံဂေါလီတို့အတွက်တော့ အချစ်ဟာ ဘဝတစ်ခုလုံးနဲ့ သက်ဆိုင်နေတယ်၊ အချစ်ကြောင့် ဘဝတစ်ခု၊ အဲ...ခုဆိုရင် ဘဝနှစ်ခု ပျက်စီးသွားကြရပြီပေါ့၊ ဒါ...ငါတို့အတွက် သင်ခန်းစာပဲ သူငယ်ချင်း"

နောင်စိုးက သက်ပြင်းကိုသာ ချသည်။

◈ ◈ ◈


www.burmeseclassic.com

www.burmeseclassic.com

ငါတို့အတွက် အချစ်ဆိုတာ ဘဝရဲ့ အစိတ်အပိုင်းတစ်ခု သာ ဖြစ်ကောင်းဖြစ်မည်ဟု အောင်ငွေက ပြောခဲ့သည်။ အင်း အဲဒီအစိတ်အပိုင်းကလည်း တော်တော်တော့ အကြီးစားအပိုင်း တစ်ခုဟု ဖြည့်စွက်ပြောချင်သည်။

အချစ်ကြောင့် သူပြောင်းလဲခဲ့ရပုံကိုပဲ ကြည့်။

ဟိုအရင်က မနက်အိပ်ရာက နိုးလျှင် စောသေးတယ် ဆိုပြီး တရေးပြန်နှပ်သည်။ နောက်တစ်ကြိမ် ပြန်နိုးတော့ ကျောင်းနောက်ကျနေပြီ။ မထူးပါဘူးဆိုပြီး ရှေ့ပိုင်းအချိန်များ လွှတ်ပစ်တတ်စမြဲ။ ဒါဆို နောက်ပိုင်းအချိန်တွေကော မှန်သလား ဆိုတော့ မမှန်။ မိုးသည်းလို့ဆိုပြီး ကျောင်းမသွားတော့ဘဲ အခန်းထဲမှာ တစ်နေ့လုံး ကွေးပြီး အိပ်နေခဲ့တာ။ ကျောင်းရောက် တော့ လက်ဖက်ရည်ဆိုင်ထိုင် စကားပြောရင်း အချိန်လွန်သွားလို့ အတန်းဘက် မရောက်တော့တာ။ ရုပ်ရှင်ဇာတ်ကား ကောင်း





ကောင်း မြေနီကုန်းရုံတွေမှာ ပြနေလို့ အတန်းလစ်ပြီး သွားကြည့် ခဲ့တာ။ ဒီလိုနဲ့ပဲ စာမေးပွဲတွေ ကျခဲ့ပေါင်း များပြီ။ ခုကျတော့ အလိုမဟုတ်။ မနက်စောစောထပြီး ပထမဆုံး အတန်းချိန်အမီ သွားသည်။ တစ်နေ့လုံး ရှိသမျှအတန်းအားလုံး တက်သည်။ အရင်က ပုံမှန်ပျက်ကွက်မြဲ ဖြစ်ခဲ့သော လက်တွေ့ခန်းထဲမှာ သစ်သီးသစ်စေ့တွေ၊ ပန်းပွင့်တွေ၊ ဝတ်မှုန်တွေ၊ တစ်ရှူးတွေ၊ ဆလိုက်ပြားတွေ၊ ဆေးရည်တွေနှင့်အတူ နောင်စိုးကို အစဉ်တွေ့ရ ပတ်သည်။

သူ့အချစ်တော် ဆရာမကြီးကပင်...

"ဒီနှစ်တော့ မင်းတို့တစ်တန်းလုံး အောင်မှာ ကျိန်းသေ တယ်"

ဟု ပြောလာရ၏။ ဆရာမကြီး၏စကားမှာ ထုံးစံ အတိုင်း နောင်စိုးနှင့် ပတ်သက်ပြီး အနှောင့်အသွား မလွတ်သေး ဘဲလည်း ချီးကျူးသံတဝက် ပါလာခဲ့ပြီ။

နောက်ပိုင်းကျတော့ ဆရာမကြီးလေသံမှာ ပို၍ပျော့ ပြောင်းလာခဲ့ပြီး 'မောင်နောင်စိုး မောင်နောင်စိုး' ဟူ၍ ဖြစ်လာ ခဲ့၏၊ ခုချိန်မှာကျတော့ မောင်နောင်စိုးတောင် မဟုတ်။ မောင်စိုး ဟူ၍သာ ရင်းရင်းနှီးနှီး ခေါ်တော့သည်။ တစ်ရက်မှာတော့ ဆရာမကြီးက "မောင်စိုး မင်း မာစတာ ဆက်တက်ချင်ရင် ကြိုးစားလိုက်စမ်းကွယ်၊ ဆရာမကြီး အကူအညီ ပေးမယ်" ဟု ပြောလာသည်အထိ တိုးတက်ခဲ့၏။ ဒါက ပညာရေးအပိုင်း။

နေပုံထိုင်ပုံကျတော့ကော။



www.burmeseclassic.com

www.burmeseclassic.com

အရင်က အိပ်ရာက နိုးလျှင် သော ်ရအိုးထဲကရေနှင့် မျက်နှာသစ်ချင်သစ်သည်။ သွားတိုက်ဖို့ မေ့ ခဲ့သည်။ ကျောင်းရောက်မှ လက်ဖက်ရည်ဆိုင်က ရေနွေးကြ နှင့် ပလုတ်ကျင်းထေမျိုး လုပ်တတ်သည်။ သူငယ်ချင်းတေ ၊ ပြောသောအခါ—

"မင်းတို့ ဘာသိသလဲ၊ လက်ဖ ခြောက်ထဲမှာ ဖလူရိုက်ဓါတ် ပါတယ်လို့ ဆောင်းပါး မှာ ဖတ်ဖူးတယ်ကွ"

ဟု အကြောင်းပြတတ်၏။ သူသည် ရေလည်း မှန်မှန်ချိုးလေ့မရှိ။ ဒီအတွက် ဆင်ခြေကတော့...

"တကယ်တော့ ချီး(ကြေး)ဆိုတာ ကိုယ်ခန္ဓာအတွက် အကာအကွယ်တစ်ခုပဲကွ၊ အပေါ်ယံက ချီးတစ်ထပ် ခံနေ အတွက် တော်ရုံတန်ရုံ ရောဂါပိုးက အရေပြားဆီ မရောက်တော့ဘူးပေါ့"

ရေတောင် မှန်မှန်မချိုးသဖြင့် အဝတ်အစားတွေ မှန်မှန်လျှော်ဖို့ဆိုတာ ပိုလို့တောင် မျှော်လင့်ဖို့ ဝေးသေးသည်။ ဝတ်ပြီးသားတွေကို တန်းမှာ လွှားထား၊ ကုလားထိုင်နောက်မှီမှာ ချိတ်ထားပြီး နောက်တစ်ခါကျတော့ ဒါကိုပဲ အသစ်လို လုပ်ပြီး တစ်လှည့် ပြန်ဝတ်တတ်သည်။ ချွေးနံ့ပျောက်သွားရင် ပြီးတာပဲ ဟု ဆို၏။ ဆယ့်ငါးရက်၊ အရက်နှစ်ဆယ် ကြာမှ တစ်ခါစုပြီး လျှော်တတ်သည်။

အိပ်ရာခင်းတွေ၊ စောင်တွေ၊ ခြင်ထောင်တွေ ဆိုတာတော့ ပြောမနေနဲ့တော့။ အောင်ငွေသည် သူ့အခန်းကို လာသည့်အခါတိုင်း ပြတင်းပေါက်ကို အရင်ဖွင့်လေ့ရှိ၏။





သူ အဝတ်လျှော်တဲ့အခါ ထွက်လာသော ညိုမည်းမည်း ရေများကို ကြည့်ပြီး သူငယ်ချင်းတွေက...

"မြစ်နဲ့ဝေးတာ တော်သေးတယ်၊ အဲဒီရေတွေသာ မြစ်ထဲ ဝင်သွားရင် မြစ်ရေတွေ ညစ်ညမ်းမှု ဖြစ်ကုန်မှာ သေချာတယ်"

ဟု ပြောတတ်၏။

သူ့အခန်းသည် အမြဲရှုပ်ပွနေတတ်သည်။ စာအုပ်တွေက ဟိုနားတစ်ပုံ၊ ဒီနားတစ်ပုံ။ စာရေးစားပွဲပေါ်မှာ ပန်းကန်တွေ၊ ခွက်တွေ ရောက်ချင်ရောက်နေသည်။ ခြင်ထောင်ကြိုးတစ်ချောင်းလောက် ပြုတ်လျှင် တော်တော်နှင့် ပြန်မတပ်။ သုံးဖက်ထဲ ထောင်ပြီး ရအောင် အိပ်သည်။

ကျောင်းသွားသောအခါ ဘောပင် သို့မဟုတ် လက်ပတ်နာရီ၊ မှတ်စုစာအုပ် တစ်ခုမဟုတ်တစ်ခု မေ့ကျန်ခဲ့တတ်သည်။ နောင်စိုးကို ကြည့်လိုက်လျှင် အမြဲတမ်း စုတ်တီးစုတ်ဖတ် ဖရိုဖရဲ။

◈ ◈ ◈

ခုကျတော့ နောင်စိုးသည် အညိုတက်နေသော ကြေးရုပ်တစ်ရုပ်ကို မကျီးသီးနှင့် ပွတ်၊ ကြေးချွတ်ဆေးနှင့် တိုက်လိုက်သလို လုံးဝပြောင်းလဲသွား၏။

ဟိုအရင်လို ဈေးအပေါဆုံး တရုတ်သွားတိုက်ဆေးတို့


www.burmeseclassic.com

www.burmeseclassic.com

ဝယ်ပြီး ဝတ်ကျေတန်းကျေ တိုက်တာမျိုး မဟုတ်တော့။ အမျိုး အစားကောင်းကောင်း သွားတိုက်ဆေးနှင့် သွားပွတ်တံတို့ကို ဈေးကြီးပေးဝယ်ပြီး မနက်တစ်ကြိမ်၊ ညတစ်ကြိမ် သွားမှန်မှန် တိုက်သည်။

နေ့တိုင်း ရေချိုးသည်။ ဆပ်ပြာကောင်းကောင်း သုံးသည်။ အဝတ်အစားတွေ မှန်မှန်လျှော်သည်။ သူငယ်ချင်းတွေက တောင်...

"ဆပ်ပြာမှုန့်ကြော်ငြာကို ထက်ထက်မိုးဦးနဲ့ မကြော်ငြာဘဲ ဖြူဝင်းမွတ်နဲ့ ကြော်ငြာရင် ပိုတောင် ရောင်းကောင်းဦးမယ်ထင်တယ်၊ မင်းလိုကောင်ကိုတောင် အဝတ်လျှော်ချင်လာအောင် လုပ်နိုင်တာကိုး"

ဟု နောက်ကြပြောင်ကြသည်။

မနက်အိပ်ရာထပြီးတာနဲ့ ခြင်ထောင် သိမ်းပြီးသား။ စောင်ခေါက်ပြီးသား။ အိပ်ရာခင်းကို စန့်နေအောင် ပြန်ခင်းပြီးသား။ စာအုပ်တွေကို စားပွဲပေါ်မှာ ညီညီညာညာ စီထားသည်။ အခန်းကို နေ့တိုင်း လှဲကျင်းသည်။ အခန်းထောင့်မှာ ပလတ်စတစ် အမှိုက်ခြင်းကလေးတစ်ခုတောင် ချထားသေးသည်။

"မင်းဟာက တကယ်သန့်ပြီဆိုတော့လည်း လွန်လွန်းတယ်ကွာ၊ ဖြူဝင်းမွတ်က မင်းအခန်းထဲအထိ လာပြီးစစ်ဆေးမှာကျနေတာပဲ"

ဟု သိန်းထွန်းက ငေါ်သည်။

အောင်ငွေကတော့ အိပ်ရာပေါ် တက်အိပ်သဖြင့် အိပ်ရာခင်းတွေ တွန့်ကြေကုန်ခြင်း၊ စာအုပ်တွေ ယူဖတ်ပြီး နေရာတကျ ပြန်မထားခြင်း၊ ဆေးလိပ်တိုကို ဆေးလိပ်ခွက်ထဲ မထည့်ဘဲ ကြမ်းပြင်မှာ တင်ထားခြင်းတို့အတွက် နောင်စိုး၏ ဆူပူခြင်းကို ခံရလေ့ရှိ၏။ အောင်ငွေက...

"မင်းဖြစ်ပုံက ကံစမ်းမဲက ဘယ်ဆိုနေမှန်း မသိသေးဘူး၊ ကားဂိုဒေါင် အရင်ကြိုတင်ဆောက်ထားသလို ဖြစ်နေပြီ၊ တော်ကြာ ကားမဲ မပေါက်ဘဲ နှစ်သိမ့်ဆု တီရှပ်တစ်ထည် ဆိုတာမျိုး ဖြစ်ရင် ခက်မယ်"

ဟု ဆိုသည်။

နောင်စိုးကတော့ ဘာပြောပြော ဂရုမစိုက်။ သူ့အခြေအနေ တစ်နေ့တစ်ခြား ပိုကောင်းလာသည်ဟု ယုံကြည်သည်။

◈ ◈ ◈

ဖြူဝင်းမွတ်အတွက်တော့ ဒီလောက် အဆင်မပြေလှပါ။ သူ့အနေနှင့် နောင်စိုးအပေါ် ရင်းရင်းနှီးနှီး ဆက်ဆံခဲ့မိသဖြင့် ပတ်ဝန်းကျင်၏ ရိုက်ခတ်မှုများ ရှိလာခဲ့သည်။

သူမနှင့် နောင်စိုးတို့ တွဲတွဲသွားသွား ရှိတတ်သောကြောင့် တချို့က သူတို့နှစ်ယောက် ချစ်သူတွေ ဖြစ်သွားကြပြီဟု သတ်မှတ်လိုက်ကြသည်။ ဒါကို ဖြူဝင်းမွတ်က နစ်နာတယ်လည်း မထင်။





www.burmeseclassic.com

www.burmeseclassic.com



ဂရုလည်းမစိုက်။ သူ့ကို ကြိုက်နေသော တချို့လူများ၏ လို[illegible] စကားပြောခံရခြင်းကတောင် သက်သာသွားသေးသည်ဟု ထင် ၏။ သူတို့ကြောင့် စိတ်အနှောင့်အယှက် ဖြစ်ရတာထက်စာလျှင် နောင်စိုးနှင့် စကားပြောရတာက အပျင်းပြေသေးသည်။ ပြီးတော့ နောင်စိုးသည် အန္တရာယ်ရှိနိုင်မည့်သူ မဟုတ်။ ဒါက သူတစ်ဦး တည်း၏ အမြင်။

တခြားလူတွေကတော့ နောင်စိုးနှင့် ဖြူဝင်းမွှတ်တို့ တွဲလျှောက်လာတာ မြင်လျှင် ဘေးက ဖြတ်သွားရင်း...

"တစ်ရာ့တစ်ကြိမ်မြောက် ချစ်ခွင့်ပန်ခြင်း ထင်တယ်"

"ဗြူတီအန်သည်ဘိစ် ဇာတ်ကား ရိုက်နေတာလား မသိ ဘူး"

ဟု မကြားတကြား ပြောသွားကြ၏။

တစ်ရက်မှာ နောင်စိုးနှင့် ဖြူဝင်းမွှတ်တို့ ဂျပ်ဆင်ရှေ့မှာ ရပ်စကားပြောနေတုန်း ဖြူဝင်းမွှတ်ကို လိုက်ဖူးသောသူ တစ် ယောက်နှင့် သူငယ်ချင်းများ လျှောက်လာသည်။ နောင်စိုးတို့ကို မြင်တော့...

"ဟာ...နော်တာဒိမ်း ဘုရားကျောင်းနဲ့ မှားနေပြီ ထင် တယ်"

ဟု ပြောသွားကြ၏။ နော်တာဒိမ်းမှ ခါးကုန်းကြီး ဆိုသော ဇာတ်လမ်းနှင့် နှိုင်းပြီး ချိုးချိုးနှိမ်နှိမ် ပြောသွားကြခြင်း ဖြစ်၏။ ဖြူဝင်းမွှတ်က အပြုံးမပျက် ဂရုမထား နေနိုင်သော်လည်း နောင်စိုးမှာ တစ်ခါတစ်ခါ မျက်နှာပျက်ချင်သည်။ ဒီလိုအပြောခံရ





[illegible] ဖြူဝင်းမွှတ်ဆီ မလာတော့ဘဲ နေခဲ့လျှင်လည်း အကောင်း [illegible]း ခုတော့ သူကလည်း အမှတ်မရှိ။

တခြားလူ မပြောနဲ့။ သူငယ်ချင်းတွေကတောင် သူတို့ [illegible]ယောက်ကို မသကာ ဖြင့်လာကြသည်။ ဘုတ်ဆုံတို့၊ နယ်လီ [illegible]က...

"နင်...ကိုနောင်စိုးကို သံယောဇဉ် ဖြစ်နေသလား"

ဟု မေးလာ၏။ သူက...

"သံယောဇဉ်ဆိုတာ အမျိုးမျိုး ရှိတယ်လေ၊ သမီးရည်းစား [illegible] မဟုတ်ပါဘူး၊ မိတ်ဆွေသူငယ်ချင်းတွေ၊ မောင်နှမတွေလည်း [illegible]ယောဇဉ် ရှိကြတာပဲ"

"ငါဆိုလိုတာက ကိုနောင်စိုးကို နင် စိတ်ဝင်စားမှု [illegible]ရှိဘူးလား ရှိလား"

ဖြူဝင်းမွှတ် ခေါင်းခါပြီး...

"သူ့ကို သူငယ်ချင်းလို ခင်တာပဲ ရှိတယ်"

"အကြောင်းတစ်ခုခုကြောင့် ဆုံးဖြတ်ရ ခက်နေတာများ [illegible]ဖြစ်နေမလား၊ ဒါမှမဟုတ် နင့်ကိုယ်နင် ညာနေတာကော [illegible]ဖြစ်နိုင်ဘူးလား"

"ငါ သတ္တိမနည်းဘူးဆိုတာ နင်တို့ သိသားပဲ"

ဘုတ်ဆုံကတော့ ခပ်ရှင်းရှင်း ပြောသည်။

"တကယ်လို့ နင် ကိုနောင်စိုးကို သဘောကျတယ်ဆိုရင် လက်သာခံလိုက်၊ ငါသဘောတူတယ်၊ ကိုနောင်စိုးက ပုံမ[illegible] [illegible]ယ့် ရိုးသားတယ်ဟ၊ ဟိုအရင်ကဆို ငါ သူ့[illegible]တွေ့ရင်



www.burmeseclassic.com

www.burmeseclassic.com



ဟားဖို့လောက် စိတ်ကူးခဲ့တာ၊ ခုတော့ သူ့ကို သနားမိတယ် သူဟာ နှင့်အပေါ်မှာ သစ္စာရှိမယ်လို့ ထင်တယ်၊ နှင့်ကိုလည်း အမြဲတမ်း အလျှော့ပေး လိုက်လျောမှာပဲ၊ နှင့်က ခပ်နွဲ့နွဲ့ ခပ်ထက်ထက်ဆိုတော့ ရိုးရိုးအေးအေးသမားနဲ့မှ ဖြစ်မှာ"

"မဟုတ်ပါဘူးဆိုမှဟာ၊ နှင့်တို့ကပါ ငါ့ကို မယုံသလို ဖြစ်နေကြပြီလား"

"မဟုတ်ဘူးဆိုရင်လည်း စောစောစီးစီး ရှာလိုက်တော့ ကြာရင် နှင့်အပြစ် ဖြစ်လာမယ်"

ဟု နယ်လီက ပြောသည်။

"မဖြစ်နိုင်ဘူးဆိုတာ ငါ ပွင့်ပွင့်လင်းလင်း ပြောထားပြီး ပဲ၊ သူ့ဘာသာ ဆက်မျှော်လင့်နေတာကိုတော့ ငါက ဘယ်လိုလုပ် သွားပိတ်ပင်လို့ ရမှာလဲ"

ဟု ဖြူဝင်းမွှတ် ပြန်ပြောခဲ့သည်။

◈ ◈ ◈

နောင်စိုးဂယက်မှာ ဒီမျှသာ မဟုတ်ကြောင်း ထပ်ပြီးသိရ ပြန်၏။ တစ်ရက်တွင် မေမေ မေးသည်။

"သမီးမှာ ရည်းစားတွေဘာတွေများ ရှိနေပြီလား"

"မရှိပါဘူး"





"သိပါဘူးကွယ်၊ ကျောင်းမှာ ကောင်လေးတစ်ယောက်နဲ့ တွေ့တွေ့နေတယ် သတင်းကြားလို့"

"သူငယ်ချင်းပါ မေမေရဲ့"

ဟု ပြန်ပြောလိုက်သည်။ မေမေကတော့ 'ဟုတ်ပါ့ မယ်၊ သမီးချစ်သူပါ' ပြောလည်း ကန့်ကွက်မှာမဟုတ်။ ဖေဖေ ကတော့...

"မောင်တင်မောင်ထွန်းနဲ့ တွေ့သေးလား"

ဟု မေးသည်။

ဒီကိစ္စ မေမေတို့ကို ကိုတင်မောင်ထွန်းက ပြန်ပြောခဲ့တာ လားဟု စဉ်းစားကြည့်သေးသည်။ မဖြစ်နိုင်။ ကိုတင်မောင်ထွန်း သည် ခုလို ကလေးဆန်ဆန် တိုင်လားတောလား လုပ်မည့်သူမျိုး မဟုတ်။

သို့တိုင်အောင် သူကလည်း နောင်စိုးအကြောင်းကို သိနေခဲ့၏။ တစ်ရက်မှာ ကျောင်းကို သူရောက်လာသည်၊ အေးအေးဆေးဆေး စကားပြောချင်တယ်ဟု ဆို၏။ ပြီးတော့ ပွင့်ပွင့်လင်းလင်းပဲ မေးသည်။

"ကျောင်းမှာ ဖြူက ကိုနောင်စိုးဆိုတဲ့ လူတစ်ယောက်နဲ့ ရင်းရင်းနှီးနှီး ရှိတယ်လို့ ကြားတယ်၊ အဲဒါ ဘယ်လိုသဘောလဲဆိုတာ ကိုယ်သိချင်တယ်"

ဖြူဝင်းမွှတ် နည်းနည်း မျက်ခနဲ ဖြစ်သွား၏။ ကိုတင် မောင်ထွန်းကို လူကြီးတွေက သဘောကျနေတာပဲ ရှိသေး၏။ သူတို့နှစ်ယောက် စေ့စပ်ထားတာလည်း မဟုတ်၊ လက်မှတ်



www.burmeseclassic.com

www.burmeseclassic.com



သဘောမျှထားကြတဲ့အဆင့်တောင် မဟုတ်။ ဖြူဝင်းမွှတ်က လက်ခံလျှင် မကန့်ကွက်ဆိုသော အနေအထားမှာသာ ရှိသေးသည်။

ဒီလိုလူတစ်ယောက်က စစ်ဆေးမေးမြန်းတာကို တကယ် မဟုတ်သည့်ပင် ဖြစ်စေ ရှင်းလင်းပြောကြားရတာ သိက္ခာကျသည် ဟု ထင်၏။ မဟုတ်ပါဘူးဆိုသော စကားတစ်ခွန်း ပြောဖို့ကိုပင် အောက်ကျသည်ဟု မှတ်သည်။ ထို့ကြောင့်...

"ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာကိစ္စတွေကို မစပ်စုစေချင်ဘူး၊ ဒါ တရားခွင် မဟုတ်ဘူးဆိုတာလည်း သတိထားပါဦး။ တရားခွင်မှာတောင်မှ အမှုနဲ့ မပတ်သက်တာကို မေးခွင့်မရှိဘူး နော်"

"ဒီလိုပါ ဖြူ၊ တကယ်လို့ ကိုယ်ကြားတဲ့သတင်းက မဟုတ်တယ်ဆိုရင် ကိုယ် နောက်ဆုတ်ပေးမလို့ပါ"

တော်တော် အဖြေရခက်သည့်ကိစ္စ။ နောက်ဆုတ်လိုက်ပါလို့ ပြောလျှင်လည်း နောင်စိုးနှင့်ကိစ္စ ဟုတ်ပါတယ်ဟု ဝန်ခံလိုက်သလို ဖြစ်မည်။ နောက်မဆုတ်ပါနဲ့ဆိုလျှင်လည်း သူ့ကို လက်လွှတ်မခံနိုင်လို့ဟု ထင်ဦးမည်။

"ဒါ ကျွန်မရဲ့ ကိုယ်ပိုင်အခွင့်အရေးပါ၊ ဘာမှ ပြောနေစရာ မလိုဘူးထင်တယ်"

ကိုတင်မောင်ထွန်း ခဏတွေပြီး စဉ်းစားသည်။ ထို့နောက်...

"ဖြူ ကိုယ့်အပေါ်မှာ ဘယ်လိုသဘောထားတယ်ဆိုတာ





သိနားလည်ပါပြီ၊ ကိုယ် ထပ်ပြီး မနှောင့်ယှက်တော့ပါဘူး၊ ...ခုပဲ ရှိတယ်၊ ကိုယ်ဟာ ဒီလို ပုံဆိုးပန်းဆိုး လူတစ်ယောက် ...ာက်တောင် အခွင့်အရေး မရခဲ့တဲ့အတွက် ဝမ်းနည်းမိတယ်၊ ...လည်းရှက်တယ်"

ဖြူဝင်းမွှတ် ဆတ်ခနဲ ဖြစ်သွား၏။ ချက်ချင်း သတိထား ပြန်ထိန်းလိုက်ပါ၏။

"ကိုတင်မောင်ထွန်းလို လူတစ်ယောက်က ဒီလို ခနဲ့တဲ့တဲ့ ...ားမျိုး ပြောလာတာ သိပ်အံ့ဩဖို့ကောင်းတာပဲ"

ဟု ခပ်ပြုံးပြုံး ပြောလိုက်၏။ ကိုတင်မောင်ထွန်းမျက်နှာ ...က်ခနဲ ပျက်သွားသည်။ ပြီးတော့...

"ဟာ...ဟုတ်တယ်၊ ကိုယ်ပြောတာ သိပ်အောက်တန်းကျ ...လို ဖြစ်သွားတယ်၊ ကိုယ် တောင်းပန်ပါတယ်၊ အခုလို ဖြူ ...တ်အနှောင့်အယှက် ဖြစ်အောင် ပြောမိတဲ့အတွက်လည်း ခွင့် ...တ်ပါ"

ဟု တကယ် စိတ်မကောင်းဟန်ဖြင့် ပြောသည်။ ဘာပဲ ...ဖြစ် ကိုနောင်စိုးနှင့် ပတ်သက်သော ဆက်ဆံမှုကို ပြန်လည် ...ဉ်းစားသုံးသပ်ဖို့ လိုအပ်လာတာတော့ အမှန်ပဲဖြစ်၏။

◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com



နောင်စိုးသည် အရင်ကအတိုင်းပင် ဖြူဝင်းမွှတ်နှင့် တစ်တောင်လောက်အကွာမှာ ဝင်ထိုင်သည်။ မထိုင်ခင် "ကျွန်တော် ထိုင်ရမလား" ဟု ခွင့်တောင်းမြဲ တောင်းသေးသည်။

ဖြူဝင်းမွှတ်သည် သူငယ်ချင်းတွေနှင့် ရခိုင်မုန့်... သောက်ပြီးနောက် လမ်းခွဲလာခဲ့သည်။ အေးအေးဆေးဆေး... လေညှင်းခံချင်သောကြောင့် အင်းလျားကန်စပ်ရှိ သစ်ပင်ရိပ်... ကောင်းသော ခုံတန်းကလေးမှာ လာထိုင်နေခြင်းဖြစ်၏။

ဒီလိုနေရာကို ရအောင်ရှာပြီး လိုက်လာနိုင်သောကြောင့် နောင်စိုးကို ချီးပဲ ကျူးရမလား။ အမြင်ပဲ ကတ်ရမလား။

"ကျွန်မ ဒီမှာရှိမယ်လို့ ကိုနောင်စိုး ဘယ်လိုလုပ် သိလဲ" ဟု မေးလိုက်သည်။

"လိုက်ရှာရတာပေါ့ဗျာ၊ ကင်တင်းတွေလည်း နံ့နေပြီ... အကြော်ဆိုင်တွေဘက်လည်း ရောက်ခဲ့တယ်၊ အဲဒီကအပြန်... ဒီဘက်က ဖြတ်အထွက်မှာ တွေ့လိုက်လို့ တော်သေးတာပေါ့"





"အခုလို ကျွန်မကို လာလာစကားပြောနေတဲ့အတွက် ...နဲ့မရဲ့ ကိုယ်ပိုင်အားလပ်ချိန်ကလေးကို အနှောင့်အယှက် ...စေလိမ့်မယ်လို့ မတွေးမိဘူးလား"

နောင်စိုး မျက်နှာငယ်ချင်သွားသည်။ လေသံတိမ်တိမ်ဖြင့်

"တွေးမိပါတယ်၊ အားလည်း အားနာပါတယ်၊ တကယ် ...မဖြူဝင်းမွှတ်က ခွင့်မပြုဘူးဆိုရင်တော့ ကျွန်တော် လိုက်နာ ...ပါ"

"ဒါဆိုလည်း နောက်ကို လာစကားမပြောနဲ့တော့၊ ...ခြားကြောင့် ပြောတာမဟုတ်ဘူး၊ အနှောင့်အယှက် ဖြစ်တယ် ...တာထက် ကိုနောင်စိုးအတွက် အချိန်တွေ ကုန်မှာစိုးလို့ ...တာ၊ စာမေးပွဲက သိပ်နီးနေပြီ၊ စာတွေကော စုံရဲ့လား"

"စုံတာပေါ့၊ ကျွန်တော်က ကျောင်းမှန်မှန်တက်ခဲ့တာပဲ၊ ...စ် အောင်ရုံတင် မကဘူး၊ ကွာလီဖိုင်းတောင် ဖြစ်နိုင်တယ်၊ ...ဒါ မဖြူဝင်းမွှတ်ရဲ့ ကျေးဇူးကြောင့်ပဲ၊ အရင်ကဆို ကျွန်တော် ...ာ သိပ်လေချင်တာ၊ အပျင်းလည်း ထူတယ်၊ မဖြူဝင်းမွှတ်နဲ့ ...တွေ့ပြီးမှ ပြောင်းလဲတာ၊ အဖေသာ သိရင် မဖြူဝင်းမွှတ်ကို ...ကျေးဇူးတင်မှာပဲ"

ဖြူဝင်းမွှတ်က ပြုံးရုံသာ ပြုံးနေလိုက်သည်။

သူတို့ထိုင်နေသောနေရာသည် သစ်ပင်ရိပ်မှာ ဆိုသော် ...ည်း လုံးဝလုံတာတော့ မဟုတ်။ ဖြူဝင်းမွှတ်၏ ပခုံးတစ်ခြမ်း ...ပါသို့ နေရောင်ကျနေ၏။ နောင်စိုးက...

"မဖြူဝင်းမွှတ် ဒီဘက် နည်းနည်းတိုးပါလား"



www.burmeseclassic.com

www.burmeseclassic.com

ဖြူဝင်းမွှတ် ဖျတ်ခနဲ လှည့်ကြည့်ပြီး…

"ရှင်"

"သြော်…မဟုတ်ဘူးလေ၊ ဟို…အဲဒီဘက်က နေပူ… ဒီဘက် တိုးခိုင်းတာပါ၊ အဲ…ဒါမှမဟုတ်ရင်လည်း နေရာ… လဲထိုင်ရအောင်"

"ရပါတယ်၊ ကျွန်မ ကျောပူခံနိုင်ပါတယ်"

"နားပူတော့ မခံနိုင်တော့ဘူးပေါ့လေ"

"နားပူကောင်း ပူလာနိုင်တယ်လို့ ထင်လို့လေ"

"နောက်ရက်ဆို နားမပူစေရပါဘူး၊ စာမေးပွဲ ပြီးတဲ့အ… မဖြူဝင်းမွှတ်ဆီ မလာဘဲ နေပါ့မယ်၊ ဒီနေ့ နည်းနည်း သည်း… လိုက်ပါနော်"

နောင်စိုးက ခဏဆိုင်းလိုက်ပြီးမှ…

"ကျွန်တော် မဖြူဝင်းမွှတ်ရဲ့နာမည်ကို တစ်လုံးထဲ ခေါ်… လို့ ရမလား"

"ဘယ်လို ခေါ်ချင်လို့လဲ၊ ပြောပါဦး"

ပေါ့ပေါ့ပါးပါး မေးသည့်သဘော ဖြစ်စေရန် ရယ်… စွက်၍ ပြောသည်။

"ကျွန်တော် မွှတ်လို့ ခေါ်ချင်တာ"

"ဖြစ်ရလေ၊ ကျွန်မကလည်း ကျွန်မရဲ့နာမည်ထဲမှာ အဲဒီစကားလုံးကို သဘောကျတာ မဟုတ်ဘူး၊ မွှတ်ဆိုတာ… လည်တယ်လို့ အဓိပ္ပါယ် ရတယ်မဟုတ်လား"

"ကျွန်တော်ကတော့ အဲဒီလို မထင်ဘူး၊ မွှတ်တယ်ဆိုတာ





…ချောတယ်လို့ အဓိပ္ပါယ်ရတယ်၊ ချောမွှတ်နေတာပဲလို့ ပြောလေ့ရှိ…တယ်လေ၊ ပြီးတော့ နူးညံ့တယ်လို့လည်း ဆိုနိုင်တယ်၊ ပန်းသီးတို့ …သတို့ စားလို့ကောင်းရင် မွှတ်နေတာပဲလို့ ပြောတတ်ကြတယ် …မဟုတ်လား"

"ကျွန်မက ပန်းသီးမှ မဟုတ်ဘဲ"

"နှလုံးသားတစ်ခုဟာ ရုတ်တရက် ကြည့်ရင် ပန်းသီး …တစ်လုံးနဲ့ တူတတ်ပါတယ်ဗျာ"

"စာမေးပွဲမှာ နှလုံးသားအကြောင်းတော့ မေးမှာမဟုတ် …ဘူးနော်၊ သတိလည်း ထားဦး"

ဖြူဝင်းမွှတ်က ရယ်သွမ်းသွေးလိုက်၏။ နောင်စိုးက …အနည်းငယ် ပြုံး၍…

"နှလုံးသားအကြောင်း မေးလို့ကတော့ စာမကျက်ဘဲ …ဖြေရင်တောင် အမှတ်ပြည့်ရမှာ သေချာပါတယ်"

"ကိုနောင်စိုးက တော်တော် ဖွဲ့ကောင်းတာပဲ"

"ဖွဲ့ဆုများ ရမလားလို့ပါဗျာ"

"ဖွဲ့ဆု ဆိုကတည်းက ပထမဆု ဘယ်ဟုတ်တော့မလဲ"

"ကျွန်တော့်အတွက်တော့ ဖွဲ့ဆုဆိုရင်ပဲ ကျေနပ်လှပါပြီ၊ ပထမဆုကတော့ မဖြူဝင်းအတွက် အမြဲထားလိုက်ပါ့မယ်"

"ကျွန်မကို ဘယ်လို ခေါ်လိုက်တယ်"

"မဖြူဝင်းက မွှတ်ဆိုတဲ့ စကားလုံးကို မကြိုက်ဘူးဆိုလို့ ထည့်မခေါ်တာပါ"

"ကိုနောင်စိုးကတော့ အဲဒီစကားလုံးကို ကြိုက်တယ်ဆို"


www.burmeseclassic.com

 www.burmeseclassic.com

"ကျွန်တော် ကြိုက်ဖို့ အရေးမကြီးပါဘူး၊ အရာရာ မဖြူဝင်းမွှတ်ကသာ အရေးကြီးတာပါ"

နောင်စိုးသည် ဒီနေ့ စကားတွေ တော်တော် တတ် သည်။

နောက်ရက်တွေမှာ ပြောခွင့် မရနိုင်တော့လို့ အကု အစင် သွန်ချပြီး ပြောတော့မည့်ပုံစံမျိုး။

"ကဲပါ...ဘာပဲပြောပြော၊ ဒီအကြောင်းတွေပဲ ပြန် ရောက်နေတာပဲ၊ ခုချိန်မှာ ဒါတွေ အသာထားလိုက်ဦး၊ စာ အတွက် စာကျက်ဖို့ပဲ ခေါင်းထဲမှာ ထားစေချင်တယ်"

"ဒါဆိုလည်း ကျွန်တော် စိတ်ချလက်ချ စာကျက်နိုင် အောင် မဖြူဝင်းက အဖြေပေးလိုက်ပါတော့လား"

"ဒါတော့ မဖြစ်နိုင်ဘူး"

"ကျွန်တော်က ဆင်းရဲလို့လား"

"ကိုနောင်စိုး ချမ်းသာတယ် ဆင်းရဲတယ်ဆိုတာ ကျွန် က ဘယ်လိုလုပ် သိမှာလဲ"

"ကျွန်တော် ဝတ်စားနေထိုင်ပုံကို ကြည့်ရင် သိနိုင်တာပဲ"

"နယ်က ကျောင်းလာတက်တဲ့ လူအများစုဟာ ဒီမှာ ရိုးရိုးကုပ်ကုပ်ပဲ နေတတ်ကြတယ်လေ၊ ဒါပေမယ့် သူတို့မြို့မှာ တော့ မိဘတွေက အချမ်းသာဆုံး စာရင်းဝင်တွေ ဖြစ်ချင်ဖြစ်နေ တတ်ကြတာပဲ၊ ပြီးတော့ ကျွန်မက ဆင်းရဲတာ ချမ်းသာတာ သိပ်ဂရုစိုက်တတ်တဲ့လူမျိုး မဟုတ်ပါဘူး"

"မဖြူဝင်းရယ်...ကိုယ့်ချို့ယွင်းချက်ကို ကိုယ့်ဘာသာ





ကြည့်ပါလို့ မဖြူဝင်းက ပြောခဲ့တယ်နော်၊ အဲဒါ လွယ်တဲ့ကိစ္စ ဟုတ်ပါဘူး၊ လူတွေဟာ ကိုယ့်ကိုယ်ကို အပြစ်မြင်ဖို့ ခက်ခဲပါ တယ်၊ ပြီးတော့ လူတစ်ယောက်နဲ့တစ်ယောက် အကြိုက်ချင်း အမြင်ချင်း တူကြတာမှ မဟုတ်ဘဲ၊ ကျွန်တော့်အတွက် ဘာမှ အရေးမကြီးတဲ့ အချက်တစ်ချက်ဟာ မဖြူဝင်း အမြင်မှာတော့ ကြီးမားတဲ့ ချို့ယွင်းချက် ဖြစ်ချင်ဖြစ်နေလိမ့်မယ်"

"ကဲပါ ကိုနောင်စိုးရယ်၊ အဲဒီချို့ယွင်းချက်ဆိုတာကိုလည်း ာမနေပါနဲ့တော့၊ ကျွန်မက အရှာမခိုင်းတော့ဘူးလို့ပဲ သဘော ားလိုက်ပါတော့"

"မဖြူဝင်းက အလွယ်တကူ စကားဖြတ်ပစ်လို့ ရပေမယ့် ကျွန်တော့်အတွက်က မလွယ်ဘူး၊ ကျွန်တော် ဘယ်လောက် ဦးနှောက်ခြောက်အောင် စဉ်းစားခဲ့ရတယ် မှတ်သလဲ"

"ဒီလောက်လည်း ဦးနှောက်ခြောက်မခံပါနဲ့တော့"

"ကျွန်တော် ဦးနှောက်မခြောက်ခံစေချင်ရင် မဖြူဝင်းက ကျွန်တော့်ရဲ့ ချို့ယွင်းချက်ဟာ ဘာလဲဆိုတာ ပြောပြလိုက်ပါ တော့"

ဖြူဝင်းမွှတ်က ဘာမှပြန်မပြောဘဲ ငြိမ်နေသည်။ နောင်စိုး မချင့်မရဲ ဖြစ်လာ၏။

"ပြောသာပြောပါ မဖြူဝင်းမွှတ်ရယ်၊ ဘယ်လိုအချက်မျိုး ဖြစ်ဖြစ် ကျွန်တော် ပြုပြင်ပါ့မယ်"

ဖြူဝင်းမွှတ်က သက်ပြင်းချပြီး...

"တချို့ ချို့ယွင်းချက်တွေက ပြင်ချင်တိုင်း ပြင်



www.burmeseclassic.com

www.burmeseclassic.com


မဟုတ်ဘူး"

နောင်စိုး တွေသွားသည်။ ပြင်ချင်တိုင်း ပြင်လို့ရတာ မဟုတ်ဘူး၊ ပြင်ချင်တိုင်း ပြင်လို့ရတာ မဟုတ်ဘူးဟု ခပ်တိုးတိုး ရေရွတ်နေသည်။ ပြီးတော့ ဖြူဝင်းမွတ်ဘက် ဆတ်ခနဲ လှည့်ပြီး

"ဒါဆို...ဒါဆို...ကျွန်တော်က ရုပ်ဆိုးလို့ပေါ့ ဟုတ်လား"

ဖြူဝင်းမွတ်က မဖြေ။

"ဟုတ်တယ် မဟုတ်လား"

ဖြူဝင်းမွတ်က နှုတ်ဆိတ်မြဲ။ တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားနေဟန် တူသည်။ နောင်စိုး စိတ်မရှည်တော့။ ဖြူဝင်းမွတ် လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်လိုက်မိ၏။

"ပြောလေ မဖြူဝင်း"

"ဒါ...ဒါ ဘာလုပ်တာလဲဟင်၊ ကျွန်မကို လွှတ်ပါ"

"မလွှတ်နိုင်ဘူး၊ ကျွန်တော့်မေးခွန်းကို ဖြေပါ"

"ကျွန်မ ပြောနေတယ်နော်၊ အဲဒီလို အနိုင်ကျင့်တာမျိုး ကျွန်မ မကြိုက်ဘူး"

ဖြူဝင်းမွတ်လေသံ မာလာသည်။ နောင်စိုးကလည်း မလွှတ်ဘဲ ဆုပ်ကိုင်ထားမြဲ။

"ပြောနေတာ မရဘူးလား"

ဖြူဝင်းမွတ် လက်ကို ဆတ်ခနဲ ရုန်းလိုက်ပြီးနောက် နောင်စိုး၏ပါးကို ရိုက်ချလိုက်၏။ နောင်စိုး ခါခနဲ ဖြစ်သွားသည်။ ဖြူဝင်းမွတ်က ဝင်းဝင်းတောက်သော မျက်လုံးများဖြင့် စိုက်ကြည့်ပြီး...

"ဟုတ်တယ်၊ ရှင်က အရုပ်ဆိုးလို့ မချစ်နိုင်တာ၊ ရှင်းပြီ ား"

နောင်စိုးမျက်နှာ ရဲခနဲ ဖြစ်သွား၏။ သူ့လေသံကတော့ ိုတင်ကဲ နိုင်လှသည်။

"ခင်ဗျား တော်တော်တတ်နိုင်တဲ့ အမျိုးသမီးပါလားဗျာ... င်၊ ကျွန်တော် အရုပ်ဆိုးတယ်ဆိုတာ လူတိုင်းသိတဲ့ကိစ္စပါ၊ ှုဖုံးကွယ်ထားလို့မရတဲ့ကိစ္စပါ၊ ဒါကို စောစောကတည်းက ပွင့်ပွင့် င်းလင်း ပြောပြီး ငြင်းလိုက်ပါတော့လား၊ ဘာဖြစ်လို့ ကိုယ့် ျှယွင်းချက် ကိုယ့်ဘာသာ ရှာပါလားဆိုပြီး ပညာပြခဲ့ရတာလဲ ူတစ်ယောက်ရဲ့ ဘယ်လိုမှ ပြုပြင်လို့မရတဲ့ ချို့ယွင်းချက်တစ်ခု ို ဘာကြောင့် ပဟေဠိဝှက်တမ်း ကစားနည်းတစ်ခုလို အသုံးချ ျင်ရတာလဲဟင်၊ ခင်ဗျား သိပ်ရက်စက်တယ်ဗျာ"

ပြောပြီး ချာခနဲ လှည့်သည်။ ဖြူဝင်းမွတ်ကို ကျောပေး ုပ်သည်။

"စိတ်ချပါ မဖြူဝင်းရယ်၊ စိတ်ချပါ၊ ဒီလောက် အရုပ်ဆိုး တဲ့မျက်နှာကို ခင်ဗျား နောက်ထပ် ဘယ်တော့မှ မမြင်စေရပါဘူး ကျွန်တော့်ကို ခွင့်လွှတ်ပါ"

နောင်စိုး ထွက်သွားသည်။ ဖြူဝင်းမွတ်သည် သူ့လက် ါးကို တစ်ခါမှ မမြင်ဖူးသောအရာတစ်ခုလို ကြောင်ငေးကြည့် ရင်း ကျန်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

ဖြူဝင်းမွတ်၏ရိုက်ချက်သည် မပြင်းပါ။ နာလည်းမနာ ပါ။ သို့ရာတွင် ပါးရိုက်ခံရခြင်း၌ နာကျင်မှုသည် အရေးမကြီး ဂုဏ်သိက္ခာ ပျောက်ဆုံး ဆုံးရှုံးရခြင်းသာ အဓိကဖြစ်၏။ ဖြူဝင်း မွတ်သည် သူ့ပါးကို ရိုက်ခြင်းမဟုတ်။ သူ၏ဂုဏ်သိက္ခာကို ခြေပေါ်ကျအောင် ပုတ်ချလိုက်ခြင်းသာ ဖြစ်၏။

ပြဒါးတွေ ကွက်နေသောမှန်ထဲတွင် သူ့ရုပ်သွင်သည် နဂိုရှိရင်းဖွဲ့ထက်တောင် ပို၍အကျည်းတန်နေသည်ဟု ထင်ရ၏။ နောင်စိုးသည် မှန်ကို လက်နှစ်ဖက်နှင့်ကိုင်၍ စေ့စေ့ကြည့်ရင်း–

"ငါကိုယ်ငါ အရုပ်ဆိုးတယ်ဆိုတာ မသိဘဲ နေပါ့မလား ကွာ၊ ဒါပေမယ့် အရုပ်ဆိုးတဲ့လူဟာ မချစ်ရတော့ဘူးတဲ့လား၊ မချစ်တတ်ရတော့ဘူးလား...ဟင်၊ မချစ်ရဘူးလား၊ မချစ်ရတော့ ဘူးလားကွာ"

နောင်စိုး ပြောရင်း အသံတွေ တုန်လာပြီး မှန်ကို





ကြမ်းပြင်ပေါ်သို့ ပစ်ပေါက်ခွဲလိုက်၏။ မှန်သည် တစ်စစီ ကြေမွ အက်သွားသည်။

သိန်းထွန်းက နောင်စိုး၏ပခုံးပေါ် လက်တင်လိုက်ပြီး...

"မှန်ထဲက မင်းရဲ့ ကိုယ်နာက အစိတ်စိတ်အမွှာမွှာ ဖြစ် သွားပေမယ့် မင်းရဲ့ ပင်ကိုမျက်နှာကတော့ ဒီအတိုင်းပဲ သူ့နေရာ ... ဘာမှ ပြောင်းလဲမသွားဘူး၊ တကယ်တော့ ရုပ်ဆိုးတဲ့လူပဲ ဖြစ်ဖြစ်၊ ရုပ်ချောတဲ့လူပဲဖြစ်ဖြစ်၊ ဆင်းရဲတဲ့လူ ချမ်းသာတဲ့လူ ...တဲ့လူ၊ မည်းတဲ့လူ၊ ဘယ်သူပဲဖြစ်ဖြစ် နှလုံးသားနဲ့ ... အရောင်အဆင်းကတော့ တူတူချည်းပါပဲကွာ"

နောင်စိုးက ဘာမှပြန်မပြောဘဲ မှန်ကွဲ... စုးစိုက်ကြည့်နေ၏။ အောင်ငွေက...

"ငါတို့ကတော့ ဟောဒီမှန်တစ်ချပ်လို မင်းဘဝ... အစိတ်စိတ်အမွှာမွှာ ကွဲသွားမှာ စိုးရိမ်တယ်ကွာ၊ အထူးသဖြင့် မကြာခင် ဖြေရမယ့် စာမေးပွဲကို ထိခိုက်မှာ စိုးရိမ်မိတာပါပဲ"

နောင်စိုး သက်ပြင်းတစ်ချက်ချသည်။ ပြီးတော့...

"မင်းတို့စေတနာကို ငါ နားလည်ပါတယ်၊ ငါ့အတွက် မစိုးရိမ်ကြပါနဲ့ကွာ၊ ငါ ဒီလောက်တော့ အသိဉာဏ် မနည်းသေး ပါဘူး၊ အခု ဖြစ်ပျက်ခဲ့တဲ့ကိစ္စတွေကို အလွယ်တကူ မေ့ဖျောက် ပစ်ဖို့ ခက်တယ်ဆိုတာ ငါဝန်ခံပါတယ်၊ ဒါပေမယ့် ကိုယ့်ဘဝ ကိုယ်မမေ့ဖို့က ပိုပြီးအရေးကြီးတယ်လို့ ငါခံယူထားပြီးသားပါကွာ"

အောင်ငွေက လက်ကမ်းပေးသည်။ နောင်စိုးက အောင်ငွေလက်ကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်၏။ ထိုလက်များပေါ်သို့


www.burmeseclassic.com

www.burmeseclassic.com



သိန်းထွန်းက သူ့လက်ဖြင့် အုပ်ကိုင်လိုက်သည်။ နောင်စိုးက

"တစ်ခုတော့ ရှိတယ်၊ ခုချိန်မှာ ငါ သံဂေါလိ သိပ်သတိရမိတယ်ကွာ၊ မင်းတို့ ပြောခဲ့သလိုပေါ့၊ ငါတို့ ဆ တပည့်နှစ်ယောက်က ဘဝတူတွေလေ"

နောင်စိုးက ခြောက်သွေ့သွေ့ ရယ်သည်။ ဆက်၍

"တကယ်တော့ စားပွဲထိုးမှ မဟုတ်ပါဘူးကွာ၊ တ သိုလ် ကျောင်းသားတစ်ယောက်အတွက်လည်း အချစ်တစ်ခုဟာ တစ်ဘဝစာ ဖြစ်နိုင်ပါတယ်"

သိန်းထွန်းက ကြမ်းပေါ် ပြန့်ကျဲနေသော မှန်ကွဲစများ ကြည့်ပြီး နောင်စိုး၏ပခုံးကို ပုတ်၍...

"မောင်နောင်စိုး...မင်းရဲ့ဘဝဟောင်းဟာ ဟောဒီမှန်ကွဲ တွေနဲ့အတူ ပါသွားပြီလို့ သဘောထား၊ ခုချိန်ကစပြီး လူသ စိတ်သစ် ဘဝသစ်တစ်ခု တည်ဆောက်နိုင်ပါစေကွာ၊ ကဲ သူငယ်ချင်းတို့ရေ၊ ဒီအမှိုက်တွေကို သိမ်းပြီး လွှင့်ပစ်လိုက်ကြစို့"

◈ ◈ ◈





ဖြူဝင်းမွှတ်သည် သူ့လက်ဖဝါးကို ဘယ်နားမှာ သွား ထားရမှန်း မသိအောင် ဖြစ်နေရ၏။

သူသည် အရင်က လူတစ်ယောက်ကို တစ်ခါမှ ပါးမရိုက် ခဲ့ဖူးသေးပါ။ ပါးရိုက်တယ်ဆိုတာကလည်း ထမင်းဟင်းချက်တာ လို မိန်းကလေးတို့ မဖြစ်မနေ တတ်အပ်သောပညာမျိုး မဟုတ်။ ကိုယ်ကာယလေ့ကျင့်ခန်းလို သင်တန်းတက်လို့ ရတာမျိုးလည်း မဟုတ်။ ဝတ်စုံပြည့် အစမ်းလေ့ကျင့်ဖို့လည်း မဖြစ်နိုင်။ ဘယ် အချိန်မှာ ဘယ်လို ဘယ်လောက်ပြင်းပြင်း ရိုက်ရမယ်ဆိုတာ လည်း မခန့်မှန်းနိုင်။ တကယ်တော့ ပါးရိုက်ခြင်းဆိုသည်မှာ မိန်းကို တို့မိလျှင် အလိုအလျောက် တုံ့ပြန်မှုဖြစ်သလို ဦး ဆုံးဖြတ်ချက် မချမီကပင် တုံ့ပြန်လိုက်တတ်သော အပြုအမူမျိုး များ ဖြစ်နေလေမလား။

သူ့လက်ဝါးသည် သူ့ခန္ဓာကိုယ်အစိတ်အပိုင်း



www.burmeseclassic.com

www.burmeseclassic.com



အဖြစ် အမြဲရှိနေသဖြင့် အမြဲမြင်နေရသည်။ ထိုလက်ဝါး မြင်တိုင်း တနုံ့နုံ့ ခံစားရသည်။

တကယ်တော့ သူသည် နှောင်းစိုးကို စလောက် ပစ်ပစ်ခါခါ လုပ်ဖို့ ကြိုတင်စိတ်ကူးခဲ့ခြင်း မရှိပါ။ နှောင်းစိုး သူ့လက်မောင်းကို ပိုင်စိုးပိုင်နင်း ဆုပ်ကိုင်လာသောကြောင့် ဆတ်ဆတ်ထိမခံတတ်သော သူ့ပင်ကိုစရိုက် ပေါ်လာပြီး ပါးရိုက် လိုက်မိခြင်းသာ ဖြစ်၏။

ပြီးတော့ နှောင်းစိုးကို သူ မချစ်နိုင်ရသည့် အကြောင်း သည်လည်း အရုပ်ဆိုးလို့ဆိုသောအချက်သည် အဓိက မဟုတ်ပါ။ ချစ်လို့မရလို့ မချစ်ခြင်းသာ ဖြစ်၏။ မချစ်နိုင်လို့ မချစ်ခြင်းသာ ဖြစ်၏။

ဟိုအရင် နှောင်းစိုးက သူ့မှာ ချို့ယွင်းချက် ရှိနေလို့လား ဟု မေးတုန်းက နားအေးရင် ပြီးရောဆိုပြီး ဟုတ်တယ်ဟု ပြောလိုက်မိ၏။ ဒါဖြင့် အဲဒီချို့ယွင်းချက်က ဘာလဲဟု မေးလာ ပြန်သောအခါ ဖြေရခက်နေ၏။ တစ်ခုခု ရာကြဲပြောလိုက်ပြန် လျှင်လည်း ထိုချို့ယွင်းချက်ကို ပြင်ပြီးပါပြီ အဖြေပေးပါတော့ လုပ်ဦးမည်။ ထို့ကြောင့် ကိုယ့်ဘာသာ ရှာကြည့်ဟု လွယ်လွယ် ပြောလိုက်ခြင်း ဖြစ်၏။

ဒါကို နှောင်းစိုးက အဟုတ်မှတ်ပြီး သဲကြီးမဲကြီး ရှာ သည်။ ဟိုဟာလား၊ ဒီဟာလား တစ်မျိုးပြီးတစ်မျိုး လာမေးသည်။ နောက်ဆုံး စိတ်ထဲမှာ မချင့်မရဲ ဖြစ်လာရာမှ ခုအခြေကို ရောက်ခဲ့ခြင်း ဖြစ်၏။





နှောင်းစိုးကို တွေ့ကာစက အမြင်ကတ်ခဲ့မိ၏။ နောက် ဘော့ နှောင်းစိုးသည် အူကြောင်ကြောင်နိုင်တာကလွဲလျှင် လူရိုး ကောင်းတစ်ယောက် ဖြစ်မှန်း သိ၍ သနားသွားသည်။

တကယ်လို့ ချစ်သူတစ်ယောက်လို ချစ်ခွင့်တောင်းခြင်း ဟုတ်ဘဲ သူငယ်ချင်းတစ်ယောက်လို ခင်ခွင့်တောင်းခဲ့လျှင် ချက်ချင်း လက်ခံမိလိမ့်မည်။

နှောင်းစိုးကို ကရုဏာသက်ပြီး လက်ခံ စကားပြောဖြစ်နေ သည်။ ဒီကြားထဲမှာ နှောင်းစိုးသည် သူ့အပေါ်ထားသည့် မျှော်လင့်ချက်ကြောင့် ကိုယ့်ကိုယ်ကို ပြုပြင်ဖို့ ကြိုးစားသည်။ အခါ မိမိအနေဖြင့် အခြေအနေကောင်းလေးကို ဖျက်စီးအောင် လုပ်ရက်သော စေတနာကလေး ဝင်လာသည်။ ထို့ကြောင့် နှောင်းစိုးအပေါ် ဟန်မပျက် မျှဦး၍ ဆက်ဆံခဲ့သည်။

တကယ်လို့ သူ့ဘာသာ စိတ်ပျက်အားလျှော့ပြီး နောက် ဆုတ်သွားလည်း ကိစ္စပြတ်နိုင်သည်။ သို့မဟုတ် နှောင်းစိုးက နောက်ဆုံးနှစ် ဖြစ်သောကြောင့် ဒီနှစ်ပြီးလျှင် ကျောင်းမှာ ဆက်မရှိနိုင်တော့။ အနေဝေးလျှင် တဖြည်းဖြည်း သွေးအေးသွား လိမ့်မည်။ ဒီလို တွက်ခဲ့သည်။

ခုကျတော့ နှစ်ဦးစလုံး စိတ်ကလေးတွေ နည်းနည်းလွတ် သွားတာနဲ့ မထင်မှတ်တာတွေ၊ စိတ်မကောင်းစရာတွေ ဖြစ်လာခဲ့ ပြီ။

နှောင်းစိုးသည် မိမိကြောင့် ပြောင်းလဲတိုးတက်ခဲ့ခြင်း ဖြစ်ပါသည်ဟု ဝန်ခံခဲ့ဖူးသည်။ ဒါဆို ခုကျတော့ကော...မိမိကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ပဲ စိတ်ကိုလွှတ်ပစ်လိုက်မှာလား။ ကြိုးစားခဲ့မှုတွေကို အလဟ
လုပ်ပစ်မှာလား စိုးရိမ်လိုက်မိ၏။

ထို့ကြောင့် နောင်စိုးကို တွေ့ပြီး တောင်းပန်
ကောင်းမလား စိတ်ကူးသည်။ ကိုယ်က မိန်းကလေး။ ပြီး
နှစ်ယောက်သား ဘာမျှ တော်စပ်ကြတာမဟုတ်။ နောင်
တကူးတကနဲ့ လိုက်ရှာပြီး တောင်းပန်ဖို့ဆိုတာ ကိုယ့်သိက္ခာ
ရှိသေးသည်။

လမ်းမှာ ကြုံရင်ဆုံရင်တော့ နှုတ်ဆက်လိုက်
အဆင်သင့်လျှင် တောင်းပန်စကား ဆိုလိုက်မည်ဟု စိတ်
သည်။ တစ်ခုတော့ သူလုပ်နိုင်သည်။ နောင်စိုးနှင့် ကြုံဖြစ်ဆုံ
အောင် နောင်စိုး ရှိတတ်သောနေရာမျိုးကို တမင်တကာ သွား
ကြည့်ခြင်းဖြစ်၏။ ဆုံလိုဆုံငြားပေါ့။

သိန်းထွန်းတို့ အောင်ငွေတို့ကို လက်ဖက်ရည်ဆိုင်
တစ်ခါ တွေ့လိုက်ရသော်လည်း နောင်စိုးကို မတွေ့ရ။ သူ
အမြဲ တတွဲတွဲ နေခဲ့ကြတာ၊ အခု နှစ်ယောက်တည်း တွေ့ရ
နောင်စိုး ဘယ်ရောက်နေသလဲ၊ ကျောင်းမှာမှ ရှိသေးရဲ့လား
စာမေးပွဲ ဖြေမှဖြေဖြစ်ပါ့မလား တွေးပြီး စိုးရိမ်သွားသည်။

ထိုအခြေအနေပေါ်တွင် နယ်လီက...

"နင့်ကြောင့် ကိုနောင်စိုးတစ်ယောက် ဘဝပျက်လော
အောင် ဖြစ်သွားလိမ့်မယ်လို့ ယူဆနေရင်တော့ နင့်ကိုယ်န
သိပ်အထင်ကြီးရာ ကျနေလိမ့်မယ်၊ ကိုနောင်စိုးဟာ ဒီလော
အသိဉာဏ် နည်းလိမ့်မယ်လို့ ငါမထင်ဘူး"





ဟု ဝေဖန်သည်။ ဘုတ်ဆုံ၏ သုံးသပ်ချက်ကတော့—

"အရေးကြီးတဲ့ အချက်တစ်ချက်ကို ထည့်စဉ်းစားရမယ်
င်က ကိုနောင်စိုးကို တွေ့ပြီး တောင်းပန်လိုက်ပြီဆိုပါတော့၊
ဆက် ဘာဖြစ်လာမလဲ၊ သူက ဘယ်လိုထင်မလဲ၊ နင်
အပေါ် သံယောဇဉ် မကုန်သေးလို့ပဲလို့ တွက်ပြီး ဖာတ်လမ်းကို
နိုးစမှာပဲ၊ အဲဒါဆို ဘယ်လိုလုပ်မလဲ၊ နင် ကိုနောင်စိုးကို
ပြန်ချစ်နိုင်မယ်ဆိုရင်တော့ သူ့ကို လိုက်ရှာပြီး တောင်းပန်လိုက်၊
မချစ်နိုင်ဘူးဆိုရင်တော့ ဒီမှာပဲ တစ်ခန်းရပ်လိုက်တော့၊ သူ့ကံ
တရားအတိုင်းပဲလို့ သဘောထားလိုက်တော့"

ဘုတ်ဆုံပြောတာလည်း သဘာဝကျသည်။ ပြီးတော့
စာမေးပွဲက ရက်ပိုင်းသာ လိုတော့သည်။ တခြားကိစ္စတွေ ခေါင်း
ထဲက ခဏဖယ်ထားပြီး စာမေးပွဲအတွက် ပြင်ဆင်ရမည်။

ဒီကြားထဲ သတင်းတစ်ခု ရသည်။ နောင်စိုးကို စာအုပ်
တပွေ့တပိုက်ကြီးနှင့် စာကြည့်တိုက်ထဲမှ ထွက်လာတာ တွေ့
လိုက်ရသည်ဟု နယ်လီက လာပြောသည်။ ဒီလိုဆိုတော့လည်း
နည်းနည်း စိတ်အေးရသည်။

ဖြူဝင်းမွှတ်သည် စာမေးပွဲအတွက် စာတွေကျက်ဖို့
ပြင်ဆင်သည်။ စာရွက်တွေ လှန်တဲ့အခါတိုင်း လက်ဖဝါးကို
မြင်မြင်နေရတာကိုတော့ ဘာမှမတတ်နိုင်။

◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com



နောင်စိုးသည် တကယ်ပင် ကတိတည်၏။ သူ့မျက်နှာ ကို နောက်ထပ် မမြင်စေရပါဟု ဆိုထားသည့်အတိုင်း ဖြစ်အောင် နေသည်။

ဟိုအရင်က အပြင်ဆောင်ကနေ ကျောင်းသို့သွားလျှင် ဂျပ်ဆင်ဝင်ပေါက်မှ ဝင်လေ့ရှိ၏။ ဒီလမ်းကြောင်းက ဝိဇ္ဇာဆောင် နယ်မြေကို ဖြတ်သွားရသဖြင့် ဖြူဝင်းမွှတ်နှင့် ဆုံကောင်း ဆုံ နိုင်သည်။ ထို့ကြောင့် လမ်းကြောင်း ပြောင်းလိုက်သည်။ အဓိပတိ လမ်းကိုတောင် ရှောင်သည်။ ပုဂံလမ်းအထိ ကျောင်းဝင်းအပြင်မှ ပတ်သွားပြီးမှ အတန်းဘက်ကို နောက်ဖက်မှ ပတ်ဝင်သည်။ အတန်းချိန်ပြီးလျှင် ကျောင်းထဲမှာ အချိန်မဖြုန်းတော့ဘဲ အခန်းကို တန်းပြန်သည်။

အစပိုင်းတွင် သူငယ်ချင်းတွေက စိုးရိမ်ပြီး သူ့နားက မခွာဘဲ နေခဲ့ကြသည်။ သူ့အခန်းကို မကြာခဏ လာလာကြည့်





ကြသည်။ သူတို့စိုးရိမ်သလို မဟုတ်။ အခါများစွာတို့တွင် နောင်စိုး စာကျက်နေတာ၊ အဝတ်လျှော်နေတာ၊ ထမင်းစားနေ တာကိုသာ တွေ့ကြရ၏။

တစ်ခါတစ်လေ နောင်စိုး အိပ်ပျော်နေတာ မြင်ရသည်။ ဟိုအရင်လို အပျင်းထူပြီး အိပ်နေခြင်းမဟုတ်။ စာကျက်ရင်း နေပြီး အိပ်ပျော်သွားသည့်ပုံ။ ရင်ဘတ်ပေါ်မှာ မှတ်စုစာအုပ် တစ်အုပ် မှောက်တင်လျက်သား။ သူတို့က အိပ်ပါစေဆိုပြီး ပြန်ထွက်မည်အပြုမှာ နာရီနှိုးစက်သံ မြည်လာ၏။ နောင်စိုး နိုးလဲထလာသည်။

“ဒီအချိန် တမှေးမှေးလိုက်မှ ညဘက် စာကြည့်ရတာ လန်းဆန်းတယ်ကွ”

ဟု ပြုံး၍ပြောသည်။ အောင်ငွေတို့ သိန်းထွန်းတို့က...

“စာချည်းပဲ ကျက်နေရင် ဦးနှောက်ညောင်းတတ်တယ်ကွ၊ အပြင်သွားရအောင်”

ဆိုပြီး လက်ဖက်ရည်ဆိုင် ခေါ်သွား၏။

“မင်းလုပ်နေပုံက တစ်ဖက်စွန်း မရောက်ဘူးလား”

ဟု အောင်ငွေက ပြောသည်။ နောင်စိုးက...

“ဘာလဲ၊ ငါ သွေးရူးသွေးတန်း လျှောက်လုပ်နေတယ် ထင်လို့လား၊ မဟုတ်ပါဘူးကွ၊ ငါ လုပ်သင့်လုပ်ထိုက်တယ် ထင်လို့ပါ၊ မနေ့တစ်နေ့ကမှ ဖြစ်ပျက်ခဲ့တဲ့ကိစ္စကို ချက်ချင်းမေ့ပစ် မလွယ်ဘူးလေကွာ၊ ဒါကို ဖြေဖျောက်ဖို့ အရက်သောက်ရ ရူးပြီး တေပေလေလွင့်ပစ်လိုက်ရမှာလား၊ အဲဒါဆိုရင်ကော



www.burmeseclassic.com

www.burmeseclassic.com


မေ့သွားလိမ့်မယ်လို့ အာမခံနိုင်လို့လား၊ သူ့ကို မေ့ထားနိုင်ဖို့ အတွက် ငါ့မှာ စိတ်မအား လူမအား ဖြစ်နေဖို့လိုတယ်၊ လော လောဆယ်မှာတော့ စာကျက်တာဟာ အကောင်းဆုံးနည်းပဲလေ"

"အေး...ဟုတ်တယ်၊ မင်းပြောတာ မှန်တယ်"

ဟု သိန်းထွန်းက ထောက်ခံသည်။

"စားချိန်အိပ်ချိန်တော့ မှန်ပါစေကွာ"

ဟု အောင်ငွေက စိုးရိမ်စွာ သတိပေးသွားသေးသည်။

နောင်စိုးသည် သူ့ဆုံးဖြတ်ချက်အတိုင်း စာတွေကို အပြင်းအထန် ကြိုးစားကျက်သည်။ သူက ဉာဏ်ထိုင်းသူ ဖြစ်သောကြောင့် ဒီလောက်ကျက်မှ တော်ကာကျ၏။ စာမေးပွဲ ဖြေသောအခါတွင် သူ ကောင်းကောင်းဖြေနိုင်သည်။

စာမေးပွဲရက်တွေအတွင်းမှာ ထူးခြားမှု တစ်ခုနှစ်ခုပဲ ရှိ၏။ နောင်စိုးနှင့် ဖြူဝင်းမွှတ်တို့ တစ်ကြိမ်ဆုံမိမလို ဖြစ်သွားခြင်း ပင် ဖြစ်၏။ နောင်စိုးက ပုဂံလမ်းဘက်မှ ချိုးဝင်လာစဉ် ဖြူ ဝင်းမွှတ်က အင်းဝလမ်းအတိုင်း လာနေသည်။ ဆက်လျှောက်ကြ လျှင် နှစ်ဦးသား ဆုံမိဖို့ရှိ၏။ ဖြူဝင်းမွှတ်က နောင်စိုးကို လှမ်းမြင်သည်။ နောင်စိုးသည် မလှမ်းမကမ်းအရောက်မှာပင် သိပ္ပံဆောင် စားသောက်ဆိုင်တန်းဘက် ချိုးဝင်သွားလေသည်။ နဂိုကတည်းက ဒီလိုသွားဖို့ ရည်ရွယ်ပြီးသားလား။ ဖြူဝင်းမွှတ်ကို လှမ်းမြင်လို့ တမင်လျှောက်သွားတာလားဆိုတာကိုတော့ သေချာ စွာ ခွဲခြားမသိနိုင်။

နောက်တစ်ခုကတော့ နောင်စိုးသည် စာမေးပွဲ နောက်ဆုံးနေ့ ဖြေပြီးနောက် သူတို့ဇာတ်လမ်းထဲတွင် အရေးပါသော နောက်ဆောင်ဖြစ်သည့် ရေတာမာပင်ကို အမှတ်တရ သွားကြည့်ခဲ့ ခြင်းပင် ဖြစ်လေ၏။

◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com

နောင်စိုး သူ့မြို့သို့အပြန်တွင် သူငယ်ချင်းတွေက ကား ဂိတ် လိုက်ပို့သည်။ ကားမထွက်ခင် လက်ဖက်ရည်ဆိုင်မှာ ထိုင်စကားပြောကြသည်။

"ဒီလက်ဖက်ရည်ဖိုး ငါရှင်းမှာနော်"

ဟု နောင်စိုးက ပြောသည်။

"ဘယ်ရမလဲကွ၊ ငါတို့က မင်းကို လိုက်ပို့တာပဲ၊ ငါတို့ ရှင်းမှာပေါ့"

"အခုမှ စေတနာ ကောင်းနေတယ်၊ အရင်ကဆို မင်းတို့ ငါ့ကို ညှဉ်းနေကျ"

"အင်း…မင်းကတော့ ဘွဲ့ရဖို့ ကျိန်းသေသွားပြီပေါ့ ဟုတ်လား"

သိန်းထွန်းက ပြောသဖြင့် နောင်စိုး ခေါင်းညိတ်ပြီး

"အေး…ဒီတစ်နှစ်တော့ တကယ်အောင်ပါပြီကွာ၊ မင်းတို့





လည်း ဒီနှစ်အောင်ရင် ဖိုင်နယ်ရောက်ပြီပဲ၊ စာကြိုးစားကြကွာ၊ ကျောင်းလည်း မပြေးကြနဲ့"

"ဟုတ်ကဲ့ ဆရာကြီး၊ ဆရာကြီး မှာကြားချက်ကို မြဲဝယ်မကျ နားထောင်ပါ့မယ်"

"ငါ့လို ကြောင်မိမှာစိုးလို့ကွ"

နောင်စိုးက ပြောပြီး ရယ်သည်။

"မင်းက ဘွဲ့ရပြီဆိုတော့ ဘာဆက်လုပ်မှာလဲ၊ မာစတာ ကော ဆက်တက်ဖို့ စိတ်ကူးရှိလား"

အောင်ငွေက မေးသည်။

"ငါ့အခြေအနေက မာစတာ ဆက်တက်ဖို့ အခွင့်အရေး ပေးဘူးကွ၊ အဖေလည်း တော်တော် ပင်ပန်းနေပြီ၊ အဖေ့ရဲ့ခြံ လုပ်ငန်းကိုပဲ တိုးချဲ့နိုင်အောင် လုပ်မယ်လို့ စိတ်ကူးတယ်"

"အေး ကောင်းတယ်ကွ၊ တစ်ရက်ပျော်ချင်ရင် အရက် သောက်၊ တစ်လပျော်ချင်ရင် တီဗီဝယ်၊ တစ်နှစ်ပျော်ချင်ရင် ကား ဝယ်စီး၊ တစ်သက်လုံး ပျော်ချင်ရင် သစ်ပင်စိုက်တဲ့ကွ"

သိန်းထွန်းက ပြောသဖြင့်…

"မင်းနဲ့ကျမှပဲ ရှေးစကားပုံတွေ မော်ဒန် ဖြစ်လာတော့ တယ်"

အောင်ငွေက…

"မင်းအဖေဖို့ကော ဘာဝယ်သွားလဲ"

"အဖေက လက်ဖက်ရည် ကြိုက်တယ်ကွ၊ ဒါကြောင့် အောင်တီးမစ် အထုတ်ကြီးတစ်ထုတ်နဲ့ ရွှေကျီးကိတ်မုန့် ဝယ်ထား


www.burmeseclassic.com

www.burmeseclassic.com



တယ်"

ဝီစီမှုတ်သံ ကြားရ၏။ နောင်စိုးက လက်ဆွဲအိတ်ကို ယူ၍ ထလိုက်ပြီး...

"ကဲ သွားမယ်၊ အဆင်ပြေရင် ငါ့ဆီ လာလှည်ကြဦး စာလည်း ရေးကြကွာ"

ဆိုပြီး ထွက်မည်ပြုသည်။

"ငါတို့ကို ကန်တော့သွားဦးလေ"

သိန်းထွန်းက ပြောသဖြင့် နောင်စိုးက ဖနောင့်နှင့် ပေါက်သည့်ဟန် လုပ်ပြသွားသည်။ နောင်စိုး ကားပေါ် တက်ထိုင် အပြီးမှာပင် ကားထွက်သည်။

သိန်းထွန်းနှင့် အောင်ငွေတို့က လက်ပြနှုတ်ဆက်ကြ သည်။

"ဒီကောင် တော်တော် တည်ငြိမ်သွားတယ်ကွာ၊ သူ့စိတ် ကို ထိန်းနိုင်တာတော့ ချီးကျူးတယ်ကွာ"

သိန်းထွန်းက ပြောသည်။ အောင်ငွေက ထွက်ခွာသွား သော ကားကို ငေးကြည့်ရင်း...

"သူ့ရင်ထဲမှာတော့ ခံစားနေရမှာ သေချာတယ်ကွ"

ဟု ပြောလိုက်၏။

◈ ◈ ◈





ကျောင်းပြန်ဖွင့်တော့ သိန်းထွန်းတို့ အောင်ငွေတို့ နောက် ဆုံးနှစ် ဆက်တက်ကြသည်။ ဖြူဝင်းမွှတ်လည်း နောက်ဆုံးနှစ် ဖြစ်၏။

ကျောင်းကြီးမှာ နောင်စိုးတစ်ယောက် မရှိသည့်အတွက် ဘာမှ ထူးထူးခြားခြား ပြောင်းလဲမသွားခဲ့။ ကျောင်းသား ကျောင်း သူတို့ဖြင့် စည်ကားမြဲ စည်ကားဆဲ။

တစ်ခုတော့ ရှိ၏။ နောင်စိုးနှင့် ပတ်သက်ဆက်နွယ်ခဲ့သူ တွေကြားမှာတော့ သူ့ကို မမေ့ကြသေးပါ။ သိန်းထွန်းနှင့် အောင်ငွေတို့သည် နောင်စိုး မရှိသဖြင့် ကြောင်တက်တက် ဖြစ်နေကြ၏။

"အေးကွာ၊ ဒီကောင်ကြီး မရှိတော့ စရနောက်ရမယ့်လူ မရှိတော့ဘူး၊ ပျင်းပျင်းခြောက်ခြောက်ကြီး"

ဟု သိန်းထွန်းက ပြောသည်။ အောင်ငွေကတော့...



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင် ကျောင်းထဲ တစ်ခါတစ်လေ လာလည်ရို ကောင်းတယ်၊ အေးလေ...လာပြန်ရင်လည်း အဟောင်းက အသစ်ဖြစ်မှာစိုးလို့နဲ့ တူတယ်၊ လာရမှာ ခရီးဝေးတာလည်း ပါမှာပေါ့"

ဟု တွေးတွေးဆဆ မှတ်ချက်ချ၏။

ထို...ကြောင့် ဖြူဝင်းမွှတ်သည် နောင်စိုးနှင့် ပတ်သက်၍ ကြာလျှင် မေ့မေ့...၍က် ဖြစ်သွားလိမ့်မယ်လို့ ထင်ခဲ့သည်။ သို့ရာတွင် လက်တွေ့မှာ ဒီလောက်မလွယ်ကြောင်း သိလာရ၏။

နောင်စိုးနှင့် ပတ်သက်သော အငွေ့အသက်တွေက ကျန်နေတုန်းပင်။ ဟိုအရင် သူနှင့်နောင်စိုး တွဲတွဲသွားသွား ရှိခဲ့စဉ် အမျိုးမျိုး မှတ်ချက်ပေးခဲ့ကြသူတွေက ခုလည်း တစ်မျိုးပြော နေကြပြန်၏။

တစ်ချို့က ဖြူဝင်းမွှတ်သည် နောင်စိုးကို သက်သက် လှည့်စားပြီး ပညာပြခဲ့ခြင်းဖြစ်၏။ နောင်စိုးခမျာ အကြီးအကျယ် ခံစားသွားရပြီး စာမေးပွဲတောင် မဖြေဘဲ ကျောင်းကို စွန့်ခွာသွားရ ရှာသည်ဟု အဖြစ်အပျက်ကို ရဲ့ကားပစ်လိုက်ကြသည်။

တစ်ချို့ကတော့ ဖြူဝင်းမွှတ်သည် သူ့ချစ်သူနှင့် အဆင် မပြေ ဖြစ်ချိန်တွင် နောင်စိုးကို အရွဲ့တိုက်ပြီး တွဲပြခဲ့ခြင်းဖြစ်၏။ နောက်တော့ နောင်စိုးကို တကယ်ချစ်သွားမိသည်။ ဒီအချိန်မှာမှ နောင်စိုးက ရှောင်ထွက်သွားသဖြင့် သူ အသည်းကွဲ ကျန်ရစ်ရှာ သည်ဟု ဇာတ်လမ်းတွေ ဆင်ကြသည်။

ဖြူဝင်းမွှတ်သည် ဒါတွေကို ဂရုစိုက်နေတာတော့





မဟုတ်။ သို့တိုင်အောင် နောင်စိုး၏အရိပ်သည် သူ့အပေါ် တစ်ချက်တစ်ချက် လွှမ်းမိုးဆဲ ဖြစ်ကြောင်းကိုတော့ ဝန်ခံရမည်။

တကယ်တော့ သူသည် နောင်စိုးကို နစ်နစ်နာနာ ဖြစ်အောင် တမင်လုပ်ခဲ့ခြင်း မဟုတ်။ နောင်စိုးနှင့် လမ်းခွဲကြရာမှာ လည်း ပြေပြေလည်လည် ရှိခဲ့ရင် ဒီလောက် စိတ်မကောင်း ဖြစ်ရမှာမဟုတ်။ ဖြစ်ခဲ့သမျှတွေအတွက် နောင်စိုးကိုလည်း အပြစ် မတင်ချင်။ မိမိ၏အမှားလည်း မဟုတ်ဟု ထင်သည်။ နားလည်မှု လွဲလေခြင်းဟူ၍ ညည်းညူရုံ ရှိ၏။

သူသည် နောင်စိုးကို တသသ သတိရနေခြင်းမျိုးတော့ မဟုတ်ပါ။ တနင့်နင့် ယူကျုံးမရ ဖြစ်နေခြင်းမျိုးလည်း ဟုတ်မယ် မထင်ပါ။

သို့ရာတွင် အကြောင်းတိုက်ဆိုင်လာသည့်အခါတိုင်း ဖျတ်ခနဲ သတိတရ ရှိတတ်သည်။ ဟိုအရင် သူငယ်ချင်းတွေကို ပြောပြဖူးသော ပိုက်ဆံလာလာတောင်းတတ်သည့် ကုလားအဘိုး ကြီးကို သတိရတာထက်တော့ အများကြီးသာတာ အမှန်ပါပဲ။

အကြောင်းဆိုတာကလည်း တိုက်ဆိုင်တတ်သည့် အရာ တစ်မျိုး ဖြစ်လေသည်။

"တစ်ခါတစ်ခါတော့လည်း ရေတမာပင်ကြီးကို သတိရမိ သားဟ၊ ခုဆို ဘယ်များ ရောက်နေမလဲ မသိဘူး၊ မိန်းမတွေ ဘာတွေ ရချင်လည်း ရနေမှာ၊ သူက ပုံမလာပေမယ့် ရိုးသားတော့ မိန်းကလေးတွေရဲ့ ခင်မင်မှုကို ရတတ်တယ်လေ"

ဟု ဘုတ်ဆုံက ပြောသည်။ နယ်လီကတော့...



www.burmeseclassic.com

www.burmeseclassic.com

"နင်ကော ကိုနောင်စုႇ

ဟု ဖြူဝင်းမွှတ်ကို မေးၾ

"တစ်ခါတစ်လေတော့ သတ်ႇ

အမှန်အတိုင်း ဖြေသည်။

"လွှမ်းတာတော့ မဟုတ်ပါဘူးနော်"

ဘုတ်ဆုံက မေးတော့ သူ ပြုံးလို့သာ ႇ

◈ ◈ ◈





ဒီနေ့အဖို့ နောင်စိုးနှင့် ပတ်သက်ပြီး ဒုတိယအကြိမ် တိုက်ဆိုင်မှုကို ကြုံရသေးသည်။ အတန်းချိန်အပြီးမှာ ကိစ္စတစ်ခု ရှိသဖြင့် သိပ္ပံဆောင်ဘက် လာခဲ့သည်။ အဓိပတိလမ်းကို ဖြတ်ပြီး တစ်ဖက်ကို အကူးမှာ နောင်စိုး ဝင်တိုက်မိခဲ့သော ရေတာမောသင်တိုင် လှမ်းမြင်သည်။ ဖျတ်ခနဲ သတိရမိ၏။

သူ ဆက်လျှောက်လာပြီး ရေတမာပင်နားအရောက်မှာ တစ်ချက် လှည့်ကြည့်မိသေးသည်။ ထိုစဉ်မှာပင် တိုက်တိုက်ဆိုင် ဆိုင် တစ်ဖက်မှ လျှောက်လာသော သိန်းထွန်းနှင့် သွားဆုံသည်၊ သိန်းထွန်းက သူ့ကိုမြင်သည်။ သို့ရာတွင် မမြင်ဟန်ဆောင်ပြီး ဆက်လျှောက်မည်အပြု...

"ဒီမှာ...ဒီမှာ"

ဟု ဖြူဝင်းမွှတ် လှမ်းခေါ်သည်။ သိန်းထွန်း ခြေလှမ်း တုံ့သွားသည်။ ဆက်လျှောက်မည် ပြုပြီးမှ ပြန်လှည့်၍...

"ကျွန်တော့်ကို ခေါ်တာလား"



www.burmeseclassic.com

www.burmeseclassic.com

ဖြူဝင်းမွှတ် ခေါင်းညိတ်သည်။

"ဘာလဲ၊ ကျွန်တော့်နာမည် သိချင်လို့လား၊ ဒါဆို မုန့်ဖိုးနှစ်ဆယ် ပေးရမယ်"

အရေးထဲတောင် နောက်နိုင်သေးတယ်ဟု ထင်မိ၏။ ပြီးမှ ဒီလိုနောက်ပြောင်လိုက်တာဟာ တင်းမာမှု မရှိနိုင်တော့ဘဲ သဘောပဲဟု တွေး၍ အားတက်မိပြီး...

"မဟုတ်ပါဘူး၊ ကျွန်မ မေးစရာတစ်ခု ရှိလို့ပါ"

"ဘာလဲ"

"ကိုနောင်စိုး...သူ စာမေးပွဲ အောင်သွားတယ်နော်"

သိန်းထွန်း မျက်နှာတည်သွား၏။

"ဟုတ်တယ်၊ အဲဒါ ဘာဖြစ်လဲ"

"ကျွန်မ ဝမ်းသာပါတယ်"

သိန်းထွန်း တည်ရာမှ တင်းသွားပြီး...

"ဘာဗျ၊ ဝမ်းသာတယ် ဟုတ်လား၊ ကျွန်တော့်သူငယ်ချင်းက ခင်ဗျား ဝမ်းသာဖို့အတွက် စာမေးပွဲ အောင်အောင် ဖြေခဲ့တာ မဟုတ်ဘူး၊ ကျောင်းသားတစ်ယောက်အနေနဲ့ ပညာကို တတ်အောင်သင်ရမယ်ဆိုတဲ့ အသိစိတ်နဲ့ ကြိုးစားခဲ့တာပါ၊ တစ်ခုတော့ ရှိတာပေါ့လေ၊ စာမေးပွဲ မြန်မြန်အောင်မှ ခင်ဗျား စက်ကွင်းက မြန်မြန်လွတ်မယ်ဆိုပြီး ဖိကြိုးစားခဲ့တာလည်း ဖြစ်ကောင်းဖြစ်နိုင်တယ်"

ဖြူဝင်းမွှတ် မျက်နှာညှိုးသွားပြီး...

"ဘာပဲဖြစ်ဖြစ် ကျွန်မ ဝမ်းသာပါတယ်"





"မလိုပါဘူးဗျာ၊ ခင်ဗျား ဝမ်းသာပြမှ သူ ဘွဲ့ရမှာ ဟုတ်ပါဘူး"

"ကျွန်မ သူ့ကို နစ်နစ်နာနာဖြစ်အောင် လုပ်ခဲ့မိတာ ာ်မကောင်းပါဘူး၊ အဲဒါ သူ့ကို တွေ့ရင်"

သိန်းထွန်းက ဖြူဝင်းမွှတ် စကားမဆုံးခင် ဖျတ်ခနဲ က်ကာပြောလိုက်ပြီး...

"တော်ပါတော့ ကျေးဇူးရှင်ရယ်...နော်၊ ကျုပ်သူငယ်ချင်း ကို ထပ်ပြီးဒုက္ခမပေးချင်ပါနဲ့တော့၊ ခုချိန်မှာ သူ့ဘဝက အသား အနည်ထိုင်နေလောက်ပါပြီ၊ သွားမနှောင့်ယှက်ဖို့ တောင်းပန် တယ်"

သိန်းထွန်းလေသံက ငေါ်သံလုံးလုံး ဖြစ်နေ၏၊ ဖြူဝင်း ၏ မျက်လွှာချလိုက်ပြီး...

"ကျွန်မကသာ သူ့ကို တောင်းပန်ရမှာပါ"

သိန်းထွန်းမျက်လုံးများ လက်ကနဲ ဖြစ်သွား၏။

"တောင်းပန်ချင်သပဆိုရင် နောင်စိုးကို [illegible] ့ကိုယ်စား ဟောဟိုက ရေတမာပင်ကိုသာ သွားတောင်းပန် က်၊ ဒါပဲ"

သိန်းထွန်း တစ်ချက် တင်းတင်းစိုက်ကြည့်ပြီး ထွက် ွား၏။ ဖြူဝင်းမွှတ် ရေတမာပင်ကို တွေဝေကြည့်နေမိ ည်။ သူငယ်ချင်းတွေကတောင် ဒီလောက် နာကြည်းနေလျှ င် နောင်စိုးကိုယ်တိုင်က ဘယ်လိုနေမည်မသိ။

◈ ◈ ◈


www.burmeseclassic.com

www.burmeseclassic.com

နောင်စိုး ကျောင်းပြီးလို့ တစ်နှစ်မကြာခင်မှာပင် အ

ဆုံးသွားသည်။ အဖေ့ကို ကျန်းမာရေးကောင်းသည်ဟု နော

ထင်ထားမိခဲ့၏။ အမှန်မှာ အဖေက ဟန်ဆောင်ပြီး နေခဲ့ခြ

ဖြစ်၏။ နောင်စိုး ဘွဲ့ရသည်အထိ တောင့်ခံထားပုံ ရသည

နောင်စိုး နောက်ဆုံးနှစ် စာမေးပွဲ ဖြေပြီးသည့်အချိန်မှာ စိတ်လျှေ

လိုက်သလားမသိ။ အဖေ ရုတ်တရက် ချူချာလာခဲ့ခြင်းဖြစ်

ပြန်စဉ်းစားကြည့်တော့ နောင်စိုး စာမေးပွဲတွေ ကျ

ကျောင်းမှာ နှစ်တွေကြာနေလို့ အဖေ ခုလောက်ထိ ပိုပြီးအသ

ရှည်ခဲ့သလားဟု ထင်စရာ ဖြစ်နေသည်။ ဒါဆို ဒီနှစ်အော

အတင်းကြိုးစားခဲ့တာဟာ အဖေ့ကို အသက်တိုအောင် လုပ်လို

သလိုများ ဖြစ်နေမလား။ ဒီလိုကြိုးစားဖြစ်အောင် စေ့ဆော်ပေး

သူက ဘယ်သူလဲ။

ဒီသုံးသပ်မှုကလည်း သိပ်အဓိပ္ပါယ်မရှိ။ တမင်တ





ာ်ကို အပြစ်ဖို့သလို ဖြစ်နေ၏။

ဒါကို အကြောင်းပြ၍ အတင်းမှန်း

ယုတ္တိမရှိမှန်း ကိုယ့်ဘာသာ

၊ အဖေ့ခြံကို နောင်စိုးကပဲ ဆက်

အဖေ့ခြံက သီးပင်စားပင်တွေ

နှစ်ယောက် ရှိသည်။ နောင်စိုးက

ထပ်ငှားသည်။ ခြံကို ပြုပြင်သည်။

၂။ အထွက်နှုန်းကျနေသော အပင်များကို

နှင့် အစားထိုးသည်။ သိပ္ပံနည်းကျကျ

ပြင်လုပ်ကိုင်သည်။

ည့် သရက်ပင်တွေကို ကိုင်းကူးသည့်နည်း

ရက်သီးခူးရာမှာ ခေါင်သီးတွေကို တစ်လုံးချင်း

၍ ဂရုတစိုက် ခူးသည်။ ထို့ကြောင့် အနာအဆာ

လုံးလှသည်။ တာရှည် အထားခံသည်။ ဝါတ်စာလိုင်း

သူတွေက ဈေးကောင်းပေးဝယ်ကြ၏။

သရက်ပင်တန်းတွေကြားမှာ နာနတ် စိုက်ထားသည်။

ဟော်လန်သံပုရာ စမ်းစိုက်ကြည့်ရာ အောင်မြင်သည်။ မှိုစိုက်ပျိုး

ည်း ရက်တိုသင်တန်း တက်ပြီး နာမည်ကျော် လင်ဇီမှိုကိုလည်း

င်တွေထိုးပြီး စိုက်ထားသည်။

အဖေ့လက်ထက်တုန်းကတော့ သီးပင်တွေအတွက် မိုးရေ

ကိုသာ အားကိုးခဲ့ရသည်။ ရေလောင်းဖို့ လိုလျှင်လည်း ရေတွင်း



www.burmeseclassic.com

www.burmeseclassic.com

ရေကို ခပ်လောင်းရသည်။

နောင်စိုးကတော့ စက်ရေတွင်းတစ်တွင်း တူးပြီး ရေ
စက်ဖြင့် ရေတင်သည်။ ရေလုံလုံလောက်လောက် ရသောကြော
တစ်ကြောင်း၊ စနစ်တကျ မြေသြဇာကျွေး၊ ပိုးသတ်ဆေး ဖြန်း
သောကြောင့် တစ်ကြောင်း အပင်တွေ ပို၍အောင်မြင်ဖြစ်ထွန်း
သည်။

နောင်စိုး၏ လုပ်ငန်းအခြေအနေ တိုးတက်လာသည်
ဝင်ငွေလည်း တိုးလာသည်။ အေစီ၊ ဒီစီ ဖွင့်လို့ရသော ဆယ့်
လက်မ တီဗီလေးတစ်လုံးလောက် ဝယ်နိုင်လာသည်။ ဒီတစ်ခါ
သရက်သီးရာသီ ရောက်လျှင် ဆိုင်ကယ် ခပ်လတ်လတ်
တစ်စင်း ဝယ်နိုင်မည်ဟု မျှော်လင့်ထားသည်။

ခုဆိုလျှင် နောင်စိုးသည် ခြံလုပ်ငန်းထဲမှာ အသားကျ
ပြီး သူ့ဘဝသည် အိမ်ထောင်မကျသေးတာကလွဲလျှင် တည်ငြိမ်
နေပြီဟု ပြောနိုင်သည်။ စိတ်ခံစားမှုများလည်း အနည်ထိုင်သွားပြီ
ဟု ဆိုလျှင် ရကောင်းသည်။

သို့ရာတွင် အနည်ဆိုသည်မှာ လုံးဝပျောက်ကွယ်သွား
တာမျိုးတော့ မဟုတ်။ အောက်ခြေမှာ ငြိမ်ကုတ်ပြီး ထိုင်နေခြင်း
သာ ဖြစ်၏။ အကြောင်းတစ်ခုခုကြောင့် လှုပ်ခါသွားလျှင်
ပြန်လည် လှုပ်ရှားနိုးထလာနိုင်ပါသေးသည်။

◈ ◈ ◈





ဖြူဝင်းမွတ်သည် ဥပဒေတွဲ့ရပြီးနောက် နာမည်ကြီး
မျိုးသမီးရှေ့နေတစ်ဦးထံတွင် အလုပ်သင် ဆင်းသည်။ ထို့
နောက်တွင်လည်း ထိုဆရာမထံမှာပင် လက်ထောက်အဖြစ်
ဆက်လက် ဆောင်ရွက်သည်။

ထိုရှေ့နေအမျိုးသမီးမှာ အပျိုကြီးဖြစ်၏။ စည်းကမ်းကြီး
သည်။ တိကျသည်။ မဟုတ်မခံသည့်စိတ် ရှိသည်။ ဖြူဝင်းမွတ်
လည်း လုပ်ငန်းကျွမ်းကျင်သည်။ ထက်ထက်မြက်မြက် ရှိ
သည်။ ထို့ကြောင့် ဆရာမက သူ့ကို တပည့်ရင်းအဖြစ် လက်ခံခဲ့
ခြင်း ဖြစ်၏။

သူတို့နှစ်ယောက်က အတွဲညီသည်။ အမှုလိုက်ရာမှာ
အောင်မြင်တာက များသည်။ ဖြူဝင်းမွတ်က ကြိုးစားသည်။
အချက်အလက် ရှာဖွေရာမှာ တော်သည်။ မေးခွန်းတွေ မေးရာမှာ
ကပ်သည်။ လျှောက်လဲချက် ပေးရာမှာ ခိုင်လုံသည်။ ထို့ကြောင့်


www.burmeseclassic.com

www.burmeseclassic.com



သူ့ဆရာမက တစ်ချို့အမှုတွေကို မျက်နှာလွှဲရသည်အထ
တက်လာခဲ့၏။

ဒီကြားထဲမှာ ထူးခြားတာတစ်ခုကတော့ ကိုတင်မော
ထွန်းက ပြန်လည်ဆက်သွယ်လာခဲ့ခြင်းပင် ဖြစ်၏။ ကျောင်း
တုန်းက နောင်စိုးနှင့် ရင်းရင်းနှီးနှီး နေခဲ့သည့်ကိစ္စနှင့် ပတ်သက်
ကအောက်ကဆ ဖြစ်ခဲ့ကြသည်။ ထို့နောက် အနေဝေး
ခပ်စိမ်းစိမ်း ဖြစ်ခဲ့ကြ၏။ အလုပ်ထဲမှာ တစ်ခါတစ်ရံ ဆုံကြသော
လည်း သာမန်နှုတ်ဆက်ရုံလောက်သာ ရှိကြသည်။

နောက်ကျတော့ ကိုတင်မောင်ထွန်းက သူအထင်လွဲ
သည့်ကိစ္စကို တောင်းပန်သည်။ ထို့နောက် ဟိုအရင်က
အိမ်ကို ဝင်ထွက်သွားလာသည်။ ဖြူဝင်းမွှတ်အပေါ် သူ မျှော်
နေတုန်းပဲဆိုတာ ပေါ်လွင်အောင် ရင်းရင်းနှီးနှီးနေဖို့ ကြိုးစား
သည်။ ဖြူဝင်းမွှတ်က အလိုက်အထိုက် ပြန်ဆက်ဆံသည်။
တစ်ခါတစ်လေ ကိုတင်မောင်ထွန်းက စကားစဖို့ ကြံသည့်အခါ
ဖြူဝင်းမွှတ်က...

"ကျွန်မ အိမ်ထောင်ပြုဖို့ စိတ်မကူးသေးပါဘူး"

ဟု ကြိုကာသည်။ ထိုအခါ ကိုတင်မောင်ထွန်းက

"စိတ်ကူးတဲ့အခါကျရင်သာ ကိုယ့်ကို သတိရရင် ကျေ
နပ်ပါပြီ" ဟု ဆိုသည်။

သူက အတော်စိတ်ရှည်သူ ဖြစ်၏။ ဖြူဝင်းမွှတ်၏
ဆရာမ ရွှေနေအပျိုကြီးကတောင်...

"မိန်းကလေးတစ်ယောက်အနေနဲ့ လက်ထပ်မယ်ဆိုရင်





ကိုတင်မောင်ထွန်းလိုလူကို ရွေးရင် မမှားနိုင်ဘူး" ဟု ဆို၏။

ဖေဖေကလည်း ဒီသဘောပဲ ရှိသည်။ မေမေကတော့
ကိုတင်မောင်ထွန်းကို သဘောကျပုံရသော်လည်း သမီးကိုယ်တိုင်
စဉ်းစားပြီး ရွေးချယ်ဆုံးဖြတ်တာ အကောင်းဆုံးပဲဟု ပြောသည်။
ကိုတင်မောင်ထွန်းသည် ရုပ်ရည် ချောမောခန့်ညားသည်။ ပညာ
တတ်သည်။ စီးပွားရေးအခြေခံ ကောင်းသည်။ မျိုးရိုးဂုဏ်သိက္ခာ
ကောင်းမားသည်။ ရိုးသားတည်ကြည်သည်။ ဘာမှ အပြစ်ပြောစရာ
မရှိ။ ဖြူဝင်းမွှတ်ကိုယ်တိုင်ပင်လျှင် တစ်နေ့နေ့ အိမ်ထောင်ပြုချင်
စိတ် ရှိလာလျှင် ကိုတင်မောင်ထွန်းကို ရွေးချယ်ကောင်း ရွေးချယ်
လိမ့်မည် ထင်သည်။

သို့တိုင်အောင် အိမ်ထောင်ပြုခြင်းဆိုသည်မှာ ကုန်စုံဆိုင်
တစ်ခု ဝယ်ဖို့ စဉ်းစားသလို ကြော်ငြာကို ကြည့်လို့လည်းမရ။
နမူနာတိုးပုံ သပ်ရပ်လှပမှု ရှိမရှိ ကြည့်လို့လည်းမဖြစ်။ သုံးနေသူတွေ
ကို "ဘယ်လိုနေလဲ၊ ကောင်းရဲ့လား" ဆိုပြီး စနည်းနာကြည့်ရ
သင့်တော်သောအရာမျိုးတောင်မှ မဟုတ်။

◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com

ဘွဲ့ဝတ်စုံနှင့် ရိုက်ထားသော သူ့ဓါတ်ပုံကို သူပြန်ဖော့ကြည့်နေ၏။ သူ့အိပ်ခန်းထဲမှာ ချိတ်ထားသောပုံ ဖြစ်၏။

တကယ်တော့ နောင်စိုးသည် ဘွဲ့နှင်းသဘင် အခမ်းအနားကို တက်ရောက်ခြင်း မရှိခဲ့။ အဝေးရောက်ဘွဲ့ ယူခဲ့ခြင်းသာ ဖြစ်၏။ အဖေ ရှိခဲ့လျှင်တော့ မဖြစ်မနေ ဘွဲ့တက်ယူဖြစ်ပေလိမ့်မည်။ ဘာပဲဖြစ်ဖြစ် ဒီဘွဲ့ကို သူ မြတ်နိုးသည်။ အဝေးရောက်ဘွဲ့ ယူခဲ့ရသည့်တိုင် အမှတ်တရအဖြစ် ဘွဲ့ဝတ်စုံ ဝတ်ထားသော ဓါတ်ပုံကို သူရိုက်ဖြစ်ခဲ့၏။

ဓါတ်ပုံကို ငေးကြည့်ရင်း...

"ရုပ်ဆိုးတဲ့လူလည်း ဘွဲ့တစ်ခုတော့ ရတာပါပဲ မဖြူဝင်းရယ်"

ဟု သူ့ရင်ထဲက မြည်တမ်းနေသည်။

◈ ◈ ◈





"ကိုနောင်စိုး ရှိလား၊ နောင်စိုးရေ...ဟော့ကောင် နောင်စိုး"

အိမ်ရှေ့က အော်ခေါ်သံတွေ ကြားသဖြင့် သူပြေးထွက်သွားသည်။ သိန်းထွန်းနှင့် အောင်ငွေ။

"ဟာ...ဟော့ကောင်တွေ"

သူ ဝမ်းသာအားရ ပြေးသွားသည်။ သူငယ်ချင်းများ၏ လက်ကို ကိုင်လှုပ်ရင်း...

"မင်းတို့ကွာ၊ နေနိုင်လိုက်တာ၊ ခုမှပဲ လာကြတော့တယ်"

"လာချင်တာပေါ့ကွာ၊ ဒါပေမယ့် ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရုန်းကန်နေကြရသေးတာကိုးကွ"

"ကဲ...လာကြကွာ၊ လွတ်လွတ်လပ်လပ် ဒီမှာပဲ ထိုင်ကြရအောင်"

အိမ်ရှေ့က ကွက်လပ်ကလေးမှာ ချထားသော ထန်းပက်လက်ကုလားထိုင်များမှာ ထိုင်ကြသည်။ အောင်ငွေက ဟိုဒီ



www.burmeseclassic.com

www.burmeseclassic.com

လှမ်းကြည့်ပြီး...

"မင့်နေရာလေးက ကောင်းတယ်ကွ၊ အေးအေးချမ်းချမ်း ရှိတယ်"

ဟု ပြောသည်။ နောင်စိုးက...

"မင်းတို့ နယ်တွေ လျှောက်ပြောင်းနေရတယ်ဆို"

"အေးကွ၊ ငါက တောင်တွင်းကြီးမှာ၊ ဒီကောင်က ပုသိမ်မှာ"

"မင်း ကလေးဘယ်နှစ်ယောက် ရပြီလဲ"

သိန်းထွန်းက လက်နှစ်ချောင်း ထောင်ပြသည်။

"မင်းကော ဘယ်လိုလဲ အခြေအနေ"

နောင်စိုးက အောင်ငွေဘက် လှည့်မေးသည်။ အောင်ငွေက ရှုံ့မဲ့ပြီး...

"ငါလည်း မင်းလိုပါပဲကွာ၊ တစ်ယောက်ထဲပဲ၊ အဲ...မင်းလို မစွံလို့တော့ မဟုတ်ဘူးနော်၊ ပိုက်ဆံမရှိလို့ မယူနိုင်တာကွ။ ဟိုတလောက သတင်းစာထဲမှာ ငွေသောင်းငါးထောင် ရှိရုံနဲ့ အိပ်ရာခမ်းနား အပြည့်အစုံရမယ်လို့ ကြော်ငြာတွေ့လို့ မိန်းမ ယူမယ် စိတ်ကူးသေးတယ်၊ ဒါပေမယ့် အဲဒီအိပ်ရာခမ်းနားကို ထားဖို့အိမ်ကို မရှိသေးလို့ လက်လျှော့လိုက်ရတယ်"

သိန်းထွန်းက အိမ်ရှေ့မှာ ရပ်ထားသော ဆူဇူကီး ဆိုင်ကယ်ကို တစ်ချက်ဝေ့ကြည့်ရင်း...

"မင်း စီးပွားရေး အဆင်ပြေတယ် မဟုတ်လား"

"မဆိုးပါဘူးကွာ၊ အောင်ငွေလိုပေါ့၊ တစ်ယောက်ထဲ





တော့ စားလောက်သောက်လောက် ရှိပါတယ်"

"အေး...ဒါဆို မင်း ငါတို့ကို ကောင်းကောင်း ဧည့်ခံကျွေးမွေးရမယ်"

"ဟာ...ကျွေးမှာပေါ့၊ တစ်ခါတစ်လေ လာတဲ့ဟာ၊ ငါ့မှာ ရှိသမျှ အကုန်ကျွေးမယ်"

ဟု နောင်စိုးက နောက်သည်။ သိန်းထွန်းက "အမယ် ခင်းမှာ ရှိလို့လား" ဟု ပြန်စသည်။ အောင်ငွေကတော့...

"ဟေ့ကောင်...ကျွေးတာချည်းပဲ မဖြစ်ဘူးနော် ဒါလည်း ပါပစေ" ဆိုပြီး ပုလင်းမော့သလို လုပ်ပြသည်။

"ရပါတယ်ကွ၊ ငါက မသောက်တော့ အိမ်မှာ အဆင်သင့်တော့ မရှိဘူး၊ ငါ့ကောင်လေးတစ်ယောက်ကို သွားငယ်ခိုင်းပေးမယ်၊ ဘာသောက်မလဲ၊ ရမ်လား၊ ဘီယာလား၊ ဒါမှမဟုတ် ရေမှာလား"

"အဲဒါတွေက သောက်ဖူးပါတယ်ကွာ၊ မင်းတို့ဆီမှာ ချက်တဲ့ အရက်ကောင်းကောင်း မရှိဘူးလား"

"နေဦး...ဟိုကောင်တွေ မေးကြည့်ဦးမယ်"

နောင်စိုးက တပည့်တစ်ယောက်ကို ခေါ်၍မေးသည်။ မြို့ထဲမှာ ရောက်ပေါင်းအရက်ဆိုတာ ကောင်းတယ်ဆိုသဖြင့် ဝယ်ခိုင်းလိုက်သည်။ စားစရာတွေပါ မှာလိုက်သည်။

ထို့နောက် နောင်စိုးက သူ့ခြံကို လိုက်ပြသည်။ အပင် ငယ်ငယ်နှင့် ပွတ်နေအောင် သီးသော သရက်ပင်တွေ၊ လက်ဆုပ် ဆုပ်နီးနီး ရှိသော သံပုရာသီးတွေ၊ ကျွဲကောသီး အငယ်စား


www.burmeseclassic.com

www.burmeseclassic.com



လော်ကက် ရှိသော ကီလို မာလကာသီးကြီးတွေကို ကြည့်ပြီး အံ့ဩနေကြသည်။

"မင့်ခြံက တကယ်အောင်မြင်တာပဲ"

ဟု အောင်ငွေက ချီးကျူးသည်။ နောင်စိုးက သူ၏မှိုခင်းကို လိုက်ပြပြန်သည်။

"ဟောဒါက ရှိတာကီမျိုး၊ ရှမ်းဘူးမှိုလို့လည်း ခေါ်တယ် အိတ်စပို့သမားတွေ ဝယ်ကြတယ်၊ ဒါကတော့ အခု နာမည်ကြီး နေတဲ့ လင်ဇီးမှိုပဲကွ၊ နိုင်ငံခြားက လာတာတွေက သောင်းနဲ့ချီ ပေးရတယ်၊ ဒီမှာစိုက်တော့ တစ်လစာကို ထောင်ဂဏန်းလောက်ပဲ ကျတယ်"

နောင်စိုးက ဂုဏ်ယူစွာ ပြောနေသည်။

"တယ်ဟုတ်ပါလားကွ" ဟု အောင်ငွေက ချီးကျူးသည်။ သိန်းထွန်းက ဟိုကြည့်ဒီကြည့် လုပ်နေသဖြင့် နောင်စိုးက...

"ဟေ့ကောင် ဘာကြည့်တာလဲ"

"ဩော်...မင်းခြံထဲမှာ အမှတ်တရအနေနဲ့ ရေတာမာပင် များ စိုက်ထားသလားလို့ ရှာကြည့်တာပါကွာ"

"မင်းက ဖောက်လာပြီ" ဟု ပြောပြီး နောင်စိုး ရယ်သည်။ သူစိုက်ဖို့ စဉ်းစားခဲ့သေးသည့်အကြောင်း၊ မြင်နေရလျှင် ဝေဒနာမစင်ဘဲ ဖြစ်နေမှာစိုးလို့ မစိုက်ဖြစ်တော့ကြောင်းကိုတော့ မပြောဖြစ်လိုက်။

◈ ◈ ◈





နှစ်ခွက်သုံးခွက်စီ ဝင်သွားတော့ စကားဝိုင်းက ပိုပြီး စိုပြည်လာသည်။ နောင်စိုးကတော့ မသောက်။

"မင်းကလည်း ဟိုက မတောင်းဘဲနဲ့ ပေးခဲ့တဲ့ကတိကို ခုထိ တည်တုန်းပဲလား" ဟု သိန်းထွန်းက ရိသည်။ နောင်စိုးက...

"သူ့ကိုပေးခဲ့တဲ့ ကတိရယ်လို့ မဟုတ်ပါဘူးကွာ၊ ကိုယ့် ကိုယ်ကို ပေးတဲ့ကတိလို့ပဲ ဆိုပါတော့၊ ငါက တစ်ယောက်ထဲ အဖော်မဲ့နေတဲ့လူကွ၊ အရက်ကို သွားစမိရင် မလွယ်ဘူး၊ အမြဲတမ်း အဖော်ပြုသွားချင်နေရင် ခက်မယ်"

"ကောင်းတယ်၊ မသောက်နဲ့၊ သိန်းထွန်း သူ မသောက် ချင်တာကို အတင်းမတိုက်ပါနဲ့ကွ" ဟု အောင်ငွေက ဝင်ပြော သည်။ ပြီးတော့...

"သူ့အစား ငါ ပိုသောက်ပေးမယ်ကွာ၊ မင်းကျေးဇူးပဲ အောင်လို့"



www.burmeseclassic.com

www.burmeseclassic.com

“ဒီလိုတော့ ဘယ်ရမလဲ၊ ငါလည်း နောင်စိုးသူငယ်ချင်းပဲ ငါပါ ပို့သောက်ပေးမယ်”

သူငယ်ချင်းတွေ တစ်ခါတစ်လေမှ ကြုံတောင့်ကြုံ ဆုံရခြင်း ဖြစ်သောကြောင့် သောက်ချင်သလောက် သောက်ကြ စမ်းပါစေ ဆိုပြီး လွှတ်ထားပေးလိုက်သည်။ အမူးလွန်သွားသည် ပြဿနာမရှိ။ အနားတွင် အိပ်ရာပြင်ပေးလိုက်လို့ ရသည်။

နောင်စိုး၏ တပည့်တွေကလည်း အမြည်းကို လိုလေ သေး မရှိအောင် လုပ်ပေးထားသည်။ ဆိတ်သားခြောက်ဖုတ် မှုန့်နှင့် ကန်စွန်းရွက်ကြော်၊ ဘဲပေါင်း၊ ဝက်နံ့ကင်၊ အာလူးကြော် သံပုရာသီးကို ပါးပါးလှီးပြီး ငါးပိနှင့် သုတ်ပေးထားသည်။

နောင်စိုးဆီမှာ ရော်ဘင်မီးစက်ကလေး ရှိသဖြင့် စက်နှိုး ပြီး မီးတွေ ထွန်းထားသည်။ တီဗီနှင့် ဗီဒီယိုပြစက်လည်း ရှိ သည်။ ဆိုနီကက်ဆက်လည်း ရှိသည်။ မော်တော်ဆိုင်ကယ်ကို လည်း တွေ့ခဲ့ပြီး ဖြစ်သဖြင့် သူငယ်ချင်းတွေက စီးပွားရေး ချောင်လည်မှန်း ရိပ်မိကြသည်။ အောင်ငွေက...

“ငါတို့ ခန့်မှန်းရသလောက် မင်း အခြေအနေ ကောင်း နေတာပဲ၊ မိန်းမ မယူသေးဘူးလားကွ”

“ငါ့ကို ကြိုက်မယ့်လူမှ မရှိတာ”

သိန်းထွန်းက ဝင်၍ပြောသည်။

“နေဦးကွ၊ မင်းကို ပြောစရာတစ်ခု ရှိသေးတယ်၊ မင်း မရှိတော့တဲ့နောက်ပိုင်း ကျောင်းမှာ သူနဲ့ငါ တစ်ခါဆုံသေး တယ်၊ သူက မင်းကို တောင်းပန်ချင်တယ်လို့ ပြောသေးတယ်၊





ငါလည်း အဲဒီအချိန်က နည်းနည်း စိတ်ချဉ်ပေါက်နေတော့ ခလိုပါဘူးလို့ ပြောလိုက်တယ်၊ မင်းဆီရေးတဲ့စာထဲမှာတောင် အဲဒီအကြောင်း ထည့်ရေးဦးမလို့ပဲ၊ တော်ကြာ မင်း စိတ်ပြန်လည် ပြီး ဒုက္ခရောက်မှာစိုးလို့ မပြောဘဲ ထားခဲ့တာ”

“အေး...မပြောခဲ့တာ ကောင်းတာပေါ့၊ နို့မို့ဆို တကယ် မဟုတ်ဘဲ မျှော်လင့်ချင် မျှော်လင့်မိဦးမှာ”

သိန်းထွန်းက ခွက်ထဲမှ လက်ကျန်ကို မော့ချလိုက်ပြီး နောက်...

“ဟေ့ကောင်...ခုချိန်မှာ မင်းအနေနဲ့ ဖြူဝင်းမွှတ်ကို တွေ့အောင်ရှာပြီး အတောင်းပန်ခံလိုက်၊ ပြီးတော့ ဇာတ်လမ်း ပြန်ဆက်ကြည့်ပါလားကွ”

“ဟာ...တော်စမ်းပါကွာ၊ ဟိုတုန်းကတောင် ငါ့ကို မကြိုက်ခဲ့သေးတာ၊ ခုလို ခြံသမားတောသားဆို ပိုဆိုးတော့မှာပေါ့၊ ပြီးတော့ ခုချိန်မှာ သူလည်း အိမ်ထောင်တွေဘာတွေ ကျနေ လောက်ပါပြီ၊ ကျောင်းမှာတုန်းကတောင် သူ့အိမ်က သဘောတူ ထားတဲ့လူ ရှိသလိုလို ကြားခဲ့သေးတာပဲ”

အောင်ငွေက ကန်စွန်းရွက်ကြော်ထဲက မှုတစ်ဖတ်ကို ယူ၍မြို့ရင်း...

“အေးကွာ...သူနဲ့ယူတဲ့ ယောကျ်ားဟာ ဘယ်လိုလူမျိုး ဖြစ်မလဲဆိုတာတော့ သိချင်လိုက်တာ”

“ဘယ်သူပဲဖြစ်ဖြစ် ငါ့ထက်တော့ သာမှာအမှန်ပဲ”

နောင်စိုးက ဝင်ထောက်သဖြင့် သိန်းထွန်းက...


www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်းကွာ၊ ကိုယ့်ကိုယ်ကို တော်တော် အထင်သေးတာပဲ"

"ဟ…ဒီလိုစိတ်မျိုး ထားနိုင်လို့ ခုလောက် ကြွေရှုံးနေနိုင်တာပေါ့ကွ"

"သိပ်လည်း ထင်မထားနဲ့ဦး၊ စကားကို အကုန်မပြောနဲ့ အချစ်ဆိုတာ ငှက်ဖျားရောဂါလိုပဲ၊ အတော်ကြာကြာ ငုပ်နေပြီးမှ သူ့လောက်ရှိမှ အလစ်ထပြီး တိုက်ခိုက်တတ်တယ်နော်၊ သတိထား"

"အေးပါ၊ လုံးဝအမြစ်ပြတ်သွားပြီလို့ ငါ အပိုမကြွားချင်ပါဘူး၊ တကယ်တော့ သံယောဇဉ်ဆိုတာ မီးခလုတ်ကို ပိတ်လိုက်သလို ရုတ်တရက် ဖြတ်တောက်လို့ ရတာမျိုးမှ မဟုတ်ဘဲကွာ"

နောင်စိုး၏မျက်လုံးတွေက ဆွေ့ရိပ်သမ်းနေသလိုပဲဟု အောင်ငွေက ထင်မိ၏။ သိန်းထွန်းကလည်း "ဒီကောင် အကင်းမသေသေးဘူး ထင်တယ်" ဟု တွေးနေသည်။

◈ ◈ ◈





ဒီနေ့ အမှုတစ်ခု စစ်ဆေးစရာ ရှိသည်၊ ဆရာမက ဖြူဝင်းမွှတ်ကို ယုံယုံကြည်ကြည် လွှဲအပ်ထားသော အမှုဖြစ်၏၊

အမှုက လင်ယောကျ်ားဖြစ်သူကို ကွာရှင်းလိုကြောင်း စွဲဆိုသည့်အမှု။ တရားမမှု။ ထူးဆန်းတာက တရားလို အမျိုးသမီးက ရှေ့နေတစ်ယောက်ကို ငှားသည်။ တရားပြိုင် အမျိုးသားက ဖြူဝင်းမွှတ်တို့ကို ငှားသည်။ ဇနီးအတွက် အမျိုးသားရှေ့နေက လိုက်ပြီး ခင်ပွန်းအတွက် အမျိုးသမီးရှေ့နေက လိုက်ရသည့်အမှု ဖြစ်နေ၏။

ထို့ကြောင့် တရားရုံးလောကက စိတ်ဝင်စားမှု ရှိနေသည်။ မထင်မှတ်သော ကြားဖြတ်မေးခွန်းများ မေးရမှာ ကျွမ်းကျင်သော ဖြူဝင်းမွှတ်အတွက် စိတ်ကြိုက်ဖြစ်နိုင်သော အမှုတစ်ခုလည်း ဖြစ်၏။ သူ့ဆရာမကလည်း အခြားရုံးချိန်းတစ်ခု စောစောပြီးသွားသဖြင့် လာရောက်နားထောင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြူဝင်းမွှတ်က တရားလို အမျိုးသမီးကို မေးမြန်းရမည့် အလှည့် ဖြစ်၏။ အမျိုးသမီးမှာ ရုပ်ရည် သာမန်မျှ ရှိ၏၊ ပုံစံက လင်ယောကျ်ားကို နားပူနားဆာ လုပ်တတ်၊ ငြူစူစောင်းမြောင်းတတ်မည့်ဟန် ရှိသည်ဟု ခန့်မှန်းရသည်။

သိထားရသမျှ ယောကျ်ားဖြစ်သူမှာ ခပ်တုံးတုံး ဖြစ်သည်။ ဟိုအရင်ကတော့ ငွေကြေး အတော်အသင့်ရှိသူ ဖြစ်ခဲ့၏၊ ထို့ကြောင့်လည်း ဒီအမျိုးသမီးက ရအောင်ယူခဲ့ခြင်း ဖြစ်၏၊ လက်ထပ်ပြီးသည့်နောက်ပိုင်း မိန်းမဖြစ်သူ၏ အသုံးအစွဲကြီးမှု ကြောင့် စီးပွားရေး ယိမ်းယိုင်လာသည်။ ယောကျ်ားဖြစ်သူကလည်း ထက်ထက်မြက်မြက် မရှိသော ခပ်အေးအေးသမား ဖြစ်သောကြောင့် မိန်းမလိုသမျှငွေကို ရှာမပေးနိုင်။ ဒီမှာပဲ ကွာမယ်ရှင်းမယ် ဖြစ်လာခြင်း။

"အစ်မကြီးအနေနဲ့ ခင်ပွန်းဖြစ်သူကို ကွာရှင်းချင်တယ်လို့ ရုံးတော်မှာ လျှောက်ထားခဲ့တယ်နော်၊ ကျွန်မ သိရသလောက်တော့ ခင်ပွန်းဖြစ်သူမှာ လင့်ဝတ္တရားကို ဖောက်ဖျက်ကျူးလွန်တဲ့ အထောက်အထား မတွေ့ရပါဘူး၊ ဒါနဲ့များ ဘာကြောင့် ကွာရှင်းချင်ရတာလဲ"

ဖြူဝင်းမွှတ်က စကတည်းက အမျိုးသမီးသည် မတရားစွပ်စွဲနေသည့်ပုံမျိုး ခင်းလိုက်သည်။ ပြီးတော့ မေးခွန်းတစ်ခုချင်း မမေးသေးဘဲ အားလုံးခြုံငုံ၍ မေးလိုက်သဖြင့် အမျိုးသမီးမှာ ဘယ်က စဖြေရမှန်း မသိဘဲ ဖြစ်သွား၏။ သူ့ရှေ့နေက တစ်ခွန်းမေး တစ်ခွန်းဖြေမျိုးသာ သင်ထားသဖြင့် အခက်ကြုံသွားခြင်းလည်း ဖြစ်၏။ ထို့ကြောင့် အစီအစဉ်ကျကျ မပြောနိုင်တော့ဘဲ သင်ထားတဲ့ထဲက သတိရတာကိုသာ ပြောချလိုက်၏။

"သူက ရိုက်လို့"

ဖြူဝင်းမွှတ်က ပြုံးလိုက်ပြီး...

"ယောကျ်ားဆိုတာ တစ်ခါတစ်လေ အပျင်းပြေ ဖဲရိုက်တာလောက်တော့ ရှိချင်ရှိမှာပေါ့"

ဟု ပြောလိုက်၏။ ဆရာမက ကြိတ်ပြုံးမိသည်၊ ဒီလိုတစ်ဖက်လူကို အကြောင်ရိုက်တာမျိုး ဖြူဝင်းမွှတ် လုပ်လေ့ရှိ၏၊ အမျိုးသမီးက ကြောင်တောင်တောင် ဖြစ်သွားပြီးမှ—

"ဖဲရိုက်တာ မဟုတ်ပါဘူး၊ ကျွန်မကို မိုက်တာဆို ပြောတာ"

ယောကျ်ားဖြစ်သူမှာ အံ့သြသွားပြီး...

"ဟာ...ကျွန်တော် တစ်ခါမှ မရိုက်ရပါဘူးဗျာ၊ သူတသာ ကျွန်တော့်ကို ခဏခဏ ကိုက်ဆွဲတာ"

ဟု လှမ်းပြောသဖြင့် တရားသူကြီးက လက်တားပြီး ငြိမ်ခိုင်းလိုက်သည်။ ဖြူဝင်းမွှတ်က...

"ရိုက်တယ် ဟုတ်လား၊ ဘယ်နားကို ရိုက်တာလဲ"

"ဟို...ဟို...သူရိုက်ချင်တဲ့နေရာကို ရိုက်တာပဲ"

"အော...ဒဏ်ရာတွေ ဘာတွေကော ရသေးသလား"

"ရတယ်"

"ဒါဆို အနာရွတ်တွေဘာတွေ ရှိမှာပေါ့၊ ဘယ်မှာလဲ၊ ပြပါဦး"







www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးမှာ ဘယ်နေရာ ပြရမှန်း မသိသဖြင့် ဟိုကြည့် ဒီကြည့် လုပ်ရင်း ကိုယ်ပေါ်မှာ ရှာနေသည်။

ဖြူဝင်းမွှတ်က လက်မောင်းတစ်နေရာကို လက်ညှိုးထိုး ပြီး...

"ဒါ...ထင်တယ် ဟုတ်လား"

"ဟုတ်...အဲ...မဟုတ်ပါဘူး၊ ဒါက ကျောက်ဆေးထိုးထား တဲ့ အမာရွတ်ပါ"

တရားသူကြီးတောင် ပြုံးမိ၏။ တရားလို အမျိုးသမီး ရှေ့နေမှာ သူ့အမှုသည် ဖရိုဖရဲ ဖြစ်နေတာကို ဘယ်လို ဖြေ တားရမလဲ အပူတပြင်း စဉ်းစားနေသည်။ ခုထိတော့ ဖြူဝင်းမွှတ် မေးခွန်းတွေကို ဝင်ကန့်ကွက်ဖို့ အခွင့်မသာသေး။ ဖြူဝင်းမွှတ်က

"ဒါဆို ဘယ်မှာလဲ" ဟု ထပ်မေးသည်။

"ပျောက်...ပျောက်သွားပြီ" ဟု ဖြေမိဖြေရာ ဖြေသည်။ သူ့ရှေ့နေက စိတ်ပျက်စွာ ခေါင်းခါသည်။ ဖြူဝင်းမွှတ်က ဆက်၍...

"အစ်မကြီးရဲ့ စွပ်စွဲချက်ထဲမှာ အစ်မကြီးရဲ့ခင်ပွန်းဟာ အစ်မကြီးရဲ့ စားဝတ်နေရေးအတွက် လုံလောက်တဲ့ ငွေကြေး ထောက်ပံ့မှု မပေးနိုင်ဘူးလို့ ဆိုတယ်၊ အစ်မကြီးက တစ်လ ဘယ်လောက်ရမှ လုံလောက်မှာလဲ"

"ခြောက်သောင်း"

ပြီးမှ သူ့ရှေ့နေကို လှမ်းကြည့်သည်။ ရှေ့နေက စိုးရိမ်တကြီး ပြန်ကြည့်နေသည်။ ဖြူဝင်းမွှတ်က စကားပြင်ချီ





ခွင့်အရေး မပေးတော့ဘဲ...

"ခြောက်သောင်း ဟုတ်လား၊ များလှချည်လား၊ လင်မ ားနှစ်ယောက်ထဲ၊ ကလေးလည်း ရှိတာမဟုတ်ဘူး၊ တန်တော့ မ်မှာ ထမင်းဟင်း မချက်ဘဲ နေ့တိုင်း ဘူဖေးချည်း သွားစားနေ ယ် ထင်တယ်၊ ဟုတ်လား"

တရားလိုရှေ့နေ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ ဖြူဝင်း တ် နောက်မေးခွန်းတစ်ခု ဆက်တိုက်မေးသည်။

"ကဲပါလေ၊ အစ်မကြီးအနေနဲ့ ကွာရှင်းချင်လောက် အောင် ဖြစ်ရတာ ဒီအကြောင်းတွေလောက် ကမယ်မထင်ဘူး၊ နောက် ဘာအကြောင်းပြချက် ရှိသေးလဲ"

အမျိုးသမီးသည် ဖြူဝင်းမွှတ်၏ဒဏ်ကို မခံနိုင်တော့၊ သူ့ရှေ့နေ သင်ပေးထားတာတွေကို အကုန်မေ့ကုန်ပြီ။ မိတ်ကပ် က်နှာပေါ်မှာ ချွေးစေးတွေ ပျံနေပြီ။ သေသေချာချာ စဉ်းစား ဖြေဆိုနိုင်စွမ်း မရှိတော့။ သူ့ယောကျ်ားကို တစ်ချက်ကြည့်လိုက်ပြီး

"သူက အရပ်ဆိုးလို့"

သူ့ရှေ့နေသည် ပါးစပ်အဟောင်းသား ဖြစ်သွား၏။ သူသင်ပေးထားတဲ့အထဲမှာ ဒီအချက် လုံးဝမပါ။ အမှားကြီးမှား သွားသော အဖြေပင် ဖြစ်၏။

ဖြူဝင်းမွှတ် မျက်လုံးများ ဖျတ်ခနဲ လက်သွားသည်။ အကွက်ကောင်း တွေ့သွားသော ရှေ့နေတစ်ယောက်၏ ဟန်ပန် မျိုးတော့ ဖြစ်မလာခဲ့။ မျက်နှာထားသည် ပြုံးထေ့ထေ့ ရှိနေရာမှ ထူးခြားစွာ တည်သွား၏။ ထို့နောက် တရားလို အမျိုးသမီး၏



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာရှေ့မှာ လက်ငါးချောင်းကို ထောင်ပြလိုက်သည်။

"ဒါ ဘယ်နှစ်ချောင်းလဲ"

ရုတ်တရက် မဆီမဆိုင် မေးလိုက်သဖြင့် အမျိုးသမီး ကြောင်သွားသည်။

"ပြောပါ၊ ဒါ ဘယ်နှစ်ချောင်းလဲ"

ဖြူဝင်းမွှတ်က ထပ်မေးမှ...

"ငါးချောင်း"

"အင်း...ရှင့်မျက်စိလည်း မမှုန်ပါဘူး၊ ကောင်းသားပဲ ဟုတ်တယ် မဟုတ်လား"

အမျိုးသမီး ခေါင်းညိတ်သည်။

ဖြူဝင်းမွှတ်က ယောက်ျားဖြစ်သူကို လက်ညှိုးထိုးပြပြီး—

"သူနဲ့ လက်ထပ်မယ့်အချိန်မှာ ရှင် သူ့ကို ကောင်းကောင်း မြင်ရသားပဲ၊ ရုပ်ရည်ကို သဘောမကျရင် ငြင်းလိုက်ပေါ့ ဘာကြောင့် လက်ထပ်ခဲ့ရတာလဲ"

ဖြူဝင်းမွှတ်၏လေသံက မာလာသည်။ အစ်မကြီးဟု သုံးနှုန်းနေရာမှ ရှင်ဟု ခပ်ရင့်ရင့် ပြောင်းခေါ်သည်။ ယောက်ျားဖြစ်သူမှာ ကြောင်တိကြောင်တောင် ဖြစ်နေရှာ၏။ အမျိုးသမီးက သူ့ရှေ့နေကို အကူညီတောင်းသလို လှည့်ကြည့်သည်။ ရှေ့နေက သူသင်ထားတာ မေ့နေရကောင်းလားဆိုသော သဘော နှုတ်ခမ်းတင်းတင်း စေ့ကြည့်သည်။ ထိုအခါကျမှ အမျိုးသမီးက...

"အမေက အတင်းပေးစားလို့"

"ရှင်တို့ လက်ထပ်တဲ့အချိန်က ရှင့်အသက် ဘယ်လောက်





ရှိပြီလဲ"

"၂၄ နှစ်"

"မိန်းကလေးတစ်ယောက်ဟာ အသက်နှစ်ဆယ် ပြည့်ပြီးရင် အိမ်ထောင်ရေးကို ကိုယ့်သဘောနဲ့ကိုယ် ဆုံးဖြတ်ခွင့်ရှိတာပဲ၊ (၂၄)နှစ်ဆိုတဲ့အရွယ်ဟာ ကိုယ့်ဘာသာ စဉ်းစားဆင်ခြင်နိုင်တဲ့ အရွယ်ပဲ၊ အဲ...တစ်ခုရှိတယ်၊ အဲဒီအချိန်က သူ့ရဲ့ရုပ်ရည်ထက် သူ့ရဲ့ငွေကြေးက ပိုပြီးစိတ်ဝင်စားစရာ ကောင်းနေလို့များလား"

တစ်ဖက်ရှေ့နေက ကန့်ကွက်ဖို့ ဟန်ပြင်သည်၊ သို့ရာတွင် အချိန်မမီလိုက်။ ဖြူဝင်းမွှတ်က မျက်နှာထားတင်းတင်းဖြင့် ဆက်တိုက် ပြောချလိုက်သောကြောင့် ဖြစ်၏။

"ဒီမှာ...လူတစ်ယောက်ရဲ့ ဘယ်လိုမှ ပြုပြင်ထိန်းချုပ်လို့ မရတဲ့ မွေးရာပါ အားနည်းချက်ကို အခွင့်ကောင်းယူပြီး အနိုင်သာ ကြိုးစားတာဟာ ဘယ်လောက် အောက်တန်းကျတဲ့ အကြံအစည် လဲဆိုတာ သိရဲ့လား၊ နေစမ်းပါဦး၊ သူက အရုပ်ဆိုးလို့ ကွာရှင်းချင်တယ် ပြောရအောင် ရှင်ကကော ဘယ်လောက် လှနေလို့လဲ"

ဖြူဝင်းမွှတ်၏လေသံက မာလွန်းထန်လွန်းလှသည်၊ တရားခွင်တစ်ခုလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။ တစ်ဖက်ရှေ့နေက ထရပ်လိုက်ပြီး...

"ကျွန်တော့်အမှုသည်ကို ဒီလောက် မာမာထန်ထန် ငေါက်ငမ်းပြီး မေးဖို့ အခွင့်အရေး မရှိပါဘူး" ဟု ကန့်ကွက်သည်၊ အမျိုးသမီးကတော့ မျက်ရည်တွေ ကျပြီး တရှုံ့ရှုံ့ ငိုနေပြီ။ ယောက်ျားဖြစ်သူမှာ မျက်လုံးကလယ်ကလယ် ဖြစ်နေ၏။ တရား



www.burmeseclassic.com

www.burmeseclassic.com

သူကြီးသည် တအံ့တသြ ကြည့်နေသည်။ ဖြူဝင်းမွတ်၏ ဆရာ တောင်မှ...

"တရားခွင်မှာ အမြဲ တည်တည်ငြိမ်ငြိမ် ရှိတဲ့ မိဖြူတစ်ယောက် ဒီတစ်ခါ ဘာကြောင့် ဒီလောက် စိတ်လှုပ်ရှားသွားရတာလဲ"

ဟု တွေးရင်း နားမလည်နိုင်အောင် ဖြစ်နေ၏။

◈ ◈ ◈





ဖြူဝင်းမွတ်ကိုယ်တိုင်လည်း သူ့ကိုယ်သူ အံ့ဩမိ၏။ ...ုပ်ဆိုးလို့' ဆိုသော စကားတစ်ခွန်းက သူ့ကို လှုပ်လှုပ်ခါခါ ဖြစ်သွားစေသည်။ စိတ်ကို မထိန်းချုပ်နိုင်ဘဲ လွတ်ထွက်သွားခဲ့သည်။ တရားခွင်ပေါ်မှာ သူပြောဆိုပြုမူခဲ့သည့် စကားများ အသံဟန်ပန်များသည် ရှေ့နေတစ်ယောက်ပုံစံနှင့် မတူတော့။ အမှုသည်ကိုယ်စား ပြောတာမျိုး မဟုတ်ဘဲ ကိုယ်ကိုယ်တိုင် အစော်ကားခံရသလို ဆတ်ဆတ်ခါ နာသွားခဲ့ရသည်။ ဒေါသတကြီး ကက်ကက်လန် ရန်တွေ့သည့်သဘောမျိုး ဖြစ်သွားခဲ့ရသည်။

ပြီးတော့ 'လူတစ်ယောက်ရဲ့ ဘယ်လိုမှ ပြုပြင်လို့မရနိုင်တော့တဲ့ အားနည်းချက်' ဆိုသောစကားကို ကိုးကားခဲ့မိ၏။ ထိုစကားသည် နောင်စိုးက မိမိကို တစ်ခါက ပြောခဲ့ဖူးသော စကား။ ဒါကို ဘာကြောင့် အဲဒီအချိန်မှာ သတိတရ ပြောလိုက်မိသလဲ။ ခုလိုဖြစ်ခဲ့ရတာကော ဘာကြောင့်လဲ။


www.burmeseclassic.com

www.burmeseclassic.com

အဖြေကို ရလုလုမှာပင် အိမ်ရှေ့ကို ကားတစ်စီး ဆိုက်လာသည်။ ကားပေါ်က ကိုတင်မောင်ထွန်း ဆင်းလာသည်။ ပန်းခြံထဲက ခုံတန်းလျားမှာ ထိုင်နေသော ဖြူဝင်းမွှတ်ကို မြင်ပြီး လျှောက်လာသည်။

"ကိုယ် ထိုင်မယ်နော်" ဟု ပြောပြီး ဖြူဝင်းမွှတ်ဘေး ဝင်ထိုင်သည်။ နှစ်ယောက်ကြားက လွတ်နေသော ကွက်လပ်ကို ဖြူဝင်းမွှတ် မသိမသာ ငုံ့ကြည့်မိ၏။ တစ်ထွာလောက်သာ ရှိမည်။

ကိုတင်မောင်ထွန်းက ဖေဖေတို့ မေမေတို့ နေကောင်း လား၊ ဖြူဝင်းမွှတ် နေကောင်းလား အရင်မေးပြီးမှ...

"ကိုယ်လည်း ဖြူ့ကို နှုတ်ဆက်ရင်း ပြောစရာလေးလည်း ရှိလို့ လာခဲ့တာ" ဟု ဆိုသည်။ ဖြူဝင်းမွှတ်က...

"နှုတ်ဆက်ဖို့ ဟုတ်လား၊ ဘာဖြစ်လို့လဲ"

"ကိုယ် တစ်ဆင့်မြင့်ရာထူးနဲ့ မန္တလေးကို ပြောင်းရမယ်"

"ဟုတ်လား၊ ကွန်ကရက်ကျူလေးရှင်းပဲ"

ကိုတင်မောင်ထွန်းက ခဏမျှ ဆိုင်းပြီးနောက်...

"အဲဒါ ကိုယ်မသွားခင် စိတ်အေးသွားချင်တယ်"

ဖြူဝင်းမွှတ်က ဘာမျှပြန်မပြော။ ကိုတင်မောင်ထွန်းက ပင်...

"ဒီလိုပါ ဖြူ၊ ကိုယ့်အနေနဲ့ ဖြူ့ဆီက ရှင်းလင်းပြတ်သား တဲ့ အဖြေတစ်ခု ရသွားချင်တယ်၊ ဒါမှ ကိုယ် ဟိုမှာ စိတ်ဖြောင့် ဖြောင့် အလုပ်လုပ်နိုင်မှာမို့ပါ"





"ဒါဆိုလည်း စိတ်ဖြောင့်ဖြောင့်သာ သွားပါတော့"

"ဘယ်လို ဖြူ၊ ဒီစကားရဲ့ အဓိပ္ပါယ်က ဘာကို ဆို လိုတာလဲ"

"ဒီလိုလေ၊ ကျွန်မလည်း ဒီမှာ လွတ်လွတ်လပ်လပ် စိတ်ဖြောင့်ဖြောင့်နဲ့ပဲ အလုပ်လုပ်ချင်တယ်"

ကိုတင်မောင်ထွန်း ဆွေနေပြီးမှ...

"ကိုယ့်ကို လက်မခံနိုင်ဘူးဆိုတဲ့ သဘောပေါ့ ဟုတ်လား"

"ဒီသဘောပါပဲ"

ကိုတင်မောင်ထွန်းက ဖြူဝင်းမွှတ်ဘက်ကို လှည့်လိုက်ပြီး

"ကိုယ့်မှာ ဖြူ လက်မခံနိုင်လောက်တဲ့ ချို့ယွင်းချက်တွေ ရှိလို့လား"

ဖြူဝင်းမွှတ်သည် အင်းလျားကန်စပ်တစ်နေရာကို ဖျတ် ခနဲ သတိရမိ၏။

"အဲဒီချို့ယွင်းချက်က ဘာလဲ"

ဖြူဝင်းမွှတ် မဖြေ။ ကိုတင်မောင်ထွန်း မချင့်မရဲ ဖြစ်လာ သည်။

"ပြောပါ ဖြူ၊ ကိုယ့်ကို ဘာကြောင့် လက်မခံနိုင်ရတာ လဲ"

တစ်ခါတုန်းကလည်း တစ်ယောက်သောသူက ခုလိုပဲ မေးခဲ့ဖူးသည်။ ထိုစဉ်က သူဖြေခဲ့သောစကားက...။

ဖြူဝင်းမွှတ်သည် ကိုတင်မောင်ထွန်းကို ဖျတ်ခနဲ မော့ ကြည့်လိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မ လက်မခံနိုင်တဲ့ အဓိကအကြောင်းကတော့ ကိုတင်မောင်ထွန်းဟာ ရုပ်သိပ်ချောနေလို့ပါပဲ"

"ဘာ...ဘယ်လို"

ကိုတင်မောင်ထွန်း အံ့သြသွားသည်။ အပြောင်အပြက် စကား မဟုတ်မှန်း ဖြူဝင်းမွတ် မျက်နှာထားကို ကြည့်၍ သိ လိုက်ရသည်။ ဖြူဝင်းမွတ်သည် ဒီနေ့အဖို့ ဒုတိယအကြိမ်မြောက် စိတ်လွတ်လက်လွတ် စကားတစ်ခွန်းကို ထပ်ပြောဖြစ်လိုက်သည်။ တရားခွင်မှာ မိန်းမတစ်ယောက်ကို ရှိုက်ငိုစေခဲ့သည်။ ခုလည်း ကိုတင်မောင်ထွန်းဆိုသော ရှေ့နေတစ်ယောက်ကို ပင့်သက်ရှိုက် သွားစေသော စကား။

"ကျွန်မကို ရူးနေတယ်လို့ ဆိုချင်လည်းဆိုပါ၊ ကျွန်မဟာ ခုနောက်ပိုင်းမှာ ရုပ်ချောတဲ့လူတွေဆိုရင် ကြည့်လို့ကို မရတော့ဘူး။ ကျွန်မကို ခွင့်လွှတ်ပါတော့"

ပြောပြီး ထထွက်လာခဲ့သည်။ သူ့ရင်ထဲမှာတော့ မေမေ မကြာခဏ ပြောဖူးသော စကားတစ်ခွန်းကို သတိရနေမိ၏။

"မိန်းကလေးတစ်ယောက်အတွက် လက်ထပ်ဖို့ သင့်တော်တဲ့ ယောကျ်ားတွေ အများကြီး ရှိနိုင်ပါတယ်၊ ဒါပေမယ့် ချစ်ရတဲ့ယောကျ်ားကတော့ တစ်ယောက်ပဲ ရှိနိုင်တယ်"

◈ ◈ ◈





တရပ်တကျေးမှာ သွားရောက်အခြေ နေထိုင်ပြီးနေ ဓိဘ အိမ်ကို ခဏပြန်လာလည်သူတစ်ယောက် ခံစားရသည်၊ ကျောင်းပရဝုဏ်သည် သူ့ကို ဟိုအရင်ကလိုပင် နွေးထွေးစွာ ကြိုဆိုနေ၏။

နောင်စိုးသည် သူ့ခြံမှာ သုံးဖို့အတွက် ဟိုင်းလစ်တား တစ်စီး ဝယ်ရန် လာခဲ့ခြင်းဖြစ်၏။ ရန်ကုန်ရောက်မှတော့ ကျောင်းထဲကို မသွားဘဲ မနေနိုင်။ သူ့အတွက် ဒီမှာ လည်စရာ ပတ်စရာဆိုလို့ ဒီကျောင်းကြီးပဲ ရှိ၏။

ကျောင်းထဲမှာ သူနှင့်သိသော သက်ရှိပုဂ္ဂိုလ် သူငယ်ချင်း တွေ မရှိတော့။ အားလုံး ဘွဲ့ရပြီး ကျောင်းက ခွာသွားကြပြီ၊ ကျောင်းမှာ ဆရာပြန်လုပ်နေသူ တစ်ယောက်စ နှစ်ယောက်စ တော့ ရှိချင်ရှိမည်။ မသေချာ။

သက်ရှိမဟုတ်သော အသိအကျွမ်းတွေကတော့ ရှေ့


www.burmeseclassic.com

www.burmeseclassic.com

မပြောင်းဘဲ ရှိနေကြဦးမှာ သေချာသည်။ သူတို့ကို အလွမ်းပြေ ကြည့်ရင်း နှုတ်ဆက်ချင်သည်။ ဘွဲ့နှင်းသဘင်ခန်းမ၊ ဂျပ်ဆင် အပန်းဖြေရိပ်သာ၊ သစ်ပုပ်ပင်ကြီး၊ ပြီးတော့...။

ငေးမောလျှောက်လာရင်းက စားသောက်ဆိုင်တန်းနား ရောက်လာသည်။ ခပ်လှမ်းလှမ်းက ကြည့်သောအခါ တစ်ချို့ဆိုင် တွေဆီက မီးခိုးလေးတွေ တလူလူ ထွက်နေတာ မြင်ရ၏။ ကျောင်းသားဘဝက သူငယ်ချင်းတွေနှင့် ထိုင်နေကျ လက်ဖက် ရည်ဆိုင်ကို တွေ့ရသည်။ အပြင်ဘက်မှာ ချထားသည့် စားပွဲတွေ က အရင်အတိုင်းပါပဲ။ ဒီလက်ဖက်ရည်ဆိုင်သည်လည်း သူ ဝင်နှုတ်ဆက်သင့်သောနေရာ၊ အလွမ်းပြေ ဝင်ထိုင်သင့်သော နေရာ ဖြစ်၏။

လက်ဖက်ရည်ဆိုင်ဆီသို့ လျှောက်သွားသည်။ အရင်ထိုင် နေကျနေရာဖြစ်သော စားပွဲမှာ ဝင်ထိုင်သည်။ ညနေစောင်းပြီ ဖြစ်၍ စားသောက်ဆိုင်တန်းမှာ လူရှင်းနေသည်။ သို့တိုင်အောင် သူ့နားထဲမှာတော့ သူငယ်ချင်းတို့၏ စကားသံများ၊ ရယ်မောသံ များကို ကြားယောင်နေ၏။

ဟိုဘက်စားပွဲကို လှည့်ကြည့်မိသေးသည်။ ကျောင်းက ဆရာမ ဖြစ်ဟန်တူသော အမျိုးသမီးကြီးတစ်ယောက် အအေး ထိုင်သောက်နေသည်။ ရွှေကိုင်းမျက်မှန် တပ်ထားသည်။ နောင်စိုး မျက်နှာ ညိုးသွား၏။

"ဘာမှာမလဲ ဆရာ"

အသံကြားသဖြင့် မော့ကြည့်လိုက်သည်။ သူ အလွန်





ကြည်သွား၏။

"ဟာ...သံဂေါလီ"

သူ့ကို ခဏမျှ ငေးကြောင်ကြည့်နေပြီးမှ...

"ဟင်...အစ်ကို...အစ်ကိုနောင်စိုး"

သံဂေါလီသည် နောင်စိုး၏လက်ကို ဝမ်းသာအားရ ဆုပ်ကိုင်လိုက်သည်။

"မင်း...မင်း ဒီကို ပြန်ရောက်နေတယ်နော်"

"ဟုတ်တယ်၊ အစ်ကို့ကို ပြန်တွေ့ရတာ ဝမ်းသာလိုက် တာဗျာ၊ ဟို...ကိုအောင်ငွေတို့ ကိုသိန်းထွန်းတို့ရော"

"ဒီကောင်တွေက နယ်မှာ ရောက်နေကြတယ်ကွ ကဲ... ထိုင်စမ်းပါဦး၊ မင်း ဒီကို ဘယ်လို ပြန်ရောက်လာတယ်ဆိုတာ ပြောပါဦး"

သံဂေါလီက ကုလားထိုင်တစ်လုံး ဆွဲ၍ ဝင်ထိုင်လိုက် သည်။ နောင်စိုးက...

"မင်း ရွာပြန်သွားတယ်ကြားလို့ ငါတို့ စိတ်မကောင်း ဖြစ်ခဲ့ရသေးတယ်ကွ"

"ကျွန်တော် မပြန်ဖြစ်ဘူး အစ်ကိုရ"

"ဟေ...ဘာဖြစ်လို့လဲ"

"ဒီလို အစ်ကိုရ၊ ကျွန်တော်လည်း ပြဿနာတွေ အကြီး အကျယ် တက်တော့ ရွာပြန်တာပဲ ကောင်းတယ်ဆိုပြီး ကိုချစ် မနိုးခင် ထပြီးထွက်လာခဲ့တယ်၊ အဲ...တကယ်တမ်းကျတော့ ရွာကိုလည်း မပြန်ချင်ဘူး၊ ဘယ်သွားရမှန်းလည်း မသိဘူး"


www.burmeseclassic.com

www.burmeseclassic.com

"ငါ့ဆီ လာခဲ့ရောပေါ့ကွာ"

"လာမလို့ စိတ်ကူးပါသေးတယ်၊ ဒါပေမယ့် အစ်ကိုက ကျွန်တော့်ကို ကျွေးထားဖို့ ပိုက်ဆံမရှိဘူးဆိုတာ သိလို့"

နောင်စိုးက ရယ်ပြီး...

"တယ်လည်း အထင်ကြီးတာကိုး၊ ကဲ ဆက်ပြောပါဦး"

"နောက်တော့ ကျောင်းထဲကို ရောက်လာတယ်၊ အလွမ်းပြေ ဆိုပါတော့ အကိုရာ"

အလွမ်းပြေ ကျောင်းထဲ လာခဲ့တယ်ဆိုသောစကားကြောင့် နောင်စိုး မချိပြုံး ပြုံးမိ၏။

သံဂေါလီက ဆက်ပြောသည်။ ကျောင်းထဲရောက်တော့ မိနိုင် သူ့ကို ပါးရိုက်ခဲ့တဲ့နေရာလေးမှာ သွားထိုင်ပုံ၊ ကြွေပန်းကန်အကွဲစများဖြင့် မြေပေါ်မှာ မိနိုင်ဆိုသော စကားလုံး ဖော်နေပုံ...။

"အဲဒီအချိန်မှာ မိနိုင် ရောက်လာတယ်၊ ခု ပြန်စဉ်းစားကြည့်တော့ ရယ်စရာကြီး၊ အဲဒီတုန်းက ဆိုင်ရှင်ဦးလေးကြီး လက်သီးနဲ့ ထိုးထားလို့ ကျွန်တော့်ပါးကစ်ဖက်က ယောင်ကိုင်းနေတာကိုး၊ ဖြစ်ချင်တော့ ဒါကို မိနိုင်က သူပါးရိုက်လို့ ရတဲ့ဒဏ်ရာလို့ ထင်ပြီး ကျွန်တော့်ကို သနားသွားတာပေါ့"

"အင်း...မင်းကတော့ ဖြစ်ရမယ်"

"ဒီတစ်ခါ ဖြစ်ရမယ်က အကောင်း အစ်ကိုရ၊ ကျွန်တော်ကလည်း ဘယ်သွားလို့ ဘယ်လာရမှန်းမသိ ဖြစ်နေတဲ့အချိန်၊ သူကလည်း သူ့အဒေါ်က အိမ်တစ်အိမ်မှာ အိမ်ဖော်လုပ်ဖို့ ပို့ပစ်တော့မယ့်အချိန်၊ အဲဒါနဲ့ မထူးပါဘူးဆိုပြီး ကျွန်တော်တို့





ခိုးပြေးကြတာပဲ"

"သြော်...ဟုတ်ပြီ၊ ဒါကို သူ့အဒေါ်က ရှက်လို့ မိနိုင်ကို ဟိုအိမ်ပို့လိုက်ပြီလို့ သတင်းလွှင့်တာကိုး"

"ဟုတ်တယ်၊ ကျွန်တော်တို့လည်း အစပိုင်းတော့ တော်တော် ဒုက္ခရောက်တယ်၊ ကြုံရာကျပန်း လုပ်ကိုင်စားရတာပေါ့ အစ်ကိုရယ်၊ အဲ...တစ်နှစ်လောက်ကြာတော့ မိနိုင်ရဲ့အဒေါ် လေဖြတ်သွားတယ်၊ ဦးလေးဆိုတာကလည်း နဂိုကထဲက မကျန်းမာတဲ့လူဆိုတော့ ကသီလင်တ ဖြစ်ကုန်တာပေါ့၊ ဆိုင်ဆက်ဖွင့်ဖို့လည်း အခက်အခဲ ဖြစ်နေတာနဲ့ ကျွန်တော်တို့ကို ပြန်ခေါ်လိုက်တာပဲ၊ ခုတော့ မုန့်ဟင်းခါးဆိုင်ကို ကျွန်တော်ပဲ ဦးစီးပြီး လုပ်ကိုင်နေရတာပေါ့"

"မိနိုင်အဒေါ်ကကော"

"မိနိုင်က အာဃာတ မထားပါဘူး၊ အဒေါ်ကို ကောင်းကောင်း ပြုစုပါတယ်"

နောင်စိုးက လက်ဖက်ရည်ဆိုင်ဖက် လှမ်းကြည့်ပြီး...

"လက်ဖက်ရည်ဆိုင်က ဦးလေးကြီးနဲ့ကော အဆင်ပြေရဲ့လား"

"ဟာ...ဦးလေးကြီးက ဒေါသသာ ကြီးတတ်တာပါ စိတ်ရင်းကောင်းပါတယ်၊ ကျွန်တော်တို့ကို လိုက်ရှာဖို့ သူပဲ ကိုချစ်ကို ခိုင်းခဲ့တာပဲ"

"ဒါနဲ့ မိနိုင်တစ်ယောက်ကောကွ"

"ရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ဘက်လှည့်၍ "မိနိုင်ရေ၊ ဟေ့ မိနိုင်၊ လာပါဦးဟ၊ ဒီမှာ ဘယ်သူရောက်နေလဲ လာကြည့်ပါဦး" ဟု လှမ်းအော်သည်။ "လာပြီဟဲ့...နင်းကန်အော်နေတာပဲ" ဆိုသော အသံနှင့်အတူ မိနိုင် ထွက်ချလာသည်။ ဗိုက်ဖုံးအင်္ကျီဖားဖားကြီး ဝတ်လို့။

"ဟာ...တယ်ဟုတ်ပါလားကွ"

"ဒါ ဒုတိယကလေး အစ်ကိုရ၊ အကြီးကောင်က အိမ်မှာ ကျန်ခဲ့တယ်လေ"

မိနိုင် အနားရောက်လာသည်။ သံဂေါလီက...

"နင် ဒီအစ်ကိုကို မှတ်မိလား"

"မှတ်မိတာပေါ့၊ နင့်ကို အင်္ကျီလုံချည်တွေ ငှားလိုက်တဲ့ အစ်ကို မဟုတ်လား"

"အမယ် ငါ့ညီမက မှတ်ဉာဏ်ကောင်းသားပဲ"

နောင်စိုးက ချီးကျူးတော့ မိနိုင် ရယ်နေ၏။ သံဂေါလီက

"နင် အစ်ကိုနောင်စိုးကို ကျေးဇူးတင်ရမယ်ဟ၊ အစ်ကို ကူညီခဲ့လို့ ဒီအဆင့်ထိ ရောက်လာတာ"

ဆိုပြီး မိနိုင်ဗိုက်ကို လက်ညှိုးထိုးပြသည်။

"အမယ် ခုထိ မျက်ခွက်က ပြောင်ချင်သေးတယ်"

ဟု ပြောရင်း သံဂေါလီ၏ကျောကို လက်ဝါးဖြင့် "ဖြန်းခနဲ" ရိုက်သည်။ သံဂေါလီက "နာတယ်ဟ" ဟု ပြောပြီး တဟဲဟဲ ရယ်နေ၏။ နောင်စိုးပင်လျှင် သူတို့နှင့်ရောပြီး ကြည်နူးနေမိ၏။ ထိုစဉ်မှာပင် သံဂေါလီက ရုတ်တရက် မေးလိုက်၏။

"အစ်ကိုကော မိန်းမရပြီလား"





နောင်စိုး ငိုင်ကျသွား၏။ ဖြူဝင်းမွတ်က သူ့ကို ချက်ချင်းပဲ ပါးရိုက်လိုက်သလို မျက်နှာ ခါကနဲ ဖြစ်သွားမိ၏။

"ဟင်လို့...အစ်ကို...မိန်းမရပြီလား"

"ဟင်...ဟင်...မရသေးပါဘူးကွာ"

"ဟုတ်လား၊ ကျွန်တော်က ဟိုအရင် ကျွန်တော် နာမည် သွားစုံစမ်းပေးရတဲ့ အစ်မကြီးနဲ့ ယူဖြစ်လိမ့်မယ် ထင်နေတာ"

"မဟုတ်ပါဘူးကွာ"

ဟု ပြောရင်း နောင်စိုးက ထရပ်သည်။

"ဟင်...အစ်ကို သွားတော့မလို့လား၊ မိနိုင်ရဲ့လက်ရာ မုန့်ဟင်းခါးလေး စားသွားပါဦး၊ သိပ်ကောင်းတာ"

"ဟုတ်သားပဲ"

ဟု သံဂေါလီတို့ လင်မယားက ရှေ့ဆင့်နောက်ဆင့် ပြော၏။

"နောက်ကြုံမှ စားတော့မယ်ကွာ၊ ငါ ကိစ္စလေး ရှိသေးလို့"

သံဂေါလီတို့ကို နှုတ်ဆက်ပြီး ထွက်လာခဲ့၏။

"နင် တော်တော် အလိုက်ကန်းဆိုး မသိဘူး၊ သက်သက် သွားအစဖော်ပြီး သတိပေးတယ်" ဟု ပြောလိုက်သော မိနိုင်၏ အသံကို ခပ်သဲ့သဲ့ ကြားလိုက်ရသည်။

◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်နယ်မြေထဲမှာ သစ်ပုပ်ပင်တို့၊ ကံ့ကော်ပင်တို့သည် အထင်ကရ ဓာတ်လိုက်ကျော်များ ဖြစ်ကြ၏။ လူတိုင်းက ပင် ချစ်ခင်မြတ်နိုးကြသည်။ ဝတ္ထုဇာတ်လမ်းတွေထဲမှာလည်း တခမ်းတနား ထည့်ရေးကြသည်။

ရေတမာပင်တွေကတော့ မထင်မရှား ဓာတ်ရုံတစ်ဦးလို သိပ်ဂရုစိုက်မခံခဲ့ရ။ ခုတော့ ဒီရေတမာပင်ကိုမှ တကူးတကန့် လာရောက်ကြည့်ရှုသူတစ်ဦး ပေါ်လာခဲ့ပြီ။

အဖြူရောင် စူပါဆလွန်းကားပေါ်မှ ဖြူဝင်းမွတ် ဆင်း လာသည်။ ရေတမာပင်တစ်ပင်ဆီသို့ ဦးတည်သွားသည်။ ရေ တည့်တည့်မှာ ရပ်သည်။

တစ်ခါက လူတစ်ယောက်သည် မိမိကို ငေးကြည့်ရင်း လျှောက်လာသဖြင့် ဒီရေတမာပင်ကို ဝင်တိုက်မိခဲ့၏။ ထိုအခါမှ စ၍ ဇာတ်လမ်းတစ်ပုဒ် စခဲ့သည်။ ဇာတ်သိမ်းကတော့ မလှမပ





မ်းနည်းစရာ၊ စိတ်ထိခိုက်စရာ၊ သနားကရုဏာ၊ ကြက်စရာဖြင့် ပြီးဆုံးခဲ့၏။

ထိုသူ၏ သူငယ်ချင်းတစ်ယောက်က ဒီနေရာနားမှာပင် မိမိကို နာနာကျည်းကျည်း စကားတစ်ခွန်း ပြောခဲ့သည်။

"တောင်းပန်ချင်သပဆိုရင် နောင်စိုးကို မတောင်းပန်နဲ့၊ သူ့ကိုယ်စား ဟောဟိုက ရေတမာပင်ကိုသာ သွားတောင်းပန် လိုက်၊ ဒါပဲ"

ဖြူဝင်းမွတ်သည် ရေတမာပင်ကိုပင် ဖွဖွကိုင်၍ ပွတ်သပ် လိုက်ပြီး ခပ်တိုးတိုး ရေရွတ်သည်။

"ကျွန်မ တောင်းပန်ပါတယ် ကိုနောင်စိုးရယ်"

ဟိုယခင်အခါဆီက မရှိခဲ့ဖူးသောအရာတစ်ခုသည် သူ့ ...င်ထဲသို့ ထိုးဖောက်ဝင်ရောက်လာသလို ခံစားရသည်။ အလွမ်းဆို ...ာ ဖြစ်ချင်ဖြစ်မည်။ အလွမ်းဆိုတာကလည်း အချစ်မရှိဘဲ ဖြစ်မလာနိုင်။

◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com



*

နောင်စိုးသည် ရေတမာပင်နားမှာ ရပ်ထားသော ရုပ်ဆလွန်းကားအဖြူလေးကို အဝေးမှပင် လှမ်းမြင်လိုက်သည်။ စိတ်ထဲမှာ နည်းနည်း အနှောင့်အယှက် ဖြစ်သွားရ၏။ သူ၏ အမှတ်တရ ရေတမာပင်နားမှာ ကားလာရပ်ထားသဖြင့် လွတ်လွတ်လပ်လပ် အလွမ်းဖြေဖို့ အခွင့်မသာနိုင်တော့သောကြောင့် ဖြစ်၏။

တော်သေးသည်။ သူ ခပ်လှမ်းလှမ်းအရောက်မှာဝင် ကားက ထွက်သွားသည်။ နောင်စိုး စိတ်သက်သာရာ ရသွား၏။ ကားဖြူလေး၏ နောက်မြီးကို ငေးကြည့်ရင်း ဖြူဝင်းမွှတ် တစ်ယောက်လည်း ခုလိုအချိန်မှာ ဒီလိုကားလှလှလေး စီးပြီး သွားလာနေနိုင်တဲ့အဆင့်မှာ ရှိမှာပဲဟု တွေးလိုက်သည်။

ရေတမာပင် ရှိရာသို့ သူလျှောက်သွား၏။ ဟိုအရင် မကြာခဏ ဝင်တိုက်မိသည့်အပင်။ ပထမဆုံးတစ်ခါကဆိုလျှင်





လူတစ်ယောက်နှင့် တိုက်မိတာ မှတ်ပြီး "ဆောရီးဗျာ" လို့တောင် ပြောမိခဲ့သေးသည်။

တကယ်တော့လည်း သူ့အဖို့ ဒီရေတမာပင်သည် သက်ရှိ လူတစ်ယောက်လို အရေးပါသည်။ ဒါကြောင့်လည်း ခုလို တကူးတကန့် နှုတ်ဆက်တာပဲလေ။

ရေတမာပင်ရှေ့မှာ သူရပ်လိုက်၏။ ပင်စည်ကို လက်နှင့် ပွတ်သပ်ကြည့်သည်။ "ဆောရီးဗျာ" ဟု ရင်ထဲက ပြောလိုက်သည်။ ညနေစောင်းပြီ ဖြစ်သောကြောင့် လူရှင်းနေသည်။ သူနှင့် ရေတမာပင်တို့သာ မျက်နှာချင်းဆိုင် ရပ်နေကြ၏။ သစ်ပင်တစ်ပင်သည် သက်ရှိအမျိုးအစားမှာ ပါဝင်သော်လည်း သတ္တဝါတစ်ကောင် မဟုတ်။ ထို့ကြောင့် အသိဉာဏ်မရှိ။ "စောစောကတောင် ဖြူဝင်းမွှတ် လာသွားသေးတယ်" ဟု ပြောမပြနိုင်ခြင်းသည် ရေတမာပင်၏ အဓိက အားနည်းချက်ပင် ဖြစ်၏။

နောင်စိုးကတော့ ရေတမာပင်ကို မမှိတ်မသုန် ကြည့်ရင်း စကားတွေ အများကြီး ပြောနေသည်။ အသံထွက်မလာသည့်တိုင် ရင်ထဲက အဆက်မပြတ် ရေရွတ်နေသည်။ သူ့အာရုံထဲမှာလည်း အဖြစ်အပျက်များသည် ဖျတ်ခနဲ ဖျတ်ခနဲ ပေါ်လာကြသည်။ နောက်ဆုံးဓာတ်သိမ်းခန်း ဖြစ်သည့် ဖြူဝင်းမွှတ်က သူ့ကို ပါးရိုက်ဖို့ လက်နှင့် အရွယ်လိုက်တွင် သူ မျက်စိ မှိတ်လိုက်၏။ ဒီအခန်းကို သူ ဆက်မကြည့်ရဲ။ ချာခနဲလှည့် ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခပ်လှမ်းလှမ်းအရောက်မှာ တုန့်ခနဲ ရပ်လိုက်ပြန်၏။ ရေတမာပင်ကို နောက်ဆုံးအနေဖြင့် လှည့်ကြည့်သည်။ တစ်ခါက ဖြူဝင်းမွှတ်ကို သူပြောခဲ့သောစကားကို သတိရသည်။

"ကျွန်တော်လေ မဖြူဝင်းမွှတ်ရဲ့ တုံ့ပြန်မှုကို စောင့်စားရတာ ရင်မောလွန်းလို့ တစ်ခါတစ်ခါ အဲဒီရေတမာပင်ကို ခေါင်းနဲ့ ပြေးဆောင့်လိုက်ချင်စိတ်တောင် ပေါက်လာမိတယ်"

နောင်စိုး မချိပြုံး ပြုံးလိုက်မိ၏။ ဟုတ်တာပေါ့၊ ဟုတ်တာပေါ့။ ဒီနေရာထိ ရောက်လာပြီးမှ ရေတမာပင်ကို တစ်ခါလောက်မှ ဝင်မတိုက်မိခဲ့ရင် နောင်စိုး မပီသရာ ကျတော့မှာပေါ့။ ရှုံးသွားပြီလို့ ဆိုချင်ဆို။ ကြိတ်မှိတ်မြိုသိပ်ခဲ့ရတာတွေကို တစ်ခါလောက်တော့ ပေါက်ကွဲခွင့် ပေးပါတော့။ အမှတ်တရ နှုတ်ဆက်ပွဲလေးပေါ့ မဖြူဝင်းရေ...။

ရင်ထဲက မြည်တမ်းရင်း ရေတမာပင်ဆီ ဦးတည်၍ ပြေးသွားပြီး ကိုယ်တစောင်း ဝင်တိုက်ပစ်လိုက်၏။ သူဝင်တိုက်သည့် အရှိန်ကြောင့်လား၊ တိုက်တိုက်ဆိုင်ဆိုင် ဝေ့ခနဲ တိုက်ခတ်လိုက်သည့် လေရှူးကြောင့်လားမသိ။ သစ်ရွက်များ လှုပ်ခါသွားကြသည်။

ရေတမာရွက်ကလေးတစ်ရွက်သည် တလူးလူး တလိမ့်လိမ့် လှည့်ပတ်ဝေ့ဝဲပြီး နောင်စိုး၏ခြေရင်းသို့ ကျလာသည်။ သူ ငုံ့ကြည့်လိုက်သည်။

ရေတမာရွက်သည် ဘယ်တုန်းကမှ အဖြူရောင် မဖြစ်ခဲ့။ ဘယ်တုန်းကမှလည်း ထောင့်မှန်စတုဂံ မရှိခဲ့။ တကယ်တော့





ငြ်းအရာသည် သစ်ရွက်တစ်ရွက် မဟုတ်။ ကတ်ပြားဖြူဖြူလေးတစ်ခုသာ ဖြစ်၏။ သစ်ကိုင်းကြားမှာ ညှပ်ထားရာမှ လွင့်ကျလာခဲ့င်းသာ ဖြစ်၏။

ကတ်ပြားလေးကို သူ ကောက်ယူကြည့်လိုက်၏။

"ကျွန်မ တောင်းပန်ပါတယ် ကိုနောင်စိုးရယ်၊ သံယောဉ် မကုန်သေးရင် တွေ့ချင်ပါသေးတယ် (ဖြူဝင်း)"

နောင်စိုးတစ်ကိုယ်လုံး တောင့်တင်းသွား၏။ ရင်တွေ ရမ်းခုန်လာသည်။ ကတ်ပြားလေးသည် အသစ်စက်စက်အတိုင်း နေသေးသည်။ ဒီမှာရှိနေတာ သိပ်မကြာသေးဘူးပေါ့။ ရက်ပိုင်းလား၊ နာရီပိုင်းလား၊ မိနစ်ပိုင်းလား....။ ဒါဆို...။

သူသည် ဟိုးအရင်က နောင်စိုး ပြန်ဖြစ်သွားလေ၏။ ပြေးသည်။

◈ ◈ ◈



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

လူတစ်ယောက်သည် ပြစ်မှုတစ်ခုကို ကျူးလွန်ခဲ့ပါလျ
ထိုနေရာကို နောက်တစ်ခေါက် ပြန်မလာဘဲ မနေနိုင်ဟု ကြားဖူ
သည်။ ခုလည်း သူသည် နောင်စိုးကို ပါးရိုက်ခဲ့ဖူးသော ခုံတန်
လျားလေးမှာ လာထိုင်ရင်း ဖြစ်ပျက်ခဲ့သော အခြင်းအရာများက
တသသ သတိရနေ၏။

နောင်စိုးကကော ဒီနေရာကို လာကြည့်တတ်လေ
သလား။ နောင်စိုးသည် တရားခံတစ်ယောက် မဟုတ်။ သို့တို
အောင် သူလည်း ဒီအဖြစ်အပျက်မှာ ကြံရာပါတစ်ယောက်သာ
ဖြစ်၏။ ထို့ကြောင့် သူလာနေခဲ့ပြီ။

"မဖြူဝင်း"

နောင်စိုးက လှမ်းခေါ်သည်။ ဖြူဝင်းမွှတ် လှည့်ကြည်
သည်။ "ကိုနောင်စိုး" ဟု တိုးတိုးရေရွတ်သည်။ နောင်စိုးသည်
ဖြူဝင်းမွှတ်ဆီ ပြေးလာသည်။ အနားရောက်သောအခါ သူသည်





နောင်စိုးအစစ်ဖြစ်ကြောင်း သက်သေပြသည့်အနေဖြင့် သစ်မြစ်
တစ်ခုကို တိုက်မိပြီး ဟပ်ထိုးဟပ်ထိုး ဖြစ်သွားလေသည်။

ဖြူဝင်းမွှတ်က ထရပ်ပြီး သူ့လက်ကို ဖမ်းကိုင်ထိန်းလိုက်
ရသည်။ နောင်စိုးသည် ဖြူဝင်းမွှတ်၏လက်မောင်းကို ဆုပ်ကိုင်
လိုက်ပြီး...

"မဖြူဝင်း"

ဖြူဝင်းမွှတ်က မော့ကြည့်သည်၊

"ကျွန်မ တောင်းပန်ပါတယ် ကိုနောင်စိုးရယ်"

ထိုစကားနှစ်ခွန်းကိုသာ အပြန်အလှန် ပြောဖြစ်သည်။
နောက်ထပ် ဘာမှမပြောနိုင်ကြ။ တစ်ယောက်ကိုတစ်ယောက်သာ
မမိုတ်မသုန် ငေးစိုက်ကြည့်နေကြသည်။ တစ်ကယ်တော့
ဒီလောက်ဆိုရင်ပဲ လုံလောက်ပါပြီ။ ရင်ထဲမှာ စကားပေါင်း
မြောက်မြားစွာ ပြောခဲ့ကြပြီးပြီပဲလေ။

အနိုင်ရသူက ပြန်ပြီးအယူခံဝင်ခဲ့သော ရာဇဝတ်မှုဆန်းဆန်း
အမှုတစ်ခု ရှိခဲ့ကြောင်း မှတ်တမ်းတင်လိုက်သည်။

မင်းလူ

(၁၃-၇-၁၉၉၉)



www.burmeseclassic.com